www.burmeseclassic.com



www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုရှိမှုရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်နိုင်မှုအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ဗိုစွဲ၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ကျီးမည်းကျီးဖြူ တစ်ကောင်ယူ

## စိတြအဂ္ဂ



www.burmeseclassic.com

အခန်း (၁)

မရဏကဗျာ

ထူးဆန်းသောသူတော်


ကျိုးဖြူကျိုးမည်း တစ်ကောင်တည်း

ပုလင်းထိသောမြွေပါး

ဒိုးဆီသတင်း

ရေနစ်သောဖျံ

ကြေးမည်း၏အစွမ်း



## အခန်း (၁)

### မရဏကဗျာ

ဟေမန္တ ဆောင်းရာသီ၏ နံနက်ဦးကာလတစ်ခုတွင်. . .

ရန်ကုန်-ပြည် ရထားလမ်းနံဘေး မြေလတ်မြို့ကလေး မြိုင်ဟေဝန်၏ တောင်ဘက်အခြမ်း မြို့ပတ်လမ်းပေါ်ရှိ တစ်ထပ်တိုက်အိမ်ကလေးထဲမှ အသားညိုညို၊ ကိုယ်လုံးတောင့်တောင့် လူရွယ်တစ်ဦးသည် အိမ်ရှေ့တံခါးကိုဖွင့်ကာ ထွက်လာလေ၏။

အသက် (၄၅) နှစ်ခန့်ရှိမည့် ထိုလူသည် ဦးခေါင်းထက်၌ သိုးမွေးဆွယ်တာကို စွပ်ထားလျက် ဂရိတ်ကုတ်အင်္ကျီကို သက္ကလတ်ဘောင်းဘီရှည် အညိုရောင်နှင့် တွဲဖက်ဝတ်ထားပြီး သက်ထဲတွင် ရှားနှစ်သားတုတ်ကောက်ကို ကိုင်ထားခြင်းအားဖြင့် နံနက်စောစော ကျန်းမာရေးအလို့ငှာ လမ်းလျှောက်ထွက်မည့် အနေအထားဟု သိမြင်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် တံခါးကိုဖွင့်ကာ အိမ်အပြင်သို့ ထွက်လိုက်ပြီးနောက် တံခါးရွက်ကို ပြန်ပိတ်လိုက်စဉ်မှာပင် သစ်သားတံခါးရွက်ပေါ်၌ မမျှော်လင့်ဘဲတွေ့လိုက်ရသည့်စာလုံးများကြောင့် အံ့အားသင့်သွားကာ မျက်ခုံးထူထူကြီးများကို ပင့်လိုက်မိလေ၏။

သစ်သားတံခါးရွက်ပေါ်၌ မီးသွေးခဲဖြင့် ရေးထားသောစာသားများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

*ကျီးဖြူကျီးမည်း*
*တစ်ကောင်တည်း*
*ကျီးမည်း ဘယ်မှာနေ ဟောဒီမှာနေ*
*ကျီးဖြူအိမ် ဘယ်မှာဆောက်*
*ဟောဒီမှာဆောက်*
*အာလောက်လောက် အာလောက်လောက်*

ထိုလူသည် အထက်ဖော်ပြပါစာသားတို့ကို ဖတ်မိသည်နှင့် မျက်နှာအကြီးအကျယ် ပျက်သွားတော့သည်။

သူသည် ပါးစပ်ဟသွားကာ မျက်လုံးများလည်း ပြူးသွားပြီး ခြံရှေ့လမ်းနှင့် အနီးတစ်ဝိုက်သို့ ကျီးကန်းတောင်းမှောက်ဟိုသည်ကြည့် လိုက်ရှာလေ၏။

ထို့နောက် ချက်ချင်းပင် တံခါးရွက်ကို ပြန်ဆွဲဖွင့်လိုက်ပြီး အိမ်ထဲသို့ လျင်မြန်စွာပြန်ဝင်သွားကာ တံခါးကို အတွင်းမှ ချက်





ထိုးပိတ်လိုက်တော့သည်။

သူသည် တံခါးချက်ထိုးပြီးသည်နှင့် တံခါးရွက် ကိုကျောမှီရပ်လိုက်ကာ မျက်လုံးနှစ်လုံး မှိတ်လိုက်လျက် သက်ပြင်းကြီး ရှူလိုက်လေတော့၏။

ချက်ချင်းဆိုသလိုပင် သူ၏နဖူးနှင့် နားထင်စပ်တို့၌ ချွေးသီးတို့ ဆို့လာလေသည်။ သူ၏ရင်ကလည်း တဆတ်ဆတ်ခုန်လျက်ရှိတော့၏။

သူသည် အတန်ကြာသည်တွင် မျက်လုံးတို့ကို ပြန်ဖွင့်လိုက်ပြီး ပြတင်းပေါက်ဆီ ခြေဖွနင်းလျှောက်သွားကာ လိုက်ကာကို ဟရုံလေးဟလျက် အိမ်အပြင်ဆီသို့ စိုးရိမ်သောကမျက်လုံးတို့ဖြင့် မဝံ့မရဲ ကြည့်ရှုအကဲခတ် စူးစမ်းလျက် ရှိပါတော့သည်။

မိုးညိုဟုခေါ်တွင်လေသော ထိုလူသည် ထိုနေ့အဖို့ အိမ်အပြင်သို့ လုံးဝမထွက်တော့ချေ။

သူသည် မြို့စွန်ရှိ ဉာဏ်တိုက်ပုလေးတွင် တစ်ကိုယ်တည်းနေထိုင်နေလေသလားမသိ။ တိုက်အိမ်ကလေးထဲ၌ သက်ရှိဟူ၍ သူတစ်ဦးတည်းသာရှိနေသည့်အပြင် ထိုနေ့တစ်နေ့လုံး ပြင်ပမှ မည်သူတစ်ဦးတစ်ယောက်မျှလည်း လာရောက်ခြင်း မရှိချေ။

မိုးညိုသည် ခြံအပြင်သို့ထွက်ဖို့ နေနေသာသာ တိုက်အိမ်ကလေးအတွင်းမှပင် မထွက်ဘဲ ပြတင်းတံခါးများနှင့် အိမ်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးတံခါးတို့ကို အိမ်ရှေ့တံခါးနည်းတူ သေချာချက်ထိုး ပိတ်ထားလေသည်။

ယင်းအပြင် ပြတင်းလိုက်ကာအားလုံး ချထားပြီး တစ်ခါတစ်ရံ၌ သူသည် ပြတင်းလိုက်ကာတစ်ခုခုကို အသာလေးလှစ်ဟကာ အိမ်ရှေ့နှင့် ခြံထဲဝန်းကျင်သို့ စိုးရိမ်သောကမျက်လုံးများဖြင့် ချောင်းမြောင်းကြည့်ရှုလျက် ရှိလေ၏။

နေ့လယ်စာ ထမင်းဟင်းနှင့် ညနေစာထမင်းဟင်းတို့ကို ဖြစ်သလိုစားလိုက်ပြီးနောက် ညမှောင်ရီသမ်းလာသည့်အချိန်ကို ဂနာမငြိမ် စောင့်စားနေသည့် မိုးညိုမှာ တစ်နေကုန်ပင် အိမ်ထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်သာရှိတော့သည်။

သူသည် လွန်စွာ စိတ်လှုပ်ရှားနေဟန်ဖြင့် ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်လိုက်၊ အိမ်ရှေ့နံရံ၌ အလှချိတ်ဆွဲထားသော ငွေရိုးတပ်ဓားရှည်ကြီးများကို ဖြုတ်ယူကာ လက်ထဲမှာ တဆဆလုပ်လိုက်ဖြင့်သာ တစ်နေ့တာအချိန်ကို ကုန်လွန်စေခဲ့လေ၏။

ညမှောင်ရီသမ်းလာပြီးနောက် အမှောင်ထုအတော်လွှမ်းမိုးလာသည်အထိ အိမ်ထဲမှနေ၍ အိမ်အပြင်ဘက်မျက်နှာစာ အသီးသီးသို့ ချောင်းမြောင်းကြည့်ရှု အကဲခတ်သော်လည်း အန္တရာယ်၏ အရိပ်အယောင်ကို စိုးစဉ်းမျှမမြင်ရရာ သူ့မှာ အတော်





လေး စိတ်သက်သာရာရလျက် သက်ပြင်းမောကိုသာ အခါခါ ချနေမိလေသည်။

လမိုက်ညမို့ အမှောင်ထုက လျင်မြန်စွာ သိပ်သည်းလာရာ ထိုအခါမှ မိုးညိုသည် အိမ်နောက်ဖေးတံခါးကို တဖြည်းဖြည်းဖွင့်ပြီး အိမ်အပြင်ဘက်သို့ ခြေတစ်လှမ်းချင်း သတိကြီးစွာ လှမ်းကာ တိတ်တဆိတ် ထွက်လာတော့၏။

လမဲ့သောကောင်းကင်ယံဝယ် ကြယ်ရောင်လက်လက်သာ ရှိနေပြီး မြေအပြင်သည်လည်း ခြံပတ်ပတ်လည်မှ သက်ရင့်ပင်ကြီးများ၏ အရိပ်မိုးကာ မှောင်နှင့်မည်းမည်း ဖြစ်နေတော့သည်။

မိုးညိုသည် သေတ္တာထဲမှ ရှိသမျှငွေစက္ကူထုပ်များနှင့် ဝတ်စုံသုံးလေးစုံကို ခရီးဆောင်ကျောပိုးအိတ်ထဲ ထိုးကြိတ်ထည့်ခဲ့လျက် ကျော၌လွယ်ထားပြီး လက်နှိပ်ဓာတ်မီးကိုဆွဲကိုင်ကာ ခြံနောက်ဘက်စည်းရိုးဆီသို့ သတိကြီးစွာလှမ်းလာရင်း ဝန်းကျင်သို့ ကျီးကြည့်ကြောင်ကြည့် ကြည့်လာသေး၏။

ခြံနောက်ပိုင်းတွင် စိုက်ပျိုးထားသော ငှက်ပျောပင်တို့ကြားမှ ဖြတ်လာပြီးနောက်တွင် အုတ်တံတိုင်းစည်းရိုးအနီးသို့ ရောက်ရှိသွားတော့သည်။

သူသည် မလွယ်ပေါက်တံခါး၏ချက်ဖြုတ်ကာ ခြံအပြင်

www.burmeseclassic.com



သို့ ထွက်လိုက်ပြီးလျှင်မူ နောက်ဖေးလမ်းကြားအတိုင်း အနောက်ဘက်သို့ ခပ်သုတ်သုတ် လျှောက်လှမ်းလာတော့၏။

သူတို့မြို့လေးမှာ ခွေးလေခွေးလွင့် မရှိသလောက် နည်းပါးပြီး ခြံပိုင်ရှင်တော်တော်များများကလည်း ခြံစောင့်ခွေးများ တော်ရုံတန်ရုံ မွေးလေ့မရှိသဖြင့်သာ တော်တော့၏။ သို့မဟုတ်ပါက ခွေးတစီစီဖြင့် အတော် အခက်တွေ့ပေလိမ့်မည်။

မိုးညိုသည် လက်နှိပ်ဓာတ်မီးကို မြေပြင်သို့စိုက်ကာ ခပ်အုပ်အုပ်ထွန်းရင်း ချုံနွယ်ပိတ်ပေါင်းတို့ကြားမှ ခပ်သုတ်သုတ် တိုးဖြတ်လာခဲ့ရာ ဆယ့်ငါးမိနစ်ခန့်အကြာတွင် လမ်းသွယ်တစ်ခုသို့ ရောက်ရှိသွားတော့၏။

ထိုအခါမှ သူသည် သက်ပြင်းချလိုက်ပြီး မြေလမ်းသွယ်အတိုင်း ရပ်ကွက်ထဲမှဖြတ်ကာ ဆက်လက်လျှောက်လှမ်းလာခဲ့ရာ နှစ်ကြိမ်မျှ လမ်းကို ချိုးကွေ့ခဲ့ပြီးလျှင်မူ ရထားဘူတာရုံအနီးသို့ ရောက်ရှိသွားပါတော့၏။

မိုးညိုသည် ဘူတာရုံ၌ တစ်နာရီခန့်စောင့်ပြီးမှ အဆန်ရထားဖြင့် လိုက်ပါသွားပါတော့၏။

✵





မိုးညိုသည် သဲကုန်းဘူတာအရောက်ဝယ် ရထားပေါ်မှ ဆင်းကာ ကားစီးလုံးငှားပြီး ရွှေတောင်သို့လာခဲ့ရာ ရွှေတောင်သို့ သန်းခေါင်းကျော်မှ ရောက်လေသည်။

ရွှေတောင်မြို့အရောက် ကားပေါ်မှဆင်းပြီး မြို့လယ်ပိုင်းသို့ လျှောက်ခဲ့ကာ ခြံတစ်ခြံရှေ့၌ သစ်သားခြံတံခါး၏ချက်ကို အပေါ်မှလက်နှိုက်ဖြုတ်လိုက်ပြီး ခြံတံခါး ပွင့်သွားသည်တွင် ခြံထဲသို့ ခြေလှမ်းကျဲကျဲ လှမ်းဝင်လိုက်လေ၏။

ခြံအလယ်ရှိ သစ်သားအိမ်ပုလေးအနီး ရောက်ရှိလာသည့်အခါ သူက အိမ်ရှေ့တံခါးကိုခေါက်လျက် အိမ်ရှင်ကို ခပ်တိုးတိုးအုပ်အုပ် ခေါ်လိုက်လေသည်။

'ဒေါက် ဒေါက် ‥ ဒေါက် ဒေါက်'

"တိုင်းလုံးကျော် တိုင်းလုံးကျော်"

ခဏအကြာမှာပင် ခြေသံတရှပ်ရှပ်ကြားရပြီးနောက် ချက်ဖြုတ်သံထွက်ပေါ်လာကာ အိမ်တံခါးရွက်တို့လည်း ခပ်ဖြည်းဖြည်း ပွင့်လာတော့၏။

အိမ်ရှင်ဖြစ်သော တိုင်းလုံးကျော်မှာ အသားလတ်လတ်၊ အရပ်ပျပ်ပျပ်၊ ဂင်တိုတိုဖြစ်ကာ ဦးခေါင်း၌ ဆံပင်ပါးပါး၊ ထိပ်ပြောင်ပြောင်ဖြစ်လျက် အသက်က မိုးညိုနှင့် မတိမ်းမယိမ်းရှိ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

သူက တံခါးဝ၌ရပ်နေသည့် ညဉ့်ညှိသည်ကို အိပ်ချင်မူးတူးဖြစ်လျက်မှ မျက်ခုံးပင့်ကာ အံ့အားတသင့် ကြည့်လေ၏။

"ဟ မိုးကြီး . . . ဘယ့်နှယ် ဘာဖြစ်လာသလဲ၊ ညကြီးအချိန်မတော်မှာ"

မိုးညိုက ဘာမှပြန်မပြောဘဲ အိမ်ထဲသို့သာ မောကြီးပန်းကြီး ဝင်လိုက်ပြီး . . .

"မောင်ရင့်မိန်းမနဲ့ သမီးရော"

"ယောက္ခမကြီး နေမကောင်းလို့ ကျုပ်ရဲ့မိန်းမနဲ့ သမီးတို့ကဇာတိရွာဆီသွားတာ သုံးရက်လောက်ရှိပြီ၊ ကဲ လာ . . . ထိုင်စမ်းပါဦး"

ညှော်ခန်းထဲရှိ ကျွန်းဆက်တီခုံတို့တွင် မိုးညိုနှင့် တိုင်းလုံးကျော်တို့ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြလေသည်။

"ကိုင်း . . . ပြောစမ်းပါဦး မိုးကြီးရဲ့၊ ညကြီးမင်းကြီး အူယားဖားယား ဘာဖြစ်လာရသလဲ"

"ကျုပ် . . . ကျုပ်ကို ဟိုကောင် ခြေရာခံမိသွားပြီ"

"ဘာ"

"ဟုတ်တယ် ကျော်ကြီး . . . ဒီလောက် လူသူအရောက်အပေါက်နည်းပြီး ချောင်ကျလှတဲ့မြို့ကလေးမှာ လာခိုကပ်နေ





တာတောင် အဲဒီ ပဏ္ဏဝဆိုတဲ့ကောင်က ရအောင် ခြေရာခံပြီး လိုက်လာသေးတယ်ကွာ . . . အံ့ရော"

"နေပါဦး မိုးကြီးရဲ့ . . . ဝကြီး မောင်ရင့်ကို ခြေရာခံမိပြီဆိုတာ ဘာဖြစ်လို့ပြောနိုင်တာလဲ"

"ဒီ ဒီနေ့မနက်စောစောမှာတင် ကျုပ်ငှားနေတဲ့အိမ်ရဲ့ အိမ်ရှေ့တံခါးမကြီးကို ဖွင့်လိုက်တဲ့အခါ တံခါးရွက်မှာ ကျီးဖြူကျီးမည်းတစ်ကောင်တည်း လက်ာလေးကို မီးသွေးခဲနဲ့ ရေးထားတာ တွေ့ရတယ်၊ အဲဒါ အဲဒီကောင့်လက်ချက်မဟုတ်လို့ ဘယ်သူ့လက်ချက် ဖြစ်ရမှာလဲ"

မိုးညို၏စကားကို ကြားလေလျှင် တိုင်းလုံးကျော်သည်လည်း မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။

သူသည် ထိုင်ရာမှ ရုတ်တရက်ထကာ တိတ်ဆိတ်လျက်ရှိသည့်အိမ်ကလေးထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေတော့သည်။

"တောက် . . . ရန်ကုန်မှာ မောင်ရင်နေတုန်းက ဝကြီးနဲ့ဆုံလို့ မနေရဲတော့ဘဲ ဒီလောက်ဝေးတဲ့ နယ်မြို့လေး ပြောင်းပြေးလာတာတောင် အဲဒီကောင်က ခြေရာခံမိသေးတယ်နော်"

"ဟုတ်တယ် ကျော်ကြီး . . . ကျုပ်လည်း ပြောင်းပြေးလာပြီးကတည်းက စိတ်အေးနေတာ၊ ဝကြီးက အတော့်ကိုနပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတာပဲ''

အတန်ကြာ တိုင်းလုံးကျော်သည် သက်ပြင်းကြီးချကာ ဆက်တိုခုံ၌ ပြန်ထိုင်လိုက်ပြီး ...

''တော်ပါသေးရဲ့ ... မောင်ရင်ရောက်လာတဲ့အချိန်မှာ ကျုပ်ရဲ့မိန်းမနဲ့သမီးလေးတို့ အိမ်မှာမရှိလို့၊ နို့မို့ဆို သူတို့ပါ အထိတ်တလန့် ဖြစ်သွားမှာ''

''ဒါထက် ရန်သူကတော့ အနီးဆုံးကို ရောက်လာပြီ၊ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ ကျော်ကြီး၊ ပုလိပ်တိုင်လို့တော့ မဖြစ်ဘူးနော်''

''ဟ ... ပုလိပ်တိုင်လို့ ဖြစ်မလား၊ အဲဒါမှ ညောင် မြစ်တူးရင်း ပုတ်သင်ဥပေါ်ကုန်မှာပေါ့''

''ဒါဆို ဘယ်လိုလုပ်ကြမယ်''

''နေပါဦး ... စဉ်းစားပါဦးမယ်၊ မောင်ရင် အဲဒီအိမ် ကို မပြန်နဲ့တော့၊ ဟိုဘက်အခန်း လွတ်နေတယ် ... ဒီမှာပဲနေ''

ပဏ္ဍဝမှာ မိမိကိုသာ ခြေရာခံမိပုံရပြီး တိုင်းလုံးကျော်ကို မူ ခြေရာခံ၍ရသေးဟန် မတူပေ။

ထို့ကြောင့် မိမိ၏အိမ်မှာထက် တိုင်းလုံးကျော်၏အိမ်မှာ နေခြင်းက ပိုမိုလုံခြုံမည်ဟု သုံးသပ်မိပြီး မိုးညိုက တိုင်းလုံးကျော် ၏အိမ်၌ နေရန် ဆုံးဖြတ်လိုက်လေ၏။





မိုးညိုနှင့် တိုင်းလုံးကျော်တို့မှာ သေဖော်သေဖက် မိတ်ဆွေရင်းများ ဖြစ်ကြပြီး တိုင်းလုံးကျော်၏ ဇနီး၊ သမီးတို့နှင့် ပါ ရင်းနှီးပြီးဖြစ်သဖြင့် တိုင်းလုံးကျော်တို့မိသားစုအိမ်မှာ မိုးညို မကြာခဏ လာလည်ပတ်ဖြစ်သော စားအိမ်သောက်အိမ် ဖြစ် သည်။

သို့ကြောင့် တစ်ညတာလုံး အိပ်ရေးပျက်လာသည့် အတွက် မိမိဘာသာ အိပ်ရာနေရာပြင်ဆင်ပြီး ဖြစ်သလိုအိပ် လိုက်ရလေ၏။

သို့သော် ရင်ထဲမှ သောကအပူမီးက ဖွဲမီးလို တငွေ့ငွေ့ တောက်လောင်နေသဖြင့် ရုတ်တရက် အိပ်မပျော်နိုင်ဘဲ ခုတင် ပေါ်တွင် တလူးလူး တလွန့်လွန့် ဖြစ်နေရလေသည်။

''ဟင်း ... ခက်ပါလား၊ ပဏ္ဍဝ ပဏ္ဍဝ ... မင်း အတော်ဖွဲ့ကြီးတယ်နော်၊ မင်းဟာ တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ ငါနဲ့ တိုင်းလုံးကျော်ကို သတ်ဖြတ်ချင်နေမှာ အမှန်ပဲ၊ အခုဆို ငါ့ရဲ့ဝန်းကျင်ကို ရောက်လာပြီပေါ့ ...၊

ငါဆိုတဲ့ကောင်ကလည်း ခပ်ညံ့ညံ့ကောင် မဟုတ်ပါ ဘူးကွ၊ မရဏသေမင်းနဲ့ အဖန်ဖန် စစ်ခင်းခဲ့သူပါကွာ၊ ဒါပေမဲ့ ရန်သူကို ရင်ဆိုင်တိုက်ခွင့်မရဘဲ ဘယ်ကနေ ဘယ်အချိန် ပေါ် လာမှန်းမသိတဲ့ ရန်သူမျိုးရဲ့ အငိုက်အလစ်တိုက်ခိုက်ခံရမှုများကို



www.burmeseclassic.com

www.burmeseclassic.com



တော့ စိုးရိမ်မိတာ အမှန်ပဲ ...။

မင်းဆိုတဲ့ကောင်ကလည်း အဆိပ်ပြင်းတဲ့ မြွေဟောက်လိုကောင်မျိုး၊ မင်းလိုလူမျိုးက ကင်းမလက်မည်းလို အသံတိတ်တိုက်ခိုက်လာမှာကို ငါ စိုးရိမ်မိတာတော့ အမှန်ပဲ ...။

မင်းက သွေးအေးအေးနဲ့ မရဏကဗျာကိုတောင် လာရေးသွားသေးတယ်နော် ...။

ဟင်း ... ဘာပဲဖြစ်ဖြစ် မင်းနဲ့ငါတို့နှစ်ယောက်ဟာ တစ်နေ့မှာတော့ မကောင်းသောဆုံခြင်းမျိုးနဲ့ မလွဲမသွေ ပြန်ဆုံရတော့မှာပါပဲ၊ အဲဒီလိုတွေ့ဆုံပွဲမှာ မင်း အရေးနိမ့်စေရမယ်ကွ ... သိရဲ့လား၊ အရေးနိမ့်စေရမယ် ပဏ္ဍဝရဲ့''

စိတ်ထဲမှ ကြုံးဝါးရင်း မိုးညိုမှာ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိလေ၏။

နောက်မှ သက်ပြင်းကြီးချကာ ငြိမ်သက်သွားပြီး ခြင်ထောင်အမိုးဖြူဖြူကို ငေးမော့ကြည့်နေရင်း တိုင်းလုံးကျော်၊ မိမိနှင့် ပဏ္ဍဝတို့ ဆုံစည်း လှုပ်ရှား ဆောင်ရွက်ခဲ့ပုံတို့ကို တစိမ့်စိမ့် ပြန်လည်တွေးနေမိပါတော့သတည်း။

✵ ✵ ✵





## ထူးဆန်းသောသူတော်

တစ်ခုသော နွေနံနက်ခင်း ၁၀ နာရီခန့်တွင် **စစ်ကြို** ခေတ်မြန်မာနိုင်ငံ၏ စိန်ဈေးကွက်ကြီးဖြစ်သည့် မဂိုလမ်း၊ (ယခု ရွှေဘုံသာလမ်း) ထဲရှိ ဟိန္ဒူရတနာကုန်သည်များနှင့် ငွေချေးစားသော ချစ်တီးကုလားများစုဝေးရာ ချစ်တီးဘုရားကျောင်းကြီးအောက်မှ ဝတ်ဖြူစင်ကြယ်ကို ကိုယ်၌ ပတ်ရုံထားသော ဘိုးသူတော်တစ်ဦးသည် ခြေလမ်းမှန်မှန်ဖြင့် ဖြတ်ထွက်လာပြီးလျှင် ကားလမ်းကို ကူးသွားလေ၏။

အသားဖြူဝင်းလျက် အရပ်အနေမြင့်ပြီး ကိုယ်လုံးကိုယ်ထည်ကြံ့ခိုင်သည့် ဥပဓိရုပ်ကောင်းလှသော အနှီဘိုးသူတော်သည် လမ်းတစ်ဖက်သို့ရောက်လေလျှင် ပဉ္စရူပစိန်တိုက်၊ ကျေးနှစ်ကောင်စိန်တိုက်တို့ရှေ့မှဖြတ်ပြီး ပလက်ဖောင်း လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဝိုင်းလေးတို့ကိုကျော်ကာ မြန်မာ့ရတနာစိန်တိုက်ရှေ့နားရှိ လက်ဖက်ရည်စားပွဲလွတ်တစ်လုံး၌ ထိုင်လိုက်လေ၏။

ထို့နောက် ဘိုးသူတော်ကြီးသည် ကာကာကုလားအား လက်ဖက်ရည်တစ်ခွက်မှာကာ လက်ဖက်ရည်ကို တစိမ့်စိမ့်ဖြင့် ဖိမ်ခံသောက်နေလေသည်။

ယင်းဘိုးသူတော်ကြီး၏နံဘေးရှိ လက်ဖက်ရည်ဝိုင်းတွင် မြန်မာလူမျိုး ကျောက်သမား ရတနာပွဲစား လေးငါးဦးသည် ဝိုင်းဖွဲ့ထိုင်လျက် ယမန်နေ့ကရောင်းထွက်သွားသည့် စိန်လက်စွပ်၏အကြောင်းကို စားမြုံ့ပြန်ပြောဆိုလျက်ရှိကြလေ၏။

''အေးဗျာ ... မနေ့က စိန်လက်စွပ်လေး အရောင်းထွက်သွားတာပဲ ကျုပ်ဖြင့် ရင်အေးလို့မဆုံးပါဘူး''

''ခင်ဗျားက ပွဲစားခမြက်မြက်ကလေးရတော့ ရင်အေးပြီပေါ့ဗျ ကိုအောင်ဖြိုးရဲ့''

''ဟာဗျာ ... ပွဲစားခရလို့ မဟုတ်ပါဘူးဗျာ၊ အဲဒီလက်စွပ်ကို ကျုပ် ကိုင်ကိုမကိုင်ထားချင်တာဗျ ကိုပိုက်ရဲ့''

''ဘာဖြစ်လို့ ကိုင်မထားချင်ရတာလဲဗျ''

''အဲဒီ စိန်လက်စွပ်က ခိုက်တယ်ဗျ''

''ဟင် ... ဟုတ်လား''

တစ်ဝိုင်းတည်းမှ ကျန်ကျောက်ပွဲစားတို့လည်း စိတ်ဝင်





စားသွားကြကာ အသားရောင် မည်းပြာနေသော ပွဲစားကို ဝိုင်း တိုက်တွန်းကြလေတော့၏။

''ဘယ် ဘယ်လိုခိုက်တာတုံးဗျ ... ပြောပြစမ်းပါဦး''

''ဟုတ်တယ် ကိုအောင်ဖြိုး ... ကျုပ်တို့လည်း ရတနာ ပွဲစားသာ လေးငါးနှစ် လုပ်လာတယ်၊ ခိုက်တယ်ဆိုတဲ့ကျောက် မျိုး လုံးဝမကြုံဖူးဘူးဗျ၊ ကိုယ်တွေ့ဆိုရင် လင်းစမ်းပါဦးဗျာ''

''ဒီလိုဗျ ... အဲဒီစိန်လက်စွပ်က စိန်ပွင့်လေးဟာ ရတီ နည်းပေမယ့် ဝါဖျော့ဖျော့အရောင်နဲ့ တစ်မျိုးလှတယ်ဗျ''

''ဟုတ်ပါတယ်ဗျာ ... အဖြူရောင်မဟုတ်တဲ့ ကာနေရီ (Canary) ဆိုတဲ့ အရောင်ဆန်းလေးဗျ၊ ကျုပ်တောင် ငွေနိုင်ရင် ဆွဲထားလိုက်ချင်ပါရဲ့ဗျာ''

''ဟုတ်တယ် ကိုပိုက်ရဲ့ (Dark inclusion) လို့ခေါ်တဲ့ အမည်းစက်လေးတစ်စက်တောင် မပါတဲ့ အပြစ်လုံးဝကင်းစင်တဲ့ စိန်ဗျ''

''အပြစ်သာ ကင်းစင်တာပါ ကိုချစ်ဆန်းရယ် ... သင်းက ခိုက်တယ်ဗျ''

''အေး ... ဘယ်လိုခိုက်တာလဲလို့ ဆိုပါဦး''

''ဒီလိုဗျ ... အဲဒီစိန်လက်စွပ်ကို ကျွန်တော့်ရဲ့ပါတနာ နတ်ကတော်ချမ်းချမ်းက သူ့ဘကြီးဆီက အမွေရလိုက်တာဗျ''



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ခင်ဗျားရဲ့ဆိုင်ကယ်နောက်မှာ ပါပါလာတဲ့ မိန်းမလျှာကြီး မဟုတ်လား"

"နတ်ကတော်ပါဗျ။ သယ်န်းကျွန်းဘက်မှာ နာမည်ကြီး ပေါ့"

"ဟုတ်ပါပြီ . . . သူ့ဘကြီးသေလို့ အမွေရတာလား"

"ဟုတ်ပ့ါဗျာ . . . အဲ အဲဒီလက်စွပ်ရလို့ လက်မှာစွပ် ထားပြီး သုံးရက်လောက်လည်းနေရော မီးယပ် အဲလေ . . . ဒူ လာသွေးဝမ်းတွေသွားတာ မြော့မြော့ပဲရှိတော့လို့ ရန်ကုန်ဟော် စပီတယ်လ်ဆေးရုံကြီး တင်လိုက်ရပါရောလားဗျ"

"အဲဒါက တိုက်ဆိုင်လို့ ဖြစ်မှာပါဗျာ၊ ကိုအောင်ဖြိုးက လည်း အယူသီးမနေစမ်းပါနဲ့"

"နေဦးလေဗျာ . . . အဲဒီစိန်လက်စွပ်ရဲ့ဇာတ်လမ်းက မဆုံးသေးဘူးဗျ။ သူ သွေးဝမ်းတွေသွားပြီး သတိလစ်သွားတော့ သူ့အိမ်က ဆေးရုံမပို့ခင် အဲဒီစိန်လက်စွပ်ကို ချွတ်ယူထားလိုက် တယ်တဲ့၊ လက်စွပ်ချွတ်ယူပြီး သူ့အစ်မက ဝဲဘက်လက်သူ ကြွယ်မှာ စွပ်ထားလိုက်တယ်ဆိုပဲ၊ အဲဒီမှာ ဘာဖြစ်သလဲသိလား"

"အင်း . . . ဆိုပါဦး"

"ချမ်းချမ်းရဲ့အစ်မ မအေးစမ်းဟာ ရေချိုးခန်းထဲမှာ ရေ ချိုးရင်း ချော်လဲပြီး ပေါင်ကျိုးသွားလို့ ဆေးရုံတင်လိုက်ရတယ်ဗျ"





"ဟောဗျာ . . . တိုက်ဆိုင်မှုဆိုရင်လည်း ကြောက်စရာ တိုက်ဆိုင်မှုပါလားဗျ"

"ချမ်းချမ်းက အစ်မဖြစ်သူရဲ့အဖြစ်ကို သိသွားတော့ သူလည်း အိပ်မက်မကောင်းဘူးဆိုပြီး အဲဒီလက်စွပ်ရောင်းပေးဖို့ ကျွန်တော့်ကို ခေါ်ပြောတော့တာပဲ၊ ဒါနဲ့ ကျွန်တော်လည်း လက် စွပ်ကိုယူလာပြီး လက်ယာဘက်လက်သန်းမှာ စွပ်ထားလိုက်တယ် ဗျ"

"အင်း . . . ခင်ဗျားရော ဘာဖြစ်သေးသလဲ"

"ပြောရင် ခင်ဗျားတို့ ယုံချင်မှယုံမယ်ဗျ။ ကျွန်တော် လည်း လူရွှတ်တစ်ယောက်ပါပဲ၊ ဒါပေမဲ့ အဲဒီလက်စွပ်ဝတ်ထား တဲ့ ညကစပြီး ညတိုင်း အိပ်မက်ထဲမှာ လူမည်းမည်းကြီးတွေက အတင်းလာလာခေါ်တယ်လို့ မက်တယ်ဗျ။ ကျွန်တော်က မလိုက် ဘူး မလိုက်ဘူးလို့ ကြောက်အားလန့်အားနဲ့ အော်ဟစ်ပြီး လန့် လန့်နိုးတယ်ဗျ။ အဲ . . . တစ်နေ့ကတော့ ကျွန်တော်တို့လမ်းထဲက ခွေးနက်တစ်ကောင်ဟာ မကိုက်စဖူး ကျွန်တော့်ကို နောက်ကနေ ပြေးကိုက်လိုက်တာ အစွယ်ရာ တော်တော်နက်သွားတယ်ဗျ"

"အင်း . . . ဒါဆိုရင်တော့ တိုက်ဆိုင်မှု မဖြစ်နိုင်တော့ ဘူး။ အဲဒီ စိန်လက်စွပ်ခိုက်တယ်ဆိုတာ ဖြစ်နိုင်တယ်ဗျ။ ဒါကြောင့် အဲဒီလက်စွပ်ကို မနေ့က မထွက်ထွက်အောင် ရောင်းပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



“ဩော် . . . ခင်ဗျားရဲ့ဆိုင်ကယ်နောက်မှာ ပါပါလာတဲ့ မိန်းမလျာကြီး မဟုတ်လား”

“နတ်ကတော်ပါဗျ၊ သင်္ချိုင်းကျွန်းဘက်မှာ နာမည်ကြီးပေါ့”

“ဟုတ်ပါပြီ . . . သူ့ဘကြီးသေလို့ အမွေရတာလား”

“ဟုတ်ပ့ါဗျာ . . . အဲ အဲဒီလက်စွပ်ရလို့ လက်မှာစွပ်ထားပြီး သုံးရက်လောက်လည်းနေရော မီးယပ် အဲလေ . . . ဒူလာသွေးဝမ်းတွေသွားတာ မြော့မြော့ပဲရှိတော့လို့ ရန်ကုန်ဖော်စပီတယ်လ်ဆေးရုံကြီး တင်လိုက်ရပါရောလားဗျ”

“အဲဒါက တိုက်ဆိုင်လို့ ဖြစ်မှာပါဗျာ၊ ကိုအောင်ဖြိုးကလည်း အယူသီးမနေစမ်းပါနဲ့”

“နေဦးလေဗျာ . . . အဲဒီစိန်လက်စွပ်ရဲ့ဇာတ်လမ်းက မဆုံးသေးဘူးဗျ၊ သူ သွေးဝမ်းတွေသွားပြီး သတိလစ်သွားတော့ သူ့အိမ်က ဆေးရုံမပို့ခင် အဲဒီစိန်လက်စွပ်ကို ချွတ်ယူထားလိုက်တယ်တဲ့၊ လက်စွပ်ချွတ်ယူပြီး သူ့အစ်မက ဝဲဘက်လက်သူကြွယ်မှာ စွပ်ထားလိုက်တယ်ဆိုပဲ၊ အဲဒီမှာ ဘာဖြစ်သလဲသိလား”

“အင်း . . . ဆိုပါဦး”

“ချမ်းချမ်းရဲ့အစ်မ မအေးစမ်းဟာ ရေချိုးခန်းထဲမှာ ရေချိုးရင်း ချော်လဲပြီး ပေါင်ကျိုးသွားလို့ ဆေးရုံတင်လိုက်ရတယ်ဗျ”





“ဟောဗျာ . . . တိုက်ဆိုင်မှုဆိုရင်လည်း ကြောက်စရာတိုက်ဆိုင်မှုပါလားဗျ”

“ချမ်းချမ်းက အစ်မဖြစ်သူရဲ့အဖြစ်ကို သိသွားတော့ သူလည်း အိပ်မက်မကောင်းဘူးဆိုပြီး အဲဒီလက်စွပ်ရောင်းပေးဖို့ ကျွန်တော့်ကို ခေါ်ပြောတော့တာပဲ၊ ဒါနဲ့ ကျွန်တော်လည်း လက်စွပ်ကိုယူလာပြီး လက်ယာဘက်လက်သန်းမှာ စွပ်ထားလိုက်တယ်ဗျ”

“အင်း . . . ခင်ဗျားရော ဘာဖြစ်သေးသလဲ”

“ပြောရင် ခင်ဗျားတို့ ယုံချင်မှယုံမယ်ဗျ၊ ကျွန်တော်လည်း လူရွှတ်တစ်ယောက်ပါပဲ၊ ဒါပေမဲ့ အဲဒီလက်စွပ်ဝတ်ထားတဲ့ ညကစပြီး ညတိုင်း အိပ်မက်ထဲမှာ လူမည်းမည်းကြီးတွေက အတင်းလာလာခေါ်တယ်လို့ မက်တယ်ဗျ၊ ကျွန်တော်က မလိုက်ဘူး မလိုက်ဘူးလို့ ကြောက်အားလန့်အားနဲ့ အော်ဟစ်ပြီး လန့်လန့်နိုးတယ်ဗျ၊ အဲ . . . တစ်နေ့ကတော့ ကျွန်တော်တို့လမ်းထဲက ခွေးနက်တစ်ကောင်ဟာ မကိုက်စဖူး ကျွန်တော့်ကို နောက်ကနေ ပြေးကိုက်လိုက်တာ အစွယ်ရာ တော်တော်နက်သွားတယ်ဗျ”

“အင်း . . . ဒါဆိုရင်တော့ တိုက်ဆိုင်မှု မဖြစ်နိုင်တော့ဘူး၊ အဲဒီ စိန်လက်စွပ်ခိုက်တယ်ဆိုတာ ဖြစ်နိုင်တယ်ဗျ၊ ဒါကြောင့် အဲဒီလက်စွပ်ကို မနေ့က မထွက်ထွက်အောင် ရောင်းပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုပါတော့ . . . ဟုတ်လား''

''ဒါပေါ့ ကိုပိုက်ရယ် . . . အဲဒီစိန်လက်စွပ်ဟာ မြဟ္မာ့ဦးခေါင်းဗျ''

''အင်း . . . ကျောက်မျက်တွေဟာ ဂမ္ဘီရဆန်တာတော့ အမှန်ပဲဗျ၊ ကမ္ဘာကျော် ဟုပ် (Hope) စိန်ကြီးဆို ပိုင်ဆိုင်သူ အဆက်ဆက်ကို ဒုက္ခမျိုးစုံပေးပြီး အသေဆိုးနဲ့ သေစေခဲ့တာ အထင်အရှားပဲ မဟုတ်လားဗျ''

ယင်းအချိန်တွင် ကျောက်ပွဲစားတို့၏စကားကို နားစွင့်ထောင်နေသည့် ဘိုးသူတော်ကြီးက ရေနွေးကြမ်းသောက်နေရာမှ ပြုံးလိုက်ပြီး လှည့်ကြည့်ကာ . . .

''အိမ်း . . . ငါ့လူတို့ပြောတာ ဟုတ်သဟေ့၊ ငါ့လူတို့ နေ့တိုင်း ကိုင်တွယ်ရောင်းဝယ်နေတဲ့ သဘာဝပထဝီသိုက်ကလာတဲ့ ကျောက်မျက်အချို့ဟာ ဂမ္ဘီရဆန်လှသကွဲ့၊ အကိုင်အတွယ်၊ အထိန်းအသိမ်း တတ်မှနော . . .၊

ဒါထက် စောစောက ပြောတာ ကြားလိုက်ပါတယ်၊ ဒီညီမောင်ဟာ လူကိုနိုက်စေတဲ့ကျောက်မျက်ကြောင့် ခွေးကိုက်ခံရတယ်ဆို''

ကျောက်ပွဲစားကိုအောင်ဖြိုးတို့လှုသိုက်လည်း နံဘေးဝိုင်းမှ လှည့်ပြောလာသည့် ဘိုးသူတော်ကြီးကို အကဲခတ်သလို





ကြည့်လိုက်ကြလေ၏။

မျက်နှာပြည့်ပြည့်၊ အသားဖြူဖြူနှင့် ဥပမိရုပ်ကောင်းလှသော ဘိုးသူတော်ကြီးမှာ အသက် (၄၀) ခန့်ရှိပြီး ဟန်ပန်အနေအထားက ခံ့ညားလှပေရာ မရှိမသေမပြုဝံ့ဘဲ လေးစားစွာ ပြန်ဖြေလိုက်ရလေသည်။

''ဟုတ်ပါတယ် ဦးသူတော်၊ ကျွန်တော့်ကို ခွေးကိုက်ခံရတာပါ''

''အိမ်း . . . လူကိုခိုက်စေတဲ့ ကျောက်မျက်ကြောင့် ခွေးကိုက်ခံရသလို ခွေးလုံးဝမကိုက်စေတဲ့ ကျောက်မျက်ဆိုတာလည်း ရှိသကွဲ့၊ မင်းတို့ ကျောက်သမားတွေ ကြားဖူးကြရဲ့လား''

ဘိုးသူတော်ကြီး၏ ထူးဆန်းသောစကားကြောင့် ကိုအောင်ဖြိုးတို့ ကျောက်ပွဲစားတစ်စုမှာ တစ်ဦး၏မျက်နှာကို တစ်ဦး ဇဝေဇဝါ ကြည့်လိုက်မိကြလေသည်။ အတန်ကြာမှ ကိုအောင်ဖြိုးက ခေါင်းခါပြလိုက်ကာ . . .

''ခွေး,မကိုက်စေတဲ့ ကျောက်ဆိုတာတော့ မကြားဖူးပါဘူး ဦးသူတော်ကြီး''

ဟု ပြန်ဖြေလိုက်ရာ ဘိုးသူတော်ကြီးက ပြုံးလျက်မှ သူ၏လက်ယာဘက်လက်ကို ထောင်လိုက်ကာ လက်သူကြွယ်၌ ဝတ်ဆင်ထားသော လက်စွပ်လေးကို အားလုံးမြင်သာအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်လေ၏။

ကိုအောင်ဖြိုးတို့လူစု တွေ့ရသည့်လက်စွပ်လေးမှာ အရောင်သိပ်မတောက်လှသော အညိုရောင်ကျောက်ရိုင်းပွင့်အား စိန်ပွင့်လေးနှစ်ပွင့်ရံထားသည့် ရွှေလက်စွပ်လေးပင် ဖြစ်ပါသည်။

"ဒါ နဂါးသွဲ့လက်စွပ်လို့ ခေါ်တယ်ကွဲ့၊ နဂါးသွဲ့ကျောက်ရိုင်းပွင့်ကို မိုးမိတ်စိန်နှစ်ပွင့် ရံထားတာလေ၊ နဂါးသွဲ့ကျောက်ကို ကျုပ်ကိုယ်တိုင်သွေးထားတာ၊ ဒီကျောက်လက်စွပ်ကို ဝတ်ထားရင် ဘယ်လိုခွေးမျိုးမှ မကိုက်ဘူး၊ ဘယ်လိုအဆိပ်ရှိတဲ့သတ္တဝါမှ မကိုက်ဘူးကွဲ့၊ ကျား, ကျားသစ်တောင် ရန်မမူဘူး၊ ကျုပ်တောတွေတောင်တွေထဲ သွားနေတာ ဘယ်သတ္တဝါရဲ့ ရန်ပြုမှုကိုမှ မခံရဘူးကွဲ့"

ကျောက်ပွဲစားတစ်သိုက်မှာ ဘိုးသူတော်ကြီး၏စကားကို ယုံရခက်ခက် မယုံရခက်ခက် ဖြစ်နေကြတော့၏။

"ဒါပေမဲ့ ဂမ္ဘီရပရိတ်တွေ သက်ဝင်နေတဲ့ ဒီနဂါးသွဲ့လက်စွပ်ကို အနည်းဆုံး ငါးပါးသီလ လုံခြုံသူဝတ်မှ အကျိုးပြုတာကွဲ့၊ ငါးပါးသီလထဲက သီလတစ်ပါးပါး ကျိုးပေါက်ရင် လူကို သိသိသာသာ ခိုက်စေတယ်ကွဲ့"

ဤတွင် ငါးပါးသီလထဲ၌ သုရာမေရိယကံတစ်ပါးကို နေ့စဉ်ညနေရီတိုင်း ကျူးလွန်တတ်သည့် ကိုအောင်ဖြိုးမှာ ဇက်ပု





သွားတော့သည်။

"ဒါထက် ဦးသူတော်ကြီး ... နဝရတ်လက်စွပ်ဟာ လူကို ကောင်းကျိုးပြုတယ်ဆိုတာရော ဟုတ်သလားခင်ဗျ"

ကိုပိုက်၏အမေးကို ဘိုးသူတော်ကြီးက ပြုံးလျက် ဖြေသည်။

"ဟုတ်တာပေါ့ကွယ် ... ရှေးမြန်မာကြီးတွေက နဝရတ်လက်စွပ်ကို ဝတ်ဆင်ရင် ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတယ်၊ စီးပွားဥစ္စာ တိုးတက်ကြွယ်ဝစေတယ်၊ ကျန်းမာပြီး အသက်ရှည်စေတယ်လို့ ယူဆယုံကြည်ကြတယ်ကွဲ့"

ဤတွင် ကိုပိုက်က သူ၏လက်ယာဘက် လက်သူကြွယ်၌ ဝတ်ဆင်ထားသည့် လက်စွပ်ကို ထောင်ပြလိုက်လျက် မဲ့ကာရွဲ့ကာ ပြောလိုက်လေသည်။

"ဒီ နဝရတ်လက်စွပ်ကို ကျွန်တော်ဝတ်ထားတာတော့ ဘာမှထူးထူးခြားခြား အကျိုးမပေးပါလား ဦးသူတော်ကြီးရဲ့၊ တစ်သောင်းခွဲကြီးတောင် ပေးဝယ်ထားရတာဗျ"

ဘိုးသူတော်ကြီးက သူထိုင်နေသည့် ခွေးခြေခုံလေးကို ကိုပိုက်တို့ဝိုင်းဘက် အနည်းငယ် ရွှေ့ကာထိုင်လိုက်ပြီး လက်စွပ်ကို စူးခနဲ တစ်ချက်ကြည့်လိုက်၏။

ထို့နောက် သူက ပြုံးလိုက်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ငါလူရဲ့နဝရတ်ကိုးသွယ်ကျောက်ထဲမှာ ကျောက်နှစ်လုံးက အစစ်အမှန်မှ မဟုတ်ဘဲကွဲ့၊ ဒါကြောင့် သိဒ္ဓိမမြောက်တာဖြစ်မှာပေါ့"

ဟု မှတ်ချက်ပြုလိုက်ရာ ကိုပိုက်မှာ ရှူးရှူးရှဲရှဲ ဖြစ်သွားရတော့၏။

"အာ ... ဦးသူတော်ကြီးကလည်း မဖြစ်နိုင်တာ၊ ဒါ နဝရတ်ကိုးသွယ် ကျောက်အစစ်တွေပါဗျ၊ ဒါကြောင့် ဈေးကြီးကြီးပေးဝယ်ထားရတာပေါ့"

ဘိုးသူတော်ကြီးက ရေနွေးကြမ်းတစ်ခွက် မော့သောက်လိုက်ပြီးမှ ပြုံးမြုံပြုံးလျက် ...

"နဝရတ်လက်စွပ်ရဲ့ ဈေးနှုန်းတန်ဖိုးကို ဆုံးဖြတ်တာက လက်စွပ်ရဲ့ အလယ်ပွင့်အဖြစ်သုံးထားတဲ့ ပတ္တမြားပဲကွဲ့၊ 'အစီး' ကျောက်ဖြစ်တဲ့ ပတ္တမြားရဲ့တန်ဖိုးအပေါ် မူတည်ပြီး လက်စွပ်ရဲ့ ဈေး အနိမ့်အမြင့် ဖြစ်ရတာပါကွယ် ...၊

ဥတုဘောဇနကျမ်းမှာ နဝရတ်ကိုးသွယ်ကျောက်မျက်တွေအဖြစ် ပတ္တမြား, စိန်, ပုလဲ, သန္တာ, ဂေါ်မုတ်, နီလာ, ကြောင်, ဥဿဖရားနဲ့ မြတို့ကို ဖော်ပြထားတယ်ကွဲ့ ...၊

နဝရတ်ကိုးပါးမှာပါတဲ့ ကျောက်တွေကလည်း သူ့သိဒ္ဓိနဲ့ သူကိုး၊ ဒါကြောင့် 'ပတ္တမြားဘုန်းတောက်, မြကျောက် အေးချမ်း, စိန်စွမ်းဂုဏ်ရောင်, ကြောင်ကားသိဒ္ဓိ, မဏိနီလာ မေတ္တာတဲချုပ်, ဂေါ်မုတ်ခွန်အား, ဥဿဖရားကျန်းမာ, သန္တာကြီးကဲ, ပုလဲကျက်သရေ, ဂုဏ်ကိုးဝေသည် ကိုးထွေနဝရတ်စွမ်းရည်တည်း' လို့ ရှေးပညာရှိကြီးတွေက လင်္ကာဖွဲ့ဆိုခဲ့တယ် မဟုတ်လားကွဲ့ ...၊

ပြီးတော့ နဝရတ်လက်စွပ်ကို ပြုလုပ်မယ့် ပန်းထိမ်ဆရာဟာလည်း သက်သတ်လွတ်စား, ပုတီးစိပ်, အဓိဋ္ဌာန်ဝင်ရင်း လက်စွပ်ကို သီလစင်စင်ကြယ်ကြယ်နဲ့ ပြုလုပ်ရတယ်ကွဲ့ ...၊

ပါဝင်မယ့် ကျောက်ကိုးလုံးကို သေသေချာချာရွေးပြီး ကျောက်အိုးချပြီဆိုကတည်းက ကျောက်တွေပါ သူ့နေရာ, သူ့ထောင့်နဲ့သူ စနစ်တကျ ချရတယ်ကွဲ့၊ သန္တာဆိုရင် တနင်္ဂနွေထောင့်မှာ ချရတယ်၊ စိန်ဆိုရင် တနင်္လာထောင့်၊ ပုလဲဆို အင်္ဂါထောင့်၊ ကြောင်ကို ဗုဒ္ဓဟူးထောင့်၊ မြက ကြာသပတေး၊ ဂေါ်မုတ်ကို စနေထောင့်၊ ဥဿဖရားကို ရာဟုထောင့်နဲ့ နီလာကို သောကြာထောင့်မှာ အဌလက်ခွင်အတိုင်း လက်ယာရစ်ချရတယ်ကွဲ့ ...၊

အဲဒီလို ကျောက်တွေချရာမှာလည်း အောက်ခံပစ္စည်းကို ရှာရသေးတယ်ကွဲ့၊ ပတ္တမြားအတွက်ဆို ကတိုးပြာနီပွင့်၊ စိန်အတွက်ဆို ဇာတိပ္ပိုလ်၊ မြအတွက်ဆိုရင် ကတိုးနဲ့လေးညှင်း







www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့်ပေါ့ကွယ်၊ နောက်ပန်းထိမ်ဆရာ အထည်စကိုင်မယ့်ရက်, စကိုင်မယ့်အချိန်တို့ကို အင်္ဂဝိဇ္ဇာဗေဒင်ပညာနဲ့ ရွေးရသေးတယ်ကွဲ့၊ နဝင်းချိန်မှာမှ စကိုင်ရတယ်''

ကျောက်ပွဲစားများဖြစ်ကြသော ကိုအောင်ဖြိုး၊ ကိုပိုက်တို့လူစုမှာ နဝရတ်ကိုးပါးလက်စွပ်နှင့်ပတ်သက်၍ သူတို့မကြားဖူးသော အရေးကြီးလှသည့် အချက်အလက်တို့ကို ကြားရသဖြင့် ပါးစပ်အဟောင်းသားဖြစ်ကာ အံ့အားကြီးသင့်နေကြရတော့သည်။ ဥပမိရှပ်ကောင်းသလောက် ပညာဗဟုသုတ ကြွယ်လှသော အနီးဘိုးသူတော်ကြီးကို အထင်လည်း အတော်ကြီးသွားရတော့၏။

''နဝရတ်ကိုးပါးလက်စွပ်လုပ်ရတာ မလွယ်ပါလားဗျို့''

''အိမ်း . . . တန်ဖိုးကြီးမားတဲ့ အရာမှန်သမျှကို အလွယ်တကူနဲ့ ဘယ်ရနိုင်ပါ့မလဲကွယ်၊ အဲဒါထက် အရေးကြီးတာက နဝရတ်ကိုးပါးကျောက်တွေဟာ ကျောက်စစ်ကျောက်မှန် ဖြစ်ဖို့တော့ လိုတယ်ကွဲ့၊ ကျောက်တု, ကျောက်ယောင်, ကျောက်မှားနဲ့ ပြုလုပ်စီရင်မိရင် ဘယ်လိုမှ အစွမ်းသိဒ္ဓိရှိမှာ မဟုတ်ဘူးကွဲ့''

ဤတွင် ကိုပိုက်သည် သူ၏ လက်ယာလက်သူကြွယ်၌ ဝတ်ဆင်ထားသည့် နဝရတ်လက်စွပ်လေးကို အယောင်ယောင်အမှားမှား ငုံ့ကြည့်လိုက်မိလေ၏။

''ဟောဒီ ညီမောင်ရဲ့နဝရတ်လက်စွပ်မှာ မှားနေတဲ့





ကျောက်နှစ်ပွင့်က ဂေါ်မုတ်နဲ့ ကြောင်တို့ပဲကွဲ့''

ဘိုးသူတော်ကြီးက ကိုပိုက်၏လက်စွပ်ကို ညွှန်ကာပြောလိုက်ရာ ကျောက်ပွဲစားကိုပိုက်မှာ မခံမရပ်နိုင် ဖြစ်သွားရလေတော့သည်။

''ဟာဗျာ . . . ဦးသူတော်ကြီးကလည်း ကျွန်တော်လည်းကျောက်ပွဲစားလုပ်လာတာ ငါးနှစ်ကျော်လောက် ရှိပါပြီဗျ၊ ဘယ်ကျောက်ကိုမဆို အစစ်အတုတော့ မှန်မှန်ကန်ကန် ခွဲခြားတတ်ပါတယ်၊ ဒီလက်စွပ်က ဂေါ်မုတ်ရော ကြောင်ပါ အစစ်တွေပါဗျ''

ကိုပိုက်၏အသံ မာသွားသော်လည်း ဘိုးသူတော်ကြီးက အပြုံးမပျက်ဘဲ လွန်စွာအေးဆေးသောလေသံဖြင့် ရှင်းပြလေသည်။

''ဒီလိုကွဲ့ . . . မောင်ရင်လေးရဲ့ နဝရတ်လက်စွပ်က ဂေါ်မုတ်ကျောက်ဟာ ပျားရည်အဝါရောင်, တစ်နည်းပြောရရင် နီဝါရောင်အဆင်းရှိလို့ ဂေါ်မုတ်ကျောက်အစစ်လို့ ယူဆတာမဟုတ်လားကွဲ့''

''ဟုတ်တယ်လေ . . . ဂေါ်မုတ်ဆိုရင် ညိုဝါရောင် ဒါမှမဟုတ် နီဝါရောင်ပဲလေ''

''အိမ်း . . . အဲဒီလို အရောင်အသွေးမျိုးရှိတဲ့ ဂေါ်မုတ်မဟုတ်တဲ့ စလင်းကျောက် (quartz), တော်မလင်း (Tour-



www.burmeseclassic.com

www.burmeseclassic.com



maline)၊ ဂါနက် (garnet) စတဲ့ အညှံ့ပန်းကျောက်တွေလည်း ရှိတယ်ကွဲ့၊ အားလုံးဟာ မိုးကုတ်ရတနာမြေက ထွက်တာချည်းပဲ ...၊

မောင်ရင်လေးရဲ့ ကျောက်က တော်မလင်း (Tourmaline) ကျောက်ကွဲ့ ... ဂေါ်မုတ်မဟုတ်ဘူး၊ ထဲထဲဝင်ဝင်မသိသူတွေကတော့ ဂေါ်မုတ်လို့ ထင်ကြမှာပေါ့ကွယ် ...၊

ဂေါ်မုတ်လို့ တခြားဒေသတွေမှာခေါ်ပြီး မိုးကုတ်ဒေသမှာတော့ ဂေါ်မိတ်လို့ခေါ်တဲ့ ကျောက်အစစ်ဟာ ဇာကွန် (Zircon) ကျောက်ကို ခေါ်တာကွဲ့''

ကိုပိုက်တို့လူစုမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြရပြန်သည်။

''ပြီးတော့ ကျောက်သမားအများစုဟာ အဖြူရောင်အလင်းတန်းတစ်ခု ပြေးနေတဲ့ကျောက်ကို ကြောင်ကျောက်ဆိုပြီး သတ်မှတ်ယူဆကြလေ့ရှိတယ်ကွဲ့၊ အဲဒီလိုကျောက်မျိုးကို မိုးကုတ်ဒေသမှာ မြောကျောက် (Moon Stone) လို့ ခေါ်တယ်ကွဲ့၊ ကျောက်သား ပျော့တယ်၊ ပဲ့လွယ်တယ်၊ အဲဒီကျောက်မျိုးဟာ ကြောင်ကျောက်အစစ်မဟုတ်ဘူး၊ မောင်ရင်လေးရဲ့လက်စွပ်ကကျောက်ဟာ အဲဒီလို မြောကျောက်ပဲကွဲ့''

သည်တစ်ခါတော့ ကိုပိုက်မှာ သူ့နဝရတ်ကိုးပါး လက်





စွပ်ကို စိတ်ပျက်စွာ ငုံ့ကြည့်မိတော့၏။

ကိုအောင်ဖြိုးက စိတ်ဝင်စားစွာ မေးလိုက်သည်။

''ဒါဆို ကြောင်ကျောက်အစစ်ဟာ ဘယ်လိုကျောက်မျိုးလဲ ဦးသူတော်ကြီးရဲ့''

''အိမ်း ... အင်္ဂလိပ်လိုတော့ Cat's eye လို့ ခေါ်သပေါ့ကွယ်၊ ကြောင်ကျောက်အစစ်ဆိုတာ ညအမှောင်ထဲမှာ ကြောင်တွေရဲ့မျက်လုံးကို ကြည့်လိုက်ရင် လှုပ်ခတ်နေတဲ့ ရေလှိုင်းလိုလို အလင်းတန်းဖြူဖြူမျိုးတွေ့ရတဲ့ ကျောက်မျိုးကွဲ့၊ အင်မတန်ရှားပါးပြီး ရှာဖွေရခက်တယ်၊ မိုးကုတ်ဝန်းကျင်မှာတောင် အချိန်သေချာပေးပြီးရှာမှ ရနိုင်တဲ့ကျောက်မျိုးကွဲ့''

ကိုအောင်ဖြိုးတို့ ကျောက်သမားတစ်စုမှာ ရင်မောသွားပြီး သက်ပြင်းကိုယ်စီ ချလိုက်မိကြတော့၏။

ကိုပိုက်ဆိုလျှင်မူ ဆိုဖွယ်ရာမရှိတော့။ သူ့နဝရတ်လက်စွပ်ကို လွှင့်ပစ်ချင်စိတ်ပင် ပေါက်သွားတော့၏။

ဘိုးသူတော်ကြီးက ရေနွေးကြမ်းတစ်ခွက် ထပ်ငှဲ့သောက်လိုက်ပြန်ပြီးနောက် ...

''အဲ ... နဝရတ်လက်စွပ်နဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ အချက်တစ်ချက်ကို ဗဟုသုတအဖြစ် ပြောခဲ့ဦးမယ်ကွဲ့၊ နဝရတ်ကိုးပါးလက်စွပ်ကို ဝတ်ဆင်တဲ့အခါ ကပြောင်းကပြန် မဝတ်ရဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွဲ၊ စိန်ကို လက်ဖျားမှာထား၊ မြကို လက်ရင်းမှာထားပြီး ဝတ်ဆင်မှ သိဒ္ဓိဝင်သကွဲ့၊ ကဲ ကဲ . . . ကျုပ်လည်း ဆူးလေဘုရားမှာ အမိဌာန်ပုတီးစိပ်ဖို့ သွားလိုက်ဦးမယ်ကွယ်ရို့"

ဟု နှုတ်ဆက်ကာ ဘိုးသူတော်ကြီးမှာ လက်ဖက်ရည်ဖိုးရှင်းရန် ကာကာကုလားအား လှမ်းခေါ်လိုက်လေလျှင် ကိုအောင်ဖြိုးက ကပျာကယာ လက်တားလိုက်ရင်း . . .

"ဦးသူတော်ကြီး . . . ဦးသူတော်ကြီးရဲ့ ပညာဗဟုသုတကို ဂုဏ်ပြုတဲ့အနေနဲ့ ဦးသူတော်ကြီးအတွက် လက်ဖက်ရည်ဖိုးကို ကျွန်တော်ရှင်းပါရစေခင်ဗျာ"

ဟုပြောကာ ကာကာကုလားအား လက်ဖက်ရည်ဖိုးနှစ်ပြားကို ရက်ရောစွာ ထုတ်ပေးလိုက်ပြီး . . .

"ဒါထက် ဦးသူတော်ကြီးရဲ့နာမည်ကို ပြောသွားပါဦး"

ဟု တောင်းဆိုလိုက်လေသည်။

"အိမ်း . . . ကျုပ်ရဲ့နာမည်ကတော့ ပဏ္ဍာဝပဲကွဲ့"

ဟု ပြောဆိုပြီးနောက် ဘိုးသူတော်ကြီးမှာ ထိုင်ရာမှထကာ လော့ဒ်ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း) ဘက်သို့ ဦးတည်လျှောက်လှမ်းသွားပါတော့၏။

ကိုအောင်ဖြိုးနှင့်ကိုပိုက်တို့ ကျောက်ပွဲစားတစ်ခုလည်း ပဏ္ဍာဝအမည်ရှိသော ဘိုးသူတော်ကြီး၏ ဥပမိရုပ်ခံ့ညားပုံ၊ အသံ





ပြဇာကောင်းပုံ၊ ပညာဗဟုသုတကြွယ်ဝပုံတို့ကို ချီးကျူးပြောဆိုရင်း ကျန်ရစ်ခဲ့ကြပါတော့သည်။

"အေးဗျာ . . . ဘိုးသူတော်ကြီးက ကျုပ်တို့လို ကျောက်သမားတွေထက်တောင် ကျောက်အကြောင်းသိနေတာ အံ့စရာပဲဗျ"

"အဲဒီ ဦးသူတော်ကြီးရဲ့ ပြောစကားအရ သူက တောတောင်အနှံ့ ဒေသအနှံ့ လျှောက်သွားနေပြီး လူပေါင်းစုံ, ပညာရှင်ပေါင်းစုံနဲ့ တွေ့ခဲ့ပုံရတယ်ဗျ။ ဒါကြောင့် ပညာဗဟုသုတ ကြွယ်ဝနေတာ ဖြစ်မှာပေါ့ဗျာ၊ နောက် ကျွန်တော်တို့မသိတဲ့ မတတ်တဲ့ ပညာရပ်တွေ တော်တော်များများလည်း တတ်ထားနိုင်တယ်ဗျ။ သူ့ကြည့်ရတာ ပညာတတ်သူတော်စင်ရုပ်ဗျ"

ဟု ပြောဆိုချီးကျူးအထင်ကြီး လေးစားလျက် ရှိကြလေကုန်သတည်း။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com



## ကျီးဖြူကျီးမည်း တစ်ကောင်တည်း

နောက်နှစ်ရက်ခန့်ကြာလေလျှင် နေ့လယ်ခင်းအချိန်၌ ဘိုးသူတော်ကြီးပဏ္ဏဝသည် အသက် (၄၀) ခန့်ရှိပြီး အသားညို ညို၊ တောင့်တောင့်လူတစ်ဦးနှင့်အတူ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) မှ ကျောက်သမားတို့စုဝေးရာ ဒိုင်းမွန်းစိန်တိုက်၊ သိကြားမင်းစိန်တိုက်၊ ပဒ္မရူပစိန်တိုက်၊ ကြာပန်းတံဆိပ်စိန်တိုက်တို့ရှေ့ရှိ ပလက်ဖောင်းလက်ဖက်ရည်ဆိုင်လေးများဆီသို့ ရောက်ရှိလာပြန်၏။

''ဟော ... ဟိုနေ့က ဦးသူတော်ကြီးပါလားကွ''

''ဟုတ်တယ်ကိုပိုက် ... ကျုပ်တို့ဝိုင်းကို ခေါ်လိုက်ဗျာ''

''ဘာလဲ ကိုအောင်ဖြိုး ... ခင်ဗျားက ထပ်ပြီး လက်ဖက်ရည်နဲ့ ဂါရဝပြုဦးမလို့လား''





''ဒါပေါ့ဗျ ကိုချစ်ဆန်းရဲ့ ... ဗဟုသုတဟင်းလေးအိုးကြီးဆီက လိုရာခပ်စားမလို့ဗျို့''

ကြာပန်းတံဆိပ်စိန်တိုက်ရှေ့မှ လက်ဖက်ရည်ဆိုင်လေးတွင် ထိုင်နေသည့် ကျောက်ပွဲစား ကိုပိုက်က ပက်လက်ဖောင်းအတိုင်း ခြေလှမ်းခပ်မှန်မှန်ဖြင့် လျှောက်လှမ်းလာသည့် ဘိုးသူတော်ကြီးပဏ္ဏဝအား သွားရောက်ဖိတ်ခေါ်လိုက်လေ၏။

''ဦးသူတော်ကြီး လက်ဖက်ရည် သောက်ပါဦးခင်ဗျ''

''ဟော-... ဟိုနေ့က မောင်ရင်တို့ပါလား၊ အိမ်း ... ကျုပ်လည်း စဉ့်အိုးတန်းဗောတံတားဆိပ် သွားမလို့ကွဲ့၊ အင်း ... သင်္ဘောထွက်ဖို့ အချိန်လိုပါသေးတယ်နော် မိုးညို''

''လိုသေးတယ်ထင်ပါ့ ကိုသူတော် ... သင်္ဘောက ရေတက်စောင့်ပြီး ထွက်မှာပါ''

''ဒါဆို တစ်နာရီနီးပါးလောက် လိုသေးတာပဲ၊ ဒီမှာ လက်ဖက်ရည်သောက်သွားကြစို့''

သို့ဖြင့် ဘိုးသူတော်ကြီးပဏ္ဏဝနှင့် မိုးညိုဆိုသူတို့သည် ကိုပိုက်တို့၏စားပွဲသို့ လိုက်လာပြီး ထိုင်လိုက်ကြလေ၏။

ဘိုးသူတော်ကြီးပဏ္ဏဝက ကိုအောင်ဖြိုးတို့ကို မျက်လုံးဝေ့ကြည့်လိုက်ပြီး မိန့်မိန့်ကြီးပြုံးလိုက်ကာ ...

''ရော ... ဟိုနေ့က မောင်တို့ပါပဲလား၊ ဒီတစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ခုမှတွေ့ဖူးတယ်မှတ်တယ်''

ဟု နှုတ်ဆက်စကား ဆိုလိုက်လေ၏။

''ဟုတ်ပါတယ်ခင်ဗျာ . . . သူက ကိုမောင်ဖြိုးပါ၊ ကျွန်တော့်နာမည်က အောင်ဖြိုး၊ သူက ကိုပိုက်၊ သူက ကိုချစ်ဆန်း၊ ဒါက ကိုဝိုင်းပါ''

''ကျောက်ပွဲစားကြီးတွေချည်းပဲပေါ့''

''ဟုတ်ပါတယ်ခင်ဗျာ. . . ကျောက်အကြောင်း နကန်းတစ်လုံးမှ နားမလည်တဲ့ မြန်မာကျော် ကျောက်ပွဲစားတွေပါ''

''ဟား ဟား ဟား ဟား''

ကိုအောင်ဖြိုးက အရွှမ်းဖောက်လိုက်ရာ အားလုံး ဝိုင်းရယ်လိုက်ကြလေ၏။

ဤတွင် ယမန်နေ့က ကိုအောင်ဖြိုးတို့ ပြောပြထားသဖြင့် ဘိုးသူတော်ကြီး ပဏ္ဍာဝ ကျောက်ကျွမ်းကြေသည်ဟု ကြားဖူးထားသော ကိုမောင်ဖြိုးက ဘိုးသူတော်ကြီးကို ပညာစမ်းရန် ကျောက်တစ်လုံးကို ထုတ်ပြလိုက်လေ၏။

''ဒီကျောက်ကို ဆန်းစစ်ပေးပါလား ဦးသူတော်ကြီး''

ဘိုးသူတော်ကြီးပဏ္ဍာဝက ကိုမောင်ဖြိုး တရိုတသေ ကမ်းပေးသော ကျောက်နီနီလေးကို လက်ညှိုးနှင့်လက်မကြားတွင် ညှပ်ယူကာ သေသေချာချာ စူးစူးစိုက်စိုက်ကြည့်၏။





ကိုမောင်ဖြိုးတို့ ကျောက်သမားတစ်သိုက်က ငြိမ်သက်လျက် အကဲခတ်နေကြသည်။

ဘိုးသူတော်ကြီးက နေရောင်မှာ ကျောက်ကို အတန်ကြာ ထောင်ကြည့်ပြန်၏။

''အဲဒါ ပေးဖိုးနှစ်သောင်းခွဲရှိတဲ့ ကျောက်ပဲ ဦးသူတော်ကြီး၊ ကျွန်တော် ဆွဲထားတာ''

တည်ငြိမ်စွာပြောလာသည့် ကိုမောင်ဖြိုးကို ဘိုးသူတော်ကြီးက လှည့်မကြည့်၊ ကျောက်ကိုသာ အတန်ကြာ လှည့်ပတ်ကြည့်နေ၏။ ခဏအကြာတွင် ပြုံးလိုက်သည်။ ထိုအပြုံးက လှောင်ပြုံးဖြစ်၏။ သရော်ပြုံးဖြစ်၏။

ကိုအောင်ဖြိုးတို့လူသိုက် မျက်ခုံးများ ပင့်လိုက်မိကြသည်။

ဘိုးသူတော်ကြီးက ရဲရဲနီနေသော ကျောက်လေးကို ကိုမောင်ဖြိုးသို့ ပြန်ပေးလိုက်၏။

ကိုမောင်ဖြိုးက ဂွမ်းဖြူဖြူဖြင့် ကျောက်နီနီလေးကို တယုတယ ပြန်ပတ်ထုပ်လိုက်သည်။ ကျောက်၏အရည်အသွေးမည်မျှကောင်းသနည်းဆိုလျှင် ထုပ်ထားသော ဂွမ်းစိုင်တစ်ခုလုံးပါ ရဲရဲတောက်သွား၏။

''ဘယ့်နှယ်လဲ ဦးသူတော်ကြီး . . . သုံးသောင်း သုံး



www.burmeseclassic.com

www.burmeseclassic.com



သောင်းခွဲလောက်တန်တဲ့ မိုးကုတ်ပတ္တမြားစစ်စစ်မဟုတ်လား၊ ကျွန်တော် အဲဒီလောက်နဲ့ ထုတ်မလို့၊ အရည်ကလည်း ပထမတန်း၊ အသွေးကလည်း ပထမတန်းပဲ၊ သွေးထားပုံကလည်း ချွန်းကွက်အစုံနဲ့ တကယ့်ကို စမတ် (Smart) ကျတာကလား''

ဘိုးသူတော်ကြီးက ပြုံးမြဲပြုံးရင်း ကိုမောင်ဖြိုးကို သနားစရာ သတ္တဝါတစ်ကောင်လို ကြည့်လိုက်၏။

''မောင်ရင်လေး ကျောက်ပွဲစားလုပ်တာ ဘယ်လောက်ကြာပြီလဲ''

''ခြောက်နှစ်ကျော်ပါပြီ ဦးသူတော်ကြီး''

''အင်း ... ဒါတောင် ကျောက်အတုနဲ့အစစ် မခွဲခြားတတ်သေးပဲကိုး''

ကိုမောင်ဖြိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့၏။

''ဗျာ ... ဒါ ဒါ ကျောက်အတုလား''

''အိမ်း ... ကျောက်အတု ဘယ်နှမျိုးရှိတယ်ဆိုတာရော သိသလားကွဲ့''

''အဲ ... မသိ မသိပါဘူး''

''ခက်ပါလားကွယ်ရို့ ... ကျောက်ကုန်သည် ကျောက်ပွဲစား လုပ်ချင်သူဟာ အတုအစစ်လောက်တော့ ခွဲခြားတတ်ရမယ်ကွဲ့၊ အဲဒီလို မခွဲခြားတတ်ရင်တော့ တစ်နေ့မဟုတ်တစ်နေ့





ဒုက္ခလှလှကြီးကို တွေ့ရတတ်တယ်၊ ကျောက်အတုဟာ ယေဘုယျအားဖြင့် ငါးမျိုးရှိတယ်ကွဲ့၊ အဲဒါတွေကတော့ ...

၁။ လူလုပ်ကျောက် (Synthetic Stone)

၂။ ကျောက်တု (Imitation Stone)

၃။ ထပ်ကျောက် (Composite Stone)

၄။ ကျောက်မျက်နှာပြင်ကို ပြုပြင်ထားတဲ့ကျောက် (Surface Modification)

၅။ အပူစွမ်းအားနဲ့ ပြုပြင်ထားတဲ့ကျောက် (Heat Treated Stone)

တို့ပဲ ဖြစ်တယ်ကွဲ့ ...၊

အဲဒီ မောင်ရင်လေးရဲ့ကျောက်ဟာ အရည်အသွေးအားဖြင့် အကောင်းဆုံး ခိုသွေး (Pigeon Blood) ပါပဲ၊ အရည်ကလည်း အကောင်းဆုံး ပတ္တမြားအရည်ဖြစ်တဲ့ လည်သီးရည်ပါပဲ၊

ဒါပေမဲ့ အဲဒီလို အရည်အသွေးအရောင်မျိုးရအောင် လူက ဖန်တီးယူလို့ရတယ်ကွဲ့၊ အဲဒီလို အသွေးအရောင်အားလုံး သဘာဝတွင်းထွက်ပတ္တမြားနဲ့ ထပ်တူညီအောင် ပြုလုပ်ဖန်တီးယူထားတဲ့ လူလုပ်ပတ္တမြားကို ပြင်သစ်သိပ္ပံပညာရှင် ဖရီးမီး (Fremy) က (၁၈၇၇) ခုနှစ်မှာ စတင်ပြုလုပ်ပြီး ဈေးကွက်သို့ ဝင်ရောက်ခဲ့တဲ့အတွက် ပြင်သစ်ကျောက်ဆိုပြီး အမည်တွင်ခဲ့

www.burmeseclassic.com



တယ်ကွဲ့ ...။

အဲဒီလို လူလုပ်ပတ္တမြားဟာ သဘာဝပတ္တမြားနဲ့ ဒြပ်ဂုဏ်သတ္တိ၊ ရုပ်ဂုဏ်သတ္တိ တူညီနေတဲ့အတွက် အဲဒါတွေပေါ် အခြေခံပြီး အတုအစစ် ခွဲခြားလို့မရနိုင်ဘူးကွဲ့၊ အသွင်သဏ္ဌာန်ကို ကြည့်ပြီး ခွဲခြားရတယ် ...။

ဥပမာအားဖြင့် ကျောက်သွေးပုံကိုကြည့်ရတယ်၊ လူလုပ်ပတ္တမြားဟာ အဖိုးလည်းမတန်လှဘူး၊ ပေါလည်းပေါများတဲ့အတွက် သွေးတဲ့အခါ အင်မတန်မှ ပုံကျပန်းကျ သွေးတတ်တယ်၊ ချွန်းကွက်စုံအောင် သွေးတယ်၊ ကြည့်လိုက်ရင် အကွက်လည်ပြီး တအားလှတယ်၊ မောင်ရင်လေးရဲ့ ကျောက်ကိုကြည့် ... ဘယ်လောက်လှသလဲ ...။

ပတ္တမြားအစစ်ကျတော့ တန်ဖိုးကြီးလွန်းတဲ့အတွက် အလေးချိန်လျော့သွားမှာစိုးပြီး သွေးတဲ့အခါ ချွန်းကွက်စုံအောင် မသွေးကြဘူး၊ ခိုပြီးသွေးတယ်၊ ဒါကြောင့် မျက်နှာက အတုလောက် မလှဘူး၊ ချွန်းကျပုံတွေကလည်း ထောင့်အချိုး အတိအကျ မရှိတတ်ဘူး ...။

နောက် လူလုပ်ပတ္တမြားဟာ နာရီပိုင်းအတွင်း ပတ္တမြားဖြစ်အောင် လုပ်ရတာဖြစ်တဲ့အတွက် လေခိုနေတဲ့ အမြှုပ် (Bubble) လေးတွေ ကျောက်ရဲ့အတွင်းသားမှာ ရှိနေတတ်တယ်၊ အဲဒါကို နေရောင်မှာထောင်ပြီး သေသေချာချာ ကြည့်မှ၊ ကြည့်လည်းကြည့်တတ်မှ တွေ့ရတယ်၊ ဒါမှမဟုတ်ရင်တော့ ကျောက်ကြည့်မှန်ဘီလူး ဂျမ်မိုလိုက် (gemolite) နဲ့ ကြည့်မှ တွေ့ရမှာဖြစ်တယ်၊ မောင်ရင်လေးရဲ့ ပတ္တမြားမှာ အဲဒီလို အမြှုပ်လေးတွေကို တွေ့ရတယ် ...။

သဘာဝပတ္တမြားကတော့ ကျောက်တောင်တွေအောက်မှာ နှစ်ပေါင်းသန်းချီပြီးမှ ဖြစ်တည်လာတာဖြစ်တဲ့အတွက် အမြှုပ်မရှိဘူး၊ (Cavity) ဆိုတဲ့ လိုဏ်ခေါင်းအပေါက်ငယ်လေးတွေပဲ ရှိတတ်တယ်ကွဲ့ ...။

တကယ်တော့ လူလုပ်ပတ္တမြားနဲ့ သဘာဝပတ္တမြားတို့ရဲ့ တန်ဖိုး အဆပေါင်းထောင်သောင်းချီပြီး ကွာခြားရတဲ့အကြောင်းရင်းကတော့ (Rarity) လို့ခေါ်တဲ့ ရှားပါးခြင်းဂုဏ်ကွာလို့ပဲကွဲ့"

ကိုမောင်ဖြိုး၊ ကိုအောင်ဖြိုး၊ ကိုပိုက်တို့ ကျောက်သမားတစ်စုမှာ ဘိုးသူတော်ကြီးပဏ္ဍဝကို လက်မြှောက်လိုက်ကြရတော့၏။ သူတို့ ကျောက်ကုန်သည် ကျောက်သမားလောကမှာပင် ဤဘိုးသူတော်ကြီးလောက် ကျောက်အကြောင်း ထဲထဲဝင်ဝင်သိသူရှိနိုင်ပါ့မလားဟု တွေးထင်လိုက်မိကြကာ အထင်လွန်စွာကြီးသွားကြရတော့၏။

ထိုစဉ် ဘိုးသူတော်ကြီးပဏ္ဍဝက ရေနွေးကြမ်းတစ်ခွက်







www.burmeseclassic.com

www.burmeseclassic.com



ငုံ့သောက်လိုက်ပြီးနောက် မထင်မှတ်သော မေးခွန်းတစ်ခု မေးလိုက်လေသည်။

"ဒါထက် မောင်ရင်တို့ ကျီးဖြူကျီးမည်းတစ်ကောင်တည်း၊ ကျီးမည်းဘယ်မှာနေဆိုတဲ့ ကဗျာလင်္ကာလေးကို ကြားဖူးကြတယ် မဟုတ်လားကွဲ့"

"အာ ... ကြားဖူးပြီလား ဦးသူတော်ကြီးရယ်၊ ဘာတဲ့ ... ကျီးဖြူကျီးမည်း တစ်ကောင်တည်း ကျီးမည်းဘယ်မှာနေ ဟောဒီမှာနေ ကျီးဖြူအိမ် ဘယ်မှာဆောက် ဟောဒီမှာဆောက် အာလောက်လောက် အာလောက်လောက်ဆိုပြီး အမေက ကျွန်တော်ငယ်ငယ်တုန်းက အဲဒီကဗျာကိုရွတ်ပြီး ကလိထိုး ကျီစယ်ခဲ့တာ မှတ်မိပါ့"

"ဟုတ်တယ် ... ကျွန်တော်တို့ အမေတွေ၊ အစ်မတွေလည်း အဲဒီလိုပဲ ကျီစယ်ဖူးတယ်"

"ဒါကတော့ မြန်မာကလေးတိုင်း အကျီစယ်ခံခဲ့ရဖူးတဲ့ ကဗျာလေးပါပဲဗျာ"

ကိုအောင်ဖြိုးသာမက ကိုပိုက်တို့၊ ကိုချစ်ဆန်းတို့ကပါ ဝင်ပြောကြ၏။

"အိမ်း ... အဲဒီကဗျာလင်္ကာဟာ သာမန်ကလေးတွေကို ကျီစယ်တဲ့ကဗျာလင်္ကာ မဟုတ်ဘူးကွဲ့၊ အင်္ဂရတ်ပညာ





ဆိုင်ရာ လျှို့ဝှက်တဲ့ ဂမ္ဘီရလင်္ကာဖြစ်တယ် မောင်ရင်တို့ရဲ့"

"ဗျာ"

ကျောက်ပွဲစားတစ်စု အံ့အားသင့်သွားကြရပြန်သည်။ မြန်မာ့ကျေးလက်တောရွာအနှံ့ ကလေးကျီစယ်လင်္ကာအဖြစ် အသုံးပြုနေခဲ့ကြသည်မှာ နှစ်ပေါင်းမည်မျှ ကြာပြီမသိနိုင်သည့် အနှီကဗျာလင်္ကာလေးကို သူတို့က ကလေးတို့အား ကလိထိုး ကျီစားရန် ဖွဲ့ဆိုထားသော ကဗျာအဖြစ်သာ သိထားကြ၏။

ခုတော့ အင်္ဂရတ်ပညာဆိုင်ရာ လျှို့ဝှက်ဂမ္ဘီရလင်္ကာ ဆိုပါလား။ ပညာဗဟုသုတ ကြွယ်ဝလှသော ဘိုးသူတော်ကြီး ပဏ္ဏဝ၏စကားကိုလည်း စောဒက မတက်ဝံ့ကြ။

ဘိုးတော်ကြီးပဏ္ဏဝက လက်ကျန်လက်ဖက်ရည်ကို မော့သောက်လိုက်ပြီးနောက် အားလုံးကို မျက်လုံးဝေ့ကြည့် အကဲခတ်လိုက်ကာ ...

"အဲဒါဟာ ရှေးခေတ်ကအင်္ဂရပညာရှင်ကြီးတွေ လျှို့ဝှက်သင်္ကေတတွေနဲ့ ရေးဖွဲ့ခဲ့တဲ့ ဝှက်စာကဗျာလင်္ကာကွဲ့၊ အဲဒီကဗျာထဲက ကျီးဖြူဆိုတာ မိုးကြိုးကိုပြောတာကွဲ့၊ ကောင်းကင်မှာ လျှပ်စစ်အဖြူတန်းတွေပြေးပြီး ဝင်းခနဲလက်၊ ဒိုင်းခနဲပစ်တဲ့ မိုးကြိုးကို ပြောတာကွဲ့၊ တေဇော၊ ပထဝီ၊ ဝါယော၊ အာပေါ်ဆိုတဲ့ တေပဝါအာဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတဲ့ လောကဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲမှာ ဝါယောဆိုတဲ့လေတို့ ကျက်စားရာ မိုးကောင်းကင်ကြီးထဲက လျှပ်စစ်ဓာတ်တွေဟာ ဖိုနဲ့မ ထိပ်တိုက်တွေ့ပြီး ပေါက်ကွဲမှု ဖြစ်ရာက မိုးကြိုးဆိုတာ ဖြစ်လာရတယ်မဟုတ်လားကွဲ့ ...။

အဲဒီလို ကောင်းကင်ကြီးထက်မှာ မိုးကြိုးလျှပ်စစ် ဖြစ်ပေါ်တဲ့အခါ ပထဝီဆိုတဲ့မြေကြီးရဲ့ ဆွဲအားကြောင့် မိုးကြိုးလျှပ်စစ်တွေဟာ မြေပြင်ဆီ အဟုန်ပြင်းစွာ ပြေးစိုက်ဆင်းလာတာကို မိုးကြိုးပစ်တယ်လို့ ခေါ်ကြတာပဲကွဲ့ ...။

အဲဒီလို မဟာပထဝီမြေကြီးဆီ စိုက်ဆင်းလာတဲ့ မိုးကြိုးလျှပ်စစ်ဟာ မြေပြင်ပေါ်က အဆောက်အအုံ, သစ်ပင်, လူသတ္တဝါတွေကို မှန်ချင်မှန်၊ အဲဒီလိုမမှန်ခဲ့ရင် မြေကြီးထဲကို စိုက်ဆင်းသွားရောကွဲ့ ...။

မြေကြီးထဲစိုက်ဆင်းသွားပြီး မြေအောက်ထဲက ကြေးသတ္တုနဲ့ ထိတွေ့တဲ့အခါ မိုးကြိုးလျှပ်စစ်ဓာတ်တွေဟာ ဖိအားပြင်းစွာနဲ့ ကြေးသတ္တုထဲ ဝင်သွားခဲ့တယ်ကွဲ့ ...။

မိုးကြိုးဆိုတာ လူတို့ဖန်တီးနိုင်တဲ့မီးထက် အဆသောင်းသိန်းမက ပြင်းထန်တဲ့ လောင်မီးမဟုတ်လားကွဲ့၊ အဲဒီလိုအပူရှိန်အား ဖိအားပြင်းတဲ့ မိုးကြိုးလျှပ်စစ်ရဲ့ စီးဝင်ခြင်းခံရတဲ့အတွက် ကြေးသတ္တုဟာ မူလအရောင် အဝါ, အနီတို့ကနေ မီးသွေးခဲထက်မည်းနက်တဲ့ ကြေးနက်, ကြေးမည်းအဖြစ် အရောင်ပြောင်း





သွားရော ...။

အဲဒီလို ကြေးဝါ, ကြေးနီကနေ ကြေးမည်းဖြစ်သွားရတဲ့ သတ္တုကို ကျီးမည်းလို့ ဝိဂြိုဟ်ပြုခဲ့ကြတာပဲကွဲ့ ...။

ပြီးတော့ မိုးကြိုးနဲ့ကြေးမည်းဟာ ဆက်စပ်ဖြစ်တည်လာကြပေမယ့် မိုးကြိုးဟာ လူသားတွေအတွက် အသုံးမတည့်ဘဲ ကြေးမည်းတစ်ခုတည်းသာ လူသားတွေအတွက် အလွန်အသုံးတည့်တဲ့အတွက် ကျီးဖြူကျီးမည်းတစ်ကောင်တည်းလို့ လင်္ကာဖွဲ့ဆိုခဲ့ကြတာပဲကွဲ့၊ ရွေးချယ်လိုသူအတွက်လည်း ကျီးမည်း ကျီးဖြူ တစ်ကောင်ယူလို့ ဆိုရမယ်ကွဲ့"

ဤတွင် ကိုအောင်ဖြိုးက စိတ်ဝင်စားစွာ မေးလိုက်လေသည်။

"ဒါဆို ကြေးမည်းက ဘယ်လိုအသုံးတည့်တာလဲခင်ဗျ"

"သူက မိုးကြိုးသွားထက် ပိုပြီး သိဒ္ဓိမြောက်တဲ့ ဂမ္ဘီရပစ္စည်းဖြစ်သွားတယ်ကွဲ့၊ ကြေးမည်းရဲ့ အထူးခြားဆုံး စွမ်းရည်ကတော့ သေနတ်မီးပေါက် ကျည်လွဲခြင်းပဲကွဲ့"

"ဗျာ ... ကျည်လွဲတယ် ... ဟုတ်လား ဦးသူတော်ကြီး"

"ဟုတ်တယ်ကွဲ့ ... သူ့ကို အပူပေး အရည်ဖျော်ပြီး သုတ်လိမ်း တို့ထိထားတဲ့အရာမှန်သမျှ ကျည်လွဲတယ်၊ ဥပမာ



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ပြောရရင် ကားတွေ, လေယာဉ်ပျံတွေရဲ့ကိုယ်ထည်မှာ ကြေးမည်းအရည်ကို သုတ်လိမ်းထားရင် အမြောက်မီးပေါက်တို့ရဲ့ ရန်က ကင်းတယ်ကွဲ့၊ လေယာဉ်ပျံတွေဆို ဘယ်လိုလေယာဉ် ပစ်အမြောက်နဲ့မှ မဖျက်ဆီးနိုင်ဘူး''

ကိုအောင်ဖြိုးတို့လူစုမှာ ပါးစပ်အဟောင်းသား ဖြစ်လျက် ရှိတော့သည်။ ကြေးမည်းသည် တကယ်ပင် ထိုစွမ်းရည်မျိုး ရှိသည်ဆိုပါက စစ်ရိပ်စစ်ငွေ့ သမ်းလျက်ရှိသော ဤလို သမယ မျိုးတွင် အင်္ဂလိပ်စစ်တပ်အား ဆက်သွယ်ကမ်းလှမ်း ရောင်းချ ရပါက သူဌေးဖြစ်မည့်အကွက်ပင်ဖြစ်၏ဟု ကိုအောင်ဖြိုး တွေးမိ လိုက်သည်။ သို့ကြောင့်လည်း သူ၏မျက်လုံးများက လောဘဇော ဖြင့် အရောင်တဖျပ်ဖျပ် လက်သွားကြတော့၏။

ဘိုးသူတော်ကြီးပဏ္ဍဝ၏ ပညာဗဟုသုတ ကြွယ်ဝပုံကို လည်း သိထားပြီးမို့ အနီးပညာရှိ ပုဂ္ဂိုလ်ကြီး၏စကားကို သူယုံ သည်။ သို့ကြောင့် သွေးတိုးစမ်း မေးလိုက်လေ၏။

''ဦးသူတော်ကြီး . . . အဲဒီကြေးမည်းကို ရရင် ကျွန်တော် လိုချင်တယ်ဗျာ . . . ရရော ရနိုင်မလား''

ဘိုးသူတော်ကြီးပဏ္ဍဝက ရေနွေးကြမ်းတစ်ခွက်ကို ရှူး ခနဲ သောက်လိုက်ပြီးနောက်မှ ကိုအောင်ဖြိုးကို တည်ငြိမ်ခံ့ညား သောမျက်နှာဖြင့် လှည့်ကြည့်သည်။





''အိမ်း . . . မောင်ရင်လေးနဲ့ထိုက်ရင်တော့ ရမှာပေါ့ ကွယ်၊ ဒီက မိုးညှိုက မြင်းခြံဒီစတြိတ်အပိုင် ကျောက်ပန်းတောင်း မြောက်ဘက်မှာရှိတဲ့ စိတ္တိန်းဆိုတဲ့ ရွာသားဇာတိကွဲ့၊ သူ့ရဲ့အစ်ကို က အဲဒီဒေသတစ်ဝိုက်မှာ နာမည်ကျော်မုဆိုးကြီး တိုင်းလုံးကျော် ပေါ့၊ တိုင်းလုံးကျော်ဟာ စိတ္တိန်းတောင်ခြေမှာ အမဲလိုက်ထွက် ရင်း မိုးကြီးရွာ, မိုးကြိုးပစ်တာ ကြုံရင်းနဲ့ ကြေးမည်းသိုက်ကို တွေ့ခဲ့တာကွဲ့၊ တကယ့် အဖိုးတန်သတ္တုသိုက်ကို တွေ့ခဲ့တာပေါ့၊

အဲဒီသတ္တုသိုက်မှာ ကြေးမည်းပိဿာချိန် နှစ်ဆယ် တော့ ရှိမယ်ထင်တယ်၊ ကျုပ်တို့ အခု မော်လမြိုင်ကျွန်းဘက် သွားစရာရှိသေးတယ်ကွဲ့၊ အဲဒီကနေ လာမယ့်ဗုဒ္ဓဟူးနေ့လောက် ပြန်ရောက်မယ်၊ ရောက်ရောက်ချင်း မောင်ရင်လေးကို ဆက် သွယ်ပါ့မယ် . . . လိပ်စာသာ ပေးလိုက်၊ ဒီလေးငါးရက်အတွင်း မောင်ရင်လေးလည်း ပိုက်ဆံရှာထားနိုင်တာပေါ့ . . .၊

တိုင်းလုံးကျော်ကတော့ တစ်ဆယ်သားချင်းပဲ ဖဲ့ရောင်း မှာ၊ ဟိုကျ လက်တွေ့စမ်းပြီးမှ ငွေချေပေါ့၊ တစ်ဆယ်သားကို တစ်သောင်းလောက်တော့ ပေးရမယ်၊ နမူနာအားဖြင့် နိုင် သလောက်ဝယ်ပေါ့၊ အိမ်း . . . တစ်ခုရှိတယ် . . . ဒီသတင်းကို အပ်စပ်တိုက်ဆိုင်လို့ ကျုပ်ပြောဖြစ်တာ၊ တခြားလည်း မပြန့်စေနဲ့ ဦး၊ လောဘသက္ကာရသမားတွေနဲ့ ကျုပ် မဆက်နွယ်ချင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ကဲ့ . . . စိတ်ချပါ ဦးသူတော်ကြီး"

ကိုအောင်ဖြိုးက လွယ်အိတ်ထဲမှ မှတ်စုစာအုပ်လေး ထုတ်ကာ စာရွက်တစ်ရွက်ကိုဖြဲပြီး သူ့အိမ်လိပ်စာကို ရေးပေးလိုက်တော့၏။

"ကျွန်တော် ပိုက်ဆံရှာပြီး အသင့်စောင့်နေပါ့မယ် ဦးသူတော်ကြီး၊ မော်ကျွန်းဘက်က ပြန်လာရင်သာ ကျွန်တော့်ဆီဝင်ဖြစ်အောင်ဝင်ပါခင်ဗျ"

"စိတ်ချ စိတ်ချ၊ ကဲ . . . သင်္ဘောထွက်မယ့်အချိန်လည်း နီးပြီ၊ ကျုပ်တို့သွားမယ်"

"ဟုတ် ဟုတ်ကဲ့"

ဘိုးသူတော်ကြီးပဏ္ဍဝက အားလုံးကို ကြည်လင်အေးချမ်းစွာ ပြုံးလျက် နှုတ်ဆက်ပြီးနောက် မိုးညိုဆိုသူနှင့်အတူ ကမ်းနားဘက်ဆီသို့ လျှောက်လှမ်းသွားတော့၏။

"ကိုပိုက် . . . စိတ္တိန်းရှာသွားတဲ့အခါ ကျွန်တော်နဲ့ လိုက်ခဲ့ဗျာ"

"ခင်ဗျားက တကယ်လိုက်ဝယ်မလို့လား ကိုအောင်ဖြိုး"

"ဟာ . . . စမ်းပြီးလို့ ဟုတ်နေရင် ဝယ်ရမှာပေါ့ဗျ၊ တကယ် ကျည်လွဲလို့ကတော့ အိမ်ကမိန်းမရော ယောက္ခမပါ





ခေါင်းပြီးကို ပိဿာလိုက် လိုက်ဝယ်မှာ"

"ဟား ဟား ဟား . . . ခင်ဗျားကတော့ လောဘသမားပဲ၊ နို့ပေတဲ့ ဒီလောကီပညာဗဟုသုတကြွယ်ဝတဲ့ ဦးသူတော်ကြီးက မဟုတ်ဘဲ ပြောမှာမဟုတ်ဘူးဗျာ၊ ကျုပ်လည်းလိုက်ဝယ်ဦးမှာပေ"

"ဟိုး ဟိုး ကိုချစ်ဆန်း . . . ကျုပ်က ဦးသူတော်ကြီးကို အော်ဖာ (Offer) ကမ်းလှမ်းပြီးသား၊ ပထမတစ်ခေါက် ကျုပ်လိုက်သွားမယ်၊ နောက်တစ်ခေါက်တွေကျမှ ခင်ဗျားတို့လိုက်ဝယ်၊ စည်းမကျော်နဲ့"

"ကောင်းပါပြီဗျာ ကောင်းပါပြီ"

ကိုအောင်ဖြိုးကား ကံကောင်းချင်တော့ ကျားရဲသောက်ဆင်းတုန်း သမင်နှင့်တွေ့ ဆိုသလို ဖြစ်နေပြီဟုတွေးကာ ပီတိဝေဖြာမဆုံးတော့။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com



## ပုလင်းထိုသောမြွေပါး

ဤသို့ဖြင့် ဆယ့်ငါးရက်ခန့်အကြာ နံနက်ခင်းတစ်ခုတွင် မဂိုလမ်း (ရွှေဘုံသာလမ်း) ထဲရှိ ချစ်တီးဘုရားကျောင်း၏ မျက်စောင်းထိုးလမ်းတစ်ဖက်ခြမ်းမှ ပက်လက်ဖောင်း လက်ဖက်ရည်ဆိုင်၌ ကိုချစ်ဆန်းတို့လူစုမှာ ထုံးစံအတိုင်း စုဝေးထိုင်ရင်း ကျောက်ကိစ္စများ ပြောဆိုလျက်ရှိကြလေ၏။

"အင်း . . . ဘာလိုလိုနဲ့ ကိုအောင်ဖြိုးနဲ့ကိုပိုက် စိတ္တိန်းရွာဆီ လိုက်သွားတာ တစ်ပတ်ကျော်လောက်တောင် ရှိပြီဗျ"

"ဟုတ်တယ် . . . မနေ့ညနေကတောင် ကျွန်တော် ကိုအောင်ဖြိုးရဲ့အိမ် ရောက်ခဲ့သေးတယ်ဗျ၊ ကိုချစ်ဆန်းရဲ့၊ သူ့မိန်းမက ပြန်မရောက်သေးဘူးလို့ ပြောတယ်"

"ကေန္တ . . . သင်းတို့နှစ်ယောက် ကြေးမည်းတွေ ပိုက်





ပြီး ကလေးကတစ်ဆင့် တမူးဘက် တက်သွားပြီထင်တယ်ဗျ၊ ဘိုးသူတော်ကြီးတို့နဲ့ လိုက်မသွားခင်တုန်းက ကိုအောင်ဖြိုး ပြောနေတယ် ကိုတင်ဝိုင်းရဲ့ . . . တကယ်လို့ ကြေးမည်းကို စမ်းသပ်ကြည့်လို့ တကယ်ကျည်လွဲရင် ပါသမျှငွေ အကုန်ဝယ်မယ်တဲ့၊ ပြီးရင် ကလေးဘက်တက်, အဲဒီကမှ တမူးကိုသွားပြီး အိန္ဒိယနယ်စပ်မှာ ပြန်ရောင်းမယ်လို့ပြောတယ်ဗျ၊ အဲဒီမှာဆို ဈေးကသိန်းနဲ့ချီရမှာတဲ့"

"ဟာ . . . ဒါဆို ဒီလူတွေ ပွပြီပေါ့ဗျာ"

"ဟုတ်တယ် . . . ဒါမှ ကိုအောင်ဖြိုးလည်း ကျုပ်တို့လို ခြေအေးဝမ်းရောင် လမ်းလျှောက်ကျောက်ပွဲစားဘဝက လွတ်ပြီး သူဋ္ဌေးကြီး ဖြစ်သွားမှာဗျ"

"သူ့ အဆင်ပြေရင် ကျွန်တော်တို့လည်း နောက်တစ်ခေါက် ကြေးမည်းသွားဝယ်ရင် ရှိသမျှ ပေါင်နှံရောင်းချပြီး လိုက်သွားကြမယ်ဗျာ"

"အေးဗျ . . . ကောင်းတယ်၊ အဲဒီလို အချိုကြီးပွပေါက်တိုးမယ့် အခွင့်အရေးမျိုးက ကြုံတောင့်ကြုံခဲဗျ၊ ကျောက်မြောင်းက ကျုပ်ရဲ့ယောက္ခမအိမ်ပေါင်ပြီး လိုက်မယ်ဗျာ"

"လိုက် လိုက် . . . ကျုပ်လည်းလိုက်မယ်၊ ကိုအောင်ဖြိုးတို့ အဆင်ပြေပါစေဗျာ၊ သင်းတို့အဆင်ပြေမှ ကျုပ်တို့ပါ အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေမှာဗျ၊ ဒါမှ တိုက်ဆောက် ကားစီးနိုင်မှာ ...ဟီး ဟီး ဟီး''

သူတို့လူစု လက်ဖက်ရည်သောက်ရင်း မစားရဝမခန်း အားရပါးရ ပြောနေကြစဉ်မှာပင် ပက်လက်ဖောင်းအတိုင်း လော့ဒ်ဒါလဟိုဇီလမ်း (မဟာဗန္ဓုလလမ်း) ဆုံဘက်မှ ခေါင်းငိုက်စိုက်ချကာ လှမ်းလျှောက်လာနေကြသည့် ကိုအောင်ဖြိုးနှင့် ကိုပိုက်တို့ကို မမျှော်လင့်ဘဲ လှမ်းတွေ့လိုက်ကြရာ လွန်စွာဝမ်းသာသွားကြတော့၏။

''ဟာ ဟိုမှာ ...ကိုအောင်ဖြိုးတို့ ပြန်လာပြီဗျ''

''အေး ...ဟုတ်တယ်ဟ၊ ခရီးဆောင်အိတ်တွေလည်း လွယ်လို့၊ အိမ်ပြန်မရောက်ကြသေးဘူးနဲ့ တူတယ်ဗျ၊ သူတို့အကြောင်းပြောလို့တောင် မဆုံးသေးဘူး ...ဒီလူတွေ သေခဲဦးမယ်''

သူတို့အနီးသို့ ရောက်လာသည်တွင် ကိုချစ်ဆန်းက အူယားဖားယားဖြင့် ခရီးဦးကြိုပြုလေသည်။

''ကိုအောင်ဖြိုးတို့ ပြန်လာကြပြီလားဗျ၊ အတော်မှ ပွလာကြရဲ့လား''

ဆံပင်စုတ်ဖွား၊ အင်္ကျီဘောင်းဘီတို့ နွမ်းနွမ်းကြေကြေနှင့် ကိုအောင်ဖြိုးတို့နှစ်ယောက်သားမှာ ခွေးခြေခုံများပေါ် ခြေပစ်





လက်ပစ် ထိုင်ချလိုက်ကြပြီး ကိုအောင်ဖြိုးက နတ်သံနှောကာ ...

''ပြော မပြောချင်ပါဘူးဗျာ ...ကျုပ်တို့တော့ မွဲပါး ပုလင်းထိခဲ့ပြီဗျ''

''ဗျာ''

''ဘယ် ဘယ်လို''

အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြ၏။

''ကျုပ်တို့ အလိမ်ခံလိုက်ရတယ်ဗျ''

''ဘယ် ဘယ်မှာ အလိမ်ခံရတာလဲဗျ၊ တမူးမှာလား၊ ကြေးမည်းတွေနယ်စပ်မှာ သွားရောင်းတုန်း အလိမ်ခံရတာလား''

''ဘယ်က ဟုတ်ရမှာလဲဗျာ၊ ဘိုးသူတော်ကြီးပလ္လာဝနဲ့ သူ့လူနှစ်ယောက်က လိမ်လိုက်တာဗျ''

''ဗျာ''

''ဟေ''

ကိုချစ်ဆန်းတို့မှာ ပို၍ အံ့အားသင့်သွားကြလေ၏။ သူတို့နားပင် သူတို့မယုံနိုင် ဖြစ်သွားကြရသည်။

''ဘယ် ဘယ်လိုဖြစ်ရတာလဲဗျာ''

''ဒီလို ကိုချစ်ဆန်းရဲ့ ...သူတို့နှစ်ယောက်က ကျုပ်တို့ကို ကျောက်ပန်းတောင်း မြောက်ဘက်က စိတ္တိန်းဆိုတဲ့ ရွာဆီ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားတာတော့ အမှန်ပဲဗျ၊ တစ်လမ်းလုံးမှာ ကျုပ်တို့ မကြားဖူးတဲ့ ပညာဗဟုသုတပိုင်းဆိုင်ရာတွေကို ဘိုးသူတော်ကြီးက ရွှန်းရွှန်းဝေအောင် ပြောသွားလိုက်တာများ စိတ်တိုင်းရွာဆီ ဘယ်လိုက ဘယ်လို ရောက်သွားမှန်းတောင် သတိမမူမိအောင်ပါဘဲ၊

ရွာလည်းရောက်ရော ရွာစွန်က အိမ်တစ်အိမ်ဆီ တန်းခေါ်သွားတယ်ဗျ ...၊

အဲဒီ ခြံကျယ်ကျယ်နဲ့ အိမ်မှာ ကိုမိုးညိုရဲ့အစ်ကို, ကိုတိုင်းလုံးကျော်တစ်ယောက်တည်းနေတယ်ဗျ၊ အဲဒီလူက ဆံပင်ပါးပါး, အသားလတ်လတ်, ဂင်တိုတို ဗလကောင်းကောင်းပဲဗျ၊ ရုပ်ကတော့ တကယ့်တောမုဆိုးရုပ်ပဲ ...၊

အိမ်ကလည်း တောမုဆိုးအိမ် ပီသပါပေရဲ့ဗျာ၊ နံရံတွေမှာ ကျွဲချို, တောင်ဆိတ်ချို, သမင်ချိုတွေ အနှံ့ချိတ်ဆွဲထားသလို သားကောင်သားရေတွေ, ဒူးလေးတွေ, မြားကျည်တောက်တွေလည်း တွေ့ရတယ်ဗျ၊ တောမုဆိုးရဲ့အိမ် ပီသပါပေရဲ့ဗျာ၊

အိမ်ပေါ်မှာ ကျုပ်တို့ စိတ်အေးလက်အေးနဲ့ ထိုင်လိုက်ကြတယ်ဆိုရင်ပဲ ဘိုးသူတော်ကြီးက လာရင်းကိစ္စပြောပြီး ကျုပ်တို့နဲ့ မိတ်ဆက်ပေးတယ်ဗျ၊ အဲဒီနောက်တော့ ကြေးမည်းရထားသမျှ ထုတ်ပြဖို့ ဘိုးသူတော်ကြီးက တောင်းဆိုပေးတယ်ဗျ ...၊

ကိုတိုင်းလုံးကျော်ကလည်း မဆိုင်းမတွ ထုတ်ပြတယ်





ဗျ၊ သူ့အိမ်အတွင်းခန်းထဲက ဝါးပလိုင်းတစ်လုံးယူလာပြီး အဲဒီ ပလိုင်းထဲက ကျောက်မီးသွေးခဲလို အခဲတုံးတွေ ထုတ်ပြတာဗျ၊ မည်းတာတော့ ကျောက်မီးသွေးခဲထက် အပုံကြီး ပိုမည်းပြီး ခပ်ကျွတ်ဆတ်ဆတ် နိုင်တယ်ဗျ၊ သုံးလေးဆယ်သားလောက်တော့ ရှိမယ် ...၊

ကျုပ်တို့ကို ကောက်ညင်းပေါင်း, ဆတ်သားခြောက်ဖုတ်, ရေနွေးကြမ်းတို့နဲ့ ဧည့်ခံရင်း သူ တောတောင်ထဲကနေ ကြေးမည်းသိုက်ကို ဘယ်လိုတွေ့ခဲ့ကြောင်း ကိုတိုင်းလုံးကျော်က ပြောပြတယ်ဗျ ...၊

အဲဒီနောက် တူမီးသေနတ်တစ်လက်ဆွဲလို့ ကျုပ်တို့ကို သူ့ခြံရဲ့ နောက်ဘက်ခေါ်သွားတယ်ဗျ ...၊

ခြံနောက်ပိုင်းအရောက် ကြက်မတမ်းတစ်ကောင်ကို ခြံတိုင်မှာ ကြိုးချည်ပြီး ကျွန်တော့်ကို တူမီးသေနတ်နဲ့ ပစ်နိုင်းတယ်ဗျ ...၊

ဆယ်ပေအကွာလောက်က ကျုပ်ကပစ်တာ ... ကြက်မတမ်းခမျာ တုံးခနဲပေါ့ဗျာ ...၊

နောက် သူက ကျည်ထပ်ထိုးပြီး နောက်ကြက်မတမ်းတစ်ကောင်ကို ကြိုးချည်ပစ်နိုင်းပြန်တယ်ဗျ၊ အဲဒီအခါမှာတော့ ကြေးမည်းငါးကျပ်သားလောက်ကို အဝတ်ရှုံ့အိတ်လေးထဲထည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြက်ရဲ့လည်ပင်းမှာ ဆွဲထားပေးလိုက်တယ်ဗျ . . . ၊

အဲဒီအခါ ကျုပ်ပစ်တော့ ဖောင်းခနဲ ကျည်ပေါက်ပေမယ့် ကြက်ကို မမှန်ဘူးဗျ။ ဒါနဲ့ ရှစ်ပေလောက်အကွာက ထပ်ပစ်လည်း ကြက်ကို မမှန်ဘူးဗျို့၊ ငါးပေအထိ တိုးပြီးပစ်တာတောင် သေနတ်ကျည်မီးပေါက်ပြီး ကြက်ကိုမထိဘူးဗျို့ . . . ၊

ကျွန်တော်ဖြင့် အတော်ကို ဝမ်းသာသွားတာဗျာ၊ ဒီကြားထဲ အိမ်ပေါ်ပြန်တက်လာပြီးတဲ့နောက် သူ ကြေးမည်းရထားတဲ့ သတင်းကို သဲ့သဲ့ကြားလို့ဆိုပြီး ပုပ္ပါးဘက်က အဂ္ဂိရတ်ဆရာတွေ လာကြည့်မယ်လို့ ပြောရောဗျို့ . . . ၊

ဒါနဲ့ ကျွန်တော်လည်း ကိုယ့်စားကျက် သူများလုသွားမှာ စိုးရိမ်ပြီး ပါသမျှငွေအကုန်လုံးနဲ့ ကြေးမည်းတွေ ရသမျှ ချိန်တွယ်ဝယ်လိုက်တယ်ဗျာ၊ ကိုပိုက်ရဲ့ပိုက်ဆံတောင် ပါသေး၊ ရန်ကုန်ပြန်ရောက်ပြီးရင် နောက်တစ်ခေါက် ထပ်တက်လာမယ့် အကြောင်း ကျွန်တော်တို့ ပြန်မလာမချင်း ဘယ်သူ့မှ မရောင်းလိုက်ပါနဲ့လို့လည်း အထပ်ထပ်မှာရတယ်ဗျ . . . ၊

အဲ . . . နောက်နေ့မနက်မှာတော့ စိတ္တိန်းရွာကနေ နွားလှည်းနဲ့ အပြန်ခရီးစခဲ့ရတယ်ဗျ၊ ဘိုးသူတော်ကြီးပဏ္ဍဝနဲ့ ကိုမိုးညိုတို့တော့ ကိုတိုင်းလုံးကျော်ရဲ့အိမ်မှာပဲ ကျန်ရစ်ခဲ့တယ်ဗျ . . . ၊





ကျွန်တော်တို့လည်း နွားလှည်းနဲ့ ကျောက်ပန်းတောင်းအထိ လာခဲ့ပြီး ရထားစီးဖို့ ဘူတာမှာ တစ်ညအိပ်စောင့်ရတယ်ဗျ . . . ၊

နောက်နေ့မနက်လည်းရောက်ရော ရထားက ဆယ်နာရီလောက်မှ လာမှာဆိုတော့ ဘူတာနားက လက်ဖက်ရည်ဆိုင်မှာ အဆာပြေစားသောက်ရင်း နားနားနေနေ ထိုင်နေကြတာပေါ့ဗျာ၊

အဲဒီမှာပဲ ဆပ်ကျောင်းဆင်း ရာဇဝတ်အုပ်လေး ကိုအေးမောင်နဲ့ တွေ့ရောဗျို့၊ ကိုအေးမောင်နဲ့ ကျွန်တော်တို့က ရေနံချောင်း ဟိုက်စကူးကျောင်းမှာတုန်းက တစ်တန်းတည်းသားကျောင်းနေဖက်သူငယ်ချင်းကိုးဗျ၊ ဒါနဲ့ ကျွန်တော်လည်း ကျွန်တော်ရလာတဲ့ ကြေးမည်းအကြောင်း သူ့ကို တိုးတိုးတိတ်တိတ် ပြောပြလိုက်တယ်ဗျ . . . ၊

ဒီမှာတင် ရာဇဝတ်အုပ်အေးမောင်ကလည်း စိတ်ဝင်စားပြီး သူ့ခါးမှာ ချိတ်ထားတဲ့ ခြောက်လုံးပြူးကို လက်နဲ့ပုတ်ပြတယ်၊ တူမီးသေနတ်ကျည်လွဲပေမယ့် သူ့ခြောက်လုံးပြူးကျည်ရော လွဲပါ့မလားလို့ စိန်ခေါ်သလို ပြောလာတယ် ကိုချစ်ဆန်းရေ . . . ၊

ဒါနဲ့ ကျွန်တော်ကလည်း သေချာအောင် ထပ်စမ်းချင်သူဆိုတော့ သူ့ခြောက်လုံးပြူးနဲ့ စမ်းကြည့်ဖို့ သဘောတူလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျ ...။

အဲဒီနောက် သူက ကျွန်တော်တို့နှစ်ယောက်ကို မြို့စွန်က ပြောင်းခင်းဆီ ဆိုင်ကယ်နဲ့ ခေါ်သွားတယ်ဗျ ...။

ပြောင်းခင်းကြီးထဲလည်းရောက်ရော ပြောင်းပင်တစ်ပင်မှာ ကြေးမည်းခဲထည့်ထားတဲ့ အဝတ်ရှုံ့အိတ်လေးချိတ်ပြီး ဆယ်ပေအကွာကနေ ခြောက်လုံးပြူးနဲ့ ပစ်ကြည့်တော့တာပဲဗျို့ ...။

အဲဒီမှာ ကျည်လွဲပါတယ်ဆိုတဲ့ ကြေးမည်းထုပ်လေးဟာ လွင့်ထွက်သွားပြီး ကြေးမည်းခဲတွေဆိုတာ ရစရာမရှိအောင်ကို ကြေမွသွားတာပဲဗျာ၊ ဒီတင် ရာဇဝတ်အုပ်အေးမောင်က ဘယ့်နှယ်ရှိစလို့ မေးသဗျ ...။

ကျွန်တော်က တူမီးသေနတ်နဲ့ကျတော့ ကျည်လွဲပါလားလို့ စောဒကတက်တော့ ကျည်ဆန်ထိပ်က ခဲထိပ်ဖူးကို ဖြတ်ထားပြီး စမ်းပြတာဖြစ်မှာပေါ့လို့ ပြန်ပြောတယ်ဗျ၊ အဲဒီတော့မှ ကျွန်တော်တို့ဟာ အညာမိမှန်း သိတော့တယ်ဗျာ ...။

ဒါနဲ့ ကျွန်တော်နဲ့ကိုပိုက်လည်း ရန်ကုန်မပြန်ဖြစ်သေးဘဲ ကိုအေးမောင်ရဲ့အကူအညီနဲ့ ဆိုင်ကယ်ငှားပြီး စိတ္တိန်းရွာဆီ ပြန်ခဲ့ကြတယ်ဗျ ...။

အဲ ... ရွာလည်းရောက်ရော ဘိုးသူတော်ကြီးတို့လူစုကို ရှာမတွေ့တော့ဘူးဗျို့၊ ကျွန်တော်တို့ ညအိပ်တည်းခိုခဲ့တဲ့ ရွာ





အစွန်က မုဆိုးအိမ်မှာလည်း မတွေ့ဘူး၊ အိမ်တံခါးတွေလည်း ပိတ်ထားတယ် ...။

အဲဒီတော့မှ ရွာလူကြီးဆီ မေးမြန်းသွားရောက်ပြီး စုံစမ်းတော့ မုဆိုးကြီးတိုင်းလုံးကျော်ဆိုတာ သူတို့ရွာမှာမရှိဘူးတဲ့၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတော့ အသားလတ်လတ်၊ ဂင်တိုတို၊ ဗလကောင်းကောင်းနဲ့လူတစ်ယောက် လှည်းတစ်စီးနဲ့ ရောက်လာပြီး ရွာစွန်က လူမနေတဲ့အိမ်ကို ငှားတယ်၊ သူတစ်ယောက်တည်း နေတယ်၊ သူ့လှည်းနဲ့အတူ အိမ်ထောင်ပရိဘောဂတော့ ပါမလာဘူး၊ သမင်ချိုကြီးတွေ၊ သားကောင်တွေရဲ့ အရေခွံတွေတော့ ပါလာတယ်၊ သူ့ကို မုဆိုးတစ်ဦးလို့ပဲ ရွာခံတွေက ယူဆကြတယ်တဲ့၊ ဘိုးသူတော်ကြီးနဲ့ မိုးညိုတို့ကိုတော့ ရွာသူရွာသားတွေက သိပ်မမြင်ဖူးကြဘူး ...။

အဲဒီမှာ စာရင်းချုပ်လိုက်တော့ ကျွန်တော့်ငွေတွေရယ်၊ မိန်းမရဲ့ဆွဲကြိုးနဲ့ လက်ကောက်ရောင်းရငွေတွေရယ်၊ ယောက္ခမကြီးရဲ့ စိန်နားကပ်ပေါင်တဲ့ငွေရယ် ... စုစုပေါင်း နှစ်သောင်းကျော်လောက် ထွက်သွားရောဗျ၊ မြွေပါးပုလင်းထိတာပါပဲဗျာ ... ဟူး''

ကိုပိုက်ကလည်း ခေါင်းမှဆံပင်ကို စိတ်ရှုပ်စွာ ဖွရင်း ညည်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ပိုက်ဆံလည်း ငါးထောင်လောက်ပါသွားတယ်ဗျ၊ မိန်းမကို ဘယ်လိုရှင်းပြရမလဲတောင် မသိပါဘူးဗျာ"

"တောက် ... ဒါဆို ဘိုးသူတော်ကြီးပဏ္ဍဝဟာ လူလိမ်ကြီးပေါ့ ... ဟုတ်လား ကိုအောင်ဖြိုး"

"အသေအချာပေါ့ဗျာ ... စနစ်တကျကို အယုံသွင်းပြီး လိမ်သွားတာဗျ၊ ကျွန်တော်တို့လူစု သူ့ကို အထင်ကြီးလေးစားအောင် ပညာခန်းတွေပြပြီး အယုံသွင်း အပိုင်နှံသွားတာဗျို့၊ ကျွန်တော်တို့က သူ့ကို တကယ့်ပညာရှင် သူတော်စင်ကြီးလို့ အထင်တွေ လွှတ်ကြီးခဲ့တာကိုးဗျ ...၊

အထင်လည်း ကြီးချင်စရာပဲလေ၊ ဥပဓိရုပ်ကလည်း ဖြူဖြူခံ့ခံ့ကြီးဆိုတော့ ကြည်ညိုမိသပေါ့ဗျာ"

ဤတွင် ကိုပိုက်က ခေါင်းငိုက်စိုက်ချလျက်မှ နောင်တစကားကို ခပ်လေးလေးဆိုသည်။

"ဘာပဲပြောပြောပါဗျာ၊ တကယ်တော့ ကျွန်တော်တို့ဟာ သူ့စကားကို ဖြစ်နိုင်ခြေရှိ,မရှိ သေသေချာချာ ဆင်ခြင်သင့်ပါတယ်၊ သူတို့ မော်လမြိုင်ကျွန်းသွားနေတုန်းမှာ ဗဟုသုတကြွယ်ဝသူတွေ, ပညာရှင်တွေ, အင်္ဂရတ်သမားတွေဆီမှာ ကြေးမည်းဆိုတာ ရှိ,မရှိ၊ ရှိရင်လည်း ဘယ်လိုသိဒ္ဓိတွေ ရှိနိုင်သလဲဆိုတာ မေးမြန်းလေ့လာသင့်ပါတယ်၊ ကျွန်တော်တို့က အဲဒီလို





စဉ်းစားလေ့လာမှုမပြုဘဲ ကြေးမည်းတွေသာရရင် ဆိုပြီး လောဘဇောတိုက် ငွေထုပ်ပိုက်ပြီး လိုက်ဖို့လောက်သာ အတင်းလုံးပန်းနေခဲ့ကြတာကိုးဗျ၊ အင်း ... လောဘ လောဘ ... လောကကြီးမှာ လောဘကြီး သူပဲ အလိမ်ခံရတာမျိုးကိုးဗျ၊ ခံရတာတောင်နည်းသေးလို့ ဆိုရမယ်"

"ဆိုရုံတင်ဘယ်ကမလဲ၊ ဒီလိုလိမ်လည်ခံရတာကို ဒီအတိုင်း ငုံ့ခံမနေသင့်ဘူးဗျ၊ အဲဒီလူလိမ်ကြီးသုံးယောက်ကို မတွေ့တွေ့အောင် မြေလှန်ရှာပြီး ပညာပြန်ပေးရမယ်ဗျ၊ ပုလိပ်ဌာနကိုလည်း တိုင်ထားရမယ်"

"ကိုချစ်ဆန်းရဲ့ ... ကိုယ်ညံ့လို့ ကိုယ်ခံရတာ ပုလိပ်တိုင်ဖို့ လိုလို့လားဗျ"

"လိုပါသော်ကောဗျာ၊ ပုလိပ်ဌာနတိုင်ပြီး အမှုဖွင့်ထားမှ သင်းတို့ကို ပြန်တွေ့တဲ့အခါ ဖမ်းပြီး အချုပ်ထဲထည့်နိုင်မှာပေါ့ဗျ၊ ရာဇဝတ်မှုကျူးလွန်ခံရသူတွေဟာ သက်ဆိုင်ရာ ပုလိပ်ဌာနတွေကို မတိုင်ဘဲ ငုံ့ခံနေလေ ရာဇဝတ်သားတွေက ကြိုက်လေ ဖြစ်ကုန်မှာပေါ့၊ လာဗျာ ... ပုလိပ်ဌာန သွားကြရအောင်"

သို့ဖြင့် ကိုအောင်ဖြိုးတို့လူစုသည် ပန်းပဲတန်းပုလိပ်ဌာနသို့ ချီတက်သွားကြပါတော့သတည်း။

✵ ✵ ✵

ရ နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com



## ဒိုးဆီသတင်း

တစ်ခုသော ညနေခင်းအချိန်တွင် ဗဟန်း ကြားတောရလမ်းနှင့် ရေတာရှည်လမ်းဟောင်းတို့ဆုံရာ ရွှေတိဂုံစေတီ အရှေ့ဘက်မုခ် အုတ်လမ်း၏ဝဲဘက်ထောင့်ရှိ လက်ဖက်ရည်ဆိုင်ထဲ၌ ထုံးစံအတိုင်း မြန်မာ့စစ်တုရင်သမားတို့ စုဝေးရောက်ရှိနေကာ စစ်တုရင်ထိုးလျက် ရှိကြလေ၏။

ယင်းသို့ လူစုံနေစဉ် ဒေါက်ချာဆောင်းထားသည့် ရသေ့ကြီးတစ်ပါးနှင့် ကပ္ပိယတစ်ဦးတို့ ဆိုင်ထဲဝင်ရောက်လာကြကာ ကပ္ပိယက ကြံရည်တစ်ခွက်မှာပြီး ရသေ့ကြီးကို ကပ်လိုက်လေသည်။

သူကိုယ်တိုင်ကမူ လက်ဖက်ရည်ကျကျတစ်ခွက် မှာကာ ဇိမ်ခံသောက်လျက် ရှိလေ၏။





ရသေ့ကြီးမှာ အသားအတော်ညိုနေပြီး ကိုယ်လုံးတောင့်တောင့်ဖြစ်ကာ သစ်ခေါက်ဆိုးသင်္ကန်းကို ပတ်ထားသဖြင့် တစ်ကိုယ်လုံး မှောင်လျက်ရှိတော့သည်။

ရသေ့ကြီးရော ကပ္ပိယကြီးပါ အသက် (၄၀) ဝန်းကျင်ခန့်ရှိပြီး ကပ္ပိယကြီးမှာ အသားလတ်လတ်၊ ဂင်တိုတို၊ ဗလကောင်းကောင်းဖြစ်ကာ ဂျပ်ခုပ်အင်္ကျီအညိုဖျော့ဖျော့ လက်ပြတ်ကို ချည်လုံချည်အကွက်ကျဲကျဲ ခပ်တိုတိုနှင့် တွဲဖက်ဝတ်ထားလေ၏။

စစ်တုရင်ဝိုင်းကို ဝိုင်းကြည့်နေကြသည့်လူစုမှာ သူတို့တစ်ကြိမ်မျှမတွေ့ဖူးသည့် ရသေ့ကြီးနှင့် ကပ္ပိယကြီးတို့ထက် ကပ္ပိယကြီး မွေ့ပိုက်လာသည့် ဖျင်ပိုင်းဖြင့် ပတ်ထားသောရုပ်တုကို ပိုမိုစိတ်ဝင်စားလျက် ရှိကြလေသည်။

ဖျင်ပိုင်းမှာ ဖြက်တိုသဖြင့် တစ်တောင်ကျော်ခန့်ရှိသောရုပ်တုကို လုံအောင်မပတ်နိုင်ရာ ရုပ်တု၏ဦးခေါင်းပိုင်းနှင့် ခြေထောက်တို့မှာ ဖျင်ပိုင်း၏အပြင်ဘက်သို့ ထွက်လျက်ရှိလေ၏။

ရုပ်တု၏ဦးခေါင်းပိုင်းတွင် မကိုဋ်ချွန်ချွန်ထက်ထက်ကို ဆောင်းထားရာ နတ်သိကြားရုပ်တုတစ်ခုဖြစ်ကြောင်း မှန်းဆနိုင်လေသည်။

ယင်းရုပ်တုမှာ ကြေးသွန်းရုပ်တုမဟုတ်ဘဲ သံရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသဖြင့် တွေ့ရသည့်လူအပေါင်းက စိတ်ဝင်စားနေကြခြင်း ဖြစ်ပါ၏။

အချွန်အတက်များနှင့် လက်ရာမြောက်လှသောသံရုပ်တုကို မည်သို့သွန်းလုပ်သနည်းဟု သူတို့စိတ်ဝင်စားနေကြခြင်း ဖြစ်သည်။

မနေနိုင်သူတစ်ဦးက ရသေ့ကြီးတို့၏စားပွဲသို့ ကူးလာပြီး ရုပ်တုကို အနီးကပ်စေ့စေ့ကြည့်ကာ စပ်စုလေ၏။

"ဒါ သံနဲ့သွန်းလုပ်ထားတာ မဟုတ်လားခင်ဗျ"

ထိုလူက ကပ္ပိယကြီး၏မျက်နှာကိုကြည့်ကာ မေးလိုက်ခြင်းဖြစ်ရာ ကပ္ပိယကြီးက မပြုံးမရယ်ဖြင့် ပြန်ပြောလေသည်။

"ဟုတ်တယ်ဗျ ... သံနဲ့သွန်းလောင်းထားတာပဲ"

"ဟာ ... သံနဲ့ အဲဒီလောက် အနုစိပ် သွန်းလောင်းလို့ ရသလားဗျ၊ အံ့စရာပါလား ဟရို့"

ဤတွင် ရသေ့ကြီးက ဝင်ပြောလိုက်လေသည်။

"အိမ်း ... အဲဒါ ဒိုးဆီရဲ့အစွမ်းကြောင့်ပဲကွဲ့"

"ဗျာ ... ဒိုးဆီ ... ဟုတ်လား ရသေ့ကြီး၊ ကျွန်တော်တို့တော့ ကြား မကြားဖူးပါဘူး၊ ဘယ်လိုဟာလဲ ဒိုးဆီဆိုတာ"

"အမောင်တို့ငယ်ငယ်က ဒိုးပစ်တမ်း ကစားဖူးကြသလားကွဲ့"





"ဟာ ... ကစားဖူးတာပေါ့ ရသေ့ကြီးရဲ့"

"အဲဒီ အမောင်တို့ကစားတဲ့ ဒိုးကို ဘယ်ကရသလဲ တဲ့"

"ဈေးထဲမှာရှိတဲ့ ပရဆေးဆိုင်ကဝယ်ရင်လည်း ရတာပဲ၊ ချိုညင်းယို, ဆီးယိုသည်ဆီက ဝယ်ရင်လည်းရတာပဲ ရသေ့ကြီးရဲ့"

"အဲဒီ ဒိုးကရတဲ့ ဒိုးဆီဟာ သံကို အသေနိုင်တယ်ကွဲ့၊ ဒိုးဆီနဲ့သံကို အရည်ကျိုရင် သံအရည်ဖြစ်သွားတာ မြန်တဲ့အပြင် မြန်ခဲတဲ့အခါမှာ ရုတ်ခြည်းမာခဲမသွားဘဲ ဒိုးဆီရဲ့အစွမ်းကြောင့် နာရီအတော်ကြာအောင် ဖယောင်းလို ပျော့နေတယ်ကွဲ့၊ အဲဒီလို ပျော့နေချိန်မှာ လိုရာပုံထုဆစ်လို့ ရသကွဲ့"

"ဟာ ... ဟုတ်လား၊ အတော်ထူးဆန်းတာပါလား"

"ထူးဆန်းမနေနဲ့ ... အဲဒီလိုနည်းနဲ့ ဟောဒီ ဘိုးသိကြားမင်းရုပ်တုကို ထုဆစ်ထားတာကွဲ့၊ ဘယ်လောက်လက်ရာမြောက်သလဲဆိုတာ ကြည့်လိုက်၊ ကပ္ပိယကြီးတိုင်းလုံးကျော် ... ဖျင်စကို ဖြည်ပြလိုက်ပါကွယ်"

ရသေ့ကြီး၏အမိန့်အတိုင်း ကပ္ပိယကြီးက ဖျင်စကို ဖြည်ပြလိုက်ရာ လွန်စွာလှပပြီး အချွန်အတက် အကွေ့အဝိုက်များဖြင့် အချိုးကျလှပ လက်ရာမြောက်လှသော သံရုပ်တုအား လာ(?)ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင်ထဲမှ လူအများက တအံ့တသြ ငိုင်းကြည့်ကြလေသည်။

"ဟာ ... အတော်လှတဲ့ သံရုပ်တုပါလား"

"ဒီလောက် လက်ရာအနုစိပ်တဲ့သံရုပ်တုမျိုး လုပ်နိုင်တာ အံ့စရာပဲဗျာ"

"အဲဒါ ဒိုးဆီရဲ့အစွမ်းကြောင့်တဲ့ အံ့ရော"

ပါးစပ်အဟောင်းသားဖြင့် ငိုင်းကြည့်နေကြသူများမှာ ဒိုးဆီ၏အစွမ်းကို တအံ့တသြ ဖြစ်သွားကြတော့သည်။

"ရသေ့ကြီးခင်ဗျာ ... ကျွန်တော်တို့ကစားခဲ့ကြတဲ့ ခုံညင်းဒိုးတွေကို ကြိတ်ပြီး အဆီထုတ်လို့ရသလားခင်ဗျ။ အဲဒီလို ရရင် ကျွန်တော်တို့လည်း သံကိုအရည်ကျိုပြီး ခဲရာခဲဆစ် ရုပ်တုတွေ ထုလုပ်ချင်စမ်းပါဘိဗျာ"

"ဟား ဟား ဟား ... အဲဒီလောက် လွယ်လွယ်တော့ ဘယ်ရပ့်ါမလားကွယ်"

"ဘာ ဘာဖြစ်လို့လဲခင်ဗျ"

"ခုံညင်းပင်တိုင်းကရတဲ့ ဒိုးဆီဟာ အစွမ်းထက်တာ မဟုတ်ဘူးကွဲ့၊ ပဲခူးရိုးမထဲမှာရှိတဲ့ သံသေတောင်က ဒိုးဆီမှ သံကိုနိုင်တဲ့ အစွမ်းရှိတာကွဲ့"

"သံသေတောင်ကရတဲ့ ဒိုးဆီမှ ဟုတ်လား။ ရသေ့ကြီး"

"အေး ... ဟုတ်သကွဲ့၊ ပဲခူးရိုးမကြီးထဲက ကောလိယ ချောင်းဖျားမှာရှိတဲ့ သံသေတောင်ခြေမှာ ခုံညင်းပင်ကြီးတွေ တောနဲ့ချီပြီး သဘာဝအလျောက် ပေါက်ရောက်နေတယ်ကွဲ့၊ အဲဒီ ခုံညင်းတောထဲက ခုံညင်းပင်တစ်ပင်ဟာ သူ့အလိုအလျောက် ခြောက်သွေ့သေသွားရင် အဲဒီအပင်ကို နတ်သတ်တဲ့အပင်လို့ ခေါ်သကွဲ့၊ အဲဒီလိုသေသွားတဲ့ အပင်ခြောက်ကြီးရဲ့ အမြစ်တွေ ကို ဖော်ကြည့်တဲ့အခါ မြေကြီးထဲမှာရှိတဲ့ အမြစ်ခြောက်တွေမှာ လက်သီးဆုပ်လို ဖုထစ်နေတဲ့ ဘုကြီးတွေကို တွေ့ရတယ်ကွဲ့၊

အဲဒီဘုကြီးတွေကို ကွင်းပြီးခုတ်ထစ်ယူရတယ်ကွဲ့၊ အဲဒီ နောက် အဲဒီဘုကြီးတွေကို ဓားနဲ့ ခွဲလိုက်တဲ့အခါ ဆီတွေ ထွက် လာရောကွဲ့ ... အဲဒါ ဒိုးဆီပဲ၊ ဘာကိုမှ ကြိတ်စရာမလိုဘူး။ အုန်းရည်လို ဘုကြီးတွေထဲမှာ အိုင်နေတဲ့ဆီတွေကို ခွဲထုတ်ယူ ရတာပဲကွဲ့ ...၊

အဲဒီလို ရလာတဲ့ ဒိုးသီတွေကို သွပ်ပုံး၊ သံပုံး စတဲ့ သတ္တုပုံးတွေနဲ့ ခံယူလို့မရဘူးကွဲ့၊ အဲဒီလို သတ္တုပုံးတွေထဲ ဒိုးဆီ ကို ထည့်ထားရင် သတ္တုပုံးတွေ အရည်ပျော်ပြီး ပေါက်ကျသွားလို့ ကွဲ့၊ ဒါကြောင့် မြေအိုး မြေအင်တုံတွေနဲ့ ဒိုးဆီကို ခံယူရတယ်"

ဤတွင် စိတ်ဝင်စားသူတစ်ဦးက ဝင်မေးလိုက်သည်။

"အဲဒီဒိုးဆီကို ရှာဖွေစုဆောင်းလို့ လွယ်ပါ့မလားခင်ဗျာ"

"ဘယ်လွယ်ပါ့မလဲကွဲ့ ... ရိုးမတောကြီးက အတော်







www.burmeseclassic.com

www.burmeseclassic.com



နက်တာကလား၊ သားရဲတွေလည်း ပေါမှပေါပဲ၊ အဲဒီသံသေတောင်ဘက်ဆီ သွားရဲတဲ့တောမုဆိုးဆိုလို့ ဟောဒီကပွဲယကြီး တိုင်းလုံးကျော်ရဲ့အစ်ကို မုဆိုးကြီးဖိုးဝတစ်ယောက်ပဲ ရှိတယ်ကွဲ့၊ ဖိုးဝက ကျုပ်ပြောတာနဲ့ ဒိုးဆီရဲ့တန်ဖိုးကိုသိလေတော့ ရာဝင်အိုးကြီးတွေနဲ့ကို တစ်နွေလုံး ဒိုးဆီကို ရှာဖွေစုဆောင်းထားတာ၊ ဟောဒီကပွဲယကြီး တိုင်းလုံးကျော်က သူ့အစ်ကိုဆီကနေ ဒိုးဆီတစ်ဆယ်သားကျော်ကျော် ယူလာပြီး ဟောဒီရုပ်တုကို ထုဆစ်ခဲ့တာပဲကွဲ့.''

''အဲ . . . အဲဒီ ဒိုးဆီကို ဝယ်လို့ရမလားခင်ဗျ''

တစ်ဦးက စိတ်အားထက်သန်စွာဖြင့် မေးလိုက်ရာ ရသေ့ကြီးက ဦးခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်ပြီးလျှင် . . .

''အိမ်း . . . မုဆိုးကြီးဖိုးဝနေတဲ့ ပဲခူးရိုးမအခြေ ကောလိယချောင်းဖျားမှာရှိတဲ့ သံသေတောင်ကိုရောက်အောင် သွားပြီးဝယ်နိုင်ရင်တော့ ရပေမပေါ့ကွယ်''

''အဲဒါဆို ကျွန်တော်သွားချင်ပါတယ် ရသေ့ကြီး . . . လမ်းညွှန်ပေးပါ ခင်ဗျား''

ဆံပင်ကို အမောက်ထောင်လျက် ကော်စမစ်တစ်နှင့် ကော့နေအောင်ဖြီးထားသော အသားညိုညို၊ လူဝဝခန့်ခန့်က ပြောလိုက်ရာ ရသေ့ကြီးက ထိုလူ့ကို မျက်လုံးမှေးစင်းကြည့်လိုက်





လေသည်။

ထိုလူမှာ အသက်သုံးဆယ်ကျော်ခန့်ရှိပြီး ဗန်ကောက်လုံချည် ရွှေဖလားရောင်ကို ဖရဲဇာကုတ်အကျႌ မြင်းချေးရောင်နှင့် စမတ်ကျကျ ဝတ်ထားလေ၏။

သူ၏ခါး၌ ခါးပတ်နှင့်တွဲလျက်ရှိနေသော သားရေပိုက်ဆံအိတ်ကြီးက ဖောင်းကားနေလေသည်။

ပန့်ပ်ရှူးကို စီးထားသော ထိုလူ၏ဂိုက်ဆိုက်ကို ကြည့်ရသည်မှာ ဘူစွာပေါက်စနှင့် တူနေ၏။

''ဩော် . . . မောင်ရင်က ဒိုးဆီကို လိုက်ဝယ်ချင်လို့လား''

''ဟုတ်ပါတယ် ခင်ဗျာ''

''ဝယ်ပြီး ဘာလုပ်မလို့လဲကွဲ့.''

ထိုလူက နှုတ်ခမ်းထောင့်စွန်းတွင် ဖွဖွလေးခဲထားသော ငါးသုံးလုံးစီးကရက်ကို ဖွာရှိုက်လိုက်ပြီးနောက် ပတ္တမြားလက်စွပ်တစ်ကွင်း၊ ရွှေလက်စွပ်တစ်ကွင်း ဝတ်ထားသည့် ဝဲဘက်လက်ချောင်းလေးများဖြင့် ဟန်ပါပါ ဖြုတ်ယူလိုက်ပြီး တစ်ဝက်ခန့်ကျန်ရှိသေးသည့် စီးကရက်ကို အမှိုက်ပုံးထဲ တောက်ထုတ်လိုက်လေသည်။

မီးရဲနေဆဲ စီးကရက်ဖြူဖြူလေးက ရေရှုပ်မှော်ရှိရာ



www.burmeseclassic.com

www.burmeseclassic.com



အမှိုက်ပုံးထဲ ခေါင်းစိုက်ကျသွားလေ၏။

ထိုသူက ပြုံးလိုက်ပြီး . . .

"ကျွန်တော့်နာမည်က ဇော်မိုးလို့ခေါ်ပါတယ် ရသေ့ကြီး။ ကျွန်တော်က ကြေးသွန်းလုပ်ငန်းထောင်ထားသူပါ၊ တပည့်တွေနဲ့ အတူ ဒီဗဟန်းအုတ်လမ်းက နိဗ္ဗာန်ကုန်ဆိုင်တွေဆီ ကြေးဆင်းတု တော်တွေ လာပို့လို့အပြီးမှာ ဒီဆိုင်ထဲ လက်ဖက်ရည်ဝင်သောက် တာခင်ဗျ။ ကံဆုံချင်တော့ ရသေ့ကြီးတို့နဲ့မှ တန်းတိုးတာကိုး။ ဒိုးဆီကို ကျွန်တော် ဝယ်မှာပါ၊ ဝယ်တာမှ ပိသာဘာယ်လောက် ပဲ ဖြစ်ဖြစ် ရသမျှ ဝယ်ချင်ပါတယ် . . .၊

ဘာလုပ်ဖို့လဲဆိုရင် ဒိုးဆီနဲ့ သံပန်းပုရုပ်တုတွေ ထုဆစ် ချင်လို့ပါခင်ဗျာ၊ ကမ္ဘာမှာတောင် သံနဲ့သွန်းလုပ်တဲ့ရုပ်တု အတော့် ကို ရှားပါတယ်၊ ရှိလည်း ဒီသိကြားမင်းရုပ်တုလောက် လက် ရာအနုစိပ် မသွန်းလုပ်နိုင်ကြပါဘူး . . .၊

သံကို နိုင်ပါတယ်ဆိုတဲ့ အနောက်တိုင်းက လောက ဓာတ်ပညာရှင်အကျော်အမော်ကြီးတွေ မထုဆစ်နိုင်တဲ့ အနုပညာ ပြောင်မြောက်ပြီး လက်ရာအနုစိပ်လှတဲ့ သံပန်းပုရုပ်တွေ ထုဆစ် နိုင်ရင် ကျွန်တော်ရဲ့လုပ်ငန်းဟာ ကမ္ဘာကျော်အောင် အောင်မြင် သွားမှာ အသေအချာပဲ ရသေ့ကြီးရဲ့၊ အဲဒီလို အာရှတစ်လွှား မှာရော ကမ္ဘာတစ်လွှားမှာပါ ကျော်ကြားအောင်မြင်သွားရင်





ကျွန်တော် မီလျံနာ, ဘီလျံနာသူဌေးကြီး ဖြစ်ပြီပေါ့၊ မဟုတ် ဘူးလား . . . ဟင်း ဟင်း ဟင်း"

ရသေ့ကြီးက ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး . . .

"အိမ်း . . . ရည်ရွယ်ချက်ကြီးမားလှပါပေရဲ့ကွယ်၊ အဲဒီ လို ကြီးမားတဲ့ရည်ရွယ်ချက် ပြည့်မြောက်စေချင်ရင်တော့ ဒိုးဆီကို ရအောင်သာ ကြိုးစားပေတော့ကွယ်၊ တစ်ခုတော့ ရှိတာပေါ့ ကွယ် . . . မြင့်မားတဲ့အရာကို လိုချင်ရင် မြင့်မားတဲ့အရာနဲ့ ရင်းနှီးရတယ်ကွဲ့၊ ငွေတစ်မတ်နဲ့ ငါးကြင်းခေါင်းကိုင်ချင်လို့တော့ မရဘူးပေါ့ကွယ်၊ ဆန်ကိုလိုချင်ရင် စပါးကို ကြိတ်ရတယ်ကွဲ့၊ ဖွဲကိုကြိတ်လို့တော့ ဆန်ရမှာ မဟုတ်ဘူး၊ ကျုပ်ပြောတာ သဘော ပေါက်ရဲ့လား မောင်ဇော်မိုး"

"သဘောပေါက်ပါတယ် ရသေ့ကြီး"

"အိမ်း . . . သဘောပေါက်ရင် သန်ဘက်ခါမနက် ၉ နာရီမှာ ကြေးသွန်းဘုရားတန်ဆောင်းထဲက ငွေထုပ်ပိုက်ပြီး စောင့်နေပေတော့၊ သန်ဘက်ခါ ကျုပ်ရဲ့မွေးနေ့မှာ ဘုရားတက် အဓိဋ္ဌာန်ပုတီးစိပ်ပြီးတာနဲ့ ကျုပ်တို့ ဆရာတပည့် ပဲခူးပြန်ကြ မယ်၊ တစ်ခါတည်းသာ လိုက်ခဲ့ကြပေတော့ကွဲ့၊ ဒိုးဆီသယ်ဖို့ ပလပ်စတစ်ပုံးတွေတော့ လူငှားနဲ့ သယ်ခဲ့ပေါ့"

"ကောင်း ကောင်းပါပြီ ရသေ့ကြီးခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ရသေ့ကြီးတို့က ထိုင်ရာမှထပြီး ကပ္ပိယကြီးမှ ကြီရည်ဖိုး လက်ဖက်ရည်ဖိုးရှင်းရန်ပြင်ရာ ကိုဇော်မိုးက လက်တားပြီး သူက အတင်းစိုက်ထုတ် ရှင်းလိုက်လေ၏။

ကိုဇော်မိုးက လက်အုပ်ချီကာ ရသေ့ကြီးကို ဂါရဝပြု နှုတ်ဆက်ရင်း သန်ဘက်ခါနံနက်တွင် ကြေးသွန်းဘုရားကြီး တန်ဆောင်းထဲမှ ဆက်ဆက်စောင့်နေမည်ဖြစ်ကြောင်း တတွတ်တွတ် လျှောက်ထားလျက်ရှိလေသည်။

သို့ဖြင့် ရသေ့ကြီးတို့ ဆရာတပည့် အုတ်လမ်းအတိုင်း တက်သွားကြသည်တွင် ဗဟန်းဒေသတစ်ခွင်၌ မြန်မာ့စစ်တပ်ရင်းချုပ်ဝီယံအကျော်အမော်တစ်ဦးဖြစ်သော ကိုသိန်းမြင့်က မိတ်ဆွေဖြစ်သူ ကိုဇော်မိုး၏ပခုံးကို ပုတ်ပြီး ...

"ကိုဇော်မိုး ... ခင်ဗျားကတော့ စီးပွားရေးသမားပီပီ စီးပွားရေးအမြင်ကျယ်ပါပေ့ဗျာ၊ တစ်ခါတည်း ကော်ပေါက်တွေ့တာနဲ့ အချိုကြီးအပွကြီးတော့မလို့ပေါ့လေ"

ဟု ပြုံးကာ ချီးမွမ်းပြောဆိုလိုက်ရာ ကိုဇော်မိုးက သဘောကျစွာ တဟင်းဟင်း ရယ်ရင်း ...

"ဟဲ ဟဲ ဟဲ ... အကြံကောင်းရင် တစ်ချက်တဲ့ဗျ၊ ငှက်ဟာ ပျံရင်းနဲ့သေသလို ဇော်မိုးတို့ကလည်း ကြံရင်းနဲ့ နတ်ပြည်ရောက်မယ့်ကောင်ပါဗျ၊ ခင်ဗျားတို့ကြည့်နေ ... ဒိုးဆိတန်မိုးနဲ့ ဇော်မိုးတို့ မိုးထိအောင် တိုးတက်အောင်မြင်ကြီးပွားဦးမှာဗျ ... ဟဲ ဟဲ ဟဲ"

"ကောင်းပါလေ့ဗျာ ... ကျုပ်တို့ မုဒိတာပွားပါရဲ့၊ Good မယ်ထင်ရင် Do သာ Do ဗျို့"

"ကဲ ... ကိုမြဆောင်တို့ပါ လာဗျာ၊ ကျုပ် ခရီးမထွက်ခင် အကြိုအောင်ပွဲခံတဲ့အနေနဲ့ အင်ပီးရီးရယ်လ်စားတော်ဆက်မှာ ညစာလိုက်ကျွေးမယ်ဗျာ"

"ရဟူး ... အဲဒီအစီအစဉ် အကောင်းဆုံးပဲဗျို့"

ထို့နောက် မိတ်ဆွေတစ်စုမှာ ကိုဇော်မိုး၏ မောရစ်မိုင်နာကားလေးပေါ်တက်ပြီး မြို့ထဲဘက်သို့ ပျော်ရွှင်တက်ကြွစွာ မောင်းထွက်သွားပါတော့သတည်း။

✵ ✵ ✵






www.burmeseclassic.com

www.burmeseclassic.com



## ရေနစ်သော့ဖျံ

ရက်သတ္တပတ်ခန့်အကြာ နံနက်တစ်ခုတွင် ကိုဇော်မိုးနှင့် သူ၏တပည့်နှစ်ယောက်မှာ လေးဂါလံဝင် ပလတ်စတစ်ပုံးကြီး ၆ ပုံးနှင့်အတူ ရသေ့ကြီးတို့ခေါ်ရာ ခရီးကို စိတ်အားတက်ကြွစွာ လိုက်ပါခဲ့ကြတော့သည်။

သူတို့လူစုသည် ဦးစွာ မီးရထားဖြင့် ရန်ကုန်ကွမ်းခြံဘူတာ (ရန်ကုန်ဘူတာကြီး) မှ ဒိုက်ဦးဘူတာသို့ ခရီးနှင်ခဲ့ကြလေ၏။

ဒိုက်ဦးသို့ရောက်လျှင် ရထားပေါ်မှ ဆင်းပြီး ဘူတာအနီးရှိ ထမင်းဆိုင်မှာပင် ရသေ့ကြီးကို ဆွမ်းကပ်သလို ကိုဇော်မိုးတို့ တစ်သိုက်လည်း နံနက်စာစားကြလေသည်။

ထို့နောက် မော်တော်တစ်စီးငှားကာ ကောလိယချောင်းရိုးအတိုင်း ဆန်တက်ခဲ့ကြလေ၏။





သို့ဖြင့် တစ်နေကုန် ခရီးနှင်ခဲ့ကြရာ ပဲခူးရိုးမတောကြီးအတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီး ညနေစောင်း၌ ရိုးမအခြေသို့ ရောက်ရှိလာခဲ့လေသည်။

"ကဲ ... မော်တော်ကမ်းကပ်တော့ ဒီမှာပဲ တစ်ညတာ စခန်းချကြမယ်၊ ရှေ့ကို တောတိုးရုံပဲ ရှိတော့တယ်၊ မော်တော်ကိုတော့ တစ်ရက်နှစ်ရက် စောင့်ခိုင်းလိုက်ပေါ့"

ထိုနေ့ညစာကို ကောလိယချောင်းကမ်းနံဘေးမှ သဲသောင်ခုံမှာပင် ချက်ပြုတ်စားလိုက်ကြပြီးနောက် ရွက်ဖျင်တဲများထိုးကာ တဲသုံးလုံးအလယ်၌ မီးလင်းဖို ဖိုလျက် အိပ်စက်လိုက်ကြလေ၏။

နောက်နေ့နံနက်စောစောမှာပင် ရသေ့ကြီးဦးဆောင်မှုဖြင့် ပဲခူးရိုးမပေါ် စတင်တက်ခဲ့ကြတော့သည်။

တစ်တောဆင်း တစ်တောင်တက်ဖြင့် ခရီးနှင်ခဲ့ကြရာ နေ့ဝက်ခရီးနှင်ပြီးလျှင်မှ သံသေတောင်အခြေသို့ ဆိုက်ရောက်လာတော့၏။

သံသေတောင်အခြေတွင် ဝါးတောကြီးများကို ညို့နေအောင် တွေ့ရသော်လည်း ခုံညင်းပင်တို့ကို မမြင်ရသဖြင့် ကိုဇော်မိုးက မေးကြည့်မိတော့သည်။

"ရသေ့ကြီးပြောတော့ သံတောင်ခြေမှာ ခုံညင်းပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကောနဲ့ ချိုပြီးရှိတယ်ဆို''

''အိမ်း . . . ဒါက တောင်ရဲ့အရှေ့ဘက်အခြမ်းလေ၊ ချုံညင်းတောကြီးက အနောက်ဘက်အခြမ်းမှာရှိတာကွဲ့၊ ကဲ . . . လာကြ လာကြ . . . ကျုပ်ရဲ့ တပည့်မုဆိုးကြီးဖိုးဝရဲ့တဲကို ရောက်ပြီ''

စမ်းချောင်းလေးနံဘေးရှိ ဝါးနက်ရုံအောက်မှ တစ်ဖက်ရပ်တဲလေးထဲသို့ သူတို့ဝင်ရောက်ခဲ့ကြရာ ဆယ်ပေကျော်ကျော် ပတ်လည်ခန့်သာရှိသည့် တစ်ဖက်ရပ်တဲလေးမှာ အတော်သစ်လွင်နေပြီး မုဆိုးနေသော တဲပီပီသသမရှိသည်ကို ကိုဇော်မိုး အကဲခတ်မိ၏။

''အင်း . . . မုဆိုးနေတဲ့တဲဆိုပြီး သားကောင်တွေရဲ့ ချိုတို့ သားရေတို့ ဘာတစ်ခုမှ မရှိပါလား၊ ဒူးလေးတို့ မြားဘူးတို့ တောင် မတွေ့ရဘူး''

ကိုဇော်မိုး ဘဝင်မကျဖြစ်နေသည်ကို ရိပ်စားမိသည့် ရသေ့ကြီးက ပြုံးလိုက်သည်။ သူက တဲတိုင်တစ်တိုင်ကို မှီထိုင်နေသည့် အသားဖြူဖြူတောင့်တောင့် လူကြီးကို မေးဆတ်ပြကာ ဦးစွာ အပြန်အလှန် မိတ်ဆက်ပေး၏။ ပြီးမှ . . .

''ကျုပ်ရဲ့တပည့်ဖိုးဝဟာ အရင်ကတော့ ဒီသံသေတောင်ခြေတစ်ဝိုက်မှာ အထင်ကရ မုဆိုးကြီးပေါ့ကွယ်၊ ကျုပ်နဲ့





တွေ့ပြီး တရားပြမှ မုဆိုးအလုပ်ကို စွန့်လွှတ်လိုက်တာ ကြာပေါ့၊ ခု ဒီတောတောင်ထဲမှာ သစ်ဥသစ်ဖု ပရဆေးပင်ဆေးမြစ်တွေ ရှာဖွေပြီး မြို့တက်ရောင်းတဲ့အသက်မွေးမှုပဲ ပြုလုပ်တော့တယ် ကွဲ့''

''ဟုတ်ကဲ့ . . . ဒါထက် ဒိုးဆီတွေကို တစ်နွေလုံးစု ဆောင်းထားတယ်ဆို၊ ရာဝင်အိုးကြီးတွေနဲ့ ထည့်ထားတယ်ဆို၊ အဲဒါ ဘယ်မှာလဲခင်ဗျ''

ဤတွင် ဂျပ်ခုပ်အင်္ကျီအညိုရောင် လက်ပြတ်ကို ရှမ်းဖျင် ကြမ်း ဘောင်းဘီရှည်အနက်ရောင်ဖြင့် တွဲဖက်ဝတ်ထားသော ဖိုးဝက ကွမ်းဝါးလျက်မှ ပြုံးကာ ဝင်ဖြေသည်။

''ဒိုးဆီတွေကို စုဆောင်းရင် နေရောင်လုံးဝမကျရောက် တဲ့နေရာမှာ ထားပြီး ဂရုတစိုက် စုဆောင်းရတယ်ဗျ၊ သူက ပူရင် ဆူပွက်ပြီး အငွေ့ပျံခြောက်ကပ်သွားတတ်တယ်၊ ဒိုးဆီ ရဲ့သဘောက တေဇောဓာတ်ဗျ၊ ရော့ . . . ဒီမှာ ဒိုးဆီနည်းနည်း လူးကြည့်''

ဖိုးဝက ဂမုန်းမြစ်များ စုပုံထားသည့် ဆန်ကောတစ်ချပ် အနီးမှ ဝါးကျည်တောက်ကို ယူကာ ဖော့အဆို့ဖွင့်ပြီး ဝါးကျည် တောက်ထဲမှ အဆီအနည်းငယ်ကို လက်ဖဝါးထဲ ထည့်လိုက်လေ ၏။

ခု နစ် စဉ့် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထိုအခါဖြင့် ကိုဇော်မိုး၏လက်ဖျံကို တစ်ချက်တည်း သုတ်လိမ်းပေးလိုက်ရာ ကိုဇော်မိုးမှာ မျက်ခုံးပင့်လိုက်မိလေသည်။

"အေးဗျ . . . အတော်ပူတာပဲ"

"လူကိုတော့ အန္တရာယ်မပြုပါဘူး။ သံကိုသာ သူက နိုင်တာဗျ။ ကျုပ်က ဒိုးဆီတွေကို မြေစဉ့်အိုးတွေထဲထည့်ပြီး ဒီဝါးတောရဲ့နောက်ဘက်မှာ သဲကျင်းတွေတူးပြီး မြှုပ်ထားတာဗျ"

"ဩော်"

"ကဲ ကဲ ဖိုးဝရေ . . . ငါတော့ လမ်းမှာ သစ်သီးနဲ့ပဲ နံနက်ပိုင်းဆွမ်းကိစ္စ ပြီးခဲ့ပြီကွဲ့၊ ဧည့်သည်များကိုတော့ ထမင်းကျွေးဖို့ စီစဉ်ကွဲ့၊ စားသောက်ပြီးမှပဲ ဒိုးဆီစဉ့်အိုးတွေ သွားဖော်ကြတာပေါ့"

သို့ဖြင့် ခရီးပန်းလာကြသည့် ကိုဇော်မိုးတို့ ဆရာတပည့် သုံးဦးမှာ စမ်းချောင်း၌ ရေဆင်းချိုးပြီး အနားယူလျက်ရှိကြစဉ် တိုင်းလုံးကျော်နှင့်ဖိုးဝတို့က မီးမွှေးကာ ထမင်းအိုး ဟင်းအိုးတည်ကြလေ၏။

သူတို့ နေ့လယ်စာထမင်းစားတော့ မွန်းလွဲတစ်နာရီပင်ကျော်ချေပြီ။ သို့သော် တောရိပ်တောင်ရိပ် ကောင်းလွန်းသဖြင့် နေ့လယ်ခင်းအချိန်ဟုပင် မထင်ရချေ။





ဖိုးဝတို့ ညီအစ်ကိုချက်ကျွေးသည့် ချေသားခြောက်ကြော်နှင့် စင်ပြွမ်းသီးချဉ်ရည်ဟင်းက စား၍မြိန်လှသဖြင့် အားပါးတရစားသောက်ကြပြီးနောက် စီးကရက်ကိုယ်စီဖြင့် မှိန်းနေကြရာမှ မျက်လုံးတို့ မှေးစင်းလာကာ မှေ့ခနဲ အိပ်ပျော်သွားကြတော့၏။

သူတို့ မည်၍မည်မျှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြသည်မသိ၊ တစ်ကိုယ်လုံး မှက် ခြင်တို့ သီးနေအောင် ကိုက်ခဲခြင်းခံရသဖြင့် ထွေပွယားယံပြီး လန့်နိုးလာကြတော့ ဝန်းကျင်တစ်ခုလုံးမှောင်မှောင်မည်းမည်းဖြစ်နေသည်ကို ဦးစွာသတိပြုမိကြတော့၏။

"ဟာ . . . မှောင်မည်းနေတာပါလား၊ မီးခွက်မီးအိမ်တွေ မထွန်းကြဘူးနဲ့တူတယ်"

ကိုဇော်မိုးက သူ၏ကျောပိုးအိတ်ထဲမှ လက်နှိပ်မီးထုတ်ကာ ခလုတ်ဖွင့်လိုက်လေသည်။

တဲအတွင်း၌ မည်သည့်မီးအိမ်မီးခွက်ကိုမျှ မတွေ့ရချေ။ သူတို့သုံးဦးသာ ဖျာကြမ်းပေါ် လဲလျောင်းအိပ်စက်နေကြပြီး ရသေ့ကြီးနှင့်သူ့လူနှစ်ယောက်ကို မတွေ့ရသဖြင့် ကိုဇော်မိုးသည် လူးလဲထပြီး တဲအပြင်သို့ ထွက်ကြည့်လိုက်လေ၏။

မှောင်နှင့်မည်းမည်း ဝန်းကျင်အနှံ့ လှသူအရိပ်အယောင်မြင်ရဘဲ တိတ်ဆိတ်လျက်ရှိသည်ကို တွေ့ရလေသည်။ အဝေးဆီမှ ချေဟောက်သံ၊ ညဥ့်ငှက်တို့၏အော်မြည်သံတို့ကိုသာ သဲ့သဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရ၏။

''ဟ ...ရသေ့ကြီးတို့ ဘယ်ရောက်သွားပါလိမ့်''

ဇဝေဇဝါဖြစ်ကာ မျက်မှောင်ကြုတ်လိုက်ရင်း အချိန်ကို ကြည့်ရန် ဝဲဘက်လက်ကို မြှောက်လိုက်ရာ လက်ကောက်ဝတ်၌ သူ အမြတ်တနိုး မချွတ်စတမ်းပတ်ထားတတ်သော ရိုးလက်စ် နာရီကို မတွေ့ရတော့ချေ။

''ဟင်''

''ဟိုက်''

ပို၍ အံ့ဩစရာကောင်းသည်က လက်ချောင်းလေးများမှ ပတ္တမြားလက်စွပ်ရော၊ ရွှေလက်စွပ်တို့ကိုပါ မတွေ့ရတော့ခြင်း ဖြစ်သည်။

သူ့ရင် ဒိန်းခနဲခုန်ကာ စိတ်ထဲတွင် ထူးခြားသော ခံစားမှုဖြစ်ပေါ်သွားပြီး တဲထဲသို့ ပြန်လည်ပြေးဝင်လိုက်၏။

သူ တဲအဆင့်ပေါ် ခုန်တက်လိုက်သဖြင့် ဂုန်းခနဲမြည် သွားပြီး တဲက သိမ့်ခနဲတုန်သွားရာ သူ့တပည့်အသေးလေးနှင့် ကျော်ကြီးတို့ပါ နိုးလာကြတော့သည်။

''အားပါး ...ယားလိုက်တာ''

''ဟော့ကောင်တွေ ယားမနေနဲ့၊ ငါတို့တော့ကုန်ပြီထင် တယ်''





''ဘာကုန်တာလဲ ဆရာ ...ဒိုးဆီနဲ့ သံအရည်ကျိုပြီး ချဆစ်ထားတဲ့ ကိန္နရီကိန္နရာရုပ်တွေကို ဥရောပနိုင်ငံတွေက ဘာဝယ်လို့ကုန်ပြီလားဆရာ၊ အိပ်မက်ထဲမှာ ရောင်းကောင်း လိုက်တာ ဆရာရယ်''

''ကဲကွာ ...ရောင်းကောင်းဦး''

'ဖောင်း'

''အောင်မယ်လေးဗျ''

အိပ်ချင်မူးတူးဖြင့် ကယောင်ကတမ်းထပြောလာသည့် အသေးလေးကို စိတ်ပေါက်ပေါက်ရှိလာသည့် ကိုဇော်မိုးက နား ရင်းတစ်ချက် အုပ်လိုက်မိ၏။

သူ့ကျောပိုးအိတ်ကြီးဖွင့်ကာ စစ်ဆေးကြည့်တော့ သူ ထင်သည့်အတိုင်း ငွေစက္ကူထုပ်များ မရှိတော့။

ယယ်ထိပ် မိုးကြိုးပစ်ခံရသလို သူ တုန်လှုပ်ချောက်ချား သွားတော့သည်။

''တောက် ...သွားပါပြီကွာ သွားပါပြီ၊ ခေါင်းတုံးပေါ် တော့ ထိပ်ကွက်ခံရပြီဟေ့''

''ဘာ ဘာဖြစ်လို့လဲ ဆရာ ...ဘယ်သူ ခေါင်းတုံး တုံးတာလဲ ...ရသေ့ကြီးလား ဆရာ၊ ကျွန်တော် ...ရဟန်းဘဝ ပြောင်းမလို့ ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com

"တောက် ... တော်စမ်းပါကွာ၊ အဲဒီရသေ့အတုအယောင်ကြီးက ငါတို့ကို ဆီမလူးတဲ့ ပေဖူးလွှာလုပ်သွားလို့ပေ့ ... သိပြီလား၊ သင်းတို့လစ်ပြီ၊ ငါ့အိတ်ထဲက ငွေထုပ်တွေ ဖြောင်ပြီး လစ်ပြေးသွားကြပြီ ... သိရဲ့လား၊ ခွေးမသားတွေရဲ့၊ တောက် ... ဖျံရေနစ်ကိန်း ကြုံတာပါပဲကွာ"

✱ ✱ ✱



## ကြေးမည်း၏အစွမ်း

ရန်ကုန်မြို့ အရှေ့မြောက်ဘက်၌ သဃ်န်းကျွန်းဟူသော ရွာကြီးရှိရာ ယင်းရွာ၌ ကျိုက္ကဆံ ဆံတော်ရှင်ရှေးဟောင်းစေတီကြီးသည် အထင်ကရအဖြစ် တည်ရှိလေ၏။

ထိုစေတီကြီး၏ အရှေ့ဘက်၌ ဝါးရုံတောများ၊ နှစ်ချို့သစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းဆိုင်းရှိလှသော ခြံဝင်းကျယ်ကြီးများရှိရာ ကြံခတ်ဝါးစည်းရိုးဝိုင်းပတ်ထားသည့် ခြံကျယ်ကြီးတစ်ခုအတွင်း၌ တစ်ထပ်တိုက်အိုလေးတစ်လုံး တည်ရှိလေသည်။

ယင်းတိုက်ပုလေးထဲမှ တညှင်းညှင်းရယ်သံတစ်ခုသည် တိတ်ဆိတ်နေသော ဝန်းကျင်သို့ ခပ်သဲ့သဲ့ ပျံ့လွင့်လျက်ရှိလေ၏။

"ဟင်း ဟင်း ဟင်း ... အကြံကောင်းတော့ တစ်ချက်တဲ့၊ အခု ကျုပ်တို့က အကြံနှစ်ခါကောင်းတော့ နှစ်ချက်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဗျာ … ဟင်း ဟင်း ဟင်း”

“ဟုတ်ပ့ … ကျုပ်တို့သုံးယောက်ပေါင်းကြံရင် ဘာခံနိုင်မတုံး … မဟုတ်ဘူးလား ကျော်ကြီးရာ”

“ဒါပေါ့ မိုးကြီးရဲ့ … ကျုပ်တို့ တစ်ကျွန်းက ပြေးလာစမှာ အတော်ချို့တဲ့ခဲ့တာကလား၊ အပန်းဖြေရင် ချက်အရက်လောက်တောင် အနိုင်နိုင်မှီဝဲခဲ့ရတာ မဟုတ်လားဗျ၊ ခုတော့ နိုင်ငံခြားဖြစ် ဝီစကီနဲ့ ကြက်ပေါင်ကြော်နဲ့ နေရာကျလှသဗျို့ … ဟင်း ဟင်း ဟင်း”

“အေး … အဲဒီလိုနေရာကျအောင် ဝကြီးဆိုတဲ့ ကျုပ်က နည်းပေးလမ်းပြလုပ်ခဲ့တဲ့အပြင် ခေါင်းတုံးပြောင်အောင်တုံးပြီး ဘိုးသူတော်လည်း လုပ်ခဲ့တယ်၊ မုဆိုးအဖြစ်လည်း ပါဝင်သရုပ်ဆောင်ခဲ့ရတယ် မဟုတ်လား၊ ရလာတဲ့ထဲက ကျုပ်ကို ဝေစုပိုပေးသင့်တယ်နော”

“ဟေ့ ဟေ့ ဝကြီး … ဘာမဟုတ်တဲ့ ငွေလေး ငါးသောင်းလောက်ရတာနဲ့ သစ္စာသွေးသောက်ပြီး ကျိန်စာဆိုထားတဲ့ ကတိကို ဖျက်ဖို့မကြိုးစားနဲ့နော်၊ ကာလနာတိုက်သွားမယ်မှတ်”

မိုးကြီး ခေါ် မိုးညိုက အရက်ခွက်ကို စားပွဲပေါ် ဆောင့်ချရင်း ဒေါနှင့်မောနှင့်ပြောလိုက်ရာ ဝကြီးခေါ် ပဏ္ဍဝက တဟားဟား အော်ရယ်တော့၏။





“ဟား ဟား ဟား … ကျုပ်က နောက်တာပါ ရောင်းရင်းတို့ရဲ့၊ တစ်ကျွန်းကျနေတုန်းက ထားခဲ့တဲ့ကတိသစ္စာကို ဖျက်ပါ့မလား၊ ဘာပဲပြောပြော ကျုပ်ပေးတဲ့ အကြံဉာဏ်ကြောင့် ခုလို စိုစိုပြည်ပြည်ဖြစ်နေရတာကိုတော့ ဝန်ခံကြရမယ်နော် … ဟား ဟား ဟား”

“အောင်မယ်လေးကွာ … မဏ္ဍပ်တိုင်တက်နေသေးတယ်၊ ဒီမှာ … ကျုပ်လည်း ရသေ့အဖြစ် ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့ရတာပါ၊ အဲဒီဖော်မိုးဆိုတဲ့လူက စီးပွားရေးမှာ ဖွံ့ကျလှတဲ့ လူပါးလူနပ်၊ သင်းလိုလူပါးကို ပုလင်းထိအောင်လုပ်နိုင်ခဲ့တာက ကျုပ်ရဲ့ မှင်မောင်းကောင်းမှုကြောင့်ပဲဗျ”

“ကဲပါ ကဲပါ ဝကြီးနဲ့မိုးကြီးရာ … တို့သုံးယောက်စလုံးရဲ့ ကောင်းမှုကြောင့် နေရာကျခဲ့တာပါ၊ ဒါထက် ဝကြီးရဲ့ … အဲဒီ ကြေးမည်းတို့ ဒိုးဆီတို့က တကယ်ရှိလား၊ စွမ်းရော တကယ်စွမ်းသလား”

တိုင်းလုံးကျော်က အလေးအနက်ထားဟန်ဖြင့် မေးလိုက်ရာ ပဏ္ဍဝက အရက်ခွက်ကိုမော့လိုက်ပြီးမှ ကြက်ကြော်တစ်ဖတ် ဝါးရင်း ပြုံးလျက်ဖြေလေ၏။

“ကျုပ် ပခုက္ကူမှာ ဆရာတော်ဦးခေမိန္ဒရဲ့ ကျောင်းသားအဖြစ်ရှိတုန်း အသက် (၁၀) နှစ်ကျော်လောက်ကပေါ့ အဲဒီက



www.burmeseclassic.com

www.burmeseclassic.com



တည်းက ကြေးမည်းကို တွေ့ဖူးခဲ့တာဗျ''

''ဟာ ... ဒါဆို ကြေးမည်းဆိုတာ တကယ်ရှိတာပေါ့ နော်၊ စွမ်းရာ တကယ်စွမ်းသလား''

''အင်း ... စွမ်းတာတော့ တကယ်စွမ်းတယ်၊ ကျည်လွဲတဲ့အထိ စွမ်း,မစွမ်းတော့မသိဘူး''

''ကဲပါ ... အဲဒီကြေးမည်းကိုတွေ့ခဲ့ရပုံလေး ပြောပြစမ်းပါဦး''

တိုင်းလုံးကျော်က စိတ်ဝင်စားစွာ တောင်းဆိုရာ ပဏ္ဍဝလည်း လည်ချောင်းရှင်းလိုက်ပြီးနောက် သူ၏ သေဖော်သေဖက် တစ်ကျွန်းပြန်လူမိုက်ကြီးနှစ်ယောက်ကို ရှင်းလင်းပြောပြလိုက်ရလေ၏။

✸

ဆယ်နှစ် ဆယ့်တစ်နှစ်သားအရွယ်သာရှိသေးသည့် ဝကြီး (ခေါ်) ပဏ္ဍဝသည် မိဘမဲ့၊ ဆွေမျိုးမဲ့သူလေးဖြစ်ရာ သူကြီး၏ထောက်ခံချက်ဖြင့် ဆရာတော် ဦးခေမိန္ဒ၏ကျောင်းတွင် ကျောင်းသားတစ်ဦးဖြစ်လာရလေသည်။





ဘုန်းကြီးကျောင်းသားဖြစ်သော်လည်း ဝကြီးသည် အထိတ်ကံကြောင့်လားမသိ အခြားကျောင်းသားကလေးများကဲ့သို့ အညာသားပီပီ မည်းသည်းနေခြင်း မရှိ။ ရုပ်အဆင်းက ဖြူဖြူသန့်သန့် ဖြစ်၏။

သူသည် မိဘမဲ့အနိမ့်ခံဘဝမှ လာသူဖြစ်သောကြောင့်လား မသိ ... စိတ် အချဉ်ပေါက်ကာ ဒေါသထွက်လွယ်သဘောက် လက်မြန်ခြေမြန် ရှိလှသဖြင့် ရွာထဲမှာရော ကျောင်းမှာပါ ရန်ပွဲများ မကြာခဏ ဆင်နွှဲရသူလေးဖြစ်သည်။ ရန်ဖြစ်တိုင်းလည်း ဘုန်းတော်ကြီး၏ကြိမ်စာ မိလေ့ရှိ၏။

သို့သော် သူသည် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ထမ်းတတ်သူ၊ ဖွဲလုံ့လ ဝီရိယရှိသူ၊ ခိုင်းသမျှအလုပ်ကို ညည်းမညူ လုပ်တတ်သူဖြစ်သဖြင့် ကျောင်းသို့ရောက်ပြီး ခြောက်လခန့်အကြာမှာပင် ဆရာတော်၏လက်စွဲတပည့် ဖြစ်လာတော့၏။

ဦးခေမိန္ဒ၏ကျောင်းမှာ ရွာအရှေ့ဘက်စွန်းတွင် ရွာနှင့် ထယ်သုံးလေးကွက်ကျော် ကွာဝေးသည့် ရှေးဟောင်းသစ်သား ခြေတံရှည်ကြီးဖြစ်သည်။

ရွာနှင့်ကွာဝေးသည့် ယင်းကျောင်း၌ ဝကြီးတစ်ဦးတည်းသာ သန္ဓေကျောင်းသားဖြစ်ပြီး အခြားကျောင်းသားတို့မှာ နေ့ဦးကျ



www.burmeseclassic.com

www.burmeseclassic.com



၍ လယ်ယာလုပ်ငန်းခွင် စတင်ပြင်ဆင်ချိန်၌ ကျောင်းမှထွက်လျက် ရွာထဲသို့ ပြန်ဝင်ကာ မိဘတို့၏ လုပ်ငန်းခွင်၌ ကူညီလုပ်ကိုင် ပေးကြရလေ၏။

သို့ဖြင့် မိုးဦးကျကာလမှစ၍ ဘုန်းတော်ကြီး၏ ဝေယျာဝစ္စရော ကျောင်း၏ဝေယျာဝစ္စပါ ဝကြီးတစ်ဦးတည်း နိုင်ခံလုပ်ပေးနေရလေ၏။

ယင်းသို့ နေထိုင်လာရာမှာ လကွယ်ညတစ်ညတွင် ဆရာတော်က ဝကြီးအား ကျက်သရေခန်းထဲဝင်ကာ ကွမ်းသီးခြောက်ကို ယူခိုင်းလေ၏။

"ဟဲ့ ဝကြီး ...ကွမ်းအစ်ထဲ ကွမ်းသီးနည်းနေပဟဲ့ ကျက်သရေခန်းထဲမှာ ကွမ်းသီးထုပ် သွားယူစမ်း၊ လက်နှိပ်မီး ယူသွား"

"တင့်ပါ ဘုရား"

ဝကြီးလည်း သုံးတောင့်ထိုးလက်နှိပ်ဓာတ်မီးကိုယူကာ ကျက်သရေခန်းထဲ ဝင်သွားလေ၏။

ဝကြီးသည် ဓာတ်မီးခလုတ်ဖွင့်လျက် ကျက်သရေခန်း၏ ဒေါင့်တစ်နေရာမှ ဗီရိုပုလေးဆီသွားကာ ဗီရိုတံခါးကို ဖွင့်ပြီး ကွမ်းသီးထုပ်ကို ယူလေသည်။

သူ ကွမ်းသီးထုပ်ကို ဆွဲကိုင်ရင်း ကျက်သရေခန်းကို





ဖြတ်လျှောက်လာစဉ်မှာပင် အခန်း၏ ဝဲဘက်ထောင့်၌ ပုံထားသော သပိတ်များဆီသို့ မီးအလင်းတန်းရောက်သွားတော့၏။

ထိုသို့ သပိတ်တို့ဆီ မီးရောင်ရောက်သွားသည်နှင့် လက်နှိပ်ဓာတ်မီးမှာ ခလုတ်နှိပ်ထားရင်းတန်းလန်းမှ မှိတ်ချည်ပွင့်ချည်ဖြစ်လာပြီးနောက် မှိတ်သွားတော့သည်။

"ဟာ ...ဘယ်လိုဖြစ်တာလဲဟ"

ဝကြီးသည် မှောင်မည်းသွားသည့် ကျက်သရေခန်းထဲ စမ်းတဝါးဝါး လျှောက်ရင်း လက်နှိပ်ဓာတ်မီးကို ထပ်နှိပ်ကြည့်ရာ အလင်းတန်းကပြန်ထွက်ပေါ်လာလေ၏။

ထိုအခါ သူက လက်နှိပ်မီးဖြင့် ဟိုသည်ထိုးကြည့်မိပြန်ရာ အလင်းတန်းက သပိတ်များဆီ ရောက်သွားသည်နှင့် မှိတ်ချည် ပွင့်ချည်ဖြစ်လာပြန်ပြီး နောက်ဆုံး ဖျတ်ခနဲ မှိတ်သွားပြန်သည်။

"ဟ ...ဘယ်လိုဖြစ်တာပါလိမ့်"

သူသည် ဝေခွဲမရဖြစ်ပြီး လက်နှိပ်ဓာတ်မီးကို အခြားဘက်သို့ ဦးတည်လျက် ထပ်နှိပ်ကြည့်ရာ အလင်းတန်းဖြိုးဖြိုးက ဖြာထွက်လာပြန်၏။

"ဘယ်လိုဖြစ်တာပါလိမ့် ...ဒီပြင်အရာတွေကို လက်နှိပ်မီးနဲ့ ထိုးလို့ရတယ်၊ သပိတ်တွေဆီ အလင်းတန်းရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ လက်နှိပ်မီးက အလိုလို ပိတ်ပိတ်သွားပါလား''

သူက မကျေမနပ်ဖြစ်ကာ အလင်းတန်းကို သပိတ်တို့ဆီသို့ ရွှေ့လိုက်ပြန်၏။ အလင်းတန်းသပိတ်တို့ဆီ ရောက်သွားသည်နှင့် မှိတ်လိုက်ပွင့်လိုက်ဖြစ်ကာ ဖျတ်ခနဲ မှိတ်သွားပြန်သည်။

''ဟဲ့ ဝကြီး ... ဘာလုပ်နေတာတုံး၊ ကြာလှချည်လား''

ဆရာတော်က စိတ်မရှည်စွာ လှမ်းအော်လိုက်၏။

''တင်ပါ့ ... လာပါပြီဘုရား''

ကျက်သရေခန်းထဲမှ ယောင်နနပုံစံဖြင့် ထွက်လာသည့် ဝကြီးကို ဆရာတော်က မျက်မှောင်ကြုတ်ကြည့်နေသည်။

''ဟဲ့ ဝကြီး ... ကျက်သရေခန်းထဲမှာ ဘာလုပ်နေလို့ ကြာနေရတာလဲ ပြောစမ်း''

''တင်ပါ့ ... ထူး ထူးဆန်းတာ တွေ့နေရလို့ပါ ဘုရား''

''ဘာကွဲ့ ... ဘာထူးဆန်းတာတုံး''

''ဒီလိုပါဘုရား ... ကျက်သရေခန်းထဲ တပည့်တော်ဝင်သွားတော့ တခြားအရာတွေကို ဒီလက်နှိပ်မီးနဲ့ထိုးရင် ဘာမှမဖြစ်ဘူးဘုရား၊ အခန်းထောင့်က သပိတ်တွေဆီ ထိုးလိုက်ရင်တော့ လက်နှိပ်ဓာတ်မီးက အလိုလို မှိတ်မှိတ်သွားတယ် ဘုရား''

ဝကြီး၏ ထူးခြားသောစကားကြောင့် ဆရာတော်မှာ





[illegible]ဝင့်သွားတော့၏။

''ဟဲ့ ဝကြီးရဲ့ ... နင့်ဟာက ဟုတ်ရဲ့လား''

''ဟုတ်ပါတယ် ဘုရား ... အရှင်ဘုရား မယုံရင် လိုက်ကြည့်လှည့်ပါ၊ တပည့်တော်လည်း ထူးဆန်းလို့ စမ်းနေတာနဲ့ ကြာသွားတာပါ ဘုရား''

ဆရာတော်လည်း ထိုင်ရာမှထပြီး ဝကြီး၏လက်ထဲမှ လက်နှိပ်ဓာတ်မီးကိုယူကာ ကျက်သရေခန်းထဲ ဝင်သွားလေသည်။

ဝကြီးလည်း နောက်မှ ကပ်လိုက်သွားလေ၏။

ဆရာတော်က လက်နှိပ်ဓာတ်မီးဖြင့် ဟိုသည်ထိုးကြည့်နေရာမှ မည်းနက်ပြောင်လက်နေသော သပိတ်များဆီ အလင်းတန်း ရောက်သွားသည့်တွင် လက်နှိပ်မီးမှာ အလိုအလျောက် မှိတ်ချည်ပွင့်ချည်ဖြစ်ပြီး နောက်ဆုံး လုံးဝမှိတ်သွားတော့သည်။

''ဟ ... ဝကြီးပြောတာ တကယ်ပါလား''

ဆရာတော်ဦးခေမိန္ဒက အကြိမ်ကြိမ် စမ်းသပ်ပြီးနောက်

''အိမ်း ... ဒီသပိတ်တွေကတော့ ထူးခြားနေပြီ ဝကြီးရေ ငါ့အထင် အဲဒီသပိတ်တွေထဲမှာ ကြေးမည်းသပိတ် ပါနေပြီထင်တယ်ကွဲ့''

''ကြေးမည်းသပိတ် ... ဟုတ်လား ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"အေးကွဲ့ . . . မိုးကြိုးပစ်တုန်း ဖြစ်ပေါ်လာတဲ့ ကြေးမည်းကို သပိတ်အဖြစ် သွန်းလုပ်ထားတာကွဲ့၊ ကြေးနက်သပိတ်လို့လည်း ခေါ်တယ်၊ သူက လောကီဂန္ဓာရီပစ္စည်းတစ်မျိုးပဲကွဲ့၊ အဂ္ဂိရတ်သမားတွေအကြိုက်ပေါ့၊ ကြေးမည်းတကယ်စစ်ရင် လျှပ်စစ်မီးတွေကို ငြိမ်းနိုင်စွမ်းရှိတယ်ကွဲ့၊ ကဲ . . . ဘယ်သပိတ်ဟာ ကြေးမည်းသပိတ်လဲဆိုတာ သိရအောင် သပိတ်တစ်လုံးချင်း စမ်းသပ်ကြည့်ရမယ်၊ အဲဒီသပိတ်တွေအားလုံးကို ကျက်သရေခန်းရဲ့အပြင်ဘက် ထုတ်လိုက်စမ်းကွာ"

"တင်ပါ့ဘုရား"

ဆယ့်လေးငါးလုံးခန့်ရှိသော သပိတ်အကြီးအငယ်မျိုးစုံကို ဝကြီးက ကျက်သရေခန်းအတွင်းမှ ထုတ်လာ၏။ သပိတ်တို့မှာ အချို့ကသုံးပြီးသား အဟောင်းများဖြစ်ကာ အချို့မှာ လုံးဝမသုံးရသေးသော အသစ်စက်စက်များဖြစ်၏။ ဤကျောင်းတွင် သံဃာဟူ၍ ဆရာတော်တစ်ပါးသာ ရှိသော်လည်း နွေစပါးပေါ်ပြီးချိန်တိုင်း ရွာသားတို့မှ ဒုလ္လဘရဟန်းခံသည့်အခါ ယင်းသပိတ်တို့ကို ဝယ်ယူလှူဒါန်း အသုံးပြုခဲ့ကြခြင်းဖြစ်သည်။

သို့ဖြင့် ဖုန်တက်လျက်ရှိသော သပိတ်တို့ကို ကျက်သရေခန်း၏အပြင်သို့ထုတ်ပြီးသောအခါ ဆရာတော် ဦးခေမိန္ဒက သပိတ်တစ်လုံးစီ ခွဲထုတ်လျက် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်တော့၏။

သပိတ်တစ်လုံးပြီးတစ်လုံးကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်တွင် အခြားသပိတ်တို့ကို မီးအလင်းတန်းဖြင့် ထိုးရာ၌ တစ်စုံတစ်ရာ ထူးခြားမှုမရှိသော်လည်း သပိတ်ငယ်တစ်လုံးကို မီးအလင်းတန်းဖြင့် ထိုးရာ၌ ထူးခြားမှုကို တွေ့ရတော့သည်။

ယင်းသပိတ်ငယ်မှာ ကျက်သရေခန်း၏ထောင့် ဗီရိုနှစ်လုံးအကြား ချောင်ထဲမှ ဝကြီးဆွဲထုတ်လာသော ဖုန်အလိမ်းလိမ်းတက်နေသည့် သပိတ်လေးဖြစ်ပြီး အခြားသပိတ်တို့ထက် ဝိုမိုမည်းနက်ကာ အရွယ်အစားနှင့် နှိုင်းစာပါက ပိုမိုလေးနေသည့် သပိတ်လေးလည်း ဖြစ်၏။

ထိုသပိတ်လေးကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးထားရာတွင် တစ်မိနစ်ခန့်အတွင်းမှာပင် လက်နှိပ်ဓာတ်မီးမှာ မှိတ်ချည်ပွင့်ချည်ဖြစ်လာပြီး တဖြည်းဖြည်းမှိန်ကာ နောက်ဆုံး လုံးဝမှိတ်သွားတော့သည်။ ခလုတ်ကို ကစားကြည့်သည့်တိုင် လက်နှိပ်ဓာတ်မီးက လုံးဝ လင်းမလာတော့ချေ။

"ရွှေ . . . ဒီသပိတ်ပဲကွ ဝကြီးရ"

"တင်ပါ့ဘုရား . . . အဲဒီလို ဘာဖြစ်လို့ ဖြစ်တာလဲဘုရား"

"အဲဒါ ကြေးမည်းနဲ့ သွန်းလုပ်ထားတဲ့ သပိတ်ဖြစ်မယ်







www.burmeseclassic.com

www.burmeseclassic.com



ဝကြီးရဲ့၊ ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ငါ ဒီကျောင်းကို စရောက်လာပြီး သတင်းသုံးတော့ ပျံလွန်တော်မူသွားပြီဖြစ်တဲ့ ကျောင်းထိုင်ဆရာတော်ကြီး ဦးဉာဏသိဒ္ဓိက ငါ့ကိုမိန့်ဖူးတယ်၊ အင်္ဂလိပ်ဆရာ ဒကာကြီးတစ်ဦးက လောကီအစီအရင်နဲ့ ပြုလုပ်ထားတဲ့ သပိတ်တစ်လုံးရယ်, တောင်ဝှေးတစ်ချောင်းရယ်ကို လှူဖူးတယ်လို့ မိန့်ကြားခဲ့တယ်ကွဲ့၊ ငါလည်း အဲဒီတုန်းက အမှုမဲ့အမှတ်မဲ့ နေခဲ့မိတယ်၊ တောင်ဝှေးကတော့ ဘယ်ရောက်သွားတယ် မသိဘူး၊ သပိတ်ကတော့ ဒီသပိတ်ပဲဖြစ်မယ်''

''ဒါဆို ဒါဟာ ကြေးမည်းနဲ့သွန်းလုပ်ထားတဲ့ သပိတ်ပေါ့ . . . ဟုတ်လား ဘုရား''

''ဒါပေါ့ဟ . . . ဒါကြောင့် လျှပ်စစ်မီးအလိုလိုငြိမ်းသွားရတာပေါ့၊ နေဦး . . . ဘတ်သီးလဲပြီး ထပ်စမ်းကြည့်ဦးမယ်၊ ဘတ်သီးအသစ်သွားယူစမ်း ဝကြီး''

''တင်ပါ့ဘုရား''

လက်နှိပ်ဓာတ်မီးတွင် ဘတ်သီးအသစ်ထပ်တပ်ကာ မီးထိုးကြည့်သည့်အခါမှာလည်း ယင်းသပိတ်ငယ်ကို ထိုးထားသည့် အလင်းတန်းမှာ မှိတ်ချည်ပွင့်ချည်ဖြစ်လာရာမှ နောက်ဆုံး လုံးဝမီးမှိတ်သွားရသည်သာ။

ကျန်သပိတ်များကို စမ်းသပ်ထိုးကြည့်သည်တွင် ထူးခြား





မှုမရှိဘဲ မီးအလင်းတန်းဖြင့် ကောင်းစွာထိုး၍ ရလေ၏။

''ဟုတ်ပါပြီ . . . ဒါဟာ ကြေးမည်းနဲ့လုပ်ထားတဲ့သပိတ်ပါ၊ ကြေးနက်သပိတ်လို့လည်း ခေါ်သကွဲ့''

''အဲဒီကြေးမည်း ကြေးနက်သပိတ်က တခြားဘယ်လိုမျိုး စွမ်းသေးသလဲဘုရား''

''ကြေးမည်း ကြေးနက်ဆိုတာ မြေကြီးထဲကို မိုးကြိုးသွား ဝင်သွားရာက ကြေးသတ္တုနဲ့ထိပြီး ဖြစ်လာတာလို့ ကြားဖူးတယ်ကွဲ့၊ အဲဒီလို ကြေးဝါကို မိုးကြိုးထိတဲ့အခါ ကြေးဟာ အရောင်ပြောင်းမည်းနက်သွားရောတဲ့၊ အဲဒီ ကြေးမည်းကြေးနက်ကို ဆောင်ထားရင် မိုးကြိုးလွဲတယ်, မိုးကြိုးပစ်လို့ မရဘူး၊ ဟိုးအရင်တုန်းက ဒီဒေသတစ်ဝိုက်မှာ မိုးကြိုးစက်ကွင်းရှိလို့ ကိုရင်လေးတစ်ပါး ဆွမ်းခံသွားရာက မိုးကြိုးပစ်ခံရပြီး သေဆုံးဖူးတယ်၊ ဒါကြောင့် အဲဒီတကာက ကြေးမည်းနဲ့သွန်းလုပ်ထားတဲ့ ဒီသပိတ်ကို ဒီကျောင်းမှာ ကပ်လှူသွားတာနဲ့တူတယ်၊ ကြေးမည်း ကြေးနက်ဟာ အင်မတန်ရှားပါးတဲ့ ဂမ္ဘီရပစ္စည်းပဲ၊ သူ့ကို ဆောင်ထားရင် သေနတ်အမြောက်ကျည်တောင် လွဲသတဲ့ကွဲ့''

''ဟာ . . . အတော်စွမ်းတာပါလား ဘုရား''

''အေး အေး၊ ကဲ ဖိုးဝ . . . ဒီသတင်းအပြင်ကို မပေါက်ကြားစေနဲ့နော်၊ ဝိသမလောကသမားတွေ ဒီသတင်းကြားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြေးနက်ကြေးမည်း ရလို့ဖေနဲ့ ငါ့ကျောင်းကို ဝိုင်းလာကြရင်း ခက်ရချေရဲ့၊ နှုတ်လုံပါစေနော်''

''စိတ်ချပါ ဘုန်းဘုန်း . . . တပည့်တော် နှုတ်လုံရပါစေ့မယ်၊ ဘယ်သူ့မှ ပြန်မပြောပါဘူး''

''အေး အေး . . . ကောင်းပြီ၊ အဲဒီကြေးမည်းသပိတ်လေးကို ကျက်သရေခန်းထဲ ပြန်ထားလိုက်၊ ဝဲဘက်ထောင့်က ဗီရိုကိုဖွင့်ပြီး အဲဒီသပိတ်လေး ထည့်သိမ်းထားလိုက်၊ ပြီးမှ ဒီပြင့် သပိတ်တွေကို သိမ်း''

''တင့်ပါ ဘုရား''

ဘုန်းကြီးကျောင်းသားဖိုးဝမှာ ဆရာတော်၏ အမိန့်အတိုင်း ကြေးမည်းသပိတ်လေးကို ကျက်သရေခန်းအတွင်းသို့ ယူဆောင်သွားကာ အခန်းဝဲဘက်ထောင့် ဗီရိုထဲတွင် ထည့်ထားလိုက်လေ၏။

✵

''ဟာ ဒါဆို ဝကြီး . . . မောင်ရင်က တကယ့်ကြေးမည်းကို ဒိဋ္ဌမျှ လက်တွေ့ကျကျ တွေ့ဖူးခဲ့တာပေါ့ . . . ဟုတ်လား''





''ဒါပေါ့ မိုးကြီးရဲ့''

''ဒါ ဒါဆို အဲဒီကြေးမည်းသပိတ်လေးရော၊ အခု ဘယ်မှာရှိသလဲ''

''အင်း . . . အဲဒီကြေးမည်းသပိတ် ဘယ်ရောက်သွားသလဲ မသိပါဘူးဗျာ''

''ဟာ . . . ဘယ် ဘယ်လိုဖြစ်ရတာတုံး''

တိုင်းလုံးကျော်နှင့်မိုးညိုတို့က အားမလိုအားမရ ဝိုင်းမေးကြသည်။

''ဖြစ်တာက ဒီလို၊ ကျုပ် ဆယ့်နှစ်နှစ်သားအရောက်မှာ ကျောင်းထိုင်ဆရာတော်ကြီးဟာ နာမကျန်းဖြစ်လာတယ်၊ အဲဒီအချိန်မှာပဲ ဆရာတော်ကြီးက ကျုပ်ကို သာမဏေအဖြစ် သင်္ကန်း စည်းပေးတယ်၊ ကျုပ်က ကိုရင်ကြီးပေါ့''

''အဲ . . . ကျုပ် ကိုရင်ကြီးဖြစ်ပြီး တစ်လလောက်အကြာမှာပဲ တစ်ညှ ကျောင်းပေါ်မှာ ကျုပ်နဲ့ဆရာတော်ကြီးပဲ ရှိနေတဲ့အချိန် ဆရာတော်ကြီးကို နင်းနှိပ်ပေးပြီးလို့ ဆရာတော်ကြီး အိပ်ပျော်သွားချိန်မှာပဲ ကိုရင်ကြီး ကိုရင်ကြီးလို့ ကျောင်းအဝင်အဝဆီက ခေါ်သံကြားရတယ် . . .၊

ကျုပ်လည်း ညကြီးအချိန်မတော် ဘယ်သူက ဘာကိစ္စလာခေါ်ပါလိမ့်လို့ တွေးရင်း ကျောင်းတံခါးကို သွားဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပရဝဏ်အဝဆီ လှမ်းကြည့်လိုက်တယ်၊ အဲဒီလို လှမ်းကြည့်လိုက်တဲ့အခါ ကျောင်းဝင်းအဝမှာ ဘုန်းကြီးတစ်ပါးကို လရောင်နဲ့တွေ့ရတယ် ...၊

ရွာဆီ အချိန်မတော်ရောက်လာတဲ့ အာဂန္တုဘုန်းကြီးတစ်ပါး တစ်ညတာ ကျိန်းစက်တည်းခိုခွင့်ပြုဖို့ ဆရာတော်ကြီးကို လာလျှောက်မလို့နဲ့တူတယ်လို့တွေးမိပြီး ကျုပ်လည်း ကျောင်းပေါ်က ဆင်းသွားလိုက်တယ် ...၊

ကျောင်းပရဝဏ်အဝအရောက်မှာတော့ လရောင်ကိုကျောပေးပြီး ခေါင်းကြီးအောက်စိုက်ချရပ်နေတဲ့ ဘုန်းကြီးအိုကြီးတစ်ပါးကို တွေ့ရတော့တာပဲ ...၊

သူ့ရဲ့မျက်နှာဟာ ခေါင်းငုံ့ထားတာမို့ မှောင်ရိပ်ကျနေပြီးမျက်နှာကို သဲသဲကွဲကွဲ မမြင်ရပေမယ့် တောင်ဝှေးကို လက်တစ်ဖက်နဲ့ အားပြုထောက်ပြီး ခါးကိုင်းကိုင်းနဲ့ ရပ်နေဟန်ရယ်, သူ့ရဲ့ အက်ကွဲကွဲအသံရယ်ကြောင့် ဘုန်းကြီးအိုကြီးတစ်ပါးဆိုတာ မှန်းကြည့်လို့ရတယ် ...၊

ကျုပ်က အရှင်ဘုရား ...ဘာကိစ္စလဲဘုရားလို့ မေးလိုက်တော့ မလှုပ်မယှက်ရပ်နေတဲ့ ဘုန်းကြီးအိုကြီးက ကိုရင်ကြီး ...ကိုရင်ကြီးတို့ကျောင်းပေါ်မှာ ကြေးမည်းသပိတ်တစ်လုံးရှိတယ်မဟုတ်လား။ အဲဒီသပိတ်ကို ကျုပ် အလှူလာခံတာပါလို့ အက်ကွဲ





ကွဲအသံကြီးနဲ့ ပြန်ပြောတယ်ဗျ ...၊

ကျုပ်လည်း ဆရာတော်ကြီးနဲ့ကျုပ်တို့ လျှို့ဝှက်ထားတဲ့ ကြေးမည်းသပိတ်ကိစ္စကို ဒီဘုန်းကြီး ဘယ်လိုလုပ်သိသွားပါလိမ့်လို့ အတော်ဘဝင်မကျ ဖြစ်သွားတယ်၊ အဲဒီဘုန်းကြီးအိုကြီးဟာ ရွာကမဟုတ်တာတော့ သေချာတယ်၊ ရွာမှာ ဘုန်းတော်ကြီးဆိုလို့ ကျုပ်ရဲ့ဆရာတော်တစ်ပါးပဲ ရှိတယ်၊ ကိုရင်ဆိုလည်း ကျုပ်တစ်ယောက်ပဲ ရှိတယ်၊ ဒီဘုန်းကြီးဟာ အသက်လည်း အတော်ကြီးပုံရတယ်၊ အာဂန္တုဘုန်းကြီးဖြစ်တာလည်း သေချာတယ်၊ ဒါနဲ့တောင် ကျုပ်ရော ဆရာတော်ကြီးရော ဘယ်သူ့မှမပြောဘဲထားတဲ့ ကြေးမည်းသပိတ်ကိစ္စကို ဘယ်လိုကဘယ်လို သိသွားရတာလဲပေါ့၊ ပြီးတော့ မဆီမဆိုင် ညကြီးမင်းကြီးမှာ ဘာဖြစ်လို့ အလှူလာခံရသလဲပေါ့၊ အဲဒီလိုတွေးပြီး အတော်ဘဝင်မကျ ဖြစ်သွားတယ် ...၊

အဲဒါနဲ့ ကျုပ်က ဒီကျောင်းမှာ ကြေးမည်းသပိတ်ရှိတာကို ဘုန်းဘုန်း ဘယ်လိုလုပ်သိတာလဲလို့ မေးလိုက်တယ်၊ ဘုန်းကြီးအိုကြီးက အဲဒါ ကိုရင်နဲ့မဆိုင်ဘူး။ ကြေးမည်းသပိတ် ကျုပ်ကိုလှူဖို့ ကိုရင်ရဲ့ဆရာတော်ကို သွားလျှောက်ချေလို့ ပြောတယ်၊

ကျုပ်လည်း ကျွဲမြီးနည်းနည်းတိုသွားပြီး အဲဒါဆို ဘုန်းဘုန်းကိုယ်တိုင် ဆရာတော်ကို လိုက်လျှောက်ချေလို့ လျှောက်

ရ နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်တယ်၊ အဲဒီအခါ ဘုန်းကြီးအိုကြီးက ကျုပ် ကျောင်းပရဝဏ်ထဲ မဝင်လိုဘူး ... ကိုရင်ပဲ သွားလျှောက်ချေ၊ ကျုပ်အချိန်မရဘူးလို့ ခပ်ပြတ်ပြတ်ပြောတယ် ...၊

ကျုပ်လည်း အလှူခံတယ်လည်းပြောသေးရဲ့ ပိုင်စိုးပိုင်နင်းနိုင်လှချေလားလို့ တွေးပြီး စိတ်တိုတိုနဲ့ စိုက်ကြည့်လိုက်မိတယ်၊ ဘုန်းကြီးအိုကြီးကတော့ ခေါင်းငိုက်စိုက်ချရင်း လရောင်အောက်မှာ မတုန်မလှုပ် ပေရပ်မြဲ ရပ်နေတယ် ...၊

ဒါနဲ့ ကျုပ်လည်း ကျောင်းဝင်းအဝကနေ ပြန်လှည့်ထွက်လာပြီး ကျောင်းပေါ်ပြန်တက်ခဲ့တယ် ...၊

ကျုပ်ဟာ မှန်အိမ်မီးစာကို မြှင့်လိုက်ပြီးတဲ့နောက် ဆရာတော်ဘုရားကိုနှိုးဖို့ ခြင်ထောင်ကို အသာမလိုက်တယ်ဆိုရင်ပဲ အိပ်ရာထဲမှာ ပက်လက်လဲလျောင်းနေတဲ့ ဆရာတော်ကြီးဟာ ဘယ်အချိန်က နိုးနေသလဲမသိဘူး ... မျက်လုံးကြီးတွေဖွင့်လို့ ခြင်ထောင်အမိုးကို ငေးငူငူကြီး စိုက်ကြည့်နေတာ တွေ့ရတယ်”

ကျုပ်လည်း ဆရာတော်ကြီးကို အကျိုးအကြောင်းလျှောက်ထားလိုက်တယ်၊ ကျုပ်ရဲ့စကားဆုံးရင်ပဲ ဆရာတော်ကြီးက ကိုရင်၊ အဲဒီသပိတ်ကို လှူလိုက်လို့ ခပ်တိုးတိုးလေသံနဲ့ မိန့်တော်မူတယ်၊ ကျုပ်က ဟာ ဘုန်းဘုန်း ... အဲဒီကြေးမည်းသပိတ်ဟာ အင်မတန်အစွမ်းထက်ပြီး တန်ဖိုးကြီးမားတဲ့ဟာ





ဘာဖြစ်လို့ အာဂန္တုဘုန်းကြီးကို လှူရမှာလဲဘုရားလို့ လျှောက်ကြားလိုက်တယ် ...၊

အဲဒီမှာ ဆရာတော်ကြီးက ကျုပ် အခုပဲ အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ သူ့ရဲ့ကြေးမည်းသပိတ် ဒီကျောင်းမှာကျန်ရစ်ခဲ့တယ်၊ ဒါကြောင့် လာပြန်ယူတာ၊ ကျုပ်ကို လှူလိုက်ပါလို့ ဘုန်းကြီးအိုကြီးတစ်ပါးက ပြောတယ်၊ အခု အပြင်မှာ တကယ်လာအလှူခံနေပြီ အဲဒီဘုန်းကြီးအိုကြီးဟာ စွဲလမ်းခြင်းဥပါဒါန်ကြောင့် သံသရာဝဲဩဃမှာ တဝဲလည်လည်ဖြစ်ပြီး ဒီကိုပြန်ရောက်ရှိလာတာ ဖြစ်တယ် ကိုရင်၊ တစ်ချိန်က သူပိုင်ခဲ့တဲ့ဝတ္ထုနဲ့မို့ လာပြန်တောင်းတာဖြစ်မှာပါ၊ ပေးလိုက် ကိုရင်, ပေးလိုက်လို့ အမိန့်ရှိပြီး မျက်လုံးတွေပြန်မှိတ်သွားတာ ဖွင့်ကိုမဖွင့်တော့ ဘူးဗျာ ...၊

ဒါနဲ့ ကျုပ်လည်း ဆရာတော်ကြီးရဲ့စကားကို မပယ်ရှားဝံ့တဲ့ သိမ်းဆည်းထားရာ ကျက်သရေအခန်းထဲကနေ ကြေးမည်းသပိတ်လေးကိုထုတ်ယူလို့ ဘုန်းကြီးအိုကြီးကို သွားပေးလိုက်တယ်၊

ဘုန်းကြီးအိုကြီးဟာ အဲဒီကြေးမည်းသပိတ်ကိုလည်း ရရော ကျစ်ကျစ်ပါအောင်ပိုက်ပြီး ကျောင်းဝင်းရှေ့ကနေ ခပ်သုတ်သုတ် ထွက်သွားတယ်ဗျ၊ သူသွားတာ ရွာဘက်ကိုမဟုတ်ဘဲ ဧရာဝတီမြစ်ကမ်းနားဘက် ဦးတည်သွားတာဗျ၊ ကျုပ်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တုန်းမှာပဲ မြစ်ကမ်းနံဘေးက လူတစ်ရပ်ကျော်လောက်မြင့်တဲ့ ကိုင်းမြက်ပင်တွေကြား တိုးဝင်ပျောက်ကွယ်သွားတယ်ဗျ ...။

အဲဒီနောက် ကျုပ်ဟာ ကျောင်းပေါ်ပြန်တက်လာခဲ့တယ်၊ ဆရာတော်ကြီးက သူ့ဥစ္စာ သူ့ကိုပြန်ပေးလိုက်ပြီလားလို့ လေသံဖျော့ဖျော့နဲ့ မေးရှာတယ်၊ ကျုပ်က တင်ပို့ ပေးလိုက်ပါပြီဘုရားလို့ လျှောက်လိုက်တော့ ဆရာတော်ကြီးဟာ သက်ပြင်းရှည်ကြီးချပြီး အင်း ... အဝိဇ္ဇာလွှမ်းမိုးတဲ့ တဏှာဥပါဒါန်ကြောင့် ဖြစ်ပေါ်ရတဲ့ ကိလေသဝဋ်များ တယ်ကြောက်ဖို့ကောင်းပါလား။ ဘုရားရှင်လက်ထက်က မရုံလိုက်ရတဲ့သက်န်းကို စွဲလမ်းမှုကြောင့် ပျံလွန်တော်မူတဲ့အခါ အဲဒီသက်န်းမှာ ခုနစ်ရက်ပတ်လုံး တွယ်ကပ်နေရပြီး သန်းတိရစ္ဆာန် ဖြစ်ရရှာတဲ့ တိဿမထေရ်ရဲ့ အဖြစ်မျိုးပါလား၊ ကြေးမည်းသပိတ်ကို စွဲလမ်းမှုတဏှာ မပယ်သတ်နိုင်ဘဲ ဥပါဒါန်စွဲမိလေတဲ့ရဟန်းကြီး အကျွတ်တရားရပြီး သူတစ်ပါးရဲ့ အလှူဒါနမှာ သာဓုအနုမောဒနာ ခေါ်နိုင်ပါစေ၊ ကုသိုလ်အမျှရပြီး တစ္ဆေပြိတ္တာဘဝက လွတ်ပါစေ၊ ကျွန်ုပ်ပြုဖူးတဲ့ ဒါနကုသိုလ်, ကျွန်ုပ်တည်ဆောက်အပ်တဲ့ သီလကုသိုလ်, ကျွန်ုပ်ပွားများအပ်တဲ့ ဘာဝနာကုသိုလ်တို့ရဲ့ အကျိုးဖလကို မျှဝေပါတယ်၊ အမျှ အမျှ အမျှ ... သာဓု သာဓု သာဓုလို့ သာဓုခေါ်တယ်ဗျ ...။

အဲဒီနောက်မှာတော့ ဆရာတော်ကြီးဟာ ဘာမှ ထပ်





မမိန့်တော့ဘဲ ငြိမ်သက်သွားတော့တယ် ...။

အဲဒီတော့မှ စောစောကကြေးမည်းသပိတ်လာတောင်းတာဟာ ဘုန်းကြီးတစ္ဆေမှန်းသိရပြီး ကျုပ်ဖြင့် ကြက်သီးမွေးညင်းတဖြန်းဖြန်း ထသွားရတော့တယ်၊ ရောင်းရင်းတို့ရေ"

"ရော် .. ကိုရင်ရဲ့အဖြစ်က အတော်ဆန်းတာပါလား"

"ဆန်းတာထက် ကြေးမည်းသပိတ်လေး တစ္ဆေလက်ပါသွားတာကခက်တယ်"

မိုးညိုနှင့်တိုင်းလုံးကျော်တို့က တဖျစ်တောက်တောက် ညည်းညူကာ စုတ်တသပ်သပ် ဖြစ်နေကြတော့၏။ ပဏ္ဍဝက လက်ကျန်အရက်ကို မော့လိုက်ပြီးနောက် ဆက်ပြောသည်။

"ဆရာတော်ကြီးကတော့ နောက်နေ့မနက် မိုးလင်းစမှာပဲ ပျံလွန်တော်မူသွားတယ်"

"ဩော်"

"ကျုပ်လည်း အဲဒီတုန်းက ကိုယ်တိုင်တွေ့ကြုံခဲ့ရဖူးတဲ့ ကြေးမည်းကို ဒီပွဲမှာ အသုံးချလိုက်ရတာပဲဗျို့"

"ဟား ဟား ဟား ... ပိုင်သဗျာ ပိုင်ပါ့၊ ဒါထက် နိုးဆီကိုရော ကိုယ်တိုင် တွေ့ဖူး, ရဖူးသလားဗျ"

"အင်း ... နိုးဆီကိုတော့ ကိုယ်တိုင်မရဘူးဖူးဗျ၊ အဲဒီ ဘုန်းတော်ကြီးကျောင်းမှာ တစ်ခါလာတည်းဖူးတဲ့ အဂ္ဂရိတ်ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတက်ဦးဆီက ကြားဖူးခဲ့လို့ မှတ်ထားတာဗျ။ အဲဒါကို ပြန်အသုံး ချတာ''

ဤတွင် မိုးညိုက ခေါင်းတညိတ်ညိတ်ပြုံးရင်း ပြုံးလျက် မှတ်ချက်ချလေသည်။

''အင်း ... ကျုပ်တို့သုံးယောက်ထဲမှာတော့ ကိုရင် ပဏ္ဍာဝက ပညာဗဟုသုတ အပြည့်စုံဆုံးမို့ ကိုရင်ရဲ့ ပညာဗဟု သုတကြွယ်ဝမှုကို အသုံးပြုပြီး ဟောဒီလို ငွေတွေရအောင် ဆက် ကြံရမှာပဲဗျို့ ... ဟုတ်တယ်မဟုတ်လား ရောင်းရင်းကြီး တိုင်း လုံးကျော်ရာ''

''ဟုတ်တာပေါ့ဗျာ ဟုတ်တာပေါ့ ... ဟား ဟား ဟား''

ဤနေရာတွင် ပဏ္ဍာဝ၊ မိုးညိုနှင့် တိုင်းလုံးကျော်တို့ တစ်ကျွန်းပြန် လူမိုက်ကြီးသုံးဦး စတင်ဆုံစည်းခဲ့ကြရပုံ များကို တင်ပြလိုပါသည်။

စာရေးသူ

✲ ✲ ✲



အခန်း (၂)

ဒွိဟသံသယ

သွေးစွန်းသောနေ့

တစ်ကျွန်းမြေမှအသက်လုပွဲများ

လျှို့ဝှက်ရတနာ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

### ဒွိဟသံသယ

ပဏ္ဍဝ၏ငယ်နာမည်မှာ မောင်ဝဖြစ်၏။ သူ့ကို ဇာတိရွာ ထိန်ကျွန်းစုမှ ရွာသူရွာသားတို့က ဝကြီးဟု ခေါ်ကြ၏။

ဝကြီးသည် ငယ်စဉ်ကပင် မိဘမဲ့ခဲ့သူဖြစ်ပြီး ဆရာတော်ဦးခေမိန္ဒ၏ ရွာဦးဘုန်းတော်ကြီးကျောင်းမှာပင် ကြီးပြင်းခဲ့ရသူဖြစ်သည်။

ဝကြီး၏ ပင်ကိုစရိုက်က အနေအေးသည်။ အတန်းပညာ လုံးဝမသင်ခဲ့ရသဖြင့် ထုံထုံအအနိုင်သည်။ ဆရာတော်ဦးခေမိန္ဒ၏ကျေးဇူးကြောင့် သင်ပုန်းကြီးကျေရုံသာ တတ်၏။

အနေအေးပြီး ရိုးအသော ဝကြီးကို ဆရာတော်ဦးခေမိန္ဒက လက်ကသုံးတောင်ဝေးတပည့်ရင်းအဖြစ် ကျောင်းမှာ မွေးမြူထားရာမှ ဝကြီး၏အသက် (၁၂) နှစ်ကျော်လာသည်တွင် ရှင်





သာမဏေအဖြစ် သက်န်းစည်းပေးလိုက်လေသည်။

ကိုရင်ကြီးဘဝရောက်ပြီး တစ်နှစ်ကျော်ခန့်အကြာမှာပင် ဏုံ့ကူလက်လှည့်ဆရာရင်း ဆရာတော် ဦးခေမိန္ဒ ပျံလွန်တော်မူရာ ရွှေတောင်ပြိုသလိုခံစားရကာ အားကိုးရာမဲ့ဘဝ ရောက်ခဲ့ရ၏။

ဆရာတော်မရှိတော့သဖြင့် ရွာမှာလည်း မနေလိုတော့၊ ကျောင်းမှာလည်း မနေလိုတော့ချေ။ ထို့ကြောင့် ကိုရင်ကြီးအဖြစ်မှ လူထွက်ပြီး ဆရာတော်၏ ဈာပနသို့လာရောက်ခဲ့သော အဂ္ဂိရတ်ဆရာကြီးဦးလုံနှင့် လိုက်ပါသွားခဲ့လေသည်။

ဦးလုံကား အဂ္ဂိရတ်ဆရာကြီးဖြစ်သလို ဆေးဆရာကြီးတစ်ဦးလည်း ဖြစ်၏။ နယ်လှည့်ဆေးကုရင်း ထိန်ကျွန်းစုရွာသို့ရောက်ရှိလာစဉ်က ဆရာတော်ဦးခေမိန္ဒ၏ကျောင်းတွင် တည်းခိုမှုပြီး ဝကြီးနှင့်ပါ ရင်းနှီးခင်မင်ခဲ့ဖူးလေ၏။

ထို့ကြောင့် ဦးလုံသည် ခင်မင်ရင်းနှီးစွဲရှိသော ဝကြီးကိုသူ့နောက်လိုက်ခဲ့ရန်ခေါ်သွားပြီး သူတတ်ကျွမ်းထားသည့် အဂ္ဂိရတ်ပညာ၊ ဆေးပညာတို့ကို သင်ပြပေးလေ၏။

ဝကြီးသည် ဦးလုံ၏နောက်သို့ တကောက်ကောက်လိုက်ပါရင်း အရွယ်ရောက်လာကာ ရောဝတီမြစ်ကမ်းတစ်နေရာမှ သောင်ဖြူရွာအရောက်တွင် မကြေးမုံဆိုသော မိန်းမချောလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာမျှခဲ့လေသည်။

မကြေးမုံမှာ ဖြူဖြူသွယ်သွယ် ချောချောလေးဖြစ်ပြီး လိမ္မာယဉ်ကျေးသူလေးဖြစ်သဖြင့် ဝကြီးက အစွဲလမ်းကြီးစွဲလမ်းလျက်ရှိရာ မကြေးမုံနှင့် လက်ထပ်ပေါင်းသင်းပြီး သောင်ဖြူရွာမှာပင် အခြေချ နေရစ်ရန် ဆုံးဖြတ်ခဲ့လေသည်။

ဝကြီးက မကြေးမုံနှင့်လက်ထပ်ပြီး သောင်ဖြူရွာ၌ နေရစ်ခဲ့ခွင့်ပြုပါရန် ဆရာဖြစ်သူ ဦးလုံအား ခွင့်တောင်းရာ ဦးလုံကလည်း ခွင့်ပြုလျက် ရင်းနှီးစားသောက်ရန် ငွေသုံးထောင် ပေးခဲ့လေသည်။

ဦးလုံက သောင်ဖြူရွာမှ ထွက်ခွာခါနီးတွင် တပည့်ဖြစ်သူ ဝကြီးအား အောက်ဖော်ပြပါအတိုင်း မှာကြားခဲ့လေ၏။

"ဝကြီး . . . မင်း အခုဆို အိမ်ရာထူထောင်ပြီးပြီ၊ သူတစ်ပါးရဲ့သမီးပျိုကို လက်ထပ်ပေါင်းသင်းပြီးဆိုရင် လုပ်ကိုင်ကျွေးမွေးရမှာက သတို့သားတို့ရဲ့ တာဝန်ဖြစ်တယ်ကွဲ့၊ ဒီတော့ ကိုယ့်တာဝန်ကျေအောင် မင်းရဲ့ဇနီးသည်ကို သမ္မာအာဇီဝနည်းနဲ့ လုပ်ကိုင်ရှာဖွေကျွေးမွေးပေတော့။ ငါ သင်ကြားပေးထားတဲ့ ဆေးဝါးပညာနဲ့ ကျွေးမွေးချေ။ အဲဒီလို ပရိယေသန ဝမ်းစာအတွက် သမားအဖြစ် ခံယူလုပ်ကိုင်တဲ့အခါ ဆရာတစ်ယောက်ရဲ့ ဂုဏ်အင်္ဂါနဲ့ကိုက်ညီမယ့် နာမည်နဲ့ လုပ်ကိုင်ရမယ်ကွဲ့၊ ဒီတော့





မင်းကို သမားဂုဏ်နဲ့ညီအောင် ပဏ္ဍုဝလို့ ငါ အမည်ပေးခဲ့မယ်၊ အဲဒီနာမည်နဲ့ ဆေးကုစားပေတော့ ငါ့တပည့်"

သို့ဖြင့် ဝကြီးမှာ ဆေးဆရာပဏ္ဍုဝအဖြစ် ရပ်တည်လျက် ဇနီးအသစ်စက်စက်လေး မကြေးမုံကို တာဝန်ကျေပွန်စွာ လုပ်ကိုင်ကျွေးမွေးလျက်ရှိတော့၏။

✵

ပဏ္ဍုဝသည် ဆေးဆရာပင် ဖြစ်လာသော်လည်း ရိုးအေမြဲ ရိုးအလျက်ရှိကာ တတ်ကျွမ်းထားသော ဆေးဝါးကုသမှုပညာဖြင့် လူနာတို့အား စေတနာအပြည့်အဝထား ကုသရန်နှင့် ချစ်ဇနီးလေးအပေါ် ကြင်နာယုယရန်သာ နှလုံးသွင်းထားသူဖြစ်၏။

ဆေးဝါးကုသရာ၌ လူနာနှင့်လူနာရှင်တို့အပေါ်တွင် ပရိယာယ်မာယာကို မသုံး။ ရိုးသားကြင်နာစွာ ကုသပေးတတ်သူဖြစ်သည်။ ဆေးဝါးကုသခဆိုလျှင်လည်း မည်၍မည်မျှဟု သတ်မှတ် တောင်းယူခြင်းမရှိ၊ ပေးသမျှကိုသာ ကြည်ဖြူစွာ ယူတတ်သူ ဖြစ်၏။

တစ်ခါတစ်ရံ ဝေးလံသည့် ကျေးရွာများသို့ ညအိပ်ညနေ



www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားရောက်ကာ ဆေးဝါးကုသပေးရသော်လည်း ခြေကြွခ လုံးဝမယူသည့်အပြင် လူနာနှင့်လူနာရှင်တို့မှာ ဆင်းရဲနွမ်းပါးလွန်းပါက ဆေးဝါးခမယူဘဲ လက်ချည်းဗလာ ပြန်လာလေ့ရှိလေသည်။

ထိုရောအခါတို့တွင် ဇနီးဖြစ်သူ မကြေးမုံက တစ်ခါနှစ်ခါသာ သည်းခံပြီး အခါခါဖြစ်လာသည်၌ သူ့ကို ဆူပူခြင်းပြုလေ၏။

“အစ်ကို ... ရှင့်ဟာက မဟုတ်သေးပါဘူး၊ လေးငါးရွာမက ခြားတဲ့ အရပ်ဒေသကိုသွားပြီး နှစ်ရက်သုံးရက်ကြာအောင် ဆေးကုတာ တစ်ပြားတစ်ချပ်မှ ပြန်ပါမလာဘူးဆိုတာ ယုံနိုင်စရာမရှိဘူး။ ကျွန်မ ... ဆေးဝါးကုသလို့ ရခဲ့သမျှကို ဘယ်ရွာက ဘယ်မယားငယ်ဆီမှာ အပ်ခဲ့သလဲဟင်”

မကြေးမုံက ထိုသို့စွပ်စွဲပြောဆိုလျှင် ပဏ္ဍဝမှာ ပျာပျာသလဲ ရှင်းပြရှာလေသည်။

“ဟာ ... မဟုတ်ရပါဘူး မကြေးမုံရယ်၊ ဆေးဝါးကုသခ အစ်ကို တကယ်မရခဲ့တာပါ။ လူနာနဲ့သူ့မိသားစုက ဆင်းရဲလွန်းလို့ သနားပြီး ဆေးဖိုးဝါးခ မယူခဲ့တာပါကွယ်”

“အဲဒီလောက် ဆင်းရဲနေတဲ့လူနာဆိုရင် ဘာဖြစ်လို့လိုက်ကုနေတော့မှာလဲ၊ နောင်ဆို အဲဒီလိုလူနာတွေကို မကုနဲ့တော့”



“ဒီလိုလည်း မဖြစ်သေးဘူးလေကွယ်၊ သူတို့ခမျာ ဆေးဝါးမကုသနိုင်လို့ အသက်ဆုံးရှုံးရမယ်ဆိုရင် ကြေကွဲစရာကောင်းလှပါတယ်၊ ဆေးဆရာဆိုတာ ငွေမျက်နှာကြည့်နေလို့ မဖြစ်ဘူးလေ၊ လူနာရဲ့အသက်ကို ကယ်တင်ရမှာပဲပေါ့”

“အင်း ... ကယ် ကယ်၊ သူများကိုကယ်ရင်း ရှင်ကိုယ်တိုင် ဒုက္ခနွံမှာ နစ်မယ် ... သိရဲ့လား”

ပဏ္ဍဝမှာ-ဇနီးဖြစ်သူ ငြိုငြင်မည်စိုးသဖြင့် နောက်ပိုင်းတွင် ဆေးဝါးကုသခ နည်းနည်းပါးပါးသာရခဲ့လျှင်ဖြစ်စေ၊ လုံးဝမရခဲ့လျှင်ဖြစ်စေ ရွာသို့တန်းမပြန်ဘဲ ကြားရွာတစ်ရွာသို့ ဝင်ကာ ထင်းခွေခြင်း၊ လက်သမားအလုပ်လုပ်ခြင်း၊ ခြံခတ်ခြင်း၊ ရေနံချေးသုတ်ခြင်း စသည့်အလုပ်တို့ဖြင့် ငွေရှာလေ၏။

သို့ဖြင့် အတော်အတန်ငွေရမှ သောင်ဖြူရွာသို့ပြန်လေ၏။

ပဏ္ဍဝဆေးကုထွက်သွားပြီး ငွေကြေးစုံစုံပိုပိုပါလာလျှင် မကြေးမုံ၏မျက်နှာသည် လပြည့်လဝန်းနှယ် ကြည်လင်ဝင်းပလေ၏။

ခင်ပွန်းဖြစ်သူအားလည်း ဝမ်းပန်းတသာ ပျူငှာစွာ ခရီးဦးကြိုပြုပြီး ခြေဆုပ်လက်နယ်ပြုစုလေ၏။

ထိုအခါ ပဏ္ဍဝသည် ဇနီးအလိမ္မာလေး ရထားသော

www.burmeseclassic.com



မိမိသည် ကံထူးလေစွဟု ဝီတိပွားများလေ၏။

သို့လျှင် ပျော်ရွှင်စွာနေလာခဲ့ရာ ပဏ္ဍုပသည် မိမိ၏ဘဝကို မိမိကျေနပ်လျက်ရှိလေ၏။

သို့သော် အလယ်ရိုးမတောင်ခြေရွာတစ်ရွာသို့ ဆေးဝါးသွားရောက်ကုသပြီး နှစ်ရက်ခန့်အကြာတွင် သောင်ဖြူရွာသို့ပြန်လာရာ ရွာသို့မရောက်မီ လယ်တဲတစ်ခုသို့ ဝင်ရောက်နားခိုရာမှ စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်သတင်းကို မမျှော်လင့်ဘဲ ကြားရလေတော့၏။

ယင်းလယ်ကို စာရင်းငှားအဖြစ် လုပ်ကိုင်လျက်ရှိသော ဘဟန်ညွန့်ဆိုသူက ပေးသောသတင်းဖြစ်သည်။

"ဆရာလေး . . . ခင်ဗျား ရွာစဉ့်တွေလည်ပြီး ဆေးလိုက်ကုတာက အရေးမကြီးဘူး။ ခင်ဗျားအိမ်က မိန်းမလည်း ဂရုစိုက်ဦးအေ့"

"ဟာဗျာ . . . ဂရုစိုက်ပါတယ်ဗျ။ ကျုပ်မိန်းမကို ကျုပ်သိပ်ချစ်တဲ့ဟာပဲ၊ ဂရုစိုက်တာပေါ့၊ စားရေး ဝတ်ရေး နေရေး မချို့ငဲ့ရအောင် ဂရုစိုက်ပါတယ်ဗျ"

ဘဟန်ညွန့်က အရက်ခွက်ကိုမော့လိုက်ပြီးမှ ထွီခနဲထွေးထုတ်လိုက်ပြီးနောက် ခေါင်းကိုယမ်းလေ၏။

"အဲဒီလိုဂရုစိုက်တာမျိုးကို ပြောတာမဟုတ်ဘူးဗျ။ ခင်ဗျား မိန်းမကိုယုံပြီး ရွာမှာ ထားထားမသွားနဲ့၊ ဂရုစိုက်ပြီးစောင့်ကြည့်လို့ ပြောတာ၊ သောင်ဖြူတစ်ရွာလုံးက ခင်ဗျားကိုနွားလို့ပြောနေကြပြီ . . . သိရဲ့လား"

"ဘာ ဘာဗျ . . . ကျုပ်ကို ဘာဖြစ်လို့ နွားလို့ပြောရမှာထဲ"

"ခင်ဗျား နွားကျနေလို့ နွားလို့ပြောတာပေါ့ဗျ၊ ခင်ဗျားရွာက ထွက်သွားတာနဲ့ ခင်ဗျားရဲ့မိန်းမဟာ ဖောက်ပြန်ရောပဲ . . . သိရဲ့လား အေ့"

ဘဟန်ညွန့်၏စကားကြောင့် ပဏ္ဍုဝမှာ လွန်စွာတုန်လှုပ်ချောက်ချားသွားတော့၏။

"ဟာဗျာ . . . မဖြစ်နိုင်တာ၊ ကျုပ်ရဲ့မိန်းမက ကျုပ်ကိုအရမ်းချစ်တာဗျ၊ ကျုပ်ကို အမြဲတမ်း ကြင်ကြင်နာနာနဲ့ ပြုစုယုယရှာတာဗျ၊ သူ့မှာ ခြေဆုပ်လက်နယ်နဲ့ ပြုစုရတာလည်းအမော၊ စကားဆိုလည်း တီတီတာတာပြောတတ်ပါ့၊ အချစ်တွေသည်း ရက်ရက်ရောရော ပေးတတ်ပါ့၊ ဒီလောက် ကျုပ်အပေါ်ချစ်တဲ့ မိန်းမက တခြားယောကျ်ားနဲ့ ဖောက်ပြန်ပါ့မလားဗျ"

"ဟား ဟား ဟား . . . အဲဒါမာယာဗျ မာယာ . . . သိရဲ့လား ဒီမှာ ကျုပ်က ဆင်းရဲပေမယ့် မယားသုံးယောက်ရှုံးသူပါဗျ . . . မ,ကျမ်းကြေနေပြီ၊ အေ့ . . . ဒီ ဒီမှာ ခင်ဗျားသဘော







www.burmeseclassic.com

www.burmeseclassic.com



ပေါက်အောင် ပြောလိုက်မယ်၊ လင်ကို ပစ်ချွဲနပ်ချွဲနဲ့ ကယုကယင် များများလုပ်တတ်တဲ့ မိန်းမမျိုးဟာ များများဖောက်ပြန်လေပဲဗျ၊ . . . သိရဲ့လား၊ အေ့ . . . သင်းတို့က လင်ကို အချိုကျွေး၊ ကျောသပ်ပြီးမှ နားဖားကြိုးထိုးတာဗျ၊ အဲဒါကို မရိပ်မိဘဲ ငါ့မိန်းမက ငါ့ကို အတော်ချစ်တာပါလား၊ အဲဒီလောက်ချစ်ရှာတဲ့ မိန်းမဟာ ငါ့အပေါ် ရက်စက်တဲ့အလုပ်မျိုး၊ သစ္စာမဲ့တဲ့အလုပ်မျိုး လုပ်ရက်မှာမဟုတ်ဘူးလို့ တွေးပြီး နွားပြာကြီး အောက်သွားမရှိသလို သွားဖြီးကြီးနဲ့ ကြည်နူးကျေနပ်နေလို့ကတော့ နွားလုံးလုံးဖြစ်ရပြီပေါ့ဗျာ . . . ဟား ဟား ဟား''

''ခင်ဗျားပြောတာ ဒို့ပြင်မိန်းမတွေတော့ ဖြစ်ကောင်းဖြစ်မယ်၊ ကျုပ်ရဲ့မိန်းမတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျ''

''အေး . . . ဖြစ်နိုင်သလား မဖြစ်နိုင်ဘူးလား သိချင်ရင် ဒီတစ်ခါ ခရီးထွက်ဟန်ဆောင်ပြီး ခင်ဗျားရဲ့အိမ်ကို ပြန်ချောင်းကြည့်ဗျာ၊ အဲဒီအခါမှ ခင်ဗျားမိန်းမရဲ့ဇာတိရုပ်အမှန်ကို ခင်ဗျား ဒိဋ္ဌဓမ္မ တွေ့ရလိမ့်မယ်''

ပဏ္ဏဝမှာ ဟာဘန်ညွှန့်ထံမှ ကြားခဲ့ရသော သတင်းကြောင့် စိတ်မကောင်းခြင်းကြီးစွာဖြစ်ကာ ရွာဆီသို့ ခြေတစ်လှမ်းချင်း လှမ်းလျက် ခေါင်းငိုက်စိုက်ချ ပြန်လာခဲ့လေ၏။

သို့ဖြင့် ရွာတောင်ဘက်စွန်း မြစ်ကမ်းနံဘေး၌ တည်ရှိ





သော သူတို့၏အိမ်ဂေဟာလေးရှေ့ ရောက်လာသည်တွင် အဝတ်များကို လျှော်ဖွပ်ကာ သေသေချာချာ ဂရုတစိုက် လှန်းနေသည့် ဇနီးသည်မကြေးမုံကို သနပ်ခါးအဖွေးသားဖြင့် တွေ့ရလေ၏။

''အင်း . . . ငါ့မိန်းမဟာ အိမ်မှာ အလကားမနေဘဲ အိမ်မှုကိစ္စတွေကို မိန်းမကောင်းပီသစွာ ဖယ်ဆက်သလို လုပ်ကိုင်နေသူလေးပဲ . . .၊ ဒီလို ကိုယ့်ရဲ့အိမ်မှုကိစ္စကို လှုံ့လပြုလုပ်ကိုင်တတ်တဲ့ အိမ်ရှင်မမျိုးဟာ တခြားတစ်ပါးကို စိတ်လေလွင့်ဖောက်ပြန်ဖို့ဆိုတာ မဖြစ်နိုင်ဘူး''

သူက ယင်းသို့တွေးမိရာ ဇနီးမယားအပေါ် သံသယထားမှုပန်မှုများ တစ်ဝက်ခန့် လျော့ကျသွားတော့၏။

မကြေးမုံကလည်း ပဏ္ဏဝကိုမြင်လေလျှင် ရေညှစ်ပြီးစအဝတ်ကို ဖြန့်ပင်မလှန်းအားဘဲ ကြိုးတန်းပေါ် အလိပ်လိုက် တပျာကယာတင်ကာ ခင်ပွန်းလင်ယောကျ်ားထံ ပြုံးရွှင်သောမျက်နှာဖြင့် အူယားဖားယား ပြေးလာလေသည်။

''ဟော . . . အစ်ကိုတောင် ပြန်လာပြီပဲ''

သူမက သူ၏ ဆေးလွယ်အိတ်ကို ယူလွယ်လိုက်ကာ သူ့လက်မောင်းတစ်ဖက်ကို ဖော့ဖယောင်းသဖွယ် သွယ်ပျောင်း

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



နူးညံ့လှသည့် လက်ကလေးနှစ်ဖက်ဖြင့် ဖက်တွယ်လျက် အိမ်ဆီ တွဲလျှောက်လာရင်း ...

"မနက်က အိမ်ရှေ့ကသလဲပင်ပေါ်မှာ ကျီးသာနေကတည်းက အစ်ကိုပြန်လာတော့မယ်လို့ သိပြီး မိကြေးမျှော်နေတာ ... သိလား။ ဆိုက်ဆိုက်မြိုက်မြိုက်ကို ပြန်လာဖြစ်တယ်နော် ... ဝမ်းသာလိုက်တာ"

ဟု တီတီတာတာဖြင့် ရွှန်းရွှန်းဝေအောင် ပြောရှာလေ၏။

"အစ်ကို ... အင်္ကျီချွတ်၊ လာ ... ရေအရင်ချိုးလိုက်နော်၊ နောက်ဖေးရေစင်က စဉ့်အိုးထဲ မိကြေး ရေအပြည့်ဖြည့်ထားပြီးပြီ"

ဟုဆိုကာ ရေလဲလုံချည်ပေးရင်း သူ့ကို အိမ်အတွင်းဘက်သို့ ဆွဲခေါ်သွားလေ၏။

"အစ်ကို ... ရေကိုလည်း အကြာကြီးမချိုးနဲ့နော်၊ အအေးပတ်ပြီး ဖျားနေဦးမယ် ... သိလား၊ အစ်ကို ရေချိုးနေတုန်း မိကြေး ဟင်းချိုအိုးလေး နွှေးလိုက်မယ်နော်၊ အမဲနှပ်နဲ့ တွဲစားရအောင် ပဒပ်စာဟင်းချိုလေး ချက်ထားတယ် အစ်ကိုရဲ့၊ မိကြေးနဲ့ ထမင်းလက်ဆုံစားရအောင် ... သိလား"

ဟု တတွတ်တွတ်ပြောရင်း သူ့ကို ရေစင်ဆီပို့ပြီးမှ





မီးဖိုချောင်ထဲ ပြေးဝင်ရှာလေ၏။

ထမင်းစားတော့လည်း အရွတ်တို့ကို ဖယ်ကာ အမဲအသားတုံးကောင်းကောင်းတို့ကို သူ့ထမင်းပန်းကန်ထဲ ခပ်ခပ်ထည့်ပေးပြီး သူမကိုယ်တိုင်ကမူ အရွတ်ကိုသာ တပြုံးပြုံးဖြင့် ဝါးလေ၏။

ထမင်းစားသောက်ပြီးတော့လည်း ...

"အစ်ကို လာ ... ခြေထောက်စင်း၊ ညောင်းလာတယ်မဟုတ်လား ... မိကြေး နှိပ်ပေးမယ်နော်"

ဟုဆိုကာ ခြေဆုပ်လက်နယ်ပြုစုရှာလေ၏။

ညအိပ်ရာဝင်သည့်အခါမှာမူ သူ့လက်မောင်းတစ်ဖက်ကို ခေါင်းအုံးလျက် သူ့ရင်ဘတ်မှ အင်္ကျီကြယ်သီးလေးကိုဖြုတ်လိုက် တပ်လိုက်ဖြင့် ဆော့ကစားရင်း ...

"အစ်ကိုရယ် ... နောက်တစ်ခါဆို ဒီလိုရက်အကြာကြီး မိကြေးကို မထားခဲ့နဲ့နော်၊ ဒီက သူ မရှိရင် မနေတတ်ဘူးဆိုတာ သိသားနဲ့ ... ဟင်း"

ဟု အံလေးကြိတ်ကာ မာန်လေ၏။

ချစ်ဇနီးလေး၏ ချစ်ခင်ယုယ ကယုကယင်ပြုမှုတို့ကို ခံယူကာစွာခံစားရင်း သဘောအကျကြီးကျကာ ဘိုးကြိုင်သည်တ ဖြစ်နေသော ပဏ္ဏဝမှာ မိတ်ဆွေဖြစ်သူ ဘဟန်ညွှန့်၏ သတိပေး



www.burmeseclassic.com

www.burmeseclassic.com



စကားတို့ကို နေလာနှင်းပျောက်နှယ် သဘောထားလိုက်လေ တော့၏။

''ဘဟန်ညွန့်ဆိုတဲ့လူဟာ အလကား လူ၊ ငါ့မယား ချောချောလေး ရထားတာကို မနာလိုဖြစ်ပြီး လင်မယားချင်း ပြဿနာ မဖြစ်ဖြစ်အောင် ခြေထိုးစကားပြောတာ၊ တခြားသူတွေ လည်း ဒီလိုပဲ . . . ငါတို့လင်မယားတစ်ဦးအပေါ် တစ်ဦးချစ်ခင် ကြင်နာနေ ကြတာကို မကြည့်ရက်မရှုရက် အဘိဇ္ဈာပွားနေကြပြီး မလိုတမာ ကုန်းချောသပ်လျှိုနေကြတာ . . . အလကား ကြား စကားတွေ''

ပဏ္ဍုဝမှာ ယင်းသို့တွေးကာ ပတ်ဝန်းကျင်၏ သတိပေး စကားတို့ကို ဥပေက္ခာပြုထားသော်လည်း တစ်ခါတစ်ရံမှာမူ ဇနီးသည်လေး၏ ချစ်စရာမျက်နှာလေးနှင့် စွဲမက်ဖွယ် ကိုယ်လုံး အိအိလေးကို ငေးကြည့်ရင်း . . .

''ဒီလောက်လှပပြီး ပုရိသယောကျ်ားတွေ မရိုးမရှုဖြစ် လောက်အောင် စွဲဆောင်မှုရှိလှတဲ့ ငါ့မိန်းမကို ငါလိုပဲ တပ်မက်တဲ့ တခြားသကောင့်သားတွေ ရှိနိုင်တယ်၊ ငါ ခရီးထွက်နေတုန်း အဲဒီလိုကောင်တွေ ငါ့အိမ်လာပြီး ကြာကူလီရိုက်များ ရိုက်နေသ လား မသိဘူး၊ ဟင်း . . . စိတ်မောရပါလား''

ဟုတွေးကာ ရင်မှာ ဘောင်ဘင်ခတ် ဗလောင်ဆူလျက်





ရှိလေ၏။

သူသည် အချိန်တိုင်းလိုလိုမှာပင် ဇနီးသည်ကို ချစ်မြတ် နိုးခြင်း၊ ယုံကြည်စိတ်ချခြင်း စေတသိက်နှင့်အတူ စိတ်မချခြင်း၊ သံသယဝင်ခြင်း၊ စေတသိက်တို့ တစ်ပြိုင်နက်ဖြစ်ပေါ်ကာ ထိုင်ရ မလို ထရမလိုဖြင့် ဂနာမငြိမ် ဖြစ်နေရလေ၏။

နောက်ဆုံးတွင် ပဏ္ဍုဝသည် စိတ်ဖိစီးမှုဒဏ်ကို မခံနိုင် တော့ဘဲ သူ့ဇနီး၏အကြောင်းကို သေချာစွာ မေးမြန်းရန် ဘဟန် ညွန့်ဆီ သွားရောက်ခဲ့တော့သည်။

ဘဟန်ညွန့်၏ လယ်တဲသို့ရောက်သည်တွင် ပဏ္ဍုဝ သည် သူ့ရင်၌ဖြစ်ပေါ်လှုပ်ခတ်နေသော ခံစားချက်တို့ကို သွန် အံချကာ . . .

''ကျုပ်ရဲ့ဇနီး ကျုပ်ကွယ်ရာမှာ ဖောက်ပြန်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလားဗျာ''

ဟု ဇဝေဇဝါအသွင်ဖြင့် မေးမြန်းခြင်းပြုလေ၏။

ဘဟန်ညွန့်က ကွမ်းကို တမြုံ့မြုံ့ဝါးရင်း . . .

''ခင်ဗျားက ကျုပ်ပြောတာကို မယုံဘဲကိုး ဆရာလေး ရဲ့၊ ဒါဆို ဒီလိုလုပ် . . . ခင်ဗျား တခြားရပ်ဝေးက ရွာတစ်ရွာဆီ နှစ်ညအိပ်လောက် ခရီးထွက်ရမယ်လို့ ခင်ဗျားရဲ့မိန်းမယုံအောင် ပြောပြီး အိမ်ကနေ အထွက်ပြလိုက်ဗျာ၊ အဲဒီလို အိမ်ကထွက်



www.burmeseclassic.com

www.burmeseclassic.com



ဖြူပြီးမှ လမ်းတစ်ဝက်ကနေ လှည့်ပြန်လာပြီး ခင်ဗျားရဲ့အိမ်မှာ ဘာတွေဖြစ်ပျက်နေသလဲဆိုတာ ချောင်းကြည့် ... ကွက်ကွက်ကွင်းကွင်းကြီးကို မြင်ရစေမယ်ဗျာ၊ သူတစ်ပါးရဲ့ကြားစကားကို မယုံနိုင်ဘူး၊ လက်တွေ့မျက်တွေ့မှ ယုံမယ်ဆိုရင် အဲသလို စမ်းကြည့်ပေါ့ဗျ၊ မာယာတစ်သိန်း အပလိန်းနဲ့ ခင်ဗျားရဲ့မိန်းမ လှည့်စားချင်တိုင်းလှည့်စားပြီး ခင်ဗျားကို နွားလုပ်နေတာ ကြားက မခံချင်လွန်းလို့ပါဗျာ''

ဟု အကြံပြုတိုက်တွန်းခြင်းပြုလေလျှင် ပဏ္ဍဝလည်း ယင်းအကြံ ကောင်းသည်ဟုယူဆကာ လက်တွေ့စမ်းသပ်ကြည့်ရန် ဆုံးဖြတ်လိုက်ပါတော့သတည်း။

✵

သို့ဖြင့် ယင်းညမှာပင် ပဏ္ဍဝသည် ဇနီးသည်မကြေးမုံအား အရေးကြီးလူနာတစ်ဦးကို ကုသရန် ခရီးထွက်ရမည်ဟု ပြောကြားလိုက်တော့၏။

မကြေးမုံသည် ယင်းစကားကိုကြားလေလျှင် မျက်နှာလေး အိုသွားပြီး သူ၏လက်မောင်းတစ်ဖက်ကို ဖော့ဖယောင်းလို





သွယ်ပျောင်းသောလက်ချောင်းလေးများဖြင့် ဆုပ်ညှစ်ကာ ...

''အစ်ကိုရယ် ... အစ်ကိုရဲ့အလုပ်ကြီးက မဟန့်လိုက်တာ၊ သတ္တဝါတွေရဲ့အသက်ကို ကယ်တယ်ဆိုပေမယ့် မကြာမကြာ ခရီးထွက်နေရတာကြီးတော့ မကြေး မကြိုက်ပါဘူး''

ဟု နှုတ်ခမ်းလေးစူကာ မူတူတူလေးပြောလေလျှင် ချစ်စဖွယ်မျက်နှာရှင်လေး ဇနီးမယား၏ အမူပိုပိုဟန်နွဲ့နွဲ့ကို အသည်းယားစွာ ကြည့်ရင်း ...

''ကွယ် ... မကြေးကလည်း သတ္တဝါတွေရဲ့အသက်ကို ကယ်ရတဲ့အလုပ်ပဲဟာ မကြိုက်ဘူးရယ်လို့''

ဟု ပြောကာ ကြင်သူသက်ထားလေး၏ နဖူးဝင်းဝင်းလေးကို လက်သီးဆုပ်လေးဖြင့် မနာအောင် ချစ်စနိုးထုလိုက်လေ၏။ မကြေးမုံက မျက်စောင်းရှ်ကြီးထိုးလိုက်ကာ ...

''ဟွန်း ... ဒီက ဆေးကုတဲ့အလုပ်ကို မကြိုက်ဘူးလို့ ပြောနေတာ မဟုတ်ဘူးရှင့်၊ ဒီက ချစ်လင်ကြီးနဲ့ ခွဲခွဲနေရတာကို မကြိုက်ဘူးလို့ ပြောနေတာ ... သိရဲ့လား''

ဟု ချွဲချွဲနွဲ့နွဲ့ အသံညှဉ်းညှဉ်းလေးဖြင့် တိုးတိုးဖွဖွပြောရင်း ပဏ္ဍဝ၏လည်ပင်းကို လက်နှစ်ဖက်ဖြင့် တွဲလောင်းယှိုးလေ လိုက်လေတော့သတည်း။

✵



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့နံနက်တွင်မူ ပဏ္ဍဝသည် ဆေးလွယ်အိတ်ကို လွယ်ရင်း ဖနီးသည်မကြေးမုံ ပြင်ဆင်ထည့်သိုပေးသည့် အဝတ်အိတ်အား ဆွဲကာ အိမ်မှ ထွက်ခွာလေ၏။

မကြေးမုံက အစ်ကိုမြန်မြန်ပြန်ခဲ့နော်ဟု တဖွဖွမှာကြားရင်း အိမ်အဝ၌ လက်လေးပြကာ ကျန်ရစ်ခဲ့လေသည်။

ပဏ္ဍဝသည် အိမ်မှ ခပ်လှမ်းလှမ်းရောက်သည်အထိ ဇနီးသည်ကို မခွဲခွာချင်ဘဲ ခွဲခွာထားခဲ့ရသောကြောင့် စိတ်မချဟန်ဖြင့် လည်ပြန် သုံးလေးခါ ကြည့်မိလေ၏။

နောက်ဆုံးတွင်မူ ပဏ္ဍဝသည် အိမ်နှင့်အတော်အတန်ကွာလှမ်းသည့် မြစ်ကမ်းပါးအောက်သို့ ဆင်းသွားပြီး အသင့်စောင့်နေသည့် ကူးတို့လှေငယ်ဖြင့် ရောဝတီမြစ်ကြီးကို ဖြတ်ကူးသွားလေ၏။

ရောဝတီ တစ်ဖက်ကမ်းရှိ ဖလုတ်တိုက်ရွာမှ ရွာလူကြီးနေထိုင်မကောင်းသဖြင့် ဆက်သားကို သုံးလေးရက်ကြိုလွှတ်ပြီးပင့်ခိုင်းထားသည်ဟု မကြေးမုံအား ယုံအောင်ပြောလျက် ပဏ္ဍဝခရီးထွက်ဟန်ဆောင်လာခြင်း ဖြစ်ပေသည်။

သူသည် ရောဝတီမြစ်တစ်ဖက်ကမ်းသို့ရောက်လျှင် လှေ





ကိုပြန်လွှတ်ကာ ကမ်းပါးပေါ်တက်သွားလေ၏။

ကူးတို့လှေသမားမှာ မကြေးမုံနှင့် ရင်းနှီးသူဖြစ်ရာ သူအကယ်ပင် ရောဝတီမြစ်တစ်ဖက်ကမ်းတွင် ကျန်ရစ်ခဲ့ကြောင်း ကူးတို့သမား ယုံကြည်စေရန် ကမ်းပါးပေါ် ခပ်တည်တည်တက်သွားခြင်းဖြစ်၏။

ထိုကူးတို့လှေလေး ရွာဘက်ဆီ ပြန်လှော်ခတ်သွားပြီးကွမ်းတစ်ယာညက်ခန့်ကြာမှ ထိုဘက်ကမ်းရှိ ကူးတို့လှေတစ်စီး ငှားကာ သောင်ဖြူရွာဘက်သို့ ပြန်ကူးလာလေသည်။

သို့သော် လူသူလေးပါး မြင်နိုင်သည့် ရွာလှေဆိပ်နှင့်မိမိနေအိမ်အနီးအနား ကမ်းပါးတို့သို့ ကူးတို့လှေကို ဦးမတည်စေဘဲ အိမ်နှင့်ဝေးရာကမ်းပါး၌ လှေကို ကပ်စေခဲ့လေ၏။

သူသည် လှေမှဆင်းကာ သောင်ဖြူဖြူကိုဖြတ်ပြီးနောက်ကိုင်းမြက်ရှည်တို့ကြား တိုးဝင်ကာ နေအိမ်ဆီ ခိုးကြောင်ခိုးဝှက်ပြန်လာနေစဉ်မှာပင် သူ့ဇနီး တကယ်မှ သစ္စာမဲ့ပါ့မလား။ မကြေးမုံသည် အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူလတို့နှယ် တော်လေးဝဝင်သစ္စာရှင်မလေး ကေန်ဖြစ်နေလေမလားဟု ဒွိဟသံသယအတွေးတို့ဖြင့် စိတ်လှုပ်ရှားရင်ခုန်လျက်ရှိလေ၏။

သို့ဖြင့် ပဏ္ဍဝသည် ကိုင်းမြက်ရှည်တို့နှင့် ချုံနွယ်တို့ကိုအကွယ်အကာယူလျက် နေအိမ်အနီးသို့ ချဉ်းကပ်လာပြီး [illegible]တန်း



www.burmeseclassic.com

www.burmeseclassic.com



ခြံစည်းရိုးသို့ ရောက်လေလျှင် မြေပြင်ဝယ် အားလျားမှောက်လျက် တိတ်ဆိတ်စွာ စောင့်စားအကဲခတ်လျက်ရှိလေ၏။

ဆောင်းဦးကာလမို့ နံနက်တက်နေသည် ပူလောင်ပြင်းပြခြင်းမရှိလှဘဲ လေအေးအေးကလည်း မြစ်ဘက်မှ တိုက်ခတ်လျက်ရှိလေရာ ပဏ္ဍဝမှာ ကိုင်းမြက်တို့အကြား မြေကမ္ဘာထက်ဝယ် သက်သောင့်သက်သာလဲလျောင်းရင်း နေအိမ်ဆီသို့ စိတ်ရှည်လက်ရှည် စောင့်ကြည့်နေနိုင်လေသည်။

ထိုသို့ နာရီဝက်ခန့် စောင့်ကြည့်နေစဉ် တစ်စုံတစ်ဦးသည် သူ၏နေအိမ်ရှိရာ ကုန်းမြင့်လေးပေါ်သို့ တက်လှမ်းလာသည်ကို တွေ့ရလေ၏။

ထိုသူသည်ကား ရွာ၌ မြာစွံလှသည်ဟု နာမည်ကြီးလျက်ရှိသည့် ရွာ၏ တစ်ဦးတည်းသော ဆံသဆရာကိုသိန်းမြင့်ပင် ဖြစ်ပေသည်။

ကိုသိန်းမြင့်သည် ယခု အသက် (၄၀) ကျော်သည့်တိုင် အိမ်ထောင်အတည်တကျမပြုဘဲ ဟိုမိန်းကလေးနှင့်တွဲလိုက် သည့်မိန်းကလေးနှင့်တွဲလိုက် ပြုကာ မြာစွံသည်ဟူသောဘွဲ့ကို သိမ်းပိုက်ထားသူဖြစ်ချေ၏။

သူသည် အပြောကောင်းသူဖြစ်ရာ မိန်းကလေးအတော်များများမှာ သူ့လေကြောဝယ် မျောပါပြီး နောက်ဆုံး တစ်နေ့၌





သူလိုရာဖြစ်စေရသည်ချည်းဟု သတင်းကြီးလှသူဖြစ်ပေသည်။

အနှီကိုသိန်းမြင့်တစ်ယောက် မယောင်မလည်ဖြင့် သူ့နေအိမ်ဆီ ဦးတည်လာနေပုံက မသင်္ကာစရာမို့ ပဏ္ဍဝမှာ မျက်တောင်ပင်မခတ်တော့ဘဲ ခြံတိုင်ကိုကွယ်ကာ ရှုးစိုက်ကြည့်လျက်ရှိလေ၏။

ကိုသိန်းမြင့်သည် ပဏ္ဍဝ၏နေအိမ်ရှေ့သို့ ရောက်လေလျှင် ပိတ်ထားသော အိမ်တံခါးမအား အသာတွန်းကြည့်လေသည်။

အိမ်တံခါးက အတွင်းမှချက်ထိုးပိတ်ထားသဖြင့် တုတ်တုတ်မျှ မလှုပ်ချေ။

ထိုအခါ ကိုသိန်းမြင့်သည် တံခါးရွက်ကို ခေါက်လေ၏။

'ဒေါက် ဒေါက် ဒေါက်'

''ဘယ်သူလဲ''

အိမ်အတွင်းမှ မကြေးမုံ၏အသံ ထွက်ပေါ်လာလေ၏။ နီးသည်၏အသံကိုနားစွင့်ရင်း အိမ်နှင့်ဝါးတစ်ရိုက်ခန့်အကွာမှ ချောင်းမြောင်းနေသော ပဏ္ဍဝမှာ ရင်တဒိန်းဒိန်းခုန်လျက်ရှိလေ၏။

မြာနှင့်ပတ်သက်ပြီး နာမည်ကြီးလှသောကိုသိန်းမြင့်ကား ပိတုန်းနှယ် အတောင်ပံဖြန့်ရင်း ဝတ်ရည်စုပ်ဖို့ ရစ်ဝဲဝိုင်းလာချေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ အလုပန်းကလေး မကြေးမုံခမျှာ မြာသမား၏မာယာကွန်ရက်ကြားမှ ရုန်းထွက်နိုင်ပါ့မလားဟု စိုးရိမ်စွာ အတွေးပွားရင်း ပဏ္ဍဝမှာ အသက်ရှူရန်ပင် မေ့လျော့လျက်ရှိချေ၏။

"ကိုယ်ပါ မကြေးမုံရဲ့"

"အို ... ဘယ်ကကိုယ်လဲ"

"ကိုသိန်းမြင့်ပါကွဲ့ ... အိမ်တံခါးများ ဖွင့်ပါဦး"

"ဩော် ... ကိုသိန်းမြင့်လား၊ အိမ်မှာ ကျွန်မတစ်ယောက်တည်းရှင့်၊ ကျွန်မရဲ့ယောက်ျား ခရီးထွက်သွားလို့ အိမ်တံခါးပိတ်ထားတာ၊ ဘာကိစ္စများရှိလို့လဲ ကိုသိန်းမြင့်ရဲ့ ... ကိစ္စရှိရင် အစ်ကိုပြန်လာမှ လာပါနော်၊ အားတော့နာပါရဲ့ ... လင်ယောကျ်ားမရှိတုန်း သူစိမ်းယောကျ်ားကို ဧည့်ခံဖို့ မဖြစ်နိုင်လို့ပါရှင်"

ဇနီးဖြစ်သူ၏စကားကိုကြားရလေလျှင် ပဏ္ဍဝမှာ ထခုန်မိမတတ် ဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ရလေ၏။

သူ၏ ချစ်ဇနီးလေးသည်ကား သူ ယုံကြည်ထားသည့်အတိုင်း မိုင်းကောင်းကျောက်ဖိ သစ္စာရှင်မလေးပါလား။ ဘယ့်နှယ်ရှိစ မြာသမားငဲ့။

သို့သော် အကြံသမားကိုသိန်းမြင့်က မလျှော့။

"တံခါးဖွင့်မပေးချင်ရင်လည်း နေပါ မကြေးမုံရယ်၊





ကိုယ် ရွာတောင်ပိုင်းက လှည့်ပြန်လာတာမှာ မောတာနဲ့ ရေတစ်ပေါက်လောက်သောက်ချင်လို့ပါ၊ ရေတော့ တိုက်ပါနော် မကြေးမုံ"

ကိုသိန်းမြင့်၏ လူနာအမဲခြောက်တောင်းသလို ညောင်နာနာအသံအဆုံးတွင် အိမ်ကလေးအတွင်းမှ ခြေထောက်ရွေ့လျားသံတို့ကို သဲ့သဲ့ကြားရလေ၏။

ခဏအကြာဝယ် တံခါးချက်ဖြုတ်သံ ကြားရပြီး ဒန်ရေခွက်ကလေးကို ကိုင်ထားသည့် လက်ဖြူဖြူဝင်းဝင်းလေး တစ်ဖက်သည် ဟရုံလေးဟထားသော တံခါးကြားမှ ခပ်ဖြည်းဖြည်းထွက်လာလေ၏။

ကိုသိန်းမြင့်သည် စားနေကျကြောင်ပါးနှယ် ပြုံးရင်းရေခွက်ဆီ လက်လှမ်းလိုက်လေ၏။ သို့သော် သူက ရေခွက်ကိုဆုပ်ကိုင်ခြင်းမပြုဘဲ ရေခွက်ကိုကျော်လွန်ကာ မကြေးမုံ၏ လက်ဖွေးဖွေးလေးကို ဖွဖွညင်သာ ဆုပ်ကိုင်လိုက်လေသည်။

မ,ကျမ်းကြေသော ကြာကူလီငနဲ့ကား ဖောဌဖအာရုံပေးရင်း စတင်သွေးတိုးစမ်း မြူဆွယ်ချေပြီတည့်။

မကြေးမုံထံမှ မည်သည့်ငြင်းပယ်သံမျှ ထွက်မလာပါ။

အိမ်အတွင်းဘက်ဆီမှ ခေတ္တငြိမ်နေပြီး ခဏအကြာမှာဝင် မကြေးမုံသည် သူမ၏လက်လေးကို နောက်သို့ ပြဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ပြန်ဆုတ်လေသည်။ ထိုရောအခါ ကိုသိန်းမြင့်၏လက်သည်လည်း ကတ္တီပါနယ်နူးညံ့လှသည့် လက်နုနုလေးကို စီးစီးပိုင်ပိုင်ဆုပ်ကိုင်ရင်း တံခါးကြားမှ အတွင်းသို့ပါသွားလေ၏။

ရောင်းသူဝယ်သူ အသံတူလေပြီဟု အပိုင်တွေးရင်း ကိုသိန်းမြင့်၏မျက်နှာကြီးမှာ ပြုံးဖြီးဖြီး ဖြစ်သွားချေပြီ။

ထိုစဉ်မှာပင် မကြေးမုံက တံခါးရွက်ကို ဆောင့်ဆွဲပိတ်လိုက်လေ၏။

'ဂျိမ်း'

''အောင်မလေးဗျ''

တံခါးကြားတွင် အရှိန်ပြင်းစွာ လက်ညပ်သွားသဖြင့် ကိုသိန်းမြင့်သည် ငယ်သံပါအောင်အော်ရင်း သူ၏လက်ကို ရုပ်ခနဲထုတ်ကာ အခြားလက်ဖြင့် ဆုပ်နယ်လျက် ပါးစပ်မှ တရှုံးရှုံးမြည်တမ်းညည်းညူလျက် ခုန်ဆွ ခုန်ဆွ ဖြစ်နေလေ၏။

''ဟား ဟား ဟား ... ကောင်းလိုက်တာ ကောင်းလိုက်တာ ... ဒါမှ ငါ့မိန်းမကွ၊ လင်သားအပေါ် သစ္စာရှိလှတဲ့ ငါ့မိန်းမမျိုးကို ဒီလိုလာစမ်းလို့ ဘယ်ရမလဲ ... မှတ်ပလား မြာငနဲ့ရေ ... ဟေ ဟေ ဟေ''

ပဏ္ဍဝကား စိတ်ထဲမှ နှစ်ထောင်းအားရလှစွာ ကြွေးကြော်ရင်း ဇနီးသည်၏လုပ်ရပ်အတွက် ဂုဏ်ယူမဆုံးဖြစ်လျက်





နေလေ၏။

ကိုသိန်းမြင့်လည်း အခြေအနေမဟန်မှန်း ပြတ်ပြတ်သားသား သိသွားပြီဖြစ်ရာ တောင်ကုန်းမြင့်လေးပေါ်မှ ကုပ်ချောင်းချောင်းဖြင့် ကသုတ်ကယက် ဆင်းပြေးလေ၏။

ထို့နောက်မှာမူ ပဏ္ဍဝ၏နေအိမ်ကလေးအတွင်းမှ ချက်ကီးထိုးသံကြားရပြီး ပြန်လည်တိတ်ဆိတ်သွားပါလေတော့သတည်း။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com



## သွေးစွန်းသောနေ့

နေပူရှိန်က ခပ်နွေးနွေး၊ ဆောင်းလေပြည်က ခပ်အေးအေးမို့ ငိုက်မျဉ်းလာသည့်ပဏ္ဏဝမှာ ခြံတန်းအနီးမှ မြက်ခြောက်တို့အကြားမှာပင် မေ့ခနဲ အိပ်ပျော်သွားလေ၏။

သူက တစ်နေ့လုံးလိုလို သူ့ဖနီးသည်၏အခြေအနေကို စောင့်စားကြည့်ရှု အကဲခတ်ရန် ဆုံးဖြတ်ထားသဖြင့် ခြံတိုင်အကွယ် ချုံတစ်ချုံ၏နံဘေးမှာပင် လဲလျောင်းမြဲ လဲလျောင်းနေခဲ့ခြင်း ဖြစ်ပေသည်။

ပဏ္ဏဝသည် ခေတ္တအိပ်ပျော်သွားရာမှ ဖျတ်ခနဲ နိုးလာသည်တွင် ခေါင်းထောင်ပြီး နေအိမ်ဘက်ဆီ လှမ်းကြည့်လိုက်၏။

ထိုစဉ် တဘက်အဖြူတစ်ထည်ကို ခေါင်း၌ ပတ်ပေါင်းထားသော လူရွယ်တစ်ဦးသည် နံဘေးဝန်းကျင်သို့ ကျီးကြည့်





ကြောင်ကြည့်ကြည့်ရင်း ကုန်းမြင့်လေးပေါ် ခပ်သုတ်သုတ်တက်လာသည်ကို တွေ့ရလေသည်။

ပဏ္ဏဝသည် ထိုသူ့ကို တစ်ရံတစ်ဆစ်မျှ မမြင်ဖူးသဖြင့် အံ့အားသင့်စွာ စောင့်ကြည့်လျက်ရှိလေ၏။

ထိုသူသည် နေအိမ်အနီးသို့ ရောက်လေလျှင် တံခါးခေါက်မည့်ဟန် ပြင်လိုက်လေသည်။

သို့သော် သူ တံခါးမခေါက်မီမှာပင် တံခါးရွက်သည် ပွင့်ဟသွားပြီး ဖြူလွလွလက်ကလေးတစ်ဖက် ထွက်လာကာ ထိုလူ၏လက်ကို ဆွဲယူသွားလေ၏။

"ဟင်"

ပဏ္ဏဝသည် အံ့ဩတုန်လှုပ်သွားပြီး ရင်ဗလောင်ဆူလျက် သတိလက်လွတ်ဖြစ်ကာ ရုတ်ခနဲ ထရပ်လိုက်မိလေသည်။

ထိုစဉ်မှာပင် တဘက်ဖြူပေါင်းထားသူသည် နေအိမ်လေးအတွင်းသို့ လုံးလုံးလျားလျားရောက်ရှိသွားပြီး တံခါးရွက်သည်လည်း ပြန်လည်ပိတ်ကာ အတွင်းမှချက်ထိုးသံ ကြားလိုက်ရတော့၏။

"တောက် ... ကြည့်စမ်း ... ဒါ ဘာသဘောလဲ"

ပဏ္ဏဝသည် ဒိန်းတလိန်းနတ်ဖမ်းစားကာ ခါးနောက်၌ ဝှက်ထိုးထားသော ဓားမြှောင်ကို ဆွဲထုတ်လိုက်လျက် နေအိမ်ဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ ခြေလှမ်းကျဲကြီးဖြင့် လျင်မြန်စွာ ချဉ်းကပ်သွားလေ၏။

သူသည် တံခါးရွက်ကို ဆောင့်ကန်ရန်ဟန်ပြင်လိုက်စဉ်မှာပင် အိမ်ကလေးအတွင်းမှ ထွက်ပေါ်လာသော မကြေးမုံ၏ စကားသံကြောင့် တုံ့ခနဲ တန့်ရပ်သွားမိလေ၏။

မကြေးမုံ၏စကားသံကား ချိုချိုအေးအေးလေးနှင့် တည်ငြိမ်မှုရှိလှပေသည်။

"ဩော် . . . ရှင်ဟာ ဘိုးတော်ဦးနော လွှတ်လိုက်တဲ့လူကိုး။ ကျွန်မ,ထင်တာ မှန်နေပြီပေါ့။ တမြန်နေ့က ဘိုးတော်ရဲ့ဓာတ်နန်းကိုရောက်တော့ ကံဆိုးကြမ္မာဆိုးတွေချေဖျက်ဖို့ သူ့တပည့်တနင်္ဂနွေသား အုန်းသီးကို တနင်္ဂနွေနေ့ရဲ့ တနင်္ဂနွေအချိန်မှာ လွှတ်လိုက်မယ်လို့ ပြောထားတာပဲ၊ ဒါကြောင့် ကိုးနာရီကတည်းက ကျွန်မမျှော်နေတာရှင့် . . .၊

အင်း . . . တကယ်တော့ ကျွန်မဟာ ကျွန်မသိပ်ချစ်ရတဲ့ လင်သားရဲ့အသက်အတွက်မို့ မလွှဲမရှောင်သာဘဲ ရှင့်ကို ခုလိုလက်ခံတွေ့ဆုံရတာပါရှင်၊ ရှင် အခုလို ကျွန်မရဲ့အိမ်ကို ရောက်လာတာ အကြောင်းမသိသူတွေ မြင်တွေ့သွားရင်တောင် တစ်မျိုးထင်ကြဦးမှာ . . .၊

ဟင်း . . . ဘာပဲဖြစ်ဖြစ်လေ ကျွန်မ,ချစ်တဲ့ လင်ယောကျ်ား အစ်ကိုပဏ္ဏဝအတွက် ကျွန်မဟာ ဘာကိုမဆို စွန့်





လွှတ်စွန့်စား ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားသူပါရှင်"

ပဏ္ဏဝသည် ထရံတစ်ချပ်သာခြားသည့် အိမ်အတွင်းပိုင်းမှ ဇနီးသည်၏စကားသံကို အတိုင်းသားကြားနေရသော်လည်း ထိုစကားတို့၏ အဓိပ္ပာယ်ကို နားမလည်နိုင်ဘဲ ဝေခွဲမရဖြစ်နေရလေသည်။

"မကြာခဏ ညအိပ်ညနေ မြစ်ကူးချောင်းဖြားမှမရှောင်ခရီးထွက်ထွက်နေရတဲ့ ကျွန်မရဲ့လင်သား တစ်စုံတစ်ရာအန္တရာယ်များ ကြုံရရင် ခက်ရချည့်လို့ တွေးပူမိတာနဲ့ ရွာဆီ မကြာမတင်ကမှ ရောက်ရှိလာပြီး ခုနစ်ရက်သားသမီးတွေကို ကယ်တင်နေတဲ့ ဘိုးတော်ဦးနောဆီ ဇာတာသွားစစ်မိတယ်ရှင် . . .၊

အဲဒီမှာ ဘိုးတော်ကြီးက ကျွန်မရဲ့ဇာတာဟာ လင်နှစ်ယောက် ရကိုရမယ့်ဇာတာလို့ ဟောလိုက်တယ်လေ . . .၊

အို . . . ကျွန်မဖြင့် ထူပူသွားတာပါပဲ၊ ဘယ့်နှယ် ကျွန်မရဲ့ဘဝမှာ အချစ်ဆုံးလင်ယောကျ်ား အစ်ကိုပဏ္ဏဝနဲ့သာ တစ်လင်တစ်မယားအဖြစ် ရာသက်ပန်ရိုးမြေကျပေါင်းဖို့ ဆုံးဖြတ်ထားခါမှ လင်နှစ်ယောက်ရမယ်ဆိုတော့ အခက်ကြီးခက်ပြီပေါ့ရှင် . . .၊

ဘိုးတော်ကြီးက ကျွန်မရဲ့ဇာတာဟာ လင်နှစ်ယောက်ရကိုရမှာဖြစ်တဲ့အတွက် လက်ရှိလင်ဟာ အိမ်ထောင်ဦး လင်ယောကျ်ားမှ ဟုတ်ရဲ့လားလို့ မေးတယ်ရှင့် . . .၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ အပျိုစင်ဘဝနဲ့ အစ်ကိုပဏ္ဍာဝကို လက်ထပ်ခဲ့တာမို့ ဦးဦးဖျားဖျား လင်ယောကျ်ားအစစ်ပါလို့ပြောတော့ ဒါဆို အဲဒီလင်ယောကျ်ား သေကိုသေရမယ်တဲ့၊ အဲဒီလင်သေပြီး နောက်လင် ရကိုရ,ရမယ်တဲ့ …။

အို …အဲဒီလို မိန့်ကြားချက်ကို ကြားလိုက်ရတော့ ကျွန်မရဲ့ခေါင်း မိုးကြိုးပစ်သလိုခံစားလိုက်ရတယ်ရှင့်၊ ကျွန်မဟာ အစ်ကိုပဏ္ဍာဝကို ဘယ်လိုမှ မခွဲနိုင်ဘူးလေ၊ ဒါကြောင့် ဘိုးတော်ကြီးရယ် …အစ်ကိုပဏ္ဍာဝနဲ့ သေကွဲရော ရှင်ကွဲရော မခွဲပါရစေနဲ့၊ အဲဒီလို မခွဲရမယ့်နည်းလမ်းများရော မရှိဘူးလားလို့ မေးရတော့တယ်ရှင့် …။

အဲဒီမှာ ဘိုးတော်ကြီးက ခဏစဉ်းစားပြီး ကလေးမတဲ့ မင်းရဲ့လင်သားနဲ့ သေကွဲမကွဲချင်ရင် တခြားတစ်ပါးယောကျ်ား တစ်ဦးဦးနဲ့ တစ်ကြိမ်တစ်ခါပဲဖြစ်ဖြစ် ပေါင်းသင်းလိုက်ပါတဲ့၊ ဒါဆို မင်းရဲ့ဘဝမှာ ယောကျ်ားနှစ်ယောက်ရသလိုဖြစ်ပြီး ယတြာကြေသွားမယ်တဲ့ …။

ကျွန်မက ဟာ …ဒါတော့ မဖြစ်နိုင်ဘူး၊ ကျွန်မရဲ့ ကိုယ်ကျင့်တရားဖြူစင်မှုကို အထိခိုက်မခံနိုင်ပါဘူးလို့ ငြင်းလိုက်တယ်ရှင့် …။

ဒီတင် ဘိုးတော်ကြီးက မင်းရဲ့ကိုယ်ကျင့်တရား စောင့်





ညည်းမှုကို မင်းယောကျ်ားရဲ့အသက်နဲ့ မလဲနိုင်ဘူးလားလို့ မေးရောရှင့် …။

ဒါဟာ ကျွန်မအတွက် အတော်အကျပ်ရိုက်တဲ့ မေးခွန်းပါပဲရှင်၊ နောက်ဆုံး ကျွန်မဟာ အထပ်ထပ်အခါခါ စဉ်းစားပြီး အို …ကျွန်မရဲ့ချစ်လင် အစ်ကိုပဏ္ဍာဝအတွက်ဆိုရင် ကျွန်မရဲ့ ကိုယ်ကျင့်သိက္ခာတင်မက ကျွန်မရဲ့အသက်ကိုတောင် ပေးဖို့ အသင့်ပါလို့ ပြောလိုက်တယ်လေ …။

အဲဒီအခါ ဘိုးတော်ကြီးက ကောင်းပြီ ဒါဆို မင်းရဲ့လင်ယောကျ်ားရဲ့အသက်ကို ကယ်တင်နိုင်စေဖို့ မင်းရဲ့ကိုယ်ကျင့်သိက္ခာကို တစ်ကြိမ်တစ်ခါတော့ အပွန်းပဲ့ အဆုံးရှုံးခံလိုက်ပေတော့ မိန်းကလေး၊ ဒါဆို ယတြာကြေသွားပြီး မင်းရဲ့လင်ယောကျ်ားလည်း မသေတော့ဘဲ မင်းနဲ့ ထာဝရ ပျော်ပျော်ရွှင်ရွှင်ကြီး ပေါင်းသင်းသွားကြရမယ်ကွဲ့လို့ မိန့်ကြားတယ်ရှင့် …။

ကျွန်မက အဲဒါတော့ ဟုတ်ပါပြီ ဘိုးတော်ကြီးရယ်၊ ကျွန်မဟာ ယတြာချေဖို့ ဘယ်ယောကျ်ားနဲ့ တစ်ကြိမ်တစ်ခါ ပေါင်းသင်းရမှာလဲလို့ မေးလိုက်တော့၊ မပူနဲ့ အဲဒီလိုယတြာမျိုးကို ချေပေးနိုင်တဲ့ တောင်ခြေစံပြရွာက အုန်းသီးဆိုတဲ့တပည့် ရှိတယ်၊ သူ့ကို သန်ဘက်ခါ လွှတ်လိုက်မယ်လို့ ပြောတယ်ရှင့်၊ ဒါကြောင့်ရှင် အခုလို ကျွန်မဆီရောက်လာရတာ မဟုတ်လား …။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ကဲ ကိုအုန်းသီးရေ ... ကျွန်မရဲ့လင်ယောကျ်ား အစ်ကိုပဏ္ဍာဝရဲ့အသက် မဆုံးရှုံးစေဖို့ ကျွန်မ မြတ်နိုးတန်ဖိုးထားလှတဲ့ ကိုယ်ကျင့်သိက္ခာကို ဒီတစ်ကြိမ်တော့ဖြင့် အပွန်းပဲ့ခံပြီး ယကြာချေရတော့မှာပေါ့ရှင်၊ ဒီတော့ ဟောဒီကွပ်ပျစ်ပေါ်တက်ပြီး ကျွန်မရဲ့ ခေတ္တလင်ယောကျ်ားဘဝခံယူလို့ ကျွန်မကို ရှင့်ရဲ့ မယားအဖြစ် ပေါင်းသင်းပါတော့ရှင်''

ပဏ္ဍာဝမှာ သူ့ဇနီးမကြေးမုံ၏စကားတို့ကို ကြားရလေလျှင် ဖရဏာပီတိ ဝမ်းဆီထိသည့်နှယ် အကျေနပ်ကြီး ကျေနပ်သဘောကျသွားတော့၏။

''ကြည့်စမ်း ... ငါ့ရဲ့ချစ်ဇနီးလေးဟာ ငါ့ကို အတော်ချစ်ရှာတာပါလား။ ငါ့ရဲ့အသက်ကိုကယ်နိုင်ဖို့ သူ မြတ်နိုးတန်ဖိုးထားလှတဲ့ ကိုယ်ကျင့်သိက္ခာကိုတောင် အဆုံးရှုံး အထိနိုက်ခံပြီး ယကြာချေပေးရှာတယ်၊ ရှာမှရှားအောင် တော်တဲ့ လင်ယောကျ်ားအတွက် အနစ်နာခံရဲတဲ့ မိန်းမပါလား ...၊

မဖြစ်ဘူး မဖြစ်ဘူး ... ငါ ဒီအိမ်နားမှာရှိနေတာ သူတို့သိသွားရင် ယကြာချေပွဲ မအောင်မမြင်ဖြစ်သွားမယ်၊ အဲဒီ ယကြာချေပွဲ မအောင်မြင်ရင် ငါသေရမှာ၊ ငါ့ဇနီးလေး အနစ်နာခံသမျှလည်း သဲထဲရေသွန် ဖြစ်သွားမှာ၊ ငါ ဝေးဝေးရှောင်နေမှ ရှောင်နေမှ''





ပဏ္ဍာဝသည် ယင်းသို့တွေးရင်း သူ၏ဇနီး ယကြာချေနေသည့် အိမ်ကလေးအနီးမှ ခြေသံမကြားရအောင် ဖယ်ခွာခဲ့ပြီး သကာလ မြစ်ကမ်းနဖူး၌ သွားထိုင်နေလိုက်လေ၏။

ရောဝတီမြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်သည်ကား အေးမြလှပေစွ။

မြစ်ကမ်းပါးမှ လေအသိမ်းဝယ် လှုပ်ယိမ်းသွားသော မြက်ပင်စိမ်းစိမ်းလေးတို့ကို တွေ့မြင်ရသည်မှာ စိတ်ချမ်းမြေ့ကြည်နူးဖွယ် ကောင်းလေစွ။

✸

ပဏ္ဍာဝသည် မြစ်ကမ်းပါးစပ်ဝယ် တစ်ဦးတည်း တိတ်ဆိတ်စွာထိုင်ရင်း သူ့အပေါ် ချစ်မြတ်နိုးလွန်းရှာသော ဇနီးသည်လေး မကြေးမုံ၏အကြောင်းကို ကျေနပ်ကြည်နူးစွာ တွေးလျက်ရှိစဉ် မြစ်ကမ်းပါးအတိုင်း လှမ်းလျှောက်လာသော ဘဟန်ညွန့်သည် သူ့ကို တွေ့မြင်သွားရာ အနီးသို့ ချဉ်းကပ်လာပြီး ...

''ရော ... ဆရာလေးတစ်ယောက်တည်း ဒီမှာ ဘာလာထိုင်လုပ်နေတာလဲဗျ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေ၏။

ဤတွင် ပဏ္ဍဝက ဘဟန်ညွန့်အား ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။

"အဲဒီလို အဲဒီလို ကိုဘဟန်ညွန့်ရေ . . . ကျုပ်ရဲ့မယားဟာ ခင်ဗျားပြောသလို ဘယ်တုန်းကမှ သစ္စာမမဲ့ခဲ့ရှာပါဘူးဗျာ၊ သူ့ရဲ့ဘဝမှာ လင်ယောကျ်ားဆိုလို့ ကျုပ်တစ်ယောက်တည်းရှိတာပါ၊ ဒါကြောင့်လည်း လင်နှစ်ယောက်ရှိဖို့ လိုအပ်လာရတာပေါ့၊ ခုတော့ သူ့ခမျာ ယကြာချေနေရပြီလေ"

ပဏ္ဍဝ၏စကားကိုကြားလျှင် ဘဟန်ညွန့်သည် သူ့နဖူးသူ ဖြန်းခနဲ ရိုက်လိုက်ပြီး . . .

"ဖြစ်မှဖြစ်ရလေ ဆရာလေးရယ် . . . ခင်ဗျားဟာ ဆေးဆရာလုပ်နေပြီး ဒီလောက် အရ, နုံရသလား၊ အေးလေ . . . ဆေးပညာက ဆရာသင်ပေးခဲ့တော့ တတ်တာပဲပေါ့၊ ဒါပေမဲ့ နုံလွန်း, အလွန်းတော့ ရွာတကာလည်ဆေးကုစားလည်း မကြီးပွားဘူးပေါ့၊ ခုလည်း မိန်းမ,နှပ်သမျှ ခံရရှာတယ်"

ဟု စိတ်ပျက်လက်ပျက် မှတ်ချက်ချလိုက်ရာ ပဏ္ဍဝမှာ အတော် အလိုမကျဖြစ်သွားပြီး မျက်မှောင်ကြီးကြုတ်လိုက်လေသည်။

"ဘာဗျ . . . ဘာ မိန်းမနှပ်သမျှ ခံရတာလဲ"





"ဒီမှာ ဆရာလေး . . . ခင်ဗျားရဲ့မိန်းမက ခင်ဗျားရောက်လာမှန်းသိလို့ အယုံသွင်းပြီး ညာလွှတ်လိုက်တာဗျ . . . သိရဲ့လား"

"ဗျာ . . . ဟုတ် ဟုတ်ရဲ့လားဗျာ"

"ဟုတ်သမှ သိပ်ဟုတ်ပေါ့ဗျာ . . . ခင်ဗျားမိန်းမဟာ ခင်ဗျား တကယ်ခရီးထွက်သွားတယ်ထင်ပြီး သူ့ရဲ့လင်ငယ်ကို သူ့ဆီလာဖို့ ချိန်းလိုက်တာ ဖြစ်မယ် . . .၊

ဒီနေ့လယ် သူ့လင်ငယ်ရောက်လာတဲ့အချိန်မှာ ခင်ဗျားပါ ပြန်ရောက်လာတာကို အိမ်ထဲကနေ မကြေးမုံက လှမ်းတွေ့သွားပုံရတယ်ဗျ . . .၊

ဒီမှာတင် တခ်နုပ္ပတ္တိဉာဏ် ရှင်သန်လှတဲ့ ခင်ဗျားရဲ့မယားက သူ့ရဲ့အပြစ်ကို ဖုံးကွယ်နိုင်ဖို့ သူကပဲ ဘိုးတော်ရဲ့စကားကြောင့် အနစ်နာခံပြီး ခင်ဗျားအတွက် ယကြာချေပေးသလိုလို ပြောတာဗျ၊ ခင်ဗျားကြားအောင် ယုံအောင် တမင်ပြောတာဗျ . . . သိရဲ့လား၊ တကယ်တော့ ခင်ဗျားရဲ့မိန်းမက လင်ငယ်နဲ့ ဖောက်ပြန်နေတာ . . . သိရဲ့လား"

ပဏ္ဍဝကား ဆင်ကောင်ကြီးတွေ့မှ ဆင်ခြေရာကိုမှန်းဆ စီသွားတော့၏။

"ဟင် ဟုတ်လား . . . အဲ အဲဒီလိုလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်ပေါ့ဗျာ ... အဲဒီလို အဲဒီလို ... သင်း လင်ငယ်နဲ့ လွှတ်လွှတ်ကျွတ်ကျွတ် ဖောက်ပြန်နိုင်ဖို့ ခင်ဗျားကို လှည့်ဖြားအယုံသွင်းလိုက်တာဗျ၊ နွားလုပ်လိုက်တာ ... ခင်ဗျား တုံးမှန်း သိလို့ ... သိရဲ့လား၊ ဘာယတြာမှ ချေတာမဟုတ် ဘူး"

ကျောချမှ မားပြမှန်းသိသည့် ပဏ္ဍဝသည် ထောင်းခနဲ ဒေါသထွက်သွားပြီး ခါးကြားမှဓားမြှောင်ကို ပြန်ဆွဲထုတ်ကာ ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်လေတော့၏။

"တောက် ... ငါ့အပေါ်သစ္စာမဲ့ပြီး ဖောက်ပြန်ရက်တဲ့ မိန်းမယုတ်နဲ့ ကြာကူရီကောင် တွေ့ကြသေးတာပေါ့ကွာ၊ သေဖို့ သာ ပြင်ကြပေတော့"

ဟု အော်ဟစ်ကြုံးဝါးရင်း မြစ်ကမ်းစပ်မှသည် တောင် ကုန်းလေးပေါ်သို့ တစ်ဟုန်ထိုးပြေးတက်သွားရာ ဘဟန်ညွန့်ပင် ဟန့်တားချိန်မရလိုက်ချေ။

"ဟော့ ဟော့လူ ဆရာလေး ... စိတ်လိုက်မာန်ပါလည်း မလုပ်လိုက်နဲ့ဦးနော်"

ပဏ္ဍဝသည် လူရိုးစိတ်တိုဆိုသည့်အတိုင်း ရှက်ခြင်း၊ ယူကျုံးမရခြင်း၊ စိတ်ထိခိုက်ကြေကွဲခြင်း၊ ဒေါသထွက်ခြင်း စ သည့်စေတသိက်တို့ဖြင့် မီးတောင်နှယ်ပေါက်ကွဲကာ ကုန်းမြင့်





လေးပေါ် ပြေးတက်ခဲ့လေပြီ။

ကုန်းမြင့်လေးထက်မှ အိမ်ကလေးထဲတွင်မူ မကြေးမုံနှင့် ကြာကူရီကောင်တို့သည် ဒုတိယမြောက်ယတြာကို ချေလျက်ရှိ လေ၏။

'ဝုန်း'

ပဏ္ဍဝ၏ အားဖြင့်ဆောင့်ကန်လိုက်မှုကြောင့် သစ်သား တံခါးရွက်သည် ပတ္တာပြုတ်ကာ ပွင့်ထွက်သွားတော့၏။

"ဟာင်"

"အို"

အချစ်တလင်းထက်၌ ချစ်ဗျူဟာခင်းနေသူနှစ်ဦးမှာ အလန့်လန့်အဖျပ်ဖျပ်ဖြင့် လူးလဲထလိုက်ကြလေသည်။

"သစ္စာဖျက်မနဲ့ ကြာကူရီကောင် ... သေစမ်း"

မိုးခြိမ်းသံအလား ကျယ်လောင်လှသည့်အသံနက်ကြီး ဖြင့် အော်ဟစ်ကြိမ်းဝါးလျက် အိမ်ခန်းထဲမှ ကွပ်ပျစ်ဆီပြေးသွား ပြီး ပဏ္ဍဝသည် လက်ထဲမှဓားမြှောင်ဖြင့် စည်းပျက်ကိလေသာ ကျေးကျွန်နှစ်ဦးကို အချက်ပေါင်းများစွာ ရက်ရက်စက်စက် ထိုး တော့၏။

"သေစမ်း ... သေစမ်း"

'စွပ်'



www.burmeseclassic.com

www.burmeseclassic.com



'စွပ်'

''အား''

''အောင်မယ်လေး''

✸

သောင်ဖြူရွာမှာ မြင်းခြံဒီစတြိတ်အပိုင်ထဲမှာရှိသဖြင့် နှစ်လောင်းပြိုင်လှူသတ်မှုအတွက် ပဏ္ဍာဝအား မြင်းခြံခရိုင်ရာဇဝတ်တရားရုံးမှာပင် ရုံးတင်တရားစွဲပြီး ပြစ်မှုထင်ရှားသဖြင့် သေတားသေစေရန် ကြိုးမိန့်ပေးခဲ့လေ၏။

သို့သော် ရပ်ရွာမှ စုငွေပေးသည့် တရားခံရှေ့နေ ဝတ်လုံတော်ရကြီး ကြိုးစားကာ အယူခံဝင်သဖြင့် အထက်ရုံးက သေဒဏ်ကိုပယ်ဖျက်ကာ တစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ ပြောင်းလဲသတ်မှတ်ပေးခဲ့လေသည်။

သို့ဖြင့် . . . ပဏ္ဍာဝမှာ တစ်ကျွန်းသို့ အပို့ခံရလေတော့၏။

ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့တို့ ဖြတ်လျက် ကပ္ပလီကျွန်းစုဝင်ဖြစ်သော အက်ဒမန်ကျွန်းသို့ အရောက်





ရသော်ဖြင့် တစ်ကျွန်းကျသူများကိုပို့ရာ သင်္ဘောပေါ်မှာပင် ပဏ္ဍာဝသည် မိုးညို၊ တိုင်းလုံးကျော်တို့နှင့် ရင်းနှီးခဲ့လေ၏။

မိုးညိုမှာ မြစ်ဝကျွန်းပေါ် ကန်ကြီးရွာသားဖြစ်၏။

မိုးညိုသည် ပင်လယ်ငါးဖမ်းစက်လှေမှ လှေသူကြီးသား တစ်ဦးဖြစ်သည်။

သူ၏ဖခင် လှေသူကြီးမှာ အရက်လွန်စွာကြိုက်သူဖြစ်၍ ပင်လယ်ထဲရောက်သည်နှင့် အရက်ပုလင်းကိုသာ အဖော်ပြုနေလေ့ရှိရာ လှေကိုဦးစီးရန် ငါးဖမ်းပိုက်ချ၍ ပိုက်ဆွဲရန် စသည်တို့ကို မိုးညိုက တာဝန်ယူလုပ်ဆောင်ရလေ့ ရှိလေသည်။

တစ်နေ့ ပင်လယ်ထဲ၌ရှိနေစဉ် အရက်မူးနေသည့် လှေသူကြီးအား လှေသမားအချို့က ပမာမခန့် မလေးမစား ဆက်ဆံရာမှ လှေသူကြီးဦးဘမိုးနှင့် လှေသမားတို့ ပဋိပက္ခဖြစ်တော့၏။

ထိုအခါ မိုးညိုက ဓားကြိမ်းဝင်ကြိမ်းတော့၏ ထိုအခါမှ ပေစိဦးဆောင်သော လှေသမားတို့ ငြိမ်ကျကြသွားလေ၏။

လိုချင်သောငါးပိသာချိန်ပြည့်၍ ကမ်းသို့ပြန်ကပ်ပြီး ငွေရှင်းပြီးသည့်အခါ မိုးညိုတို့သားအဖသည် ငါးဒိုင်မှ မိမိတို့သားအဖနှစ်ယောက်တည်း နေထိုင်သည့် ယာတဲဆီပြန်ခဲ့ကြလေသည်။

အချိန်က နေဝင်ဖျိုးဖျဖြစ်ပြီး ကြံခင်းတို့အကြားရှိ လှ

ရ နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



သွားလမ်းမှ သားအဖနှစ်ယောက် လျှောက်လှမ်းလာစဉ် မျက်နှာကို အဝတ်စည်းထားသောလူလေးဦးက ကြံခင်းထဲမှ ရုတ်တရက်ထွက်လာပြီး လက်ထဲမှဆောင်ဓားတို့ဖြင့် ဝိုင်းဝန်းထိုးခုတ်ကြလေ၏။

မိုးညိုက အရက်မူးကာ ယိုင်ထိုးနေသည့် ဖခင်ကြီးကို အကာအကွယ်ပေးရင်း သူ၏လက်စွဲတော် ဆောင်ဓားဖြင့် ရဲဝံ့စွာ ပြန်လည်တိုက်ခိုက်ခုခံတော့သည်။

အင်အားချင်းကွာခြားလှသော်လည်း ရဲရင့်ဖြတ်လတ်ကြမ်းတမ်းသော မိုးညိုကို မယှဉ်နိုင်ဖြစ်နေကြစဉ် ဓားသမားတစ်ဦးက မိုးညို၏ဖခင်ကြီးအား နောက်ကျောမှ သိုင်းဖက်ကာ လည်ပင်းပေါ် ဓားသွားတင်ထားလိုက်လေ၏။

ပြီးလျှင် မိုးညိုအား လက်နက်ချအညံ့ခံရန်၊ အညံ့မခံပါက သူ့ဖခင် ဦးဘမိုးကို သတ်ပစ်မည်ဟု ခြိမ်းခြောက်လေတော့၏။

မိုးညိုက ဖခင်ကြီး၏အသက်ကို အန္တရာယ်မပြုရန်တောင်းပန်ပြီး လက်ထဲမှဓားကိုချရန် ဟန်ပြင်လိုက်စဉ် ဖခင်ဖြစ်သူ ဦးဘမိုးက လူဆိုး၏လက်အတွင်းမှ ဆောင့်ရုန်းထွက်လိုက်လေသည်။

ဤတွင်လူဆိုးကလည်း ဦးဘမိုး၏လည်ပင်းကို ဓားဖြင့်





လှီးချလိုက်တော့၏။

'ရှပ်'

''အ''

''ဟင် ...အဖေ''

မိုးညိုမှာ မျက်လုံးထဲ ပြာခနဲဖြစ်သွားပြီး လူဆိုးတို့အားတရမန်းကြမ်းတိုက်ခိုက်ထိုးခုတ်တော့ရာ သူ မည်မျှ ဒေါသတကြီးဖြင့် ထိုးခုတ်မိသည်မသိ။ သူ သတိပြန်ဝင်လာသည်တွင် သူ့တစ်ကိုယ်လုံး ဒဏ်ရာပရပွနှင့် သွေးခြင်းခြင်းရဲနေသလို လူဆိုးလေးဦးမှာ ခေါင်းတခြား ကိုယ်တခြားဖြစ်လျက် ခန္ဓာကိုယ်တို့လည်း တစ်စစီ ဖြစ်နေသည်ကို တွေ့ရတော့၏။

ကိုယ့်ကိုယ်ကိုယ် ခုခံပိုင်ခွင့်ထက် ကျော်လွန်ကာ လေ့သမား ပေစီဦးဆောင်သော လူဆိုးလေးဦးကို အပိုင်းပိုင်းခုတ်ထစ်သတ်ဖြတ်မှုအတွက် မိုးညိုမှာ အဖမ်းခံခဲ့ရလေ၏။

ယင်းအမှုဖြင့်ပင် မိုးညိုမှာ တစ်သက်တစ်ကျွန်း အပြစ်ဒဏ် ကျခံလာရခြင်းဖြစ်ပေသည်။

တိုင်းလုံးကျော်ကတော့ တစ်မျိုးဖြစ်၏။

သူက သာယာဝတီသားဖြစ်ပြီး ပန်းပဲလုပ်ငန်းလုပ်ကိုင်သူ။ သူ၌ ဇနီးနှင့်နှစ်နှစ်အရွယ်သမီးလေးတစ်ယောက် ရှိ၏။

တစ်နေ့တွင် သူကြီးအပ်ထားသည့်ဓား ပြုလုပ်ပြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဓားကို သူကြီးအား ပေးအပ်ရန် ရွာလယ်လမ်းအတိုင်း ယူဆောင်လာစဉ် သူတို့ရွာ၌ စတည်းချနေသည့် မျက်နှာဖြူ ယဉ်မျိုးဝန်ထောက်နှင့် တပည့်လက်သားတစ်စုက ရွာသူအပျို ချောတစ်ဦးကို လင်းတခွေးဆွဲသလို ဝိုင်းဆွဲငင်နေကြသည်ကို တွေ့ရလေသည်။

မိန်းကလေးက အော်ဟစ်ရုန်းကန်လျက်ရှိစဉ် မိန်းကလေး၏ မိခင်အိုကြီးက အိမ်ဝိုင်းတစ်ခုအတွင်းမှ ထွက်လာကာ ယဉ်မျိုးဝန်ထောက်ကို ခြေသလုံးဖက်လျက် မျက်ရည်လည်ရွဲဖြင့် သမီးလေးကိုချမ်းသာပေးပါရန် တောင်းပန်ခြင်းပြုလေ၏။

ထိုအခါ ယဉ်မျိုးဝန်ထောက်က အဘွားအို၏ရင်ဘတ်ကို တောစီးဖိနပ်ကြီးဖြင့် ဆောင့်ကန်လိုက်လေသည်။

ယင်းသို့သော မတရားပြုသည့်မြင်ကွင်းကို တွေ့ရသည်တွင် တိုင်းလုံးကျော်မှာ ဒေါသထောင်းခနဲ ထွက်သွားပြီး လက်ထဲမှ ဓားဖြင့် မျက်နှာဖြူယဉ်မျိုးဝန်ထောက်ကို လျှပ်တစ်ပြက်ပင် ခုတ်လိုက်ရာ ယဉ်မျိုးဝန်ထောက်မှာ ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားတော့၏။

သည်တွင် ယဉ်မျိုးဝန်ထောက်၏ တပည့်တို့က သေနတ်ဖြင့် ဝိုင်းပစ်ကြရာ တိုင်းလုံးကျော်မှာ လက်မောင်းနှင့်ခြေထောက်တို့၌ ဒဏ်ရာရပြီး အဖမ်းခံရလေ၏။

ခု နစ် စဉ် ကြယ် တာ ပေ



ထိုဖြစ်မှုကြောင့် တိုင်းလုံးကျော်မှာ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ကျခံလာရခြင်း ဖြစ်ပေသည်။

တိုင်းလုံးကျော်၊ မိုးညိုနှင့် ပဏ္ဍဝတို့မှာ သဘောပေါ်မှာပင် အဖွဲ့ကျသွားပြီး တစ်ဦးအကြောင်းတစ်ဦး ပြောကာ ရင်းနှီးခင်မင်သွားကြလေ၏။

"ကျုပ်တို့ သုံးယောက်စလုံးဟာ တစ်ခါမှ ရာဇဝတ်မှု မကျူးလွန်ဖူးကြဘူး၊ ကျူးလွန်မယ့် ကျူးလွန်တော့လည်း တစ်ကျွန်းကျခံရမယ့် ဖြစ်မှုကြီးမျိုး ကျူးလွန်မိကြတယ် ဘဝတူတွေပါပဲဗျာ"

"ဟုတ်တယ် ပဏ္ဍဝ ... တကယ်တော့ ကျုပ်တို့ရဲ့ ကိုယ်ကျင့်တရားဆိုးဝါးလို့ ခုလိုဘဝမျိုး ရောက်ရတာမဟုတ်ဘူးဗျ၊ မတရားလုပ်သူတွေကြောင့် ဒီအဖြစ်မျိုး ကြုံရတာ"

"မိုးညိုပြောတာ မှန်တယ် ... မတရားမှုတွေကတော့ အပြင်မှာသာမက ထောင်ထဲမှာပါ တွေ့ကြုံခဲ့ရတာပဲ၊ တစ်ကျွန်းရောက်ရင်လည်း ကြုံရဦးမယ်ထင်တယ်"

"တိုင်းလုံးကျော်ရေ ဘာပဲဖြစ်ဖြစ် ဘယ်လိုအခက်အခဲပြဿနာမျိုး ကြုံရသည်ဖြစ်စေ ... ကျုပ်တို့သုံးယောက် စည်းစည်းလုံးလုံးနဲ့ ရင်ဆိုင်ကြမယ်ဗျာ၊ ကျုပ်တို့ လက်တွဲညီရင် ဘာမှမှုစရာ မလိုဘူး"

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"စိန်လိုက်ဗျာ ... ကျုပ်ကတော့ ညီပြီးသားပဲ"

"ဟုတ်တယ် ... ကျုပ်လည်း ညီစေရမယ်"

✱ ✱ ✱





## တစ်ကျွန်းမြေမှ အသက်လုပွဲများ

တစ်ကျွန်းတွင် အကျဉ်းစခန်း၏လုပ်ငန်းခွင်၌ နံနက်ပိုင်း အလုပ်ဝင်ကြရပြီး ညနေပိုင်းမှာမူ အကျဉ်းသားတို့မှာ လွတ်လပ်စွာ နေထိုင်နိုင်လျက် မိမိတို့ နှစ်သက်ရာအလုပ်ကို လုပ်ကိုင်ခွင့် ရကြလေသည်။

ပဏ္ဍဝ၊ မိုးညိုနှင့် တိုင်းလုံးကျော်တို့မှာ အက်ဒမန် ကျွန်းသား သစ်ကုန်သည်ကြီးထံတွင် အလုပ်ဝင်ကြပြီး တောထဲမှ ခုတ်တွင်ရရှိသော သစ်တို့ကို ယင်းသစ်ကုန်သည်ကြီးထံ ပေး သွင်းခြင်းဖြင့် ငွေကြေးများရရှိကာ အတော်အတန် အူစိုကြလေ သည်။

သူတို့သုံးဦးမှာ မြွေကင်းများ၊ အဆိပ်ဆူးများနှင့် တော ရွာတို့၏ ကြောက်မက်ဖွယ်အန္တရာယ်အသွယ်သွယ်ကြား၌ တော



www.burmeseclassic.com

www.burmeseclassic.com



နက်ထဲတိုးကာ သစ်ကောင်းဝါးကောင်းတို့ကို ရဲဝံ့စွာ ရှာဖွေခုတ် ထွင်ရာ၌လည်း အတူတူ၊ ရရှိလာသောငွေကြေးတို့ဖြင့် ပို့ဘလ် ယားမြို့သို့သွားပြီး သောက်စားသုံးဖြုန်းရာ၌လည်း အတူတူ မခွဲမခွာရှိကြကာ အတွဲညီလှသော သူငယ်ချင်းမိတ်ဆွေများ ဖြစ်လာကြတော့၏။

လူကြမ်းလူရမ်းတို့ဖြင့် လူမျိုးစုံ၊ စရိုက်စုံလှသော ယင်း ကျွန်းကြီးပေါ်တွင် ကြီးနိုင်ငယ်ညှဉ်းပြဿနာများလည်း နေ့စဉ်လို ဖြစ်ပွားလျက်ရှိရာ ထောင်ဝါဒါတို့ကလည်း အလုပ်ခွင်အတွင်း မှာသာ ကြီးကြပ်ကြပြီး အကျဉ်းဌာန၏အလုပ်ချိန် ကုန်ဆုံးပြီးပါက လျစ်လျူရှုထားကြရာ တစ်ကျွန်းကျလူမိုက် လူရမ်းကားတို့အချင်း ချင်း ပြဿနာများ မကြာခဏ ဖြစ်ပွားလေ့ရှိကြလေ၏။

ပဏ္ဏဝတို့သုံးဦးမှာမူ လူညီသဖြင့် တော်ရုံလူက မစော် ကားရဲပေ။ စော်ကားလာသမျှကိုလည်း တက်ညီလက်ညီ တွန်း လှန်ခဲ့ကြ၏။

ပဏ္ဏဝမှာ မူလစရိုက်အားဖြင့် အနေရိုးလှသော်လည်း သတ္တိခေသူတော့ မဟုတ်ပေ။ တစ်ကျွန်းကျသူများတွင် ပညာရှင် မျိုးစုံလည်း ပါရာ ထိုသူတို့ထံမှ ပညာစုံရပြီး သူသည်လည်း အသိဉာဏ်ပွင့်လင်းလာကာ ထက်ထက်မြက်မြက် တွေးခေါ်တတ် လာ၏။





လူတို့၏ ကောက်ကွေ့သောသဘော သဘာဝလောက ၏ မာယာတို့ကို ထောင်နှင့်တစ်ကျွန်းအကျဉ်းစခန်းတို့မှ အတွေ့ အကြုံတို့အရ သိလာရ၏။ သို့ဖြင့် သူသည် ယခင်က ပဏ္ဏဝ မဟုတ်တော့ဘဲ တစ်ကျွန်းမှာ သုံးနှစ်ကျော် နေလာပြီးနောက် မှာမူ သွက်လက်ထက်မြက်သူတစ်ဦး ဖြစ်လာတော့သည်။

တစ်ကျွန်းတွင်ကြုံရသည့်ရန်ပွဲများတွင် ယခင်က မိုးညို နှင့် တိုင်းလုံးကျော်တို့က ဦးဆောင်လေ့ရှိသော်လည်း နောက်ပိုင်း ရန်ပွဲများ၌ ပဏ္ဏဝက ဦးဆောင်လာခဲ့တော့၏။ ရန်ပွဲတွေ နွှဲရ ဖန်များသဖြင့် အသတ်အပုတ်လည်း အတော်ကျွမ်းကျင်လာကြ သည်။

ပို့ဘလ်ယားမြို့စွန်မှ အရက်ဆိုင်တွင် ပထန်ကြီးတို့အုပ်စု နှင့် ဖြစ်ပွားသောရန်ပွဲမှာ သူတို့သုံးဦးအတွက် အကြီးအကျယ်ဆုံး ရန်ပွဲဖြစ်ပြီး ယင်းရန်ပွဲ၌ ပဏ္ဏဝ၏ ရဲရင့်ပြတ်သားသော ဦးဆောင် မှုကြောင့် သူတို့သုံးဦး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဖြစ်ပွားပုံမှာ တစ်ညနေတွင် အဆိုပါပင်လယ်ကမ်းပါး အနီးမှ အရက်ဆိုင်၌ သူတို့သုံးဦး အပန်းဖြေလျက် အရက် သောက်နေကြစဉ် အရပ်ခြောက်ပေခန့်မြင့်မားသည့် ပထန်ကြီး များနှင့် နောက်လိုက်တပည့်လူမိုက်အုပ်စုတစ်စု ဆိုင်ထဲသို့ ဝင်ရောက်လာကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မူဆာသည်ကား ပို့ဘလ်ယား၏အနောက်ဘက် ပင်လယ်ကမ်းခြေအပိုင်းတွင် နာမည်ကြီးတစ်ဦးဖြစ်၏။

သူသည် အကျဉ်းသားတစ်ဦးမဟုတ်ဘဲ အလယ်ကာပွလီ ကျွန်းသား လူမိုက်ခေါင်းဆောင်တစ်ဦးသာဖြစ်၏။ သူ၏ဖခင်မှာ အိန္ဒိယနိုင်ငံ၌ လူသတ်မှုကျူးလွန်ပြီး တစ်ကျွန်းကျလာရာမှ ကာပွလီကျွန်းသူတစ်ဦးနှင့် အိမ်ထောင်ကျကာ မူဆာကိုမွေးဖွား လာခြင်း ဖြစ်သည်။

* မူဆာသည် ဖခင်ထံမှ ဆိုးမွေကိုရရှိထားပြီး ငယ်စဉ်ကတည်းက ဆိုးသွမ်းလာသော ကျွန်းသားလူမိုက်ဖြစ်၏။

သူသည် သူ၏တပည့်များနှင့်အတူ တောင်ကာပွလီကျွန်းတွင် သစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ရင်း ပဏ္ဏဝတို့၏ အလုပ်ရှင် သစ်ကုန်သည်ကြီးဆွာရာနှင့် စီးပွားပြိုင်ဖက်၊ လုပ်ငန်း ပြိုင်ဖက် ဖြစ်လာ၏။

ထို့ကြောင့် သူက ဆွာရာ၏အလုပ်သမားများဖြစ်ကြသော ပဏ္ဏဝတို့လူစုကို စကတည်းက အမြင်မကြည်ပေ။

ယခုတော့ . . .

သူ အမြင်မကြည်လှသော ပဏ္ဏဝတို့လူစုနှင့် ကမ်းပါးနီ အရက်ဆိုင်မှာ ဆုံချေပြီ။

ပထန်ကြီးမူဆာတို့အုပ်စု ဝင်လာသည်နှင့် အရက်





သောက်နေသူတို့မှာ ငွေရှင်းပြီး ဆိုင်ထဲမှ အလျှိုအလျှို ထွက်ခွာသွားကြရာ နောက်ဆုံးတွင် ပဏ္ဏဝတို့သုံးဦးသာ ကျန်ရစ်ခဲ့တော့သည်။

မူးလာလျှင် မူဆာမှာ ပြဿနာရှာတတ်ပြီး သူ၏တပည့်လူမိုက်အုပ်စုကလည်း တောင့်သဖြင့် တော်ရုံလူတို့မှာ သူနှင့် ထိပ်တိုက်တွေ့ရမည့်အရေးကို ရှောင်ဖယ်သွားကြလေ့ရှိ၏။

ပဏ္ဏဝတို့ကမူ မူဆာသော ဘာသော ဂရုမစိုက်ဘဲ အရက်ကို အေးအေးဆေးဆေး ဖိမ်ဆွဲသောက်နေရာ မူဆာက သူ့ကို ပမာမခန့်လုပ်နေကြသည်ဟု ယူဆလာ၏။

"ဟော့ကောင်တွေ . . . ဟိုကောင်သုံးကောင်ဟာ ဆွာရာရဲ့ကျွန်တွေ မဟုတ်လားကွ . . . ဟေ"

'ဒုန်း'

မူဆာက အရက်ခွက်ကို စားပွဲပေါ်ဆောင့်ချလိုက်ပြီး ပဏ္ဏဝတို့ဘက်သို့ မေးဆတ်ပြကာ ကျယ်ကျယ်လောင်လောင် အော်ဟစ်မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် ဆရာမူဆာ၊ ဆွာရာရဲ့ ကျွန်သုံးကောင်ပဲ"

မူဆာတို့က ကျွန်းသားတို့၏ဘာသာစကားဖြင့် ပြောဆိုနေကြခြင်းဖြစ်သော်လည်း ကာပွလီကျွန်းတွင် သုံးနှစ်ကျော်မျှ ကျွန်းသားတို့အကြား နေလာရသည့် ပဏ္ဏဝတို့မှာ သူတို့စကား



www.burmeseclassic.com

www.burmeseclassic.com



ကို နားလည်ရုံမက ကျွမ်းကျင်စွာ ပြောတတ်နေကြပြီဖြစ်၏။

"ဒါကြောင့် ဒီဆိုင်ထဲမှာ ကျွန်စော်နံနေတာကွ ... ထွီ"

မူဆာ၏ ရင့်သီးစော်ကားလှသောစကားကြောင့် ပဏ္ဏဝက ပြုံးလိုက်ပြီး မူဆာတို့ဝိုင်းဘက်သို့ လှည့်ကာ ခပ်အေးအေး ပြောလိုက်လေ၏။

"ဟုတ်လား မူဆာ ... မင်းရဲ့အဖေလည်း ကျွန်တစ်ယောက်ပဲ မဟုတ်လား၊ အကျဉ်းသားအဖြစ် ဒီကပ္ပလီကျွန်းကို ရောက်လာတုန်းက ငါတို့လိုပဲ သစ်ကုန်သည်တစ်ယောက်ဆီမှာ အလုပ်ဝင်ခဲ့ရတဲ့ ကျွန်ပဲ မဟုတ်လားကွ၊ မင်းက ကျွန်ကမွေးတော့ ကျွန်သားပေါက် မဟုတ်ဘူးလား ... ဟား ဟား ဟား"

ပဏ္ဏဝ၏စကားအဆုံးတွင် မူဆာသည် ထိုင်နေရာမှ ဝုန်းခနဲထပြီး လက်ထဲမှ အရက်ခွက်ဖြင့် ပဏ္ဏဝအား ပစ်ပေါက်ထည့်လိုက်တော့၏။

အရက်ခွက်ပြေးဝင်လာသည်ကို သိသော်လည်း ပဏ္ဏဝက လုံးဝရှောင်ရှားခြင်းမပြုချေ။ အရက်ခွက်က သူ့နားရွက်နံဘေးမှ ဝီခနဲထွက်သွားကာ သစ်သားနံရံကို ထိပြီး ကွဲကြေသွားတော့၏။

'ခွမ်း'

ပဏ္ဏဝ၏သတ္တိကို မူဆာတို့လူစု အနည်းငယ် ဖြုံသွား၏။





မူဆာက အရက်ပုလင်းတစ်လုံးကို လည်ပင်းမှကိုင်ပြီး ဝဏ္ဏဝထံ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လှမ်းလာရာ သူ့တပည့် လူမိုက်ခုနစ်ယောက်ကပါ ခါးကြားမှ ဓားမြှောင်များ ထုတ်လျက် လိုက်ပါလာကြတော့၏။

ဆိုင်ရှင်မှာ သူ့ဆိုင်ထဲတွင် လူသတ်ပွဲကြီး ကြိမ်းသေဖြစ်တော့မည်ကို သိသဖြင့် ဆိုင်ထဲမှ တရောသောပါး ထွက်ပြေးတော့သည်။

ပဏ္ဏဝက သောက်လက်စ အရက်ခွက်ကို လက်မှာကိုင်ရင်း ထိုင်ရာမှ အေးဆေးစွာ ထရပ်လိုက်၏။

တိုင်းလုံးကျော်နှင့်မိုးညိုတို့ကလည်း အရက်ပုလင်းများကို ကိုယ်စီကောက်ကိုင်ကာ အသင့်ပြင်လိုက်ကြပြီ။

မူဆာ အနီးသို့ရောက်လာသည့်တိုင် ပဏ္ဏဝက အေးဆေးစွာပင် အရက်ကို မော့သောက်လိုက်သည်။

"လူပါးဝလို့ ... ကဲကွာ"

မူဆာက အော်ဟစ်ကြိမ်းဝါးလိုက်ပြီး လက်ထဲမှပုလင်းဖြင့် ပဏ္ဏဝ၏ခေါင်းကို လွှဲရိုက်ချလိုက်တော့၏။

ပဏ္ဏဝက ဒူးတစ်ဖက်ညွှတ်ကာ ရုတ်ခနဲ ရှောင်လိုက်ပြီးလျှင် လက်ထဲမှအရက်ဖြင့် မူဆာ၏မျက်နှာကို ဖြန်းခနဲ ပစ်ထည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မူဆာမှာ မျက်လုံးစပ်သွားပြီး လက်နှစ်ဖက်ဖြင့် မျက်လုံးတို့ကို ကမန်းကတန်း ပွတ်လိုက်စဉ် ပဏ္ဍဝက မူဆာ၏ဆီးခုံကို ပင့်ဒူးဖြင့် အားပါးတရ ပင့်တိုက်လိုက်တော့၏။

'ဒုတ်'

"အဘား ဘား"

မူဆာမှာ အသံနက်ကြီးဖြင့် အော်လိုက်ရင်း ဆီးခုံကို လက်နှစ်ဖက်ဖြင့် အုပ်ကိုင်ကာ ကုန်းကုန်းကိုင်းကိုင်းကြီး ဖြစ်သွားစဉ် ပဏ္ဍဝက မူဆာ၏ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး မူဆာအား နောက်ဘက်မှချုပ်ကိုင်ကာ လည်ပင်းပေါ် ဓားသွားတင်လိုက်လေသည်။ ပြီးလျှင် မူဆာ၏တပည့် လူမိုက်တို့အား အော်ဟစ်အမိန့်ပေးလိုက်တော့၏။

"ဟေ့ကောင်တွေ . . . မင်းတို့ရဲ့လက်ထဲက ဓားမြှောင်တွေကို ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်စမ်း။ မလွှင့်ပစ်ရင် မင်းတို့ဆရာရဲ့လည်ပင်းကို လှီးဖြတ်လိုက်မယ်"

ပဏ္ဍဝ၏သွင်ပြင်ဟန်က ဘီလူးတစ်ကောင်နှယ် ကြမ်းတမ်းခက်ထန်လှပြီး အမိန့်ပေးသံကလည်း ပြတ်သားမာကျောလှရာ မူဆာ၏တပည့်တို့မှာ မငြင်းဆန်ဝံ့တော့ဘဲ လက်ထဲမှဓားမြှောင်တို့ကို ပြတင်းပေါက်ဝမှ လွှင့်ပစ်လိုက်ကြရတော့၏။

ထိုအခါမှ ပဏ္ဍဝက သူ့လူနှစ်ယောက်အား မျက်ရိပ်ပြ





လိုက်ပြီး မူဆာ၏နောက်စေ့ကို ဓားနောင့်ဖြင့် ထုချလိုက်တော့သည်။

'ခွပ်'

'အူး'

မူဆာ လဲကျသွားသည်နှင့် ပဏ္ဍဝသည် လက်ထဲမှ ဓားမြှောင်ကို ပြတင်းဝမှ လွှင့်ပစ်လိုက်ပြီးလျှင် အနီးဆုံးမှ လူမိုက်တစ်ဦးအား ဝိုက်လက်သီးဖြင့် ထိုးချလိုက်တော့၏။

'ခွပ်'

"အား"

ထို့နောက်မှာမူ တိုင်းလုံးကျော်နှင့်မိုးညိုတို့ကပါ ပုလင်းတို့ဖြင့် လူမိုက်တို့အား လျင်မြန်စွာရိုက်ကာ လျှပ်တစ်ပြက် တိုက်နိုက်ကြတော့၏။

'ခွပ်'

'ဖောင်း'

'ဖြောင်း'

"အား လား လား"

တိုက်ခိုက်သံ၊ ကွဲရှသံ၊ အော်ဟစ်ညည်းတွားသံတို့ ဆူညံစွာထွက်ပေါ်လျက် တစ်ဆိုင်လုံး ပြောင်းဆန်သွားကာ ခဏအကြာမှာပင် တိုက်ပွဲက ပြီးဆုံးသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဍာဝတို့သုံးဦး ကမ်းပါးနီဆိုင်ထဲမှ ထွက်လာကြတော့ မှုဆာတို့လူစုမှာ အရက်ဆိုင်ကြမ်းပြင်ပေါ်တွင် ဖရိုဖရဲ ပြိုလဲလျက် သွေးသံရဲရဲဖြင့် ကျန်ရစ်ခဲ့ကြပါတော့၏။

ယင်းအချိန်မှစ၍ ပဏ္ဍာဝတို့ သွေးသောက်ရဲဘော်သုံးဦးကို အက်ဒမန်ကျွန်းမှ မည်သည့်လူမိုက်အုပ်စုကမျှ ရန်စစော်ကားမှု မပြုရဲကြတော့ပေ။

✵ ✵ ✵



လျှို့ဝှက်ရတနာ

ယခုတစ်လော အိန္ဒိယပြည်မကြီးမှ သစ်ကုန်သည်တို့က သစ်ကနက်သားများ အော်ဒါအမှာများသဖြင့် ပဏ္ဍာဝတို့၏ အလုပ်ရှင် သစ်ထုတ်လုပ်ငန်းရှင်ကြီး ဆွာရာက ပဏ္ဍာဝတို့အား သစ်ကနက်သား များများရအောင် ရှာဖွေရန် မှာကြားထား၏။ သစ်ကနက်သားရလျှင် လုပ်ခနှစ်ဆပေးမည်ဟု ပြောသဖြင့် သည်တစ်ခါ တောနက်နက်ထဲဝင်ကာ သစ်ကနက်သားတစ်မျိုးတည်း ရှာဖွေခုတ်ယူရန် ပဏ္ဍာဝတို့သူငယ်ချင်းသုံးဦး ဆုံးဖြတ်ထားကြ၏။

သို့ဖြင့် တစ်နေ့လယ်တွင် အကျဉ်းစခန်း၏အလုပ်ခွင်ဖြစ်သော မွေးမြူရေးခြံ၌ အလုပ်ဝင်ပြီး အလုပ်နားချိန်တွင် နံနက်စာစားသောက်ကြရင်း သူတို့သုံးယောက် တိုင်ပင်ကြလေသည်။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"မိုးကြီးရေ ... ကျုပ်တို့ သစ်ကနက်သားများများရဖို့ ဒီကျွန်းရဲ့အရှေ့ဘက်တောထဲ ဝင်ကြရအောင်"

"ဟ ... ဖြစ်ပါ့မလား ဝကြီးရဲ့၊ ဒီကျွန်းရဲ့အရှေ့ဘက်တောနက်ထဲမှာ ပစ်ဂမီလူပုလေးတွေ ရှိတယ်တဲ့၊ အဲဒီလူပုလေးတွေက သိပ်ဆိုးဆိုပဲ၊ သူတို့လက်ထဲမိသွားလို့ကတော့ အရှင်လတ်လတ် ငရဲကျသလို ဖြစ်သွားမယ်နော်"

"ဟုတ်တယ် ... မိုးကြီးပြောတာမှန်တယ် ဝကြီး၊ အဲဒီလူပုလေးတွေက လူသားပါ စားတာတဲ့ကွ၊ ဖြစ်မယ်မထင်ဘူး"

"ကျော်ကြီးရာ ... အဲဒီလူပုမှင်စာလေးတွေများ ဂရုစိုက်လို့"

"ဟ ... ဂရုမစိုက်လို့ ဖြစ်မလား ဝကြီးရဲ့၊ သူတို့ရဲ့အဆိပ်လူးမြှားက တစ်ချွေ့ခုန်အဆိပ်ထက် ပြင်းတယ်တဲ့၊ ကျုပ်တို့မှာ ဓားလောက်, လှံပေါက်ဆိန်လောက်ပဲပါတာ၊ သူတို့ကလေးတွေ, မြှားတွေနဲ့"

"ဘာပဲဖြစ်ဖြစ် သစ်ကနက်သားများများက ကျွန်းအရှေ့ပိုင်းမှာမှရှိတာ၊ ကျုပ်တော့ အဲဒီတောဘက်ပဲ သွားရှာချင်တယ်"

ပဏ္ဍဝက ဆန္ဒပြင်းပြနေသဖြင့် မိုးညိုနှင့်တိုင်းလုံးကျော်တို့လည်း ဆန့်ကျင်ဘက် မပြုကြတော့ဘဲ ကျွန်း၏ရှေ့ပိုင်းတောနက်ထဲဝင်ရန် သဘောတူလိုက်ကြလေတော့၏။





သို့ဖြင့် ထမင်းစားပြီးသည်နှင့် သူတို့ ရဲသုံးဖော်သည် လက်နက်ကရိယာအပြည့်အစုံ ယူဆောင်ပြီးလျှင် အက်ဒမန်ကျွန်း၏ ရှေ့ပိုင်း တောနက်ကြီးထဲသို့ တိုးဝင်ခဲ့ကြတော့၏။

အမှန်တော့ ယင်းကျွန်း၏ အရှေ့ပိုင်းတောနက်တို့ထဲ၌ လူသားစားလူပုလူရိုင်းများ ရှိသဖြင့် မည်သည့်အကျဉ်းသားကိုမျှ အာဏာပိုင်တို့က သွားခွင့်မပြုပေ။

ယခုတော့ အန္တရာယ်ကြီးမားလှသော ကန့်သတ်နယ်မြေထဲကိုမှ ပဏ္ဍဝတို့ သွေးသောက်ရဲဘော်သုံးဦးက ရဲဝံ့စွာ ဝင်ရောက်ခဲ့ကြချေပြီတည်း။

✵

အက်ဒမန်ကျွန်းအား နယ်ချဲ့ဗြိတိသျှအစိုးရတပ်များ တက်ရောက်သိမ်းပိုက်ကတည်းက ကျွန်း၏အရှေ့ပိုင်းတွင် အန္တရာယ်ကြီးမားလှသော ပစ်ဂမီလူပုလူရိုင်းလေးများ ရှိသည်ကို သိပြီးဖြစ်၏။

ယင်းလူရိုင်းပုလေးများမှာ လွန်စွာရက်စက်ကြမ်းကြုတ်သော လူသားစားလူရိုင်းများဖြစ်ကြရာ ၎င်းတို့ကို တောနက်ကာ



www.burmeseclassic.com

www.burmeseclassic.com



အပြတ်ရှင်းပစ်နိုင်သော်လည်း ဗြိတိသျှအစိုးရက ရှင်းလင်းခြင်း မပြုခဲ့ပေ။

ထိုသို့ မရှင်းလင်းခြင်းမှာ လူသားချင်း စာနာလို့တော့ ဟုတ်ဟန်မတူပေ။ အက်ဒမန်ကျွန်း၌ နှစ်ကြီးတစ်ကျွန်းကျ အကျဉ်းသားများကိုထားရန် ရည်ရွယ်ထားသဖြင့် အကျဉ်းသားတို့ ကျွန်း၏အရှေ့ပိုင်းသို့ ထွက်မပြေးနိုင်စေရန် အဆိုပါ ပစ်ဂမီ လူရိုင်းပုလေးများကို မွေးထားခြင်း ဖြစ်နိုင်၏။

ကျွန်း၏အလယ်ပိုင်းနှင့် အနောက်ပိုင်း၊ တောင်ပိုင်း မြောက်ပိုင်းတို့တွင် အကျဉ်းစခန်းများ၊ မွေးမြူရေးစခန်းများ အုန်းဆံကြိုးကျစ်စက်ရုံများ။ ကျွန်းသူကျွန်းသားတို့၏ နေအိမ်များ ရှိပြီး လက်နက်ကိုင် အစောင့်အရှောက်များလည်း ထားရှိသဖြင့် တစ်ကျွန်းမှ ထွက်ပြေးရန် ကြံစည်သူများအဖို့ မလွယ်ကူလှပေ။

ပစ်ဂမီများရှိသည့် တောတောင်ထူထပ်လှသော ကျွန်း၏ အရှေ့ပိုင်းမှ ဖောက်ထွက်ရန်လည်း မကြံစည်ဝံ့ကြချေ။ အကျဉ်းသားတို့က ယင်းကျွန်း၏ရှေ့ပိုင်းကို သေမင်းနယ်မြေ၊ သေမင်းဇုန်ဟု ခေါ်ဆို ကြ၏။ ကျွန်း၏ရှေ့ပိုင်းသို့ ဖောက်ထွက်သူတို့မှာ မပြန်လမ်းသို့ မြန်းရစမြဲဖြစ်သည်။

ကျွန်း၏ရှေ့ပိုင်းတစ်ပိုင်းလုံးကို ဖုံးလွှမ်းထားသည့် သုံးမိုင်ခန့်ကျယ်ဝန်းသော တောအုပ်ကြီးမှာ နက်ရှိုင်းလှသည်နှင့်အမျှ





အဆိပ်ပင်အမျိုးမျိုး၊ အနံ့ရရုံနှင့် မူးမေ့သွားစေသည့် ပန်းအမျိုးမျိုး၊ အဆိပ်ရှိသော ဆင်လိပ်ပြာများလည်း ရှိသည့်အပြင် ကျား သစ်နက်နှင့် တောခွေးကဲ့သို့ တောရိုင်းသတ္တဝါများလည်း ရှိလေ၏။ တောကြီးမြွေဟောက်၊ ပင်လယ်မြွေဟောက်၊ စပါးကြီးမြွေတို့ အပြင် ကင်းများ၊ ပဒူကောင်များပါ နေရာအနှံ့ရှိရာ အန္တရာယ်ကြီး မားလှပေ၏။

ထိုသို့သောအန္တရာယ်တို့ထက် ပိုမိုကြောက်မက်ဖွယ် ကောင်းသော လူသားစားပစ်ဂမီလူပုလူရိုင်းလေးများက လျှို့ဝှက်စွာ နေထိုင်ခိုအောင်းနေကြရာ တစ်ကျွန်းကျအကျဉ်းသားများ အတွက် မဟာတံတိုင်းကြီး ဖြစ်နေတော့သည်။

ပဏ္ဍုဝတို့ကမူ ယင်းမဟာတံတိုင်းကိုဖြတ်ရန် သေမင်း ဇုန်ထဲ ဝင်တိုးခဲ့ကြချေပြီ။

သူတို့သည် ဘေးအန္တရာယ်အမျိုးမျိုးကို သတိကြီးစွာ ထားရင်း တောနက်ထဲ တစ်စတစ်စ တိုးဝင်လာကာ သစ်ကနက် သားကို ကြိုးစားရှာဖွေကြလေသည်။

ယင်းသို့ ရှာဖွေရင်း ကြုံလာသည့်အန္တရာယ်တို့ကို သူတို့ သုံးဦးသား တက်ညီလက်ညီ ရင်ဆိုင်ဖြေရှင်းခဲ့ကြသည်သာ။

"ဟာ ...ဒီမှာ သစ်ကနက်ပင်တွေကွ"

"ဟုတ်တယ်ဟေ့ ...ဒီမှာ အများကြီးပဲ၊ ကျုပ်တို့တော့

www.burmeseclassic.com



မှုပြီကွ''

သူတို့သည် သစ်ကနက်သားကို လောဘတကြီး ရှာဖွေကြရင်း တောနက်ထဲ ရောက်မှန်းမသိ ရောက်လာခဲ့ကြရာ ညနေစောင်းလာချိန်တွင် သစ်ကနက်သားတို့ကို ကြိုးတို့ဖြင့် စုစည်းချည်ပြီး ထမ်းကာ တောထဲမှ ပြန်ထွက်ရန်ကြိုးစားကြသည့်အခါမှာမူ မူလလာရာလမ်းကို မမှတ်မိတော့ချေ။

''ဟာ ... ကျုပ်တို့တော့ မျက်စိလည်ပြီဟေ့''

သူတို့ မှန်းဆရင်းဆလာကြရင်း လှိုဏ်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားကြတော့၏။

''ကျုပ်တို့တော့ ဒုက္ခဖြစ်ပြီဟေ့၊ မကြာခင် မှောင်တော့မယ်၊ ဒီတောကြီးထဲကလည်း ထွက်လို့မရတော့ဘူး ... ဘယ်လိုလုပ်ကြမလဲ''

သူတို့ ယောင်ချာချာဖြစ်ရင်း မိုးချုပ်လာ၏။

နောက်ဆုံး သက်ရင့်ပင်ကြီးတစ်ပင်၏အပေါ်သို့ တက်ကာ အိပ်စက်လိုက်ကြရတော့သည်။

ခြင်၊ မှက်များကိုက်သည့်ဒဏ်ကို အလူးအလဲခံရင်း ညဉ့်နက်သည့်တိုင် အိပ်မရဖြစ်နေကြစဉ် အဝေးဆီမှ ထူးခြားသောဗုံသံတို့ကို သဲ့သဲ့ကြားလာရတော့၏။

'ဗုံ ဗုံ ဗုံ ဗုံ'

ခု နှစ် စဉ် ကြယ် တာ ပေ



''ဟာ ဝကြီး ... ဗုံသံတွေပါလားကွ''

''ဟုတ်တယ် ကျော်ကြီး ... အဲဒါ ပစ်ဂမီတွေရဲ့ဗုံသံပဲဖြစ်မယ်''

''ဟေ့ ... ဘာမှမစိုးရိမ်နဲ့၊ အဲဒီဗုံသံဟာ အန္တရာယ်တွေ့လို့ တီးခတ်တဲ့ဗုံသံမျိုး မဟုတ်ဘူး၊ လူရိုင်းတွေ ပွဲတော်တစ်ခုခုလုပ်ရင် တီးခတ်တဲ့ဗုံသံမျိုး''

''ဟ ... မောင်ရင်က ဘယ်လိုခွဲခြားပြီးသိနေတာလဲ မိုးကြီးရဲ့''

''ကျုပ် ပင်လယ်ထဲ တံငါလေ့လိုက်ရင်း ဘင်္ဂလားပင်လယ်အော်ထဲက လူရိုင်းကျွန်းတစ်ကျွန်းကို ရောက်သွားဖူးတယ်၊ အဲဒီကျွန်းက လူရိုင်းတွေက သိပ်အရိုင်းကြီးမဟုတ်လို့ ကျုပ်တို့နဲ့ မိတ်ဆွေတွေ ဖြစ်ခဲ့ကြပါတယ်၊ သူတို့က ကျုပ်တို့ကို မီးပုံပွဲပြုလုပ်ပြီး ညှိုခံခဲ့ကြတယ်၊ အဲဒီတုန်းက သူတို့တီးတဲ့ ဗုံသံဟာ အခုကြားနေရတဲ့ဗုံသံမျိုးပဲ''

''ဒါဆို ဗုံသံကြားရာဆီ သွားကြည့်ကြရအောင်၊ သူတို့ ပွဲတော် ဘယ်လိုကျင်းပကြသလဲဆိုတာ သိရတာပေါ့၊ ပြီးတော့ ပစ်ဂမီတွေကိုလည်း မြင်ဖူး တွေ့ဖူးတာပေါ့''

''အာ ဝကြီးရာ ... လုပ်ပြန်ပြီ၊ မောင်ရင်ဟာ အသက်ဆန်းကို ဆန်းချင်တယ်''

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ကျုပ်က စူးစမ်းရ စွန့်စားရတာကို ဝါသနာပါတယ်၊ မောင်ရင်တို့မလိုက်လည်း ကျုပ်တစ်ယောက်တည်းသွားမယ်"

နောက်ဆုံးတွင် ဖွတ်တရှုတ်နိုင်လှသော ပဏ္ဍဝ၏အလိုကို လိုက်ကာ တိုင်းလုံးကျော်နှင့် မိုးညိုတို့မှာ မုံသံကြားရာဆီ လရောင်ကို အားပြုပြီး ရှာဖွေသွားရောက်ရန် သစ်ပင်ပေါ်မှ ဆင်းခဲ့ကြရပါတော့သတည်း။

✵

ပဏ္ဍဝ၊ မိုးညိုနှင့် တိုင်းလုံးကျော်တို့သုံးဦးသည် လရောင်ကိုအားပြုလျက် မုံသံကြားရာဆီ ဦးတည်ကာ ခပ်သွက်သွက် လျှောက်လှမ်းလာခဲ့ကြလေ၏။

သူတို့က အောက်ပေါင်းခနွယ်ပင်တို့ ရှုပ်ထွေးသည့် သစ်တောကို တိုးလာရင်း မကြာမီမှာပင် အောက်ခြေရှင်းသည့် ကျောက်တောင်ကျောက်ဆောင်ကုန်းဘက်သို့ ရောက်ရှိသွားရာ ဖွေးထင်းသောလပြည့်လရောင်ကြောင့် ခရီးအတော်လေး တွင်လာသည်။





ခထူးချုံအချို့သာရှိသည့် ကျောက်တောင်ကုန်းများကြားမှ ကွေ့ပတ်လာခဲ့ကြရာ မုံသံတို့နှင့် အတော်နီးကပ်လာပြီဖြစ်၏။

သို့ဖြင့် ကျောက်တောင်ကုန်းမြင့်တစ်ခုအပေါ် ကွေ့ပတ်တက်လာပြီးသည့်အခါမှာမူ ရှေ့ဆီမှ ချိုင့်ဝှမ်းအတွင်းဝယ် မီးရောင်နီနီရဲရဲတို့ လင်းလျက်ရှိသည်ကို တွေ့လာရတော့သည်။

ယင်းချိုင့်ဝှမ်း၏အရှေ့ဘက်အခြမ်းတွင် ကျောက်တောင်တို့က ပစောက်ပုံသဏ္ဌာန် ကွေ့ပတ်တည်ရှိနေပြီး အနောက်ဘက်အခြမ်း၌ မည်းမှောင်နေသည့် သစ်တောအုပ်ကြီးက တည်ရှိနေ၏။

ပေလေးငါးဆယ်ပတ်လည်ခန့် ကျယ်ဝန်းသည့် ချိုင့်ဝှမ်းမြေတလင်းပြောင်ပြောင်၌ မီးလင်းဖိုကြီးတစ်ခု ဖိုထားပြီး အရပ်လေးပေခန့်သာရှိမည့် လူမည်းမည်းပုပုလေးတို့က လှံတံများမြှောက်ကာ မုံသံစည်းချက်နှင့်အညီ ကခုန်လျက်ရှိကြလေသည်။

'မုံ့ မုံ့ မုံ့ မုံ့'

ပစ်ဂမီလူရိုင်းပုလေးတို့မှာ ယောက်ျားများက ခါး၌ သားကောင်သားရေ တစ်ထွာခန့်ကို သားရေကြိုးဖြင့် ပတ်ချည်ထားကြပြီး လက်မောင်းတို့၌ ကြေးကွင်းတစ်ကွင်း သို့မဟုတ် နှစ်ကွင်းစွပ်ထားကြလေ၏။

သူတို့၏ခါး၌ ပေါက်ဆိန်တစ်လက်စီ ချိတ်ဆွဲထားကြ



www.burmeseclassic.com

www.burmeseclassic.com



ကာ ကိုယ်အထက်ပိုင်း ဗလာကျင်းထားကြပြီး ခေါင်းမှ ဆံပင် ရှိင်းရှိင်းတို့ကို ကြက်တောင်မွေးအသွင် ထောင်လျက် စည်းထား ကြလေသည်။

မီးရောင်ဟတ်လျက်ရှိသော သူတို့၏ရုပ်သွင်က ကြီးမား ပွရောင်းသည့် နှာခေါင်း၊ ပြူးကျယ်သောမျက်လုံး၊ ထူသော နှုတ်ခမ်း၊ ဖြူဖွေးကြီးမားသည့် သွားကြီးများဖြင့် ဘီလူးသဘက် နှယ် ကြောက်မက်ဖွယ်အသွင်ဆောင်လျက် ရှိကြချေ၏။

လူရိုင်းမိန်းမများမှာမူ ကိုယ်အထက်ပိုင်းလုံရုံနှင့် ကိုယ် ခန္ဓာအောက်ပိုင်း၌ ဒူးခေါင်းအထိသာရှည်သည့် သားကောင် သားရေကို ဝတ်ဆင်ထားကြလေသည်။

လူရိုင်းမများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးတို့က မီးပုံကြီး၏ ခပ်လှမ်းလှမ်း၌ ဝိုင်းပတ်ထိုင်လျက် ကြည့်ရှုနေကြ ပြီး လူရိုင်းအချို့က ဗုံတို့ကို တီးခတ်လျက်ရှိကာ လူရိုင်းစစ်သည် ငါးဆယ်ခန့်က မီးပုံကြီးကို ပတ်လည်လှည့်လျက် ကခုန်နေကြ လေ၏။

မီးပုံကြီး၏အနောက်ဘက် ဆယ်ပေကျော်ကျော်ခန့် အကွာတွင် သုံးပေခန့်မြင့်သည့် သစ်လုံးတိုင်ရှိပြီး ယင်းသစ်လုံး တိုင်ထိပ်ပေါ်တွင် လူ့အရိုးခေါင်းခွံတစ်ခု တင်ထားကာ အရိုး ခေါင်းပေါ်တွင် ဖယောင်းတိုင်ကြီးတစ်တိုင်ကို စိုက်ထူထွန်းညှိထား





လေသည်။

သားရေဝတ်ရုံကြီးကို ကျောနောက်ဘက်၌ ရှည်လျားစွာ ချထားပြီး ဦးခေါင်းထက်၌ ကျွဲချိုဟုယူဆရသည့် ချိုနှစ်ခုပါသော ခေါင်းဆောင်းကို ဆောင်းထားသည့် နတ်ဆရာဖြစ်ဟန်တူသူက အရိုးခေါင်းကို လူ့အရိုးတစ်ချောင်းဖြင့်ခေါက်ကာ တစ်စုံတစ်ရာကို အသံကျယ်လောင်စွာ ရွတ်ဖတ်လျက်ရှိလေသည်။

အရိုးခေါင်းတင်ထားရာ တိုင်၏ရှေ့တွင်မူ အသားတုံးကြီး တစ်တုံးကို သစ်သားဇျပ်နှင့်ထည့်လျက် နှစ်ပေခန့်မြင့်သည့်တိုင်တို တိုပေါ်တွင် တင်ထားလေသည်။

"အဲဒါ တစ္ဆေကျွေးပွဲ ကျင်းပနေတာဖြစ်မယ်"

လူရိုင်းတို့၏ဓလေ့ကို အထိုက်အလျောက်သိသည့် မိုးညို က ခပ်တိုးတိုးပြောကာ ကျောက်တောင်ထိပ်အစွန်းသို့ သူတို့ တိုးသွားပြီး ပိုမိုနီးကပ်စွာ ငုံ့ကြည့်နေလိုက်ကြလေ၏။

"အဲဒီ အရိုးခေါင်းဟာ သူတို့လူမျိုးနွယ်ရဲ့ သေလွန်သွား တဲ့ နောက်ဆုံးခေါင်းဆောင်ရဲ့ အရိုးခေါင်းပဲ၊ သူတို့မှာ တစ်စုံ တစ်ရာ အန္တရာယ်ကြီးကြီးမားမား ကျရောက်တော့မယ်လို့ နတ် ဆရာက ယူဆတဲ့အခါတိုင်း အဲဒီလိုတစ္ဆေကျွေးပွဲကျင်းပပြီး သေ လွန်သွားတဲ့ခေါင်းဆောင်ဟောင်းဆီ အကူအညီတောင်းတတ်ကြ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ္ဆေဖြစ်နေတဲ့ သူတို့ရဲ့ခေါင်းဆောင်ဟောင်းက လာကူညီစေဖို့ပေါ့ . . . ဟုတ်လား မိုးကြီး"

"ဟုတ်တယ် ဝကြီး"

"ဒါဆို သူတို့မှာ ဘေးအန္တရာယ်ကြီးကြီးမားမား ကျရောက်တော့မယ့် သဘောပေါ့ . . . ဟုတ်လား"

"ဟုတ်တယ် . . . သူတို့က အဲဒီလိုပယောဂဆတဲ့အခါမျိုးမှာ အဲဒီလိုပွဲမျိုး ကျင်းပတတ်ကြတယ်"

သူတို့သုံးဦး ရောက်ရှိနေသည့် ကျောက်တောင်စွန်းမှ ကျောက်ဖျာကြီးမှာ ဖြူဖွေးသန့်ရှင်းလျက်ရှိသည်။ လရောင်က ကျောက်ဖျာပေါ်သို့ ဖွေးထင်းစွာ ကျရောက်လျက်ရှိ၏။ ပင်လယ်ဘက်မှ တိုက်ခတ်လာသောလေပြည်က လွန်စွာအေးမြ လတ်ဆတ်လှသည်။

"ဒီနေရာက အတော်ဖိမ်ကျတဲ့နေရာပဲ၊ လေလေးတဖြူးဖြူးနဲ့ အိပ်တောင်အိပ်ချင်လာပြီ"

တိုင်းလုံးကျော်က ကျောက်ဖျာကြီးပေါ်တွင် ပက်လက်လှန် လဲလျောင်းရင်း လပြည့်ဝန်းကို မော့ကြည့်ကာ ကြည်နူးနှစ်သက်စွာ ပြောလိုက်၏။

"ဟုတ်တယ် . . . ဒီကျောက်ဖျာကြီးက သန့်ရှင်းနေပြီး လေတဖြူးဖြူးကြောင့်လားမသိဘူး ခြင်မှတ်တွေ လုံးဝမကိုက်ဘူး။





တောအုပ်ထဲက သစ်ပင်ခွဆုံနဲ့များ ကွာပ!"

မိုးညိုကလည်း တိုင်းလုံးကျော်၏နံဘေးတွင် လဲလျောင်းရင်း ကြယ်တာရာများကို မော့ကြည့်ကာပြောလိုက်လေသည်။

"ကဲ . . . ဒါဆို ဒီမှာပဲ ဒီတစ်ညအိပ်လိုက်ကြတာပေါ့ မကောင်းဘူးလား"

"အေး . . . ကောင်းတယ်"

"ဟုတ်တယ် . . . ဒီမှာ ဖိမ်ကျတယ်"

ပဋ္ဌာဝ၏အဆိုကို မိုးညိုရော တိုင်းလုံးကျော်ပါ ထောက်ခံလိုက်ကြ၏။

သို့ဖြင့် ပစ်ဂမီတို့၏မုံသံ တတုံတုံတို့ကို ပဋ္ဌသိခံနတ်သား၏ ဗေလုဝနတ်စောင်းသံအလား ထင်မှတ်ကာ နားဆင်ရင်း လမင်းကြီးနှင့်ကြယ်တာရာများကို မော့ကြည့်လျက် ကျောက်ဖျာကြီးပေါ် လဲလျောင်းနေကြသော သူတို့သုံးဦးမှာ ခဏအကြာမှာပင် နှစ်ခြိုက်စွာ အိပ်ပျော်သွားကြပါတော့သတည်း။

✵

အကျဉ်းစခန်းတွင် အလုပ်ခွင်ဝင်ရန် နံနက် ၆ နာရီထိုး



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် အိပ်ရာမှနိုးထနေကျမို့ နောက်တစ်နေ့နံနက် ၆ နာရီခန့်မှာပင် ပဏ္ဍာဝတို့သုံးယောက်စလုံး အိပ်ရာမှ နိုးလာကြတော့၏။

"တော်ပါသေးရဲ့ . . . ဒီနေ့ဟာ ဂျော့ဘုရင်မွေးနေ့ ဟောလီးဒေးမို့၊ နို့မို့ဆို ဒဏ်ပေးခံရမှာကွ"

"ဟုတ်တယ် . . . ဒါပေမဲ့ ကျုပ်တို့ ဒီနေ့တော့ စခန်းကို အရောက်ပြန်မှဖြစ်မယ်"

ပဏ္ဍာဝတို့မှာ လဲလျောင်းနေရာမှ လူးလဲထလိုက်ကြပြီး တိုင်းလုံးကျော်က အညောင်းအညာဆန့်ရင်း ခါးကို ဘယ်ညာလှည့်လိုက်စဉ် သူ၏အကြည့်က ကျောက်တောင်တန်း၏ ဟိုမှာဘက်ရှိ စိမ်းဖန့်ဖန့် ပင်လယ်ပြင်ကြီးဆီသို့ ရောက်ရှိသွားတော့၏။

ပြာလဲ့ကြည်စင်သော ကောင်းကင်မိုးကုပ်စက်ဝိုင်းကို နောက်ခံပြုလျက် စိမ်းနုနေသော ပင်လယ်ပြင်ကျယ်ကြီးထဲတွင် ခပ်ဖြူဖြူအရာဝတ္ထုတစ်ခု ကျွန်းဆီဦးတည်ရွေ့လျားလာနေသည်ကို အမှတ်မထင် တွေ့လိုက်ရရာ တိုင်းလုံးကျော်က မျက်မှောင်ကုတ် ကြည့်လိုက်မိတော့၏။

ထိုအရာက ကျွန်းဆီတရွေ့ရွေ့ ချဉ်းကပ်လာနေရာ တိုင်းလုံးကျော်က မျက်ခုံးတို့ကို ပင့်လိုက်မိပြီး . . .

"ဟင် . . . ရွက်လှေတစ်စင်းပါလား"

ရ နစ် စဉ် ကြယ် တာ ဝေ



ပဏ္ဍာဝနှင့်မိုးညိုတို့က တိုင်းလုံးကျော် လက်ညှိုးညွှန်ပြရာသို့ လှမ်းကြည့်လိုက်ကြလေသည်။

"ဟာ . . . ဟုတ်တယ်၊ ဘယ်ကရွက်လှေပါလိမ့်"

ဤအက်ဒမန်ကျွန်းဝန်းကျင်တွင် အစိုးရမော်တော်ဘုတ်များ မီးသင်္ဘောများကိုသာ တွေ့ရလေ့ရှိပြီး ငါးဖမ်းစက်လှေများကိုလည်း ကျွန်း၏အနောက်ဘက်ပိုင်းတွင်သာ တွေ့ရလေ့ရှိ၏။

ရေငုပ်ကျောက်ဆောင်များပေါများပြီး ကမ်းပေါ်တွင်လည်း လူသားစား ပစ်ဂမီလူရိုင်းပုလေးများရှိသည့်ကျွန်း၏ ဤရှေ့ဘက်အပိုင်းတွင် မီးသင်္ဘောများ၊ မော်တော်ဘုတ်များ၊ ငါးဖမ်းစက်လှေများကို တွေ့ရလေ့မရှိပေ။

ယခုတော့ ရွက်သင်္ဘောကြီးတစ်စင်းက ကျွန်း၏အရှေ့ဘက်တည့်တည့်မှ ရွက်လွှင့်လျက် အဟုန်ပြင်းစွာ ချဉ်းကပ်လာလျက် ရှိချေပြီ။

ထူးဆန်းလျက်ရှိသည်မို့ ယင်းရွက်သင်္ဘောကြီးကို အာရုံစူးစိုက်ကြည့်နေကြသည့် ပဏ္ဍာဝတို့သုံးဦးသားမှာ စောင့်ကြည့်ရင်း အံ့အားပိုသင့်သွားကြရလေသည်။

"ဟာ . . . ပင်လယ်ဓားပြရွက်လှေကြီးပါလား"

ရွက်သင်္ဘောကြီးက ကျွန်းနှင့်နီးလာလေ ရွက်တိုင်ထိပ်မှ အလံနက်ကို ပီပြင်စွာ မြင်ရလေဖြစ်လာ၏။

ရ နစ် စဉ် ကြယ် တာ ဝေ

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်အလံတွင် အဖြူရောင်လူ့အရိုးခေါင်းအား လူ့အရိုးနှစ်ချောင်း ကြက်ခြေခတ်နောက်ခံဖြင့် ထင်ရှားစွာ တွေ့လာရပြီဖြစ်သည်။

ပင်လယ်ဓားပြရွက်သင်္ဘောကြီးသည် ကမ်းခြေနှင့် ကိုက်နှစ်ရာခန့်အကွာတွင်ရပ်တန့်သွားပြီး ခဏအကြာ၌ လှေနှစ်စင်းသည် ရွက်သင်္ဘောကြီးဆီမှ ကမ်းခြေဘက်သို့ထွက်လာသည်ကို မြင်ရ၏။

ကျွန်း၏ သည်မှာဘက်ကမ်းခြေမှာ ရေတိမ်ပြီး ရေငုပ်ကျောက်ဆောင်များ၊ သန္တာကျောက်တန်း ကျောက်ဆူးများပေါ်များလှသဖြင့် ရွက်သင်္ဘောကြီးက ကမ်းသို့ ကပ်၍မရချေ။

ထို့ကြောင့် ပင်လယ်ဓားပြတို့သည် သင်္ဘောကို ကျောက်ချရပ်နားထားပြီး လှေနှစ်စင်းဖြင့် ကမ်းခြေဆီ လှော်ခတ်လာနေကြခြင်း ဖြစ်၏။

''သူတို့ ဒီကျွန်းဆီ ဘာလုပ်ဖို့လာတာလဲ မသိဘူးနော်''

''အေး ... ပစ်ဂမီတွေကို တိုက်ခိုက်ဖို့များလားပဲ''

''ပစ်ဂမီတွေကို တိုက်ခိုက်လို့ ဘာအကျိုးရှိမှာလဲ''

''အဲဒါတော့မသိဘူး ... စောင့်ကြည့်ရမှာပဲ၊ လာ ... ကမ်းခြေနဲ့နီးတဲ့ ကျောက်တောင်ထိပ်ကနေ သွားစောင့်ကြည့်ရအောင်''





ပင်လယ်ဓားပြတို့ ကမ်းပေါ်တက်လာသည်နှင့် လူသားစား ပစ်ဂမီလူရိုင်းပုလေးတို့နှင့် ထိပ်တိုက်တွေ့တော့မည်ဖြစ်ရာ ယင်းသို့ ထိပ်တိုက်ဆုံပါက မည်သို့ဖြစ်ပျက်မည်နည်းဟု လွန်စွာ စိတ်ဝင်စားသွားကြသဖြင့် ပဏ္ဍဝက ဦးဆောင်လျက် ကမ်းစပ်အား ပိုမိုနီးကပ်စွာ စီးမိုးကြည့်နိုင်မည့် ကျောက်တောင်စွန်းဆီ ခပ်သုတ်သုတ် ချီတက်ခဲ့ကြတော့၏။

ကျောက်တောင်တန်း၏ အခြေရှိတောအုပ်ထဲတွင် ခိုအောင်းနေထိုင်ကြသော ပစ်ဂမီတို့ လှမ်းမမြင်အောင် ပဏ္ဍဝတို့သည် ချုံပင်များ၊ ကျောက်တောင်များကိုကွယ်ရင်း အရှေ့ဘက်ဆုံး ကျောက်တောင်အစွန်းသို့ ရောက်အောင်သွားလိုက်ကြတော့သည်။

ပဏ္ဍဝတို့သည် ကျောက်တောင်စွန်းပေါ် အားလျားမှောက်ကာ အောက်ဘက်သို့ ငုံ့ကြည့်လိုက်ကြ၏။

သူတို့ရှိနေရာ ကျောက်တောင်စွန်းမှ ကိုက် ၂၀၀ ခန့်ကွာဝေးသော ကမ်းခြေသို့ ပင်လယ်ဓားပြတို့၏ လှေနှစ်စင်း ဆိုက်ကပ်လာပြီး ယင်းလှေများပေါ်မှ ပင်လယ်ဓားပြကိုးယောက် တမ်းပေါ်တက်လာကြသည်ကို တွေ့ရလေသည်။

အဆိုပါပင်လယ်ဓားပြကိုးယောက်တွင် သက္ကလတ် ဦးထုပ်ကြီးဆောင်းထားကာ ကုတ်အင်္ကျီရှည်ကြီးဝတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



မျက်စိတစ်ဖက်လပ်နေသည့် လူကောင်ထွားထွားကြီးမှာ ဓားပြဗိုလ်ဖြစ်ပုံရပြီး သူက လက်ထဲမှ ခြောက်လုံးပြူးသေနတ်ဖြင့် အခြားသူတို့ကို အမိန့်ပေးစေခိုင်းလမ်းညွှန်လျက် ရှိလေ၏။

အခြား ပင်လယ်ဓားပြတို့ကား သားရေချိုင်းပြတ်အင်္ကျီ ရှပ်အင်္ကျီအကွက်ကြီးကြီး စသည်တို့ကို ဖရိုဖရဲဝတ်ဆင်ထားကြပြီး ဘောင်းဘီရှည်တို့၏ အနားသားတို့ကို ခေါက်လိပ်တင်ထားကြလေသည်။

တချို့က ဆံပင် ဖိုးရိုးဖားယား၊ တချို့က ဆံပင်ရှည်ကို Pony tail ပုံစံဖြင့် ကုပ်နောက်ဝယ် စုစည်းချည်ထားကြလေ၏။

တချို့ကမူ အဖြူရောင် လူအရိုးခေါင်းပုံများပါသည့် ပဝါနက်တို့ကို ဦးခေါင်း၌ ပတ်ပေါင်းထားကြလေသည်။

သူတို့အားလုံး၏ခါးမှ ခါးပတ်တွင် သားရေအိတ်ဖြင့် ခြောက်လုံးပြူးသေနတ်ကိုယ်စီ ပါကြသလို ဓားရှည်တို့ကိုလည်း ချိတ်ဆွဲထားကြလေ၏။

မုတ်ဆိတ် နှုတ်ခမ်းမွေး ပရပျစ်နှင့် ရုပ်ရည်ကြမ်းတမ်းခက်ထန်လှသည့် ပင်လယ်ဓားပြများသည် သံသေတ္တာခုံးခုံးကြီး နှစ်လုံးကို ကြိုးများဖြင့်ဆိုင်းကာ တံပိုးနှစ်ခုဖြင့် လေးယောက် တစ်ဆိုင်းခွဲလျက် ထမ်းလာကြလေသည်။

ရှေ့ဆုံးမှ ပင်လယ်ဓားပြဗိုလ်ဖြစ်ဟန်တူသူက ခြောက်





လုံးပြူးကို ဝှေ့ယမ်းလျက် လမ်းညွှန်စေခိုင်းနေပြီး သူ့နောက်ခပ်လှမ်းလှမ်းမှလိုက်ပါလာကြသော ဓားပြလေးဦးက သံသေတ္တာကြီးကို ထမ်းကာ ရေစပ်မှ တက်လာနေကြ၏။

ထိုအဆိုင်း၏နောက် ဝါးတစ်ရိုက်ခန့်အကွာမှ ဓားပြလေးဦးက နောက်ထပ်သေတ္တာတစ်လုံးကိုထမ်းလျက် လိုက်ပါလာနေကြလေ၏။

ထိုစဉ်မှာပင် သဲသောင်ကမ်းခြေမှ ကိုက် ၅၀ ခန့်အကွာရှိ သစ်တောထဲမှ လူရိုင်းတို့၏ပုံသံများ တစ်ခဲနက် ဆူညံစွာထွက်ပေါ်လာတော့သည်။

'ဗုံ ဗုံ ဗုံ ဗုံ ဗုံ'

"အဲဒါ ရန်သူလာပြီလို့ အချက်ပေးတဲ့အသံတွေပဲ"

မိုးညိုက ပစ်ဂမီတို့၏ပုံသံကို သရုပ်ခွဲပြလိုက်စဉ်မှာပင် သစ်တောထဲမှ မြားတံတို့ ပြေးထွက်လာကြပြီး ပင်လယ်ဓားပြတို့၏ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်ပမာ တဖွဲဖွဲ ကျရောက်လာကြတော့၏။

ပင်လယ်ဓားပြအချို့မှာ မြားတို့၏ဘေးမှလွတ်အောင် ရှောင်လိုက်နိုင်ကြသော်လည်း ရှေ့အဆိုင်းမှ ပင်လယ်ဓားပြနှစ်ဦးမှာ အဆိပ်လူးမြားတံများ ထိမှန်ပြီး ရေစပ်မှာပင် လဲကျသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း ဒိုင်း ဒိုင်း'

ပင်လယ်ဓားပြတို့လည်း သစ်တောအုပ်ဆီသို့ သေနတ်များဖြင့် စွတ်ရမ်းပစ်ခတ်ကြရင်း ထမ်းလာကြသည့် သံသေတ္တာကြီးတို့ကို ချထားလိုက်ကြရတော့၏။

'ဗုံ ဗုံ ဗုံ ဗုံ'

'ဝူး အူး အူး အူး'

ထိုစဉ် အချက်ပေးဗုံသံများ စူးစူးဝါးဝါး ဒေါသတကြီးအော်ဟစ်သံများနှင့်အတူ လူရိုင်းလူပုလေးများသည် သစ်တောထဲမှခုန်ထွက်လာကြပြီး ဓား လှံ ပေါက်ဆိန်တို့ကို ကိုင်မြှောက်လျက် ကမ်းစပ်ဆီ ပြေးလာကြတော့သည်။

"လူရိုင်းကောင်တွေကို အပြတ်ရှင်းပစ်ယော့"

ပင်လယ်ဓားပြဗိုလ်၏ အော်ဟစ်အမိန့်ပေးသံနှင့်အတူ ဓားပြတို့က ပုရွက်ဆိတ်အုံဖွလိုက်သည့်နယ် မည်းမည်းလှုပ်မျှအုံနှင့်ကျင်းနှင့် ပြေးဆင်းလာကြသည့် ပစ်ဂမီလူရိုင်းပုလေးတို့အား သေနတ်ဖြင့် ဆီးပစ်ကြတော့၏။

'ဒိုင်း ဒိုင်း ဒိုင်း'

လူပုလူရိုင်းလေးတို့မှာ သေနတ်မှန်ပြီး ထွေးခနဲ ထွေးခနဲ လဲကျသေဆုံးကုန်ကြသော်လည်း နောက်တွန့်ခြင်းမရှိဘဲ ကျည်ဆန်တို့အကြားမှ အတင်းတိုးပြေးချလာကြကာ ဦးစွာ လှံတို့ဖြင့် အနီးကပ်ပစ်ထိုးကြတော့၏။

အနီးကပ်တိုက်ပွဲဖြစ်သွားသည့်တွင် ပင်လယ်ဓားပြတို့သည် သေနတ်ကို အသုံးမပြုနိုင်ကြတော့ဘဲ ခါး၌ချိတ်ဆွဲထားကြသည့် ဓားရှည်တို့ကို ဖြုတ်ကာ ပစ်ဂမီတို့ကို ထိုးခုတ်တိုက်ခိုက်ကြတော့သည်။

ပဏ္ဍာဝတို့သည်ကား ပစ်ဂမီတို့နှင့် ပင်လယ်ဓားပြတို့၏ သွေးသံရဲရဲတိုက်ပွဲကြီးကို အမြင့်ပိုင်းရှိ ကျောက်တောင်စွန်းပေါ်မှ အားပါးတရ ရှုစားနေကြရလေ၏။

ပစ်ဂမီတို့မှာ အတုံးအရုံး လဲကျသေဆုံးကုန်ကြသော်လည်း သူတို့၏လူဦးရေက လွန်စွာများပြားလှသဖြင့် နောက်ဆုံးတွင် အပြတ်အသတ် အောင်ပွဲခံလိုက်ကြရကာ ပင်လယ်ဓားပြတို့အားလုံး တစ်ယောက်မကျန် သေပွဲဝင်ကြရတော့သည်။

'ဝူး အူး အူး အူး'

'ဗုံ ဗုံ ဗုံ ဗုံ'

ပစ်ဂမီတို့သည် သွေးစက်လက်ဖြင့် လှံတိုများ၊ ပေါက်ဆိန်များကို မြှောက်ကိုင်ကာ ဝမ်းမြောက်စွာ အော်ဟစ်ခုန်ပေါက်လျက် ရှိကြတော့၏။

ထို့နောက် လူရိုင်းမတို့ တောစပ်မှ သယ်ယူလာကြသည့် ထင်းခြောက်တို့ကို စုပုံကာ ကမ်းခြေ၌ ကြီးမားလှသည့် မီးပုံကြီး







www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဖိုလိုက်ကြပြီး လူရိုင်းစစ်သည်များက ပင်လယ်ဓားပြတို့၏အလောင်းများကို တစ်လောင်းပြီးတစ်လောင်း မီးပုံကြီးထဲ ပစ်ထည့်လျက် ရှိကြတော့သည်။

"သူတို့က ရန်သူကို ချက်ချင်း မီးသင်္ဂြိုဟ်ကြတာပါလား"

တိုင်းလုံးကျော်၏မှတ်ချက်စကားကြောင့် မိုးညိုက ပြုံးလိုက်သည်။

"အဲဒါ မီးသင်္ဂြိုဟ်တာ မဟုတ်ဘူး၊ အလောင်းတွေကို မီးဖုတ်နေတာ၊ ပြီးရင် စားကြလိမ့်မယ်"

"ဘာ"

တိုင်းလုံးကျော်နှင့် ပဏ္ဍာဝတို့ မျက်လုံးပြူးသွားကြစဉ်မှာပင် ညော်နံ့က သူတို့ရှိရာ ကျောက်တောင်စွန်းပေါ်အထိ လွင့်တက်လာတော့သည်။

ခဏအကြာမှာပင် မီးမြှိုက်ထားပြီးဖြစ်သည့် ပင်လယ်ဓားပြတို့၏ အလောင်းကောင်တို့ကို မီးပုံကြီးထဲမှ ဆွဲထုတ်လိုက်ကြကာ ၎င်းတို့၏အသားတို့ကို ပစ်ဂမီတို့သည် ကလေး၊ လူကြီး မှမကျန် အားပါးတရ ဝိုင်းဝန်းကိုက်ဖဲ့စားသောက်ကြကုန်၏။

"ဟာ ... တကယ်စားကြတယ်ဟ၊ အသားတွေက ကျက်ရောကျက်သေးရဲ့လားမသိဘူး"





"သူတို့က အရင်ကဆို အစိမ်းတောင်စားကြတာပဲ"

ပစ်ဂမီတို့ တပျော်တပါး အောင်သေအောင်သားစားနေကြသည်ကို ကြည့်ရင်း ပဏ္ဍာဝတို့မှာ ဗိုက်ဆာနေကြသည်များပင် ပျောက်ကာ ပျို့ချင်အန်ချင်လာကြတော့၏။

ပစ်ဂမီအများစုက ပင်လယ်ဓားပြအလောင်းကောင်တို့အား ခွေးသေကောင်လင်းတဝိုင်းဆွဲသလို သဲကြီးမဲကြီး ဝိုင်းအုံကိုက်ဖဲ့စားသောက်နေကြစဉ် အချို့ပစ်ဂမီစစ်သည်တို့ကမူ သူတို့မျိုးနွယ်၏ အလောင်းကောင်တို့ကို ကမ်းစပ်မှာပင် ကျင်းတူးကာ မြှုပ်နှံသင်္ဂြိုဟ်လျက် ရှိကြလေ၏။

"သူတို့မျိုးနွယ်တူတွေရဲ့အသားကျ မစားကြဘူး"

"ပစ်ဂမီတွေလည်း သူတို့အမျိုးတော့ သူတို့ချစ်ကြပြီး ရှောင်ကြမှာပေါ့"

တိုင်းလုံးကျော်နှင့်မိုးညိုတို့ ဝေဖန်ချက်ထုတ်နေကြစဉ် ပဏ္ဍာဝက ပင်လယ်ကမ်းစပ်ဆီ စိုက်ကြည့်လိုက် ရွက်သင်္ဘော်ကြီးဆီကြည့်လိုက် လုပ်နေရင်း သူ၏မျက်လုံးတို့က အရောင်တဖျပ်ဖျပ် တောက်လက်လာကြတော့၏။

"ဟော့ ရောင်းရင်းတို့ ... အဲဒီရွက်သင်္ဘော်ကြီးကို ကျူပ်တို့ရရင် ဒီကျွန်းက လွတ်မြောက်ပြီ"

ပဏ္ဍာဝ၏ ဝမ်းသာအားရ ပြောလိုက်သောစကားကို မိုး



www.burmeseclassic.com

www.burmeseclassic.com



ညိုတို့က ရုတ်တရက် သဘောမပေါက်သလိုလို ကြောင်ကြည့်နေကြ၏။

"ဘယ် ဘယ်လို"

"အဲဒီရွက်သင်္ဘောကြီးကို ကျုပ်တို့ရရင် ခုလို တစ်ကျွန်းကျဘဝကနေ ထွက်ပြေးလို့ရပြီလို့ ပြောတာသိရဲ့လား"

"ဟာ ... ဟုတ် ဟုတ်တယ်ဟေ့"

မိုးညိုရော တိုင်းလုံးကျော်ပါ သဘောပေါက်သွားကြပြီး လဲလျောင်းနေရာမှ ဝမ်းသာအားရ လူးလဲထထိုင်လိုက်ကြတော့၏။

"ဟေ့ ဟေ့ ... သိပ်လှုပ်လှုပ်ရှားရှား မလုပ်ကြနဲ့၊ ပစ်ဂမီတွေ ကျုပ်တို့ကို တွေ့သွားဦးမယ်"

သူတို့သုံးဦးသားမှာ ကျောက်ချရပ်ထားသည့် ရွက်သင်္ဘောကြီးဆီ ငေးမျှော်ကြည့်လိုက်ကြ၏။ ကမ်းခြေ၌ အသက်လုတိုက်ပွဲကြီး ဖြစ်ပွားသွားသော်လည်း ရွက်သင်္ဘောကြီးက သူနှင့် ဘာမျှမဆိုင်သည့်နှယ် ကြံ့ခိုင်မပျက် တည်ငြိမ်စွာ ရပ်တည်လျက်သာ။ ပဏ္ဏဝက တွေးတွေးဆဆ ပြောသည်။

"အဲဒီရွက်သင်္ဘောကြီးပေါ်မှာ ဓားပြနည်းနည်းပဲ ကျန်ခဲ့ပုံရတယ်၊ သူတို့က ကမ်းခြေကနေ သူတို့အဖွဲ့ ပြန်လာမှာကို စိတ်အေးလက်အေး စောင့်နေကြပုံရတယ်၊ လေက ပင်လယ်





ဘက်ကနေ ကျွန်းဆီတိုက်နေတာဆိုတော့ ဒီကမ်းခြေဘက်က သေနတ်သံတွေ အော်သံ,ဆူသံတွေကို သင်္ဘောပေါ်က မကြားနိုင်ဘူး"

မိုးညိုကလည်း သူ့အတွေ့အကြုံကို အခြေခံလျက် ဝင်ပြောသည်။

"သင်္ဘောပေါ်မှာ ကျန်နေရစ်တဲ့ကောင်တွေက မူးပြီး မိန်းရစ်နေလောက်ပြီ"

"ဟုတ်ပြီ ... ပစ်ဂမီတွေ အောင်သေအောင်သားစားပြီး အဲဒီမှာ အာရုံရောက်နေတုန်း ပင်လယ်ဓားပြတွေစီးလာတဲ့လှေကို ကျုပ်တို့ရယူပြီး လစ်ပြေးကြမယ်"

"ကောင်းတယ် ... အဲဒီအကြံ ကောင်းတယ်"

"အချိန်ဆွဲနေလို့ မဖြစ်ဘူး၊ သင်္ဘောပေါ်မှာ ကျန်နေတဲ့ကောင်တွေက သူတို့လူတွေရဲ့ ကြမ္မာကို ရိပ်မိသွားရင် ကျောက်ဆူးနုတ်ပြီး ထွက်သွားနိုင်တယ်"

သူတို့အတွက် ရတောင့်ရခဲမဟာ အခွင့်အရေးမှန်း သိသဖြင့် ပဏ္ဏဝတို့သုံးဦးမှာ ကျောက်တောင်စွန်းပေါ်မှ လျင်မြန်စွာဆင်းသက်ခဲ့ကြပြီး ချုံများ ကျောက်တုံးကျောက်ဆောင်များကို ကွယ်ကာ ကမ်းခြေဆီ တိတ်တဆိတ် ချဉ်းကပ်လာခဲ့ကြတော့၏။

ယင်းအချိန်ဝယ် ပစ်ဂမီအချို့သည် ရေစပ်မှ သံသေ္တာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကို ကမ်းပေါ်ဆွဲမ,ယူလာကြပြီး ပေါက်ဆိန်တို့ဖြင့် သေတ္တာမှ သော့ခလောက်ကြီးများကို ရိုက်ဖွင့်လျက်ရှိကြတော့၏။

သော့ခလောက်တို့ ကျိုးပျက်သွားလေလျှင် သေတ္တာ အဖုံးကို မ,ဖွင့်လိုက်ကြပြီး သေတ္တာကြီးထဲမှ ရွှေထည်၊ ရတနာထည် အဆင်တန်ဆာတို့ကို နှိုက်ထုတ်ယူငင်ကြကာ သူတို့၏ လူရိုင်းမတို့အား ပေးကြလေ၏။

လူရိုင်းမတို့ကလည်း လည်ဆွဲရတနာတို့နှင့် ရွှေလက်ကောက်တို့ကို ဆင်မြန်းကာ သဘောအကျကြီးကျလျက် ရှိကြလေ၏။

ရတနာထည်တို့ဖြင့် ပြိုးပြိုးပြက်ပြက် တောက်လက်နေကြသည့် လူရိုင်းမတို့ကိုကြည့်ကာ လူရိုင်းစစ်သည်တို့က သဘောအကျကြီးကျလျက် ပျော်ရွှင်စွာ ဆူညံအော်ဟစ်ရင်း ပိုင်းပတ်ကခုန်လျက် ရှိကြလေ၏။

ပစ်ဂမီလူရိုင်းတို့၏အာရုံက ရတနာသေတ္တာကြီးနှင့် အလောင်းကောင်တို့ဘက် ရောက်ရှိနေစဉ် ပဏ္ဍဝတို့သည် ကမ်းခြေမှ ကျောက်တုံးကျောက်ဆောင်တို့ကို အကွယ်အကာယူရင်း ရေစပ်သို့ ရောက်ရှိလာကြလေသည်။

သူတို့သည် ရေထဲသို့ လုံးလုံးလျားလျား ရောက်ရှိသွားကြသည်တွင် ဦးခေါင်းကိုသာ ဖော်လျက် ကျောက်တုံးကျောက်





ဆောင်တို့ကို ကွယ်ကာ လှေတစ်စင်း၏အနီးသို့ ချဉ်းကပ်သွားကြလေ၏။

ထို့နောက် သူတို့သည် လှေပေါ်ဖက်ယက်တက်လိုက်ကြပြီး ကျောက်ဆောင်စွန်းတစ်ခု၌ ချည်ထားသည့် လှေကြိုးကို ဖြုတ်ကာ ကမ်းခြေအနီးမှ လှော်ခတ်ထွက်လိုက်ကြတော့သည်။

ကျောက်တုံးကျောက်ဆောင်များကြားမှ လျင်မြန်စွာ လှော်ခတ်လာခဲ့ကြသည့် သူတို့လှေကလေး အတော်ဝေးဝေး ရောက်မှ ပစ်ဂမီတို့သည် သူတို့ကို တွေ့မြင်သွားပြီး ကမ်းခြေသို့ ပြေးဆင်းလာကြကာ လှံတိုများ၊ ပေါက်ဆိန်များကို ကိုင်မြှောက်ဝှေ့ယမ်းလျက် ဒေါသတကြီး အော်ဟစ်ခုန်ပေါက် ကြုံးဝါးလျက် ရှိကြတော့၏။

သို့သော် ပစ်ဂမီလူပုလူရိုင်းလေးတို့မှာ သူတို့၏ ကနူးလှေကလေးများဖြင့် ရန်သူကို လိုက်လှေ့ရှိပုံမရကြ။ ကမ်းခြေမှာသာ ကြုံးဝါးအော်ဟစ်လျက် ကျန်ရစ်ခဲ့ကြတော့၏။

ပဏ္ဍဝတို့သည် ကျောက်ဆောင်တို့ကြားမှ လွတ်မြောက်လာကြပြီး ရွက်သင်္ဘောကြီးဆီ ဦးတည်ကာ လှော်ခတ်လာကြစဉ် ရေလှိုင်းတို့ကြား၌ ပေါလောမျောနေသည့် တစ်စုံတစ်ရာကို တွေ့လိုက်ကြရ၏။

"ဟာ ... သံသေတ္တာကြီးတစ်လုံးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ပင်လယ်ဓားပြတွေသယ်လာတဲ့ သံသေတ္တာ နှစ်လုံးထဲက ကျန်တဲ့တစ်လုံးဖြစ်မယ်၊ ရေလုံလို့ မပြုပ်တာကွ"

"ဟုတ်တယ် ... အဲဒီအလုံး ကမ်းစပ်နားမရောက်ခင် တိုက်ပွဲဖြစ်ခဲ့တာ၊ ပင်လယ်ဓားပြကောင်တွေပစ်ချထားခဲ့တဲ့ သံသေတ္တာကြီးကို ရေလှိုင်းက ပင်လယ်ထဲပြန်ဆွဲချခဲ့တာပဲဖြစ်မယ်"

"အဲဒါ ပင်လယ်ဓားပြတွေရဲ့ ရတနာသေတ္တာပဲ ဖြစ်ရမယ်၊ အဲဒီကောင်တွေ ဓားပြတိုက်ပြီး ရထားတဲ့ရတနာတွေကို ဒီကျွန်းမှာ ဝှက်ထားဖို့ ကျွန်းပေါ်တက်လာရင်း ပစ်ဂမီတွေနဲ့ တိုးခဲ့ကြတာပဲ"

သူတို့က လှေကို သံသေတ္တာကြီးဆီ လှော်ခတ်သွားကြပြီး အနီးသို့ ရောက်ရှိသွားသည့်တွင် ယင်းသံသေတ္တာကြီးကို လှေပေါ်ဆွဲမတင်လိုက်ကြတော့၏။

ထို့နောက်မှာမူ သူတို့သည် ရွက်သင်္ဘောကြီးဆီသို့ ဦးတည်လှော်ခတ်ခဲ့ကြပါတော့သတည်း။

✸

နံနက်ပိုင်းမို့ လှိုင်းလေက မကြမ်းတမ်းလှချေ။ လှိုင်း





ပုခက်တို့ကို ထိုးခွဲလျက်သာ လှေကိုလှော်ခတ်ရင်း တိတ်ဆိတ်ငြိမ်သက်နေသည့် ရွက်သင်္ဘောကြီးအနီးသို့ တရွေ့ရွေ့ရောက်ရှိလာကြတော့၏။

ရွက်တိုင်လိပ်တင်ထားသည့် ပင်လယ်ဓားပြရွက်လှေကြီးက လူသူကင်းမဲ့နေသလားဟု ယူဆရလောက်အောင် ဆိတ်ငြိမ်လျက်ရှိချေသည်။

"မိုးကြီးပြောသလို အစောင့်ကျန်ရစ်ခဲ့တဲ့ ပင်လယ်ဓားပြတွေ အရက်မူးပြီး နှပ်နေကြတယ်နဲ့ တူရဲ့"

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ လူချည်းပဲ အရင်တက်ကြမယ်၊ အပေါ်မှာ အခြေအနေ ဘယ်လိုရှိမှန်းမသိဘူး"

သို့ဖြင့် ပဏ္ဍဝတို့သည် လှေကို ရွက်သင်္ဘောကြီးအနီးသို့ တိုးကပ်လိုက်ပြီး ရွက်သင်္ဘောကြီး၏အပေါ်မှ တွဲလောင်းကျနေသည့် ကြိုးလှေကားကို မိုးညိုက ခုန်ဆွဲခိုကာ ဦးဆုံးစတင်တက်လိုက်တော့၏။

မိုးညို ကြိုးလှေကားအတိုင်း တက်သွားစဉ် ပဏ္ဍဝက ရွက်သင်္ဘောကြီးဘေးမှာ တွဲလောင်းကျနေသော ကြိုးတစ်ချောင်းနှင့် လှေကြိုးကို ပူးဆက်ချည်လိုက်လေသည်။

မိုးညိုသည် ခါးကြား၌ထိုးထားခဲ့သည့် ဓားမြှောင်လွင့်ကျသွားမည်စိုးသဖြင့် ဓားအသွားကို အပြင်မှာထားလျက် ဓားမြှောင်



www.burmeseclassic.com

www.burmeseclassic.com



ကို သွားဖြင့်ကိုက်ကာ ကြိုးလှေကားကို တစ်ထစ်ချင်း ဆွဲနိုတက် ခဲ့ခြင်းဖြစ်၏။

သူက ငါးဖမ်းသင်္ဘောလိုက်ခဲ့ဖူးသည့် အတွေ့အကြုံရှိသူ မို့ ဦးဆောင်တက်ခဲ့ခြင်းဖြစ်သည်။

သို့ဖြင့် ကြိုးလှေကား၏ထိပ်သို့ ရောက်ရှိသွားသည့်တွင် သူက ကုန်းပတ်ပေါင်ပေါ်မှ ကျော်ရုံဦးခေါင်းထောင်လျက် ရွက်လှေကြီးပေါ်သို့ အကဲခတ်ကြည့်လိုက်တော့သည်။

ရွက်လှေကြီး၏ ကုန်းပတ်ပေါ်တွင် လူရိပ်လူယောင်မျှ မမြင်ရဘဲ တိတ်ဆိတ်လျက်ရှိချေ၏။

"အင်း . . . ရွက်လှေကြီးရဲ့ ဒီဘေးဘက်မှာတော့ ပင်လယ်ဓားပြမိစ္ဆာကောင်တွေကို တစ်ကောင်တစ်မြီးမှ မတွေ့ရဘူး"

ထို့နောက် သူက ကုန်းပတ်ပေါင်ပေါ်ကျော်တက်လိုက်ပြီး ကုန်းပတ်ပေါ် ခုန်ချလိုက်၏။

ပြီးလျှင် ပါးစပ်၌ကိုက်ထားသောဓားမြှောင်ကို လက်ယာလက်ဖြင့် ဆွဲယူဆုပ်ကိုင်လိုက်ကာ ရေပြင်ပေါ်မှ လှေဆီငုံ့ကြည့်ရင်း တက်လိုက်လာခဲ့ရန် လက်ရိပ်ပြလိုက်တော့သည်။

နောက်ထပ် တက်လိုက်လာသူက တိုင်းလုံးကျော်ဖြစ်၏။

"သင်္ဘောရဲ့ ဒီဘက်ပိုင်းမှာတော့ ပင်လယ်ဓားပြကောင်တွေ မတွေ့ရဘူး။ ဒီကောင်တွေ ရှိတော့ရှိတယ် . . . ဘယ်ရောက်





နေသလဲ မသိဘူး၊ သတိထားရမယ်"

မိုးညိုက ကုန်းပတ်ပေါင်အနီးမှ စက်သီးကြိုးခုံကို တစ်ချက်ကြည့်လိုက်ပြီးနောက် လှေဆီငုံ့ကြည့်လိုက်ကာ သံသေတ္တာကို ကြိုးတို့ဖြင့်ပတ်ချည်ရန် ပဏ္ဍဝအား လက်ဟန်ခြေဟန်ပြလိုက်၏။ အသံကျယ်ကျယ်မထွက်လိုသဖြင့် အော်မပြောခြင်းဖြစ်သည်။

ပဏ္ဍဝကလည်း နားလည်စွာပင် ကုန်းပတ်ပေါ်မှ တွဲလောင်းကျနေသော မနီလာကြိုးကို သံသေတ္တာခုံးခုံးကြီး၏ထိပ်မှ သံကွင်း၌ ခိုင်မြဲစွာချည်လိုက်တော့၏။

သေတ္တာကိုချည်ပြီးသည်နှင့် မိုးညိုနှင့်တိုင်းလုံးကျော်တို့က စက်ဘီးခုံအား အားစိုက်ကာ တစ်ပတ်ချင်းလှည့်ရာ တကျွီကျွီမြည်သံတို့ ထွက်ပေါ်လာလျက် သံသေတ္တာကြီးသည်လည်း အပေါ်သို့ တရွေ့ရွေ့ မြောက်ပါလာတော့သည်။

သံသေတ္တာကြီး ကုန်းပတ်ဆီရောက်သွားတော့မှ ပဏ္ဍဝက ကြိုးလှေကားကိုဆွဲခိုကာ တက်လိုက်လာခဲ့၏။

ယင်းအခိုက်မှာပင် လူတစ်ယောက်သည် ရွက်သင်္ဘော၏ နောက်ပိုင်းမာလိန်မှူး အခန်းအကွယ်မှ တစ်လှမ်းချင်း ထွက်လာတော့၏။

ထိုသူက သက္ကလတ်ဦးထုပ်ဆောင်းထားပြီး လက်ယာ



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ခြောက်လုံးပြူးသေနတ်ဖြင့် ပဏ္ဍုဝတို့ကို ထိုးချိန်ထားကာ လက်ဝဲဘက်လက်ထဲတွင် အရက်ပုလင်းကို ဆွဲကိုင်ထား၏။

သူက လည်ပင်း၌ ပဝါစနီနီကို စည်းထားပြီး သားရေဂျာကင်ကို ရင်ဘတ်ဟလျက် ဝတ်ထားကာ ဘောင်းဘီရှည်ဝတ်ထားသည့် ခြေနှစ်ဖက်ကို ခပ်ကားကားရပ်ရင်း ပဏ္ဍုဝတို့လူစုကို အရက်မိုးဝေလျက်ရှိသော အေးစက်စက်မျက်လုံးများဖြင့် ကြည့်နေ၏။

"ဘယ်လိုလဲ . . . ရောင်းရင်းတို့ အတော်မောသွားကြပြီလား . . . ဟင်း ဟင်း ဟင်း . . . အော့"

ထို ဓားပြကောင်က မခိုးမခန့် ရယ်လိုက်ပြီး အရက်တစ်ငုံမော့လိုက်သေး၏။

"ဒီလိုဖြစ်လာမယ်ဆိုတာ ငါက သိပြီးသားကွ၊ အော့ အဲ . . . ငါက ဒီကျိုးနှစ်ကောင်ဓားပြအဖွဲ့ရဲ့ ဒုတိယခေါင်းဆောင်ဆိုပေမယ့် ဟောဒီကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်ထဲက ကျွန်းတွေရဲ့အကြောင်း ချေးခါးအူမကာအစ ပထမ ခေါင်းဆောင်ဖြစ်တဲ့ ကျီးမည်းထက်ပိုသိတယ်ကွ . . . အော့"

"သြော် . . . မင်းတို့က နာမည်ကြီး ကျိုးနှစ်ကောင်ဓားပြအဖွဲ့ကကိုး၊ ငါ ဘင်္ဂလားပင်လယ်အော်ထဲမှာ ငါးဖမ်းသင်္ဘောလိုက်ရင်း ကျိုးနှစ်ကောင် ပင်လယ်ဓားပြအဖွဲ့ရဲ့သတင်းကို ကြားဖူးတယ်၊ အဲဒီအဖွဲ့ကို ကျီးမည်းနဲ့ကျီးဖြူဓားပြဗိုလ်နှစ်ယောက်က ဦးဆောင်တယ်လို့ ကြားဖူးတယ်"

မိုးညိုက ခပ်တည်တည်ဖြင့် ခါးထောက်ရပ်ကာ ပြောလိုက်၏။

"အော့ . . . ဟုတ်တယ်၊ ငါက ကျီးဖြူပဲ၊ ကျီးမည်းက ငါ့ရဲ့အစ်ကို၊ အဲ . . . ညီအစ်ကိုဆိုပေမယ့် သူက ငါတို့အဖွဲ့ သုံးနှစ်သုံးမိုး ပင်လယ်ပြင်အနှံ့ လှည့်လည်ပြီး သင်္ဘောများ တိုက်ခိုက်ရှာဖွေထားတဲ့ ရွှေငွေရတနာတွေကို ငါကအစ ဘယ်သူမှမသိနိုင်တဲ့ တစ်နေရာရာမှာ လျှို့ဝှက်မြှုပ်နှံထားချင်တဲ့သူ၊ ဒါကြောင့် သူက ဒီကျွန်းကိုရွေးချယ်ပြီး ကျွန်းပေါ်မှာ မြှုပ်နှံဖို့ ရတနာသေတ္တာတွေကို ယူသွားတာပဲ၊ ငါနဲ့ နှစ်ယောက်ကတော့ ဒီသင်္ဘောပေါ်မှာ အစောင့်အဖြစ် ကျန်ရစ်ခဲ့တယ်"

သူက အရက်တစ်ငုံ ထပ်သောက်လိုက်ပြန်သည်။

"ငါ့အစ်ကို ကျီးမည်းနဲ့အဖွဲ့ဟာ ကျွန်းပေါ်ရောက်သွားတာနဲ့ လူသားစားပစ်ဂမီတွေနဲ့ တိုးတော့မယ်ဆိုတာကို ငါ ကြိုတင်တွက်ထားပြီးသား၊ ဒါကြောင့် ဒီသင်္ဘောပေါ်ကနေ မှန်ပြောင်းနဲ့ စောင့်ကြည့်နေခဲ့တယ် . . . အော့ . . .၊

ထင်ထားတဲ့အိုင်း ပစ်ဂမီတွေရဲ့ အတိုက်အခိုက်ခံရပြီး ကျီးမည်းအပါအဝင် အားလုံး သေပွဲဝင်သွားရတယ် မဟုတ်လား။







www.burmeseclassic.com

www.burmeseclassic.com



သူတို့ သေပွဲဝင်နေကြတာကို ငါက အရက်သောက်ရင်း စိမ်ပြေနပြေ ကြည့်နေခဲ့တယ် ... ဟား ဟား ဟား''

ပဏ္ဏဝတို့လူစုက မလှုပ်မယှက်ရပ်ရင်း ကျီးဖြူကို အကဲခတ်ကြည့်နေ၏။ ထိုသူသေနတ်ကို ကိုင်ထားပုံက ဝါရင့်သေနတ်သမားမှန်း သိသာသည်။ သူက သေနတ်ဒင်ကို ဖွဖွလေး ဆုပ်ကိုင်လျက် ဆုံနောက်မှ မောင်းအပေါ် လက်မကိုအသာဖိတင်ထား၏။ သေနတ်ပြောင်းကို ပဏ္ဏဝတို့ဆီ တည့်တည့်မချိန်ဘဲ အပေါ်သို့ ခပ်မော့မော့လေး ချိန်ထားသည်။ ကျွမ်းကျင်သော သေနတ်သမားတို့က ပစ်ကွင်းကို အချိန်မရွေး ရွေးချယ်ပစ်နိုင်စေရန် ထိုသို့ဖွဖွလေးနှင့် အသင့်အနေအထား ကိုင်တွယ်တတ်ကြောင်း ပဏ္ဏတို့ သိထားပြီးဖြစ်သည်။

အရက်ကိုတစွပ်စွပ်သောက်နေသည့်ထိုလူသည် အသားဖြူကာ နီစပ်စပ်ရှိသော်လည်း မျက်လုံးတို့က ဝါထိန်လျက် မမာမကျန်းဖြစ်နေဟန် တူ၏။

''ငါ အဲဒီလို စောင့်ကြည့်နေတုန်းမှာ မင်းတို့သုံးယောက်ရဲ့လှုပ်ရှားမှုတွေကိုပါ မြင်လိုက်တယ် ... ဟင်း ဟင်း။ မင်းတို့က ရတနာသေတ္တာကြီးတစ်လုံးကို ဒီသင်္ဘောဆီ သယ်လာတာတွေ့တော့ ငါ့အတွက် သားရွှေအိုးထမ်းလာတဲ့ကိန်းပဲဆိုပြီး အသာစောင့်ကြည့်နေခဲ့တာကွ၊ ဟဲ ဟဲ ဟဲ ... မပိုင်လားကွာ ... အေ့''





''အင်း ... ပိုင်ပါပေတယ်၊ ဒီရတနာသေတ္တာကြီးကို ဒီသင်္ဘောပေါ် မ,တင်ပြီးမှ ကျုပ်တို့ကို သတ်မယ်လို့ ကြံထားခဲ့တာပေါ့ ... ဟုတ်လား ကျီးဖြူ''

မိုးညိုက ခံပြင်းဟန်ဖြင့် မေးလိုက်တော့၏။

''ဟား ဟား ဟား ... ဒါပေါ့ကွာ ဒါပေါ့၊ ငါတစ်ယောက်တည်း ဒီသေတ္တာကြီးကို သင်္ဘောပေါ် ဘယ်ခွဲတင်နိုင်မှာလဲ၊ ဟို ... ဘဆိုင်နဲ့အောင်ကျူးတို့ကလည်း အရက်အိုးထဲ ခေါင်းစိုက်ပြီး မလှုပ်မယှက်ဖြစ်နေကြပြီ၊ အေ့ ... အခု မင်းတို့ကို ငါ မသတ်ချင်ပါဘူး၊ ဒါပေမဲ့ မသတ်ချင်ဘဲ သတ်ရမလို ဖြစ်နေပြီကွ၊ ဒါ ဒါထက် မင်းတို့က ဒီကျွန်းသားတွေတော့ ဟုတ်ဟန်မတူဘူး၊ မင်းတို့ ဘယ်ကလဲ''

''ကျုပ်တို့က တစ်ကျွန်းကျ အကျဉ်းသားတွေပါ၊ အခု ကျွန်းကနေ ထွက်ပြေးလာတာပါ''

''ဩော် ... မင်းတို့က ဒီလိုကိုး၊ အား ကျွတ် ကျွတ်''

ကျီးဖြူက ရင်ခေါင်း၏ဝဲဘက်အောက်ပိုင်းကို လက်ဝဲလက်ဖြင့် နှိပ်ကာ မျက်နှာရှုံ့မဲ့လျက် စုတ်သပ်ရင်း ရှေ့သို့ ထိုင်း ကျလာ၏။

''ဟင် ... ခင်ဗျား ဘာဖြစ်တာလဲ''

''မ မသိဘူး ... အောင့် အောင့်''



www.burmeseclassic.com

www.burmeseclassic.com



ကျီးဖြူမှာ သူတို့ကိုပင် သေနတ်ဖြင့်မချိန်နိုင်ဘဲ ဝမ်း ဗိုက်ကိုလက်ဖြင့်နှိပ်ရင်း ကြမ်းပြင်ပေါ်တွင် လူးလိမ့်နေတော့၏။

ထိုစဉ် သေနတ်ပြောင်းရှည်ကိုင်ဆွဲထားသည့် ပင်လယ် ဓားပြနှစ်ယောက်က သင်္ဘော၏ပဲ့ပိုင်းမှ ရုတ်တရက် ထွက်လာ ကြလေသည်။

"ဟော့ . . . တစ်ယောက်မှမလွှတ်နဲ့၊ မင်းတို့ပြောဆိုသမျှ အားလုံးကို ငါတို့ ကြားပြီးပြီ"

မျက်နှာဝယ် ကန့်လန့်ဖြတ်ဓားဒဏ်ရာကြီးနှင့် ခပ်ဝဝ ပင်လယ်ဓားပြက အော်ဟစ်အမိန့်ပေးလိုက်ပြီး ပဏ္ဍဝတို့၏အနီး သို့ လျှောက်လှမ်းလာကြတော့၏။

"အောင်ကျူး . . . ကျီးဖြူကို အရင်ကြိုးတုပ်လိုက်။ သူ့မှာ အသည်းရောင်တဲ့ရောဂါ ရှိတယ်၊ သူရောဂါထမယ့်အချိန် ကို ငါတို့စောင့်နေရတာ၊ သူ ရောဂါပြင်းထန်ပြီး ဘာမှမလုပ်နိုင် တဲ့ ခုလိုအချိန်မှာ အပိုင်ချုပ်လိုက်"

အောင်ကျူးဆိုသူက ရွက်ကြိုးတစ်ချောင်းကို ဓားမြှောင် ဖြင့် ဖြတ်ကာ ကျီးဖြူ၏ လက်နှစ်ဖက်ကို ကျောဖက်သို့ ခပ် ကြမ်းကြမ်းဆွဲယူပြီး တုပ်ချည်လိုက်တော့၏။

"ဘဆိုင် . . . ကျီးဖြူကို ရွက်တိုင်မှာ ချုပ်ထားလိုက်ရ မလား"





"မလိုပါဘူးကွာ . . . သူတို့ ကုန်းပတ်ကြမ်းပြင်ပေါ်မှာပဲ ထားလိုက်ပါ၊ သူက ဂီလာနဖြစ်နေပြီပဲ . . . ဟဲ ဟဲ ဟဲ"

"သူတို့ကိုရော"

"သူတို့ကို ရွက်တိုင်တစ်တိုင်စီမှာ ချည်တုပ်ထားလိုက် ကွာ"

အောင်ကျူးဆိုသော ပိန်ပိန်ရှည်ရှည် ပင်လယ်ဓားပြက ပဏ္ဍဝတို့သုံးဦးအား ဦးစွာ တစ်ဦးစီ လက်ပြန်ကြိုးတုပ်လေ၏။

ပြီးမှ ရွက်တိုင်တစ်တိုင်တွင် တစ်ဦးကျ ကျောကပ်ကာ ရွက်တိုင်နှင့်ပူးချည်တော့၏။

ဘဆိုင်က နံဘေးမှ ခြောက်လုံးပြူးဖြင့် ဂရုတစိုက် ချိန်ရွယ်လျက် စောင့်ကြည့်နေခြင်းကြောင့် ပဏ္ဍဝတို့မှာ အောင် ကျူးပြုသမျှ နုနေရတော့သည်။

ယင်းအချိန်တွင် ကုန်းပတ်ကြမ်းပြင်ပေါ်၌ တအင်းအင်း ညည်းညူလျက် ဟိုဘက်လိမ့်လိုက် သည်ဘက်လိမ့်လိုက်လုပ်နေ သော ကျီးဖြူသည် ဝေဒနာအတော်လေး သက်သာသွားဟန်ဖြင့် ညည်းညူသံ ကျဲသွားပြီး ဘဆိုင်တို့ကို အံကြိတ်မော့ကြည့်လိုက် ရင်း ဒေါသကြီးစွာဖြင့် တောက်ခတ်လိုက်တော့၏။

"တောက်'

"ခွေးမသားတွေ . . . အသားထဲက လောက်ထွက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ . . . ဟုတ်လား၊ မင်းတို့က အရက်မူးချင်ဟန်ဆောင်ပြီးမှ ခွေးကျင့်ခွေးကြံ ကြံတာပေါ့လေ''

''ဟား ဟား ဟား ဟား . . . အရက်မူးဟန်ဆောင်တာ မဟုတ်ပါဘူး ကျီးဖြူကြီးရဲ့၊ ကျုပ်တို့က တကယ်သောက်ပြီး တကယ်မူးနေခဲ့တာပါ၊ အဲ . . . အမူးပြေပြီး ထအလာမှာ ခင်ဗျား တို့ပြောနေတာတွေကို ကြားပြီး အကြံပေါ်လာတာနဲ့ ခုလို တခမ်း တနား စီမံလိုက်တာပါ၊ ဟဲ ဟဲ ဟဲ . . . ကျုပ်တို့အဖို့ စားရက်ကြံ လို့ မှတ်ဆိတ်ပျားဆွဲဆိုတာလို ကျီးမည်းတို့လည်း သေ၊ ရတနာ သေတ္တာကြီးလည်း သဘော်ပေါ် အလိုလိုပြန်ရောက်၊ ခင်ဗျားက လည်း ရောဂါပျောင်းပြန်ထ၊ ဟာ ဟ . . . တိုင်းယက်တဲ့ ကဗ္ဗ လာ မိုးရွာတာနဲ့ အဆင်သင့်ဆိုတာလိုပါပဲလားဗျာ . . . ဟား ဟား ဟား''

''တောက် . . . မင်း မင်းတို့တွေ့မယ်၊ အင်း ဟင်း ဟင်း . . . အား . . . ကျွတ် ကျွတ် ကျွတ် . . . အီး အား''

ကျီးဖြူမှာ ဒေါသကြီးခံပြင်းနေရာမှ အသည်းက ပြန် အောင့်လာသလားမသိ။ အော်ဟစ်ညည်းညူလျက် တလူးလူး တလိမ့်လိမ့် ဖြစ်နေပြန်တော့၏။

''ကဲ အောင်ကျူး . . . ခုအချိန်မှာ အရှေ့မြောက်လေက စွတ်တိုက်နေတယ်ကွ၊ ရွက်ဖွင့်ထွက်လို့မဖြစ်သေးဘူး၊ လေက





ကျွန်းဘက်တိုက်နေတာ၊ လေကြောင်းပြောင်းမှ ရွက်ဖွင့်ပြီးထွက် ကြမယ်''

''နေပါဦး ဘဆိုင် . . . ကျီးဖြူနဲ့ ဒီကျွန်းပြေးတွေကို ဘာဖြစ်လို့ ခုချက်ချင်း မပစ်သတ်တာလဲကွ၊ ရှင်းထည့်လိုက်ရင် ပြီးရော ကွာ''

''ဟ အောင်ကျူးရ . . . ဘဆိုင်တို့က မပိုင်ရင် မလုပ် ဘူး၊ အလုပ်တစ်ခုခုလုပ်ရင်လည်း အမြော်အမြင်နဲ့ လုပ်တာပါကွ၊ ကျီးဖြူကြီးကို မသတ်တာက သူက ရေကြောင်းကျွမ်းကျင်တယ်၊ သူ့ကို ရေကြောင်းပြခိုင်းစရာရှိသေးလို့ပဲ၊ ဟို ကျွန်းပြေးတွေကို တော့ ငါတို့သွားချင်တဲ့ကျွန်းရောက်ရင် ရတနာသေတ္တာကို ထမ်း ချခိုင်းဖို့ သယ်ခိုင်းဖို့ သူတို့ရဲ့လုပ်အား လိုသေးလို့ကွ . . . သိရဲ့ လား . . . ဟား ဟား ဟား ဟား''

ဘဆိုင်က အော်ရယ်လိုက်ရင်းမှ ပဏ္ဏဝတို့ကိုကြည့်ကာ

''ငါတို့ခိုင်းတာကို သေသေချာချာ လုပ်ကြမယ်ဆိုရင် မင်းတို့ရဲ့ အသက်ကိုချမ်းသာပေးမယ်၊ ကလန်ကဆန်လုပ်ရင် တော့ ခဲပူတောင့်စာ မိသွားမယ်သာမှတ် . . . ကြားလား . . . ထွီ''

ဟူ၍ ကြိမ်းဝါးပြီးမှ အောင်ကျူးကို လည်ပင်းဖက်လျက်

''လေစောင့်ရင်း အရက်ထပ်ချကြမယ်ကွာ . . . လာ''

ဟု သဘော်၏ပဲ့ပိုင်းဆီ ခေါ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ဘွတ်ဖိနပ်ခြေသံ ပျောက်သွားမှ ကျီးဖြူသည် ညည်းညူခြင်းကို တန့်လျက် ရုတ်တရက် ထရပ်လိုက်တော့၏။

"ဒီမှာ . . . ခုအချိန် မင်းတို့ရော ငါပါ ဘဆိုင်တို့ရဲ့ သားကောင်တွေ ဖြစ်သွားကြပြီ၊ အဲဒီကောင်က အချုပ်သပ်ပြီး ဘယ်လိုပြောပြော မယုံလေနဲ့၊ သူ့ရဲ့လိုအင်ပြည့်သွားတဲ့အခါ တစ်ယောက်ကိုမှ ချမ်းသာပေးမှာမဟုတ်ဘူး၊ ဒီတော့ အဲဒီကောင်တွေရဲ့လက်က လွတ်မြောက်အောင် ကြိုးစားကြရမယ်၊ မင်းတို့နဲ့ငါ ပေါင်းပြီးကြိုးစားမှ လွတ်မြောက်မှာ၊ ဘယ့်နှယ်လဲ . . . မင်းတို့ ငါနဲ့ပူးပေါင်းမလား"

မိုးညိုက ကျီးဖြူကို မယုံသင်္ကာသလိုကြည့်ပြီး . . .

"ကျုပ်တို့ ပူးပေါင်းကြိုးစားလို့ လွတ်မြောက်ပြီးတဲ့အခါ ခင်ဗျားက ကျုပ်တို့ကို ရန်ပြုဦးမှာပဲ မဟုတ်လား"

"မပြုဘူး . . . ငါ ကတိပေးတယ်၊ ငါဟာ ပင်လယ်ဓားပြတစ်ယောက်ဖြစ်ပေမယ့် ကတိဖျက်တတ်သူ မဟုတ်ဘူး"

"ကောင်းပြီလေ . . . ဒါဆို ကျုပ်တို့ ကြိုးစားကြည့်ကြတာပေါ့"

ကျီးဖြူက မိုးညိုဆီ ချဉ်းကပ်သွားပြီး မိုးညိုနှင့်ကျောချင်းကပ်လျက် လက်ပြန်ကြိုးတုပ်ထားခြင်းခံရသည့် သူ့လက်တို့ကို မိုးညို၏ လက်အနီးသို့ တိုးကပ်လိုက်လေသည်။





"ကဲ . . . ငါ့ရဲ့ လက်ပြန်ကြိုးကို ကြိုးစားပြီး ဖြည်ပေးပေတော့"

သင်္ဘောသားတို့၏ ကြိုးချည်နည်း၊ ဖြည်နည်းတို့ကို ကျွမ်းကျင်သည့် မိုးညိုက လက်နောက်ပြန်အနေအထားမှ ကျီးဖြူ၏လက်ပြန်ကြိုးကို စမ်းသပ်ပြီး စတင်၍ ကြိုးစားဖြည်တော့၏။

"မြန်မြန်ဖြည်ပါကွ . . . တော်နေကြာရင် ဘဆိုင်တို့ ပြန်လာနိုင်တယ်"

မိုးညိုက အတော်လေး ကြိုးစားဖြည်ရာ မိနစ်နှစ်ဆယ်ခန့်ကြာမှ ကြိုးတစ်ထုံးစတင်ပြေလေသည်။

"ဟုတ်ပြီ . . . ဆက်ကြိုးစားကွာ၊ လွတ်ခါနီးပြီကွ"

ခဏအကြာမှာပင် ဒုတိယကြိုးထုံးကို ဖြည်နိုင်ခဲ့ပြီမို့ ကျီးဖြူအား တုပ်နှောင်ထားခဲ့သည့် လက်ပြန်ကြိုးက လုံးဝပြေသွားတော့၏။

ကျီးဖြူက သူ လွတ်လွတ်ချင်းမှာပင် မိုးညိုတို့သုံးဦး တုပ်နှောင်ခံထားရသည့် ကြိုးတို့ကို ခပ်သွက်သွက် ဖြည်ပေးလိုက်ပါတော့သတည်း။

✸



www.burmeseclassic.com

www.burmeseclassic.com



အရက်ကို ဖိမ်ခံကာ ထပ်မော့ပြီးနောက် ဘဆိုင်နှင့် အောင်ကျူးတို့က ထိုင်ရာမှထကာ ကျီးဖြူနှင့် ပဏ္ဍဝတို့ကို ချုပ်နှောင်ထားသည့် သင်္ဘောအလယ်ပိုင်းသို့ ခပ်ယိုင်ယိုင်ဖြင့် လျှောက်လှမ်းလာလေ၏။

ထိုနေရာရောက်သည်တွင် သူတို့နှစ်ဦးမှာ မျက်လုံးပြူး သွားကြတော့သည်။

"အလို ... ဟို ဟိုကောင်သုံးကောင်ရော၊ ကျီးဖြူပါ မရှိတော့ပါလား"

ထိုစဉ် အရက်ထည့်သည့် သစ်သားစည်အလွတ်တစ်လုံး သည် အရှိန်ဖြင့်လွဲကာ အောင်ကျူး၏မျက်နှာကို ပစ်တိုက်လိုက် လေ၏။

'ဒုံး'

"အား"

အောင်ကျူးမှာ မျက်လုံးထဲ ကြယ်တွေလတွေ မြင်သွား ပြီး ကုန်းပတ်ပေါ် ပစ်လဲကျသွားတော့သည်။

ယင်းသစ်သားစည်မှာ ရွက်တိုင်တစ်တိုင်ပေါ်မှ ကြိုးဖြင့် တွဲလောင်းကျလျက် နာရီချိန်သီးနှယ် လှုပ်ယမ်းလျက်ရှိလေ၏။

ဘဆိုင်မှာ သေနတ်ဖြင့် ဟိုသည် သည်ချိန်လုပ်ကာ





အချောက်ချားကြီး ချောက်ချားလျက်ရှိလေသည်။

"ဒါ ဒါ ကျီးဖြူတို့ရဲ့လက်ချက်ပဲ၊ သတိ သတိထားမှ"

ထိုစဉ် သစ်သားစည်တစ်လုံးသည် ကုန်းပတ်တစ်နေရာ မှ ဘဆိုင်ဆီ လိမ့်လာတော့၏။

'ဂလုံ ဂလုံ ဂလုံ'

ဘဆိုင်မှာ သွေးပျက်ချောက်ချားသွားပြီး ယင်းသစ်သား စည်ကို သေနတ်ဖြင့် စွတ်ပစ်တော့သည်။

'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း'

ထိုအချိန်မှာပင် ဘဆိုင်၏နောက်ကျောဘက်မှ သစ်သား စည်တစ်လုံးက သူ့ဆီ ဦးတည်လျက် လိမ့်လာပြန်၏။

'ဂလုံ ဂလုံ ဂလုံ ဂလုံ'

'ဒိုင်း ဒိုင်း ဒိုင်း'

နောက်အရပ်မျက်နှာမှ သစ်သားစည်တစ်လုံးက လိမ့် လာပြန်သည်။

'ဂလုံ ဂလုံ ဂလုံ ဂလုံ'

'ဒိုင်း ဒိုင်း ဒိုင်း'

နောက်ထပ်အရပ်မျက်နှာကပါ သစ်သားစည်က လိမ့် လာပြန်၏။

'ဂလုံ ဂလုံ ဂလုံ'

www.burmeseclassic.com



'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း'

သို့ဖြင့် အရပ်မျက်နှာလေးဖက်လေးတန်မှ လိမ့်လာသော သစ်သားစည်လေးလုံး၏အလယ်တွင် ယောင်ချာချာ ချောက်ချားစွာရပ်ရင်း ဘဆိုင်မှာ အရှူးမီးဝိုင်းသလိုဖြစ်ကာ သေနတ်ဖြင့် ဟိုလှည့်ချိန် သည်လှည့်ချိန် လုပ်နေတော့၏။

ထိုစဉ် ရွက်တိုင်တစ်တိုင်၏ အကွယ်မှ ထွက်လာသူက ကျီးဖြူပဲဖြစ်ပါသည်။

'ဒိုင်း'

'ချောက်'

ပထမတစ်ချက် ပစ်လိုက်သည့်ကျည်က လွဲသွားပြီး နောက်တစ်ချက် အပစ်မှာမူ ကျည်ဆန်က ကုန်သွားတော့၏။

'ဒုံး'

'ဂလုံ ဂလုံ ဂလုံး'

ကျီးဖြူက သစ်သားစည်တစ်လုံးကို ကန်ကျောက်လိုက်ပြီးနောက် ဘဆိုင်ဆီ တစ်လှမ်းချင်း လျှောက်လာတော့သည်။

ဘဆိုင်က ကျည်ဆန်ကုန်သွားပြီဖြစ်သဖြင့် ပြောင်းရှည်သေနတ်ကို ပစ်ချလိုက်ပြီး ခါး၌ သားရေဓားအိမ်ဖြင့် ထည့်ထားသော ဓားမြှောင်ကို ဆွဲထုတ်လိုက်၏။ ပြီးလျှင် သူက နံဘေးမှ သစ်သားစည်အား ခြေထောက်ဖြင့် ကန်ထုတ်လိုက်လေသည်။





'ဒုံး'

'ဂလုံ ဂလုံ ဂလုံ'

ကျီးဖြူကလည်း ဓားမြှောင်တစ်လက်ကို ဆုပ်ကိုင်ရင်း ရှေ့သို့ တိုးလာခဲ့ပြီး ...

''သေစမ်းကွာ''

ဘဆိုင်က ကျီးဖြူအား ဓားမြှောင်ဖြင့် ပစ်ထိုးလိုက်၏။

ကျီးဖြူက သူ့ဓားမြှောင်ဖြင့် ဆီးကာ ခတ်ထုတ်လိုက်ပြီး ရှေ့သို့ ခြေတစ်လှမ်း ဖျတ်ခနဲတိုးလျက် ဘဆိုင်ကို တွက်ထည့်လိုက်သည်။

'ရှပ်'

''အား''

ဓားချက်က ဘဆိုင်၏နံတောင်းကို လှီးဖြတ်သွား၏။

ဘဆိုင်က အံကြိတ်ရင်း တရစပ် ဝင်ထိုးတော့သည်။

သို့သော် သူ၏ဓားချက်တို့ကို ကျီးဖြူက ကျွမ်းကျင်စွာ ခတ်ထုတ်၊ ပက်ထုတ်ပြီး လျင်မြန်စွာ တန်ပြန်တိုက်ခိုက်ရာ ခဏအတွင်းမှာပင် ဘဆိုင်မှာ သွေးသံတရဲရဲဖြစ်သွားတော့၏။

နောက်ဆုံး အားကုန်ပြေးထိုးလာသည့် ဘဆိုင်၏ဓားချက်ကို ဘေးတိုက်ရှောင်လိုက်ပြီးနောက် ကျီးဖြူက ဘဆိုင်၏ ရင်ဝအား ဓားမြှောင်ဖြင့် ပင့်ထိုးကာ မိုက်ဖာတ်သိမ်းပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"စွပ်"

"အား"

ထို့နောက် ကျီးဖြူက ဘဆိုင်၏ အသက်မဲ့ခန္ဓာကိုယ်ကြီးအား ပခုံးထက် ပွေ့မတင်လိုက်ပြီး ကုန်းပတ်အစွန်းမှ လက်ရန်းဆီ သယ်မ,သွားကာ ပင်လယ်ထဲသို့ ပစ်ချလိုက်တော့၏။

ထိုစဉ် အောင်ကျူးမှာလည်း သတိရလာပြီး တအင်းအင်း ညည်းညူလာရာ ကျီးဖြူက အောင်ကျူး၏လည်ကုတ်နှင့်ခါးတို့မှ ကိုင်မြှောက်လိုက်ကာ ကုန်းပတ်လက်ရန်းပေါ်မှနေ၍ ပင်လယ်ထဲ ပစ်ချလိုက်တော့သည်။

ပဏ္ဏာဝတို့က အသက်အရွယ်နှင့်မမျှအောင် သန်စွမ်း၍ ကြံ့ခိုင်လှသော ကျီးဖြူအား တအံ့တသြ ကြည့်နေမိကြစဉ်မှာပင် အောင်ကျူးမှာ ပင်လယ်ထဲ ဖောက်ထိုးမိုးမျှော် ပြုတ်ကျသွားပြီး လှိုင်းလုံးတို့ကြားတွင် အသည်းအသန် ကူးခတ်နေတော့၏။

ခဏအကြာမှာပင် အောင်ကျူးသည် လှေဆီ ကူးခတ်သွားနိုင်ပြီး လှေပေါ်သို့ ကုတ်ဖွဲ့တက်လိုက်တော့သည်။

ယင်းအချိန်မှာပင် ကျီးဖြူက ရွက်သင်္ဘောကြီးနှင့် လှေကို တွဲချည်ထားသည့်ကြိုးအား ဓားမြှောင်ဖြင့် ဖြတ်ချလိုက်တော့၏။ ပြီးလျှင် ကျီးဖြူသည် ပဏ္ဏာဝတို့အား ခပ်ပြုံးပြုံးမျက်နှာကြီးဖြင့် လှည့်ကြည့်လိုက်ပြီး ...

"ကဲ သူငယ်ချင်းတို့ ... လေကြောင်းလည်းပြောင်းသွားပြီ၊ ငါတို့ ဒီကျွန်းကနေ ရွက်လွှင့်ပြီးထွက်ခွာကြမယ်၊ မင်းတို့က ငါ့ကို ကူညီကြ"

ဟုပြောကာ ရွက်တိုင်တန်းတို့တွင် တင်ထားသည့် ရွက်တို့ကို ချခိုင်းလေ၏။

မိုးညိုကဦးဆောင်ကာ ရွက်တို့ကို ချလိုက်ပြီးနောက် ကျီးဖြူက မာလိန်မှူးအခန်းထဲ ဝင်လျက် ပဲ့ကိုကိုင်လေသည်။

သို့ဖြင့် ခဏအကြာမှာပင် ရွက်သင်္ဘောကြီးသည် ကုက္ကိုထံ တလူလူဖြင့် ဒက်ဒမန်ကျွန်းကြီးကို ကျောခိုင်းလျက် ပင်လယ်ပြင်ထဲသို့ အဟုန်ပြင်းစွာ ထွက်ခွာခဲ့ပါတော့၏။

သင်္ဘော၏ပဲ့ကို ကျွမ်းကျင်စွာထိန်းရင်း ကျီးဖြူက ပဏ္ဏာဝတို့အား ...

"မင်းတို့နဲ့ငါ တက်ညီလက်ညီနဲ့ ကြိုးစားရုန်းထွက်ခဲ့လို့ ဘဆိုင်တို့ရဲ့လက်က လွတ်ခဲ့ပြီ၊ ဒီတော့ ကံတူအကျိုးပေးဖြစ်တဲ့ မင်းတို့ကို ရတနာတွေ တစ်ဝက်ခွဲပေးမယ်၊ ပြီးရင် ကမ်းရိုးတန်းနဲ့နီးတဲ့ ကျွန်းတစ်ကျွန်းမှာ မင်းတို့ကို ချပေးခဲ့မယ်၊ ငါကတော့ ပင်လယ်ပျော်မို့ ပင်လယ်ထဲမှာပဲ နေခဲ့မယ်"

ဟု ပြောလိုက်ပါတော့သတည်း။







www.burmeseclassic.com

www.burmeseclassic.com



ကျီးဖြူဆိုသော ပင်လယ်ဓားပြကြီးသည် ရက်စက်ကြမ်းကြုတ်သော ဓားပြဗိုလ်တစ်ဦး ဖြစ်သော်လည်း ကတိသစ္စာ တည်ကြည်သူဖြစ်၏။

သူက သူပြောထားသည့်အတိုင်း ရတနာသေတ္တာကြီးထဲမှ အဖိုးတန် လက်ဝတ်လက်စား ရတနာရွှေထည် ငွေထည်တို့ကို ကုန်းပတ်ပေါ် သွန်ချကာ ထက်ဝက်ခွဲလေသည်။ ပြီးလျှင် ပဏ္ဍဝတို့အား နှစ်သက်ရာရတနာအပုံ ရွေးချယ်ယူစေ၏။

ကျီးဖြူက ရွက်လှေကြီးကို မြောက်စူးစူးအရပ်သို့ ဦးတည်ကာ ရွက်လွှင့်စေခဲ့ရာ နေ့ဘက်တို့တွင်သာ ရွက်လွှင့်ခဲ့ကြပြီး ညဘက်မှာမူ ရောက်ရာအရပ်၌ ကျောက်ချနားခဲ့ကြလေသည်။

ပြာသို တပို့တွဲလမို့ ပင်လယ်ပြင်တွင် လှိုင်းလေငြိမ်သက်ပြီး မိုးကြိုးမုန်တိုင်းတို့ ကင်းစင်ရာ သူတို့ ရွက်သင်္ဘောကြီးမှာ ဘေးရန်ရှင်းရှင်းဖြင့် ခရီးနှင်နိုင်ခဲ့လေ၏။

သုံးရက်မြောက်မွန်းလွဲပိုင်းတွင်မူ ကျွန်းတစ်ကျွန်းကို လှမ်းတွေ့ရလေသည်။

"အင်း . . . မှန်ပြောင်းနဲ့ကြည့်ရသလောက်တော့ လူရိပ်လူယောင် မတွေ့ရဘူးကွ၊ ကေန္တ . . . လူမနေတဲ့ကျွန်း ဖြစ်ပုံရတယ်၊ ကုန်းမကြီးနဲ့လည်း မိုင်တစ်ရာတောင် မဝေးတော့ဘူးကဲ မင်းတို့ ဒီကျွန်းမှာ နေခဲ့ကြပေတော့၊ ငါကတော့ ဒီပင်လယ်





ကြီးထဲမှာပဲ မိုက်လက်စနဲ့ ဆက်မိုက်ဦးမယ်ကွ . . . ဟဲ ဟဲ"

သို့ဖြင့် ပဏ္ဍဝတို့သည် ကျီးဖြူကို နှုတ်ဆက်ပြီးနောက် လှေငယ်တစ်စင်းဖြင့် အမည်မသိ ကျွန်းလေးဆီ ကူးခဲ့တော့၏။

ကျီးနှစ်ကောင် ပင်လယ်ဓားပြရွက်လှေကြီးကိုမူ ဓားပြကြီးကျီးဖြူက ပဲ့ကိုင်ကာ အနောက်တောင်ဘက်အရပ်ဆီ ဦးတည်လျက် ရွက်လွှင့်ထွက်ခွာသွားပါတော့သည်။

လူသူကင်းမဲ့သည့် ကျွန်းလေးပေါ်တွင် နှစ်ရက်ကြာနေထိုင်ပြီးလျှင်မူ ကျွန်းအနီးမှ ပင်လယ်ဓားပြလှေများ၊ သင်္ဘောများ ဖြတ်သွားသည်ကို တွေ့ရရာ မိမိတို့လက်ဝယ်ရှိနေသည့် ရတနာပစ္စည်းများအတွက် ပဏ္ဍဝတို့ စိုးရိမ်ပူပန်လာကြတော့၏။

"ပင်လယ်ဓားပြတွေ ဒီကျွန်းပေါ်ရောက်လာရင်ဖြစ်ဖြစ်, ကမ်းခြေစောင့် စစ်သင်္ဘောတွေ, ပုလိပ်မော်တော်တွေ ဆိုက်ကပ်လာရင်ဖြစ်ဖြစ် ကျုပ်တို့ရတနာတွေအတွက် အန္တရာယ်ရှိတယ်"

"ဟုတ်တယ် . . . ဝကြီးပြောတာ မှန်တယ်၊ ကျုပ်တို့ လူချည်းသက်သက်တောင် အန္တရာယ်တွေနဲ့ မကြုံရအောင် နည်းကြိုးစားရမှာ"

"ဒီတော့ ဘယ်လိုလုပ်ချင်သလဲ မိုးကြီး"

"ဘေးအကင်းဆုံးကတော့ ရတနာပစ္စည်းနည်းနည်းစီခွဲယူပြီး ကျန်တဲ့ရတနာထည်တွေကို ဒီကျွန်းရဲ့တစ်နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်မြှုပ်နှံထားလိုက်ဖို့ပဲ ကျော်ကြီး"

"အဲဒီလို မြှုပ်နှံထားပြီး ဘယ်တော့မှ လာယူကြမလဲ"

"ကျုပ်တို့ မြန်မာပြည်ကို ရောက်အောင်ပြန်သွားကြမယ်၊ ဟိုမှာ အခြေအနေကြည့်ပြီး ကိုယ်ပိုင်စက်လှေတစ်စင်းရအောင် ကြိုးစားကြမယ်၊ ဒါမှမဟုတ် စက်လှေတစ်စင်းကို စင်းလုံးငှားကြမယ်၊ ပြီးမှ ရတနာတွေကို လာယူကြမယ်"

"အင်း . . . မိုးကြီးပြောတာ မဆိုးဘူး။ ခုနေ ပင်လယ်ဓားပြတွေ ဝင်အစီးခံရရင်ဖြစ်ဖြစ်၊ စစ်ဘက် ပုလိပ်ဘက်က ဖမ်းမိသွားရင်ဖြစ်ဖြစ် ကျုပ်တို့ရဲ့ရတနာတွေအားလုံး ဆုံးရှုံးသွားရမှာနဲ့စာရင် မိုးကြီးပြောတဲ့အစီအစဉ် ကောင်းတယ်"

သို့ဖြင့် သူတို့သည် ကျောက်တောင်ကျောက်ဆောင်တို့ သာရှိပြီး သစ်ပင်ပေါက်ရောက်မှုနည်းပါးသော ကျွန်း၏တစ်နေရာတွင် ရတနာထည်တို့ကို မြှုပ်နှံထားနိုင်ရန် စီစဉ်ရတော့၏။

နောက်ဆုံးဝယ် ကျွန်း၏ အလယ်ကောင်တည့်တည့်နေရာလောက်ရှိ ကျောက်တောင်ငယ်၏အခြေတွင် နှစ်တောင်ကျော် ခန့်နက်သော တွင်းတူးကာ ရတနာထည်တို့ကို သားရေကျောပိုးအိတ်ထဲထည့်လျက် ယင်းတွင်း၌ မြှုပ်နှံလိုက်ကြလေသည်။

ယင်းကျွန်းပေါ်တွင် သဏ္ဍာန်တူ ကျောက်တောင်ကျောက်ဆောင်ကျောက်စွယ်များ ပေါ်များလှသဖြင့် မြှုပ်နှံထား





သည့်တွင်းအထက်မှ ကျောက်တောင်ငယ်၏နံရံ၌ ကျီးကန်းတစ်ကောင်၏ရုပ်ပုံကို ဓားမြှောင်ထိပ်ဖျားဖြင့် ပဋ္ဌာဝက ထိုးခြစ်မှတ်သားထားလိုက်လေသည်။

ပြီးလျှင် သူတို့သည် တစ်ဦးအပေါ်တစ်ဦး သစ္စာမဖောက်ကြေးကတိသစ္စာ ဆိုကြလေ၏။

"အခု ကတိသစ္စာထားတဲ့အတိုင်း ဒီရတနာထည်တွေကို ကျုပ်တို့သုံးယောက်လုံး စုံစုံညီညီရှိမှ လာပြီးတူးဖော်ကြတာပေါ့၊ ပြီးရင် မျှမျှတတ ခွဲဝေကြမယ် . . . ဟုတ်လား"

"ဒါပေါ့ ဝကြီးရဲ့ . . . ဒါထက် ကျုပ်တို့ မြန်မာပြည်မကုန်းမြေပေါ် ပြန်ရောက်တဲ့အခါ လူသူကြားမှာ ကျုပ်တို့ချင်း ဒီရတနာတွေနဲ့ ဘယ်သူမှမသိအောင် ပြောဆိုဆွေးနွေးလို့ရအောင် လျှို့ဝှက်စကားတွေတော့ သတ်မှတ်ထားမှဖြစ်မယ်"

"မိုးကြီးပြောတာမှန်တယ် ဝကြီး။ ဒီတော့ ဒီရတနာသိုက်ကို ကျီးသိုက်လို့ခေါ်ရအောင်"

"ကောင်းတယ် ကျော်ကြီး . . . ဒါက ကျီးသိုက်ဆိုတော့ ကျုပ်တို့သုံးယောက်က ကျီးသုံးကောင်ပေါ့"

"ဟုတ်တယ် . . . ကျုပ်က ကျီးမည်း"

"ကျုပ်က ကျီးဖြူ"

"ဟာ . . . မိုးကြီးက ကျီးမည်း။ ကျော်ကြီးက ကျီးဖြူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကျုပ်ကရော ဘာကျိုးပါလိမ့်''

''မောင်ရင်က ကျိုးအပေါ့''

''ဘာ . . . ကျိုးအ . . . ဟုတ်လား၊ ကောင်းပါလေ့ကွာ၊ . . . ဟား ဟား ဟား''

✵ ✵ ✵



# အခန်း (၃)

## ကံဆိုးသူ

## အတိတ်တစ္ဆေ

## လောဘနိဂုံး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

### ကံဆိုးသူ

ပဏ္ဏဝတို့သုံးဦးသည် ဘင်္ဂလားပင်လယ်အော်ထဲမှ အမည်မသိကျွန်းကလေးပေါ်တွင် သောင်တင်လျက်ရှိရာ ငါးရက်မြောက်သောနေ့၌ ကျိုးဖြူပေးလိုက်သည့် ဆန်နှင့်ရိက္ခာခြောက်တို့ ကုန်သလောက်ဖြစ်လာတော့သည်။

နောက်ပိုင်းရက်များတွင်မူ ကမ်းစပ်ကျောက်ဆောင်အကြိုအကြားမှ ငါးတို့ကို လှံဖြင့်ထိုးဖမ်းခြင်းဖြင့်လည်းကောင်း ခရုတို့ကို ရှာဖွေ၍လည်းကောင်း စားလို့ရနိုင်သည့် ပင်လယ်ရေနေသတ္တဝါငယ်တို့ကို ဖမ်းဆီး ဖုတ်ကင် စားသောက်ခြင်းဖြင့် အသက်ဆက်ရလေ၏။

သောက်ရေအတွက်မူ ကျိုးဖြူထံမှ သစ်သားစည်တစ်လုံးစာ ရယူထားလိုက်သဖြင့် ဖူလုံလျက်ရှိလေသည်။





ရှစ်ရက်မြောက်သောနေ့နံနက်တွင်မူ ငါးဖမ်းစက်လှေတစ်စင်းသည် ကျွန်းနှင့်မလှမ်းမကမ်းမှ ဖြတ်သန်းခုတ်မောင်းသွားရာ ပဏ္ဏဝတို့က အဝတ်အစားတို့ကို ဝှေ့ယမ်းလျက်ကာ အော်ဟစ် အကူအညီတောင်းကြလေ၏။

ငါးဖမ်းစက်လှေလည်း ကျွန်းအနီးသို့ ကပ်လာပြီး စက်ရပ်ကာ ပဏ္ဏဝတို့လူစုကို ကယ်တင်ခြင်းပြုလေ၏။

ယင်းငါးဖမ်းစက်လှေမှာ မြစ်ဝကျွန်းပေါ်ဘက်မှလာသောလှေ မဟုတ်ဘဲ သပြုချိုင်–ကျောက်ကြီးဘက်မှလာသော ငါးဖမ်းစက်လှေ ဖြစ်၏။

သို့သော် စက်လှေပေါ်တွင် တိုင်းရင်းသားဆို၍ လေးဦးသာပါပြီး ကျွန်း အလုပ်သမားတို့မှာ လူမျိုးခြားတို့သာဖြစ်ရာ တိုင်းခြားသားတို့က ပဏ္ဏဝတို့ကို နှစ်လိုခြင်းမရှိကြချေ။

စက်လှေလုပ်သားတို့အထဲမှ တိုင်းရင်းသားတို့ကမူ တိုင်းရင်းသားညီနောင်ချင်းမို့ ပဏ္ဏဝတို့ကို ကြည်ဖြူရင်းနှီးစွာ ဆက်ဆံကြ၏။

"ဟို . . . အသားမည်းတွေက တစ်မျိုးပဲနော် မိုးကြီး"

"ဟုတ်တယ် . . . အဲဒီကောင်တွေက လူသတ်ဖို့လည်း ဝန်မလေးသလို ငါးခိုးဖမ်းဖို့လည်း ဝန်မလေးကြဘူး၊ ပင်လယ်နက်ထဲရောက်သွားရင် ဥပဒေနဲ့ အလှမ်းကွာဝေးသွားတော့ ခင်း

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



တို့က လက်ရဲဇက်ရဲနဲ့ လုယက်မှုတွေ, လူသတ်မှုတွေ ကျူးလွန်တတ်ကြတယ်၊ တော်သေးရဲ့ ... ကျုပ်တို့ရဲ့ရတနာထည်တွေကို ဝှက်ထားခဲ့မိလို့''

မည်သို့ဖြစ်စေ ငါးဖမ်းစက်လှေ၏ကျေးဇူးကြောင့် ပဏ္ဍာဝတို့မှာ နောက်နေ့နံနက်မှာပင် ဝွဆိပ်ကမ်းသို့ ရောက်ရှိသွားကြပါတော့၏။

✵

ပဏ္ဍာဝတို့သုံးဦးတွင် ပဏ္ဍာဝနှင့်မိုးညိုတို့မှာ တစ်ကိုယ်ရေ တစ်ကာယသမားများဖြစ်ပြီး တိုင်းလုံးကျော်အတွက်မူ သူ၏ဇာတိရွာတွင် ဇနီးသည် မနွဲ့သူဇာနှင့် သမီးငယ် နွဲ့လေးရီတို့ရှိနေရာ ရခိုင်မှတစ်ဆင့် ဇနီးသည်နှင့်သမီးငယ်တို့ဆီသို့ ရုပ်ဖျက်ကာ သွားရောက်မည်ဖြစ်၏။

ပဏ္ဍာဝမှာမူ ရာဇဝတ်မှုခင်းဖြစ်ထားသည့် သူ့ရပ်ရွာသို့ မပြန်လိုသဖြင့် သူ၏ဘကြီးဝမ်းကွဲတစ်ဦးရှိရာ ရှမ်းပြည်နယ်ဘက်သို့ ပုန်းလျှိုးကွယ်လျှိုးဖြင့် ခရီးဆက်မည်ဖြစ်သည်။

မိုးညိုကား မုတ်ဆိတ်ပါးမြိုင်းမွေးအတုများတပ်ကာ သူ့





ကိုယ်သူ ဘာဘူဟန်ဆောင်လျက် ရန်ကုန်သို့သွားမည် ဖြစ်၏။

သို့ဖြင့် ရည်ရွယ်ချက်အသီးသီးဖြင့် နှုတ်ဆက်ထွက်ခွာခါနီးတွင် သူတို့သည် ဤသို့တိုင်ပင်ခြင်း ပြုကြလေ၏။

''ကျုပ်တို့ လူစုခွဲပြီး အသာလျှိုနေကြရမယ်၊ ကျုပ်တို့ဟာ ကျွန်းပြေးတွေဖြစ်တယ်၊ ဒါကြောင့် ပုလိပ်အဖွဲ့က ကျုပ်တို့တစ်ကျွန်းကနေ လစ်ပြေးလာတာကိုသိရင် ရှာဖွေဖမ်းဆီးနိုင်တယ်၊ ဒါကြောင့် တစ်နှစ်တန်သည်, နှစ်နှစ်တန်သည်တော့ ကျုပ်တို့ လူစုခွဲ ကိုယ်ယောင်ဖျောက်ပြီး နေကြရမယ်''

''ဟုတ်တယ် ... ဝကြီးပြောတဲ့အတိုင်း လုပ်ကြတာပေါ့၊ ကျုပ်တို့ချင်း ပြန်ဆုံဖို့ အချက်ပေးသင်္ကေတက ကျီးဖြူကျီးမည်းအများပဲ၊ သူရိယသတင်းစာကြော်ငြာကဏ္ဍမှာ ကျီးဖြူကျီးမည်းတစ်ကောင်တည်း ကျီးမည်းဘယ်မှာနေ ဟောဒီမှာနေ ကျီးဖြူအိမ် ဘယ်မှာဆောက် ဟောဒီမှာဆောက် အာလောက်လောက်အာလောက်လောက်လို့ရေးပြီး အောက်မှာ လိပ်စာနဲ့ နေ့ရက်အချိန်ကိုသာ ရေးလိုက်၊ ဒါဆို ဆုံရပ်ကိုသိပြီပေါ့၊ တစ်နှစ်အတွင်း ပြန်ဆုံနိုင်အောင် ကြိုးစားကြမယ်''

''အင်း ... ကျော်ကြီးပြောတာ မဆိုးပါဘူး၊ ဒါပေမဲ့ ကျုပ်တို့က သူရိယသတင်းစာကို နေ့တိုင်းဖတ်ဖြစ်ချင်မှ ဖတ်ဖြစ်မယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အပထ်စဉ် ဇာနလ်ာနေ့နဲ့ သောကြာနေ့တို့မှာပဲ သတင်းစာထဲ ထည့်ရမယ်လို့ သတ်မှတ်ကြရအောင်''

''အိုကေ . . . ကောင်းတယ် ကောင်းတယ်၊ ဝကြီးပြော တဲ့အတိုင်း လုပ်ကြမယ်''

သူတို့မိတ်ဆွေရောင်းရင်းသုံးဦးသည် အထက်ဖော်ပြပါ အတိုင်း သဘောတူညီမှုရပြီးနောက် လမ်းခွဲလိုက်ကြပါတော့ သတည်း။

✲

မိုးညိုသည် သူတို့မိတ်ဆွေသုံးဦး၏ အတိတ်မှ ထူးခြား သောဖြစ်ရပ်တို့အား ပြန်ပြောင်းတွေးရင်း အိပ်မပျော် ဖြစ်နေရ လေသည်။

''အင်း . . . အဲဒီတုန်းက ငါရယ်, ဝကြီးလို့ခေါ်တဲ့ ပဏ္ဏ ဝရယ်, ကျော်ကြီးလို့ခေါ်တဲ့ တိုင်းလုံးကျော်ရယ်ဟာ အင်မတန်မှ စိတ်တူကိုယ်တူနဲ့ တက်ညီလက်ညီ ရှိခဲ့ကြတာပဲ၊ ခုတော့ ငါနဲ့ ကျော်ကြီးတို့ဟာ ပဏ္ဏဝရဲ့မဟာရန်သူကြီးတွေ ဖြစ်နေရပြီ . . .၊ တကယ်တော့ ငါတို့နှစ်ယောက်ဟာ သူ့အပေါ် သစ္စာ





မဲ့ချင်လို့ မဲ့ခဲ့ရတာမဟုတ်ပါဘူး။ အခြေအနေအရပ်ရပ်အရ ဒီလို ဖြစ်သွားရတာပါ''

မိုးညိုသည် ခြင်ထောင်အမိုးဖြူဖြူကို အငေးသားကြည့် ရင်း ပဏ္ဏဝမပါဘဲ တိုင်းလုံးကျော်နှင့်သူတို့ နှစ်ဦးတည်း လျှို့ဝှက် ကျွန်းငယ်မှ ရတနာထည်ပစ္စည်းများ သွားယူဖြစ်ခဲ့ကြပုံကို ပြန် လည်စဉ်းစားမိပြန်ပါ၏။

ထိုစဉ်က သူတို့သုံးဦး အသီးသီးလမ်းခွဲခဲ့ကြပြီးနောက် မိုးညိုသည် ရန်ကုန်သို့သွားကာ သူဝေစုရလာသည့် လက်ဝတ် ရတနာအချို့ကို ရန်ကုန်မြို့လယ်ရှိ မဂိုလမ်း (ယခု ရွှေဘုံသာ) လမ်း၌ ရသမျှဈေးဖြင့် ထုခွဲရောင်းချလိုက်လေသည်။

ရသမျှဈေးဖြင့် ရောင်းသည့်တိုင် ရတနာထည်များ ရောင်းချရသည့်ငွေမှာ တစ်သောင်းခန့်ရသဖြင့် မဆိုးလှချေ။

သူသည် ရလာသည့်ငွေထဲမှ ငွေသုံးထောင်ကို အသုံးပြု လျက် ကြည့်မြင်တိုင်ဘက်တွင် အိမ်ငယ်လေးတစ်လုံး ငှားကာ နေထိုင်လေ၏။

ယင်းအချိန်ဝယ် သူတို့သုံးဦး တစ်ကျွန်းမှ ပျောက်ဆုံး သွားသောသတင်းမှာ သူရိယ၊ သံတော်ဆင့်၊ သူကြီးဂေဇက် စသည့် သတင်းစာအသီးသီး၌ ပါလာပြီး သက်ဆိုင်ရာမှ သူတို့ သုံးဦးကို တစ်ကျွန်းမှ ထွက်ပြေးသွားသည်ဟုယူဆကာ ပြင်းပြင်း

ရ နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com



မြို့ကြီးများ၌ ဝရမ်းထုတ် ရှာဖွေလျက်ရှိကြလေ၏။

ယင်းသို့လျှင် အကျော်ဒေးယျဖြစ်နေသဖြင့် မိုးညိုမှာ သူ၏ပင်ကိုရုပ်ရည်ကို လူတွေ့မခံဝံ့ဘဲ မုတ်ဆိတ်ပါးမြိုင်မွေးအတု တို့ကို မချွတ်တမ်း တပ်ဆင်ထားပြီး အိန္ဒိယအမျိုးသားအသွင်ဖြင့် လှုပ်ရှားနေရလေသည်။

သို့ဖြင့် တစ်နှစ်ခန့်အကြာတွင် ကံကောင်းချင်တော့ ဝေလမင်းသား မြန်မာပြည်သို့လာလည်သည့်အထိမ်းအမှတ် အဖြစ် အကျဉ်းသားတို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးရာ ယင်းသို့ လွတ်ငြိမ်းချမ်းသာခွင့်ရသည့်အထဲတွင် ပဏ္ဍဝ၊ မိုးညိုနှင့် တိုင်းလုံး ကျော်တို့၏အမည် ပါလာသည်ကို သတင်းစာတို့၌ ဖတ်ရလေ၏။

မိုးညိုလည်း ဝမ်းသာအားရဖြင့် သူရိယသတင်းစာတိုက် သို့သွားကာ ကြော်ငြာကဏ္ဍမှာ ကျီးဖြူကျီးမည်းကဗျာကို ထည့် လိုက်တော့သည်။

ဆုံရမည့်အရပ်မှာ ကြည့်မြင်တိုင်မှ သူငှားရမ်းနေထိုင် သည့် အိမ်လေးဖြစ်ပြီး ဆုံရမည့်နေ့ရက်နှင့် အချိန်တို့ကိုပါ ထည့် လိုက်လေသည်။

သတင်းစာထဲ ကြော်ငြာပါပြီး နောက်တစ်ပတ်ခန့်အကြာ တွင် သူ၏အိမ်သို့ တိုင်းလုံးကျော် ရောက်လာခဲ့လေ၏။

''ကျုပ်က နယ်မှာဆိုတော့ သတင်းစာနောက်ကျမှ ဖတ် ရလို့ မနေ့ကမှ ထွက်လာရတယ်ဗျာ''

''ကျော်ကြီး ... မောင်ရင်ကတော့ ရောက်ပြီ၊ ဝကြီး ကတော့ အရိပ်အယောင်တောင် မတွေ့ရသေးပါလား''

''သူက ရှမ်းပြည်နယ်ဘက်မှာလေ၊ ပိုဝေးတော့ ပိုကြာ မှာပေါ့''

တိုင်းလုံးကျော်ပြောသည့်အတိုင်းပင် ပဏ္ဍဝမှာ နောက် သုံးရက်ခန့်အကြာမှ ရောက်ရှိလာတော့၏။

သို့ဖြင့် မိတ်ဆွေသုံးယောက် ပျော်ရွှင်စွာ ပြန်လည်ဆုံ စည်းကြပြီးနောက် ရှေ့လုပ်ဆောင်ရမည့် အစီအစဉ်တို့ကို ဆွေး နွေးတိုင်ပင်ကြလေ၏။

ခက်သည်က သူတို့သုံးဦးစလုံးမှာ တစ်ကျွန်းပြေး ဝရမ်း ပြေးဘဝတွင် စီးပွားရေးကို ထင်ထင်ပေါ်ပေါ် မရှာဖွေနိုင်ခြင်း၊ အရင်းအနှီးနည်းပါးခြင်းတို့ကြောင့် စီးပွားမဖြစ်ဘဲ ပါလာသည့် ရတနာပစ္စည်းအနည်းငယ်မှာလည်း ရောင်းချစားသောက် အရင်း အနှီးပြုခြင်းအားဖြင့် ကုန်ခန်းသွားကြလေရာ ပင်လယ်ပြင်ခရီး ထွက်ရန် အခက်အခဲဖြစ်လျက် ရှိနေကြလေသည်။

''ခက်တာပဲ ... ကျုပ်တို့မှာရှိတဲ့ ငွေလောက်နဲ့တော့ ခရီးသိုက်သွားဖော်ဖို့ မလုံလောက်ဘူး''

''ဟုတ်တယ် ... ပင်လယ်ထဲ မိုင်တစ်ရာလောက်ခရီး







www.burmeseclassic.com

www.burmeseclassic.com



ကို သုံးလေးရက်ကြာ သွားရမယ့်စရိတ်က လေးငါးသောင်း လောက်ရှိမှဖြစ်မှာ၊ အဲဒီလောက် ရင်းနိုင်ရင် သိန်းနှစ်ဆယ်ခင်း လောက် ပြန်ရမှာ ...၊

အင်း ... ခက်တာက ပင်လယ်ထဲသွားနိုင်လောက်တဲ့ စက်လှေကို ဝယ်ဖို့မပြောနဲ့၊ စင်းလုံးငှားဖို့တောင် ကျုပ်တို့မှာ အခက်အခဲဖြစ်နေတာ ဘယ်လိုလုပ်ကြမလဲ''

''အရင်းအနှီးကလည်း လောက်လောက်လားလား မရှိတော့ စီးပွားရှာဖို့လည်းမလွယ်ဘူး''

''ဘာပဲဖြစ်ဖြစ် ကျုပ်တို့ အဲဒီကျွန်းလေးဆီ ရောက်အောင်သွားမှ ဖြစ်မယ်၊ ခုဆို ဝရမ်းပြေးဘဝလည်း လွတ်သွားပြီမို့ ထင်ထင်ပေါ်ပေါ် ချမ်းချမ်းသာသာ နေလို့ရပြီ၊ ငွေရဖို့ ကြံစရာပဲ လိုတော့တယ်''

ဤသို့ဖြင့် ပဏ္ဍဝ၊ မိုးညိုနှင့် တိုင်းလုံးကျော်တို့သုံးဦးမှာ အကြံကုန်ဂျွန်ဆားချက်ဆိုသလို လောဘသားအချို့ဆီမှ လိမ်ညာလှည့်ဖြားပြီး ငွေကြေးများရယူရန် ကြံစည်မိကြလေတော့၏။

✵

ရ နှစ် ချိုး ကြွယ် ။ ။



ဤသို့ဖြင့် မိုးညိုတို့သုံးဦးသည် ရန်ကုန်၊ မန္တလေးလို မြို့ကြီးများမှ ငွေများများထွက်လာနိုင်မည့် လောဘသားတို့ကို လျှို့ဝှက်စွာ ရှာဖွေစုံစမ်းကြကာ လိမ်လည်လှည့်စားမှု ပြုခဲ့ကြလေ၏။

ယင်းသို့လျှင် သုံးယောက်သား ပူးပေါင်းကာ လှည့်ဖြားလိမ်ညာရယူနိုင်ခဲ့ကြသဖြင့် ငွေကြေးအတော်လေး စုဆောင်းမိလာကြတော့သည်။ ဤတွင် ပဏ္ဍဝတို့သည် ပင်လယ်ပြင်သို့ထွက်ရန် စတင်စီစဉ်ကြလေ၏။

တိုင်းလုံးကျော်ကလည်း သူ့မိန်းမနှင့် သမီးတို့အား ရန်ကုန်တွင် လစာငွေကြေးကောင်းကောင်းရသည့် ကုမ္ပဏီလုပ်ငန်းတစ်ခု၌ ဝင်ရောက်လုပ်ကိုင်နေသည်ဟု အကြောင်းပြကာ ပဏ္ဍဝ၊ မိုးညိုတို့နှင့်အတူ လာရောက်နေထိုင်လေ၏။

သူတို့သုံးဦးသည် စက်လှေအဟောင်းတစ်စီးကို ဝယ်ပြီး သင်္ဘောကျင်းတစ်ခုတွင် ဒေါက်တင်ကာ အကျအနပြင်ဆင်ကြတော့သည်။

သို့ဖြင့် သုံးလခန့်အကြာတွင် စက်လှေကို အသစ်နီးပါး ပြင်ဆင်ပြီးသွားချေပြီ။

ပင်လယ်ပြင်ခရီးထွက်ရန် ရိက္ခာခြောက်တို့နှင့် အခြားလိုအပ်သောပစ္စည်းပစ္စယတို့ကိုလည်း ဝယ်ယူစုဆောင်းပြီးချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ခရီးတွင် ပင်လယ်စားပြတို့၏ရန်ကို ကြောက်ရသဖြင့် သင်းတို့၏ရန်မှ တားဆီးကာကွယ်နိုင်ရန် သေနတ်နှစ်လက်ခန့် ယူဆောင်သွားရမည်ဖြစ်၏။

ယင်းသေနတ်နှင့်ကျည်ဆန်တို့ကို ရန်ကုန်ဗိုလ်တထောင်ဘက်ရှိ အင်္ဂလိပ်စစ်တပ်မှ လျှို့ဝှက်စွာ ဝယ်ယူခဲ့ရလေသည်။

"အင်း ... ပြောင်းရှည်သေနတ်အတွက်တော့ ကျည်အလုံအလောက်ပါတယ်၊ ခက်တာက ခြောက်လုံးပြူးအတွက် ကျည်က သုံးတောင့်ပဲရှိတယ်၊ နောက်ထပ်ကျည်ဆန်တွေ ထပ်ဝယ်ဖို့လိုတယ်"

"လက်နက်ပွဲစားကတော့ တညင် (သန်လျင်) ဘက်က စားပြဟောင်းတစ်ယောက်ဆီမှ ရှိတယ်လို့ ပြောတယ်"

"ဒါဆို တညင်ဘက်ကူးပြီး ဝယ်ကြတာပေါ့"

သို့ဖြင့် ပဏ္ဍဝနှင့် မိုးညိုတို့သည် လက်နက်ပွဲစားနှင့်အတူ သန်လျင်ကူးတို့သင်္ဘောဖြင့် ကူးခဲ့ကြလေ၏။

ယင်းနေ့ညနေပိုင်းတွင်မူ လိုအပ်တာရပြီဖြစ်သဖြင့် ပုဇွန်တောင်ဘက်ကမ်းသို့ ပြန်ကူးခဲ့ကြလေသည်။

ထိုသို့ကူးလာရင်း မြစ်သုံးဆိုင်အရောက်တွင် မိုးသက်လေပြင်းနှင့်အတူ လှိုင်းလုံးကြီးတို့သည် မြင့်မောက်လာပြီး လှိုင်းလေထန်သည်ထက်ထန်လာရာမှ နောက်ဆုံးဝယ် မိုးညိုတို့စီးလာ





သည့် သင်္ဘောမှာ လူးပြီး နစ်မြုပ်လေတော့၏။

✵

ယင်းသို့ သင်္ဘောနစ်မြုပ်ရာတွင် မိုးညိုမှာ အသက်ကယ်ဘောကို ဖက်တွယ်ရင်း အသက်ရှင်ခဲ့သော်လည်း အခြားခရီးသည်အတော်များများနှင့်အတူ ပဏ္ဍဝမှာ ရေထဲမြုပ်သွားရာ စုပ်စမြုပ်စ ပေါ်မလာတော့ချေ။

မိုးကလည်း သည်းထန်စွာရွာသွန်းသည်ထက် ရွာသွန်းလာရာ လှိုင်းတို့ပိုထန်လာပြီး ပျောက်ဆုံးနေသူတို့ကိုရှာဖွေရန် ခက်ခဲလျက်ရှိတော့၏။

ပျောက်ဆုံးနေသူတို့ကို သက်ဆိုင်ရာမှ အပူတပြင်း ရှာဖွေနေရာ မိုးညိုနှင့်တိုင်းလုံးကျော်တို့မှာ ပဏ္ဍဝ၏သတင်းများကို နားစွင့်လျက်ရှိခဲ့ကြလေ၏။

သို့သော် ရက်နှစ်ဆယ်ခန့် ကြာလာသည့်အခါမှာမူ ပဏ္ဍဝ ရေနစ်ပြီးသေဆုံးပြီဟုသာ မှတ်ချက်ချနိုင်တော့သည်။

သို့ဖြင့် လက်လျှော့လိုက်ကြပြီး စရန်ငွေပေးငှားထားသည့် စက်လှေလုပ်သားလေးဦးနှင့်အတူ ခရီးထွက်ရန်ပြင်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရတော့၏။

"ဝကြီးဟာ အသက်ထင်ရှားရှိနေရင် ငါတို့ဆီလိုက်လာမှာ သေချာတယ်"

"ဟုတ်တယ် ... ကျုပ်တော့ သူသေသွားပြီလို့ ယုံကြည်နေမိတယ် မိုးကြီးရေ"

"အင်း ... ဘာပဲဖြစ်ဖြစ် စက်လှေက အဆင်သင့်ဖြစ်နေပြီဖြစ်သလို လူငှားတွေလည်း ငှားပြီးပြီမို့ လှိုင်းလေပါးတုန်း ပင်လယ်ထဲ ထွက်ကြမယ်"

"ကောင်းတယ် ... ဝကြီးမပါလည်း ကျုပ်တို့နှစ်ယောက်တည်း မဖြစ်ဖြစ်အောင် ကြိုးစားလုပ်ကိုင်ကြမယ်"

သို့ဖြင့် သီတင်းကျွတ်လသို့ ကူးပြောင်းခဲ့ပြီး လှိုင်းလေအတော်အတန်ငြိမ်သက်နေသည့်နံနက်ခင်းတစ်ခုမှာပင် ပင်လယ်ထဲသို့ ထွက်ခဲ့ပါတော့၏။

စက်လှေလုပ်သားလေးဦးတို့ကိုမူ သူတို့သွားရောက်မည့်ကျွန်းလေးတွင် ဆေးဖက်ဝင်ပရဆေးအချို့ကို ရှာဖွေရန်ဟု လိမ်လွှဲအကြောင်းပြထားလိုက်လေသည်။

မိုးညိုမှာ ပင်လယ်အတွေ့အကြုံရှိသဖြင့် စက်လှေကိုပဲ့ထိန်းနိုင်လေ၏။

သို့ဖြင့် နှစ်ညနှင့်တစ်မနက် ခရီးနှင်ခဲ့ကြပြီးလျှင်မူ မိုး





ညိုတို့မှာ ကိုးအသိုက်ရှိရာ ကျွန်းလေးဆီသို့ ရောက်ရှိသွားပါတော့၏။

✸

မိုးညိုနှင့်တိုင်းလုံးကျော်တို့မှာ ကျွန်းကလေးပေါ်သို့ ရောက်လေလျှင် ကမ်းခြေမှာပင် စခန်းချကြပြီး စက်လှေလုပ်သားတို့ကို ထိုနေရာမှာပင်နေစေကာ ...

"ကဲ ... မင်းတို့ ထင်းခြောက်တွေရှာပြီး ထမင်းဟင်းချက်နှင့်ကြ၊ ငါတို့ ဆေးပင်တွေ သွားရှာလိုက်ဦးမယ်"

သူတို့နှစ်ဦးကမူ ကျွန်းလေး၏အလယ်ပိုင်းရှိ ကျောက်တောင်ကျောက်ဆောင်များအကြားသို့ တိုးဝင်ကာ ကိုးကန်းပုံထွင်းထုထားခဲ့သည့် ကျောက်တောင်ကို ရှာဖွေကြလေသည်။

ခဲခဲယဉ်းယဉ်းမရှာဖွေရဘဲ အဆိုပါကျောက်တောင်ငယ်ကို တွေ့သည့်တွင် ကျောက်တောင်ခြေကို တောလိုက်ဓားမြှောင်ဖြင့် တူးဆွပြီး မြှုပ်နှံထားခဲ့သည့် သားရေအိတ်ကြီးအား ဖော်ထုတ်ကြလေ၏။

သူတို့နှစ်ဦးသည် ရတနာထည်များ ထည့်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



သားရေအိတ်ကြီးကို အသင့်ယူလာသည့် ဂုန်နီအိတ်ထဲထည့်လိုက်ကာ ဝမ်းမြောက်ဝမ်းသာစွာ သယ်ပိုးလာခဲ့ကြလေသည်။

ယင်းသို့ ကမ်းခြေဘက် ပြန်ဆင်းလာရင်း ကျွန်းပေါ်၌ အလေ့ကျပေါက်ရောက်နေသည့် သစ်ပင်သစ်ရွက်အချို့ကိုပါ နုတ်ယူလာခဲ့ကြလေ၏။

ထိုသစ်ရွက်သစ်ပင်ငယ်တို့ကို ပရဆေးပင်များဟု သူတို့က ပြောရာ စက်လှေလုပ်သားတို့က ယုံကြည်လှပုံမရသော်လည်း သူတို့နှင့်မဆိုင်ဟု ယူဆ၍လားမသိ . . . ဘာမှ မပြောကြချေ။

မိုးညိုတို့မှာ လိုတာရပြီမို့ ချက်ချင်းပြန်လိုကြသော်လည်း ရုတ်တရက် မိုးနှောင်းမုန်တိုင်းကျလာသဖြင့် ယင်းကျွန်းလေးပေါ်မှာ နှစ်ရက်ခန့် ခိုနေလိုက်ရသေး၏။

သို့ဖြင့် မုန်တိုင်းစဲပြီး နောက်နှစ်ရက်အကြာတွင် ရန်ကုန်ကြည့်မြင်တိုင်ဘက်ရှိ အိမ်ကလေးသို့ ချောချောမောမော ပြန်ရောက်လာကြရာ မိုးညိုနှင့်တိုင်းလုံးကျော်တို့မှာ ရရှိလာသောရတနာထည်တို့ကို အညီအမျှ ထက်ဝက်စီ ခွဲလိုက်ကြတော့သည်။

ထို့နောက်မှာမူ သူတို့နှစ်ဦးသည် နှုတ်ဆက်လမ်းခွဲခဲ့ကြလေ၏။

တိုင်းလုံးကျော်က သူ၏ဇနီးနှင့်သမီးလေးရှိရာ ဇာတိရွာလေးသို့ ပြန်သွားပြီး မိုးညိုကမူ ရန်ကုန်မှာပင် ပျော်နေသဖြင့်





ရတနာထည်အချို့ကို ထုခွဲကာ ဘောက်ထော်ဘက်တွင် ခြံနှင့်တိုက်ငှားလျက် နေထိုင်ခဲ့ပါတော့သတည်း။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com

## အတိတ်တစ္ဆေ



မိုးညိုနှင့်တိုင်းလုံးကျော်တို့မှာ ဆယ်သိန်းကျော်မျှစီ ရရှိခဲ့ကြသဖြင့် ဘဝအနေ ဟန်ကျပန်ကျဖြစ်ကာ ရှေ့ရေးအတွက်လည်း ပူပန်စရာမလိုတော့ချေ။

တိုင်းလုံးကျော်မှာ သူ၏ဇာတိရွာကလေးမှ လူသူစည်ကားသော ရွှေတောင်မြို့သို့ ပြောင်းရွှေ့ကာ အဝေးပြေးကားနှစ်စီး ထောင်ထားပြီး ရွှေတောင်မြို့လယ်ဈေး၌လည်း ရွှေဆိုင်တစ်ဆိုင်ဖွင့်ကာ ရွှေတောင်မြို့၏ လူချမ်းသာ လူကုံထံစာရင်းဝင် ဖြစ်နေတော့၏။

မိုးညိုမှာမူ မည်သည့်စီးပွားရေးမျှမလုပ်ဘဲ ရတနာထည်တို့ ရောင်းချ၍ ရသမျှ ငွေတို့ကို မာကင်တိုင်ဘဏ်၌အပ်နှံထားကာ ဘဏ်တိုးကိုစားရင်း အေးငြိမ်းစွာ နေထိုင်လျက်ရှိလေသည်။





သူနှင့် တိုင်းလုံးကျော်တို့မှာ စာအဆက်အသွယ်တော့ ရှိ၏။

ထိုကဲ့သို့ သူတို့နှစ်ဦး၏ဘဝ အေးချမ်းငြိမ်းမြ စိတ်လက်ချမ်းသာနေစဉ် တစ်နေ့သောအခါမှာမူ အတိတ်တစ္ဆေ အခြောက်ခံရတော့၏။

ထိုနေ့က နေ့လယ်ပိုင်းတွင် မိုးညိုသည် ရန်ကုန်မြို့ထဲသို့ ရေဒီယိုလေးတစ်လုံး ဝယ်ရန် သွားရောက်ခဲ့ရာ ရိုးကုန်တိုက်ဆီ သွားမီ ဆူးလေဘုရားဝင်ဖူးရန်အတွက် ဆူးလေဘုရားလမ်းအတိုင်း တောင်ဘက်သို့ လှမ်းလျှောက်လာခဲ့လေသည်။

ယင်းသို့လျှောက်လာရင်း ဗဟိုမီးသတ်ရုံးကြီးရှေ့ ရောက်လာသည်တွင် လမ်း၏ဝဲဘက်သို့ အမှတ်မထင်ကြည့်လိုက်မိရာ လမ်း၏တစ်ဖက်ရှိ အင်ပီးရီးရယ်ပျော်ပွဲစားရုံထဲမှ လှမ်းထွက်လာသည့် လူတစ်ဦးကို လှမ်းတွေ့လိုက်သည်၌ သူ၏ ခေါင်းမွေးများ ထောင်ထသွားသလား ထင်ရအောင်ပင် အံ့သြတုန်လှုပ်သွားတော့၏။

"ဟာ ...ဟို ဟိုလူက ဝကြီးနဲ့တူလှချေလား"

သေဆုံးသွားပြီဟု တစ်ထစ်ချ ယူဆယုံကြည်ထားခဲ့သည့် ငတ္ထာဝများလားဟူသော သံသယအတွေးဖြင့် သူ ကြောင်ငေးရပ်ကြည့်နေစဉ်မှာပင် သက္ကလတ်ကုတ်အင်္ကျီနွမ်းနွမ်းနှင့် ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းအကွက်ကျဲကျဲကို ဝတ်ကာ သက္ကလတ်ဦးထုပ်ဟောင်းကြီး ဆောင်းထားပြီး လွယ်အိတ်ကြီးတစ်လုံးလွယ်ထားသည့် ထိုလူကြီးကလည်း သူ့ကိုလှမ်းတွေ့သွားဟန်ဖြင့် တွေတွေကြီးရပ်ကြည့်လျက် ရှိလေ၏။

ယင်းအခိုက်အတန့်မှာ စက္ကန့်ပိုင်းမျှသာကြာသော်လည်း မိုးညိုအတွက်မူ တစ်ကမ္ဘာခန့်ကြာသည်ဟု ထင်ရလေ၏။

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ခေတ္တမျှ ကြောင်ငေးကြည့်နေကြပြီးလျှင်မှ လမ်းတစ်ဖက်မှ လူသည် သူ၏ဦးထုပ်ကို ချွတ်ကာ လက်ထဲတွင်ကိုင်လျက် ငွေယမ်းရင်း ပါးစပ်မှလည်း ဝမ်းသာအားရ အော်ဟစ်လျက် လမ်းကို အပြေးဖြတ်ကူးလာတော့သည်။

"ဟေး မိုးကြီး မိုးကြီး ...ငါပါကွ၊ ဝကြီးပါ ဝကြီး"

ထိုစဉ် လန်ချားအချို့နှင့် ကားအချို့တို့က သူတို့နှစ်ဦး၏ရှေ့မှ ဥဒဟို ဖြတ်သန်းသွားလျက်ရှိကြရာ လမ်းကိုဖြတ်ကူးရန် ကြိုးစားသူမှာ ရှေ့ဆက်မတိုးသာဘဲ တုံ့ခနဲ ရပ်တန့်သွားရလေတော့၏။

ထိုသူသည် လန်ချားရော ကားတွေပါရှင်းသွားမှ ဆက်လက်၍ အပြေးဖြတ်ကူးလာလေ၏။ သို့သော် ဗဟိုမီးသတ်ရုံးကြီးရှေ့အရောက်၌ မိုးညိုကို မတွေ့ရတော့ချေ။





"ဟင် ...မိုး မိုးကြီး ဘယ်ရောက်သွားပါလိမ့်"

အနီးအနားတွင် လူသူရော ကား လန်ချားတို့ပါ ရှင်းလင်းလျက် ရှိလေ၏။

"ငါ မိုးကြီးကို သေချာတွေ့လိုက်တာပါ၊ သူ ဘယ်ရောက်သွားပါလိမ့်"

"ဟော ...ဟိုမှာ မိုးကြီးပဲ"

ထိုသူက တက္ကစီကားတစ်စီးပေါ်တက်နေသည့် မိုးညိုကို လှမ်းတွေ့လိုက်ရာ မာတ်တိုင်တစ်တိုင်ခန့်အကွာမှ တက္ကစီကားဆီ အော်ဟစ်ရင်း ဒရောသောပါး ပြေးသွားတော့၏။

"မိုးကြီး"

"မိုးကြီး"

ယင်းအချိန်တွင် မိုးညိုက တက္ကစီကားပေါ် ရောက်ရှိသွားခဲ့ပြီ။ ထို့နောက် ကားက တစ်ဟုန်ထိုး မောင်းထွက်သွားချေပြီ။

လွယ်အိတ်ကြီးနှင့်လူကမူ အော်ဟစ်ခေါ်ရင်း ကားနောက်မှ အူယားဖားယား အသည်းအသန် ပြေးလိုက်လျက်ရှိလေ၏။

"မိုးကြီး မိုးကြီး မိုးကြီး"

ဆူးလေဘုရားအဝိုင်းကို တက္ကစီကားကွေ့သွားစဉ် မိုးညို



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကို တစ်ချက်လှည့်ကြည့်သွားသေးသည်။

✸

"သူက ဝကြီးမှဝကြီးအစစ်ပဲ ကျော်ကြီး၊ ကျုပ်လည်း သူ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားတယ်၊ အပေါင်းအသင်းတစ်ယောက် သေရွာက ပြန်လာတာကို တွေ့ရလို့ ဝမ်းသာအားရ ဖြစ်သွားရမှာလား, အတွေ့မခံဘဲ ရှောင်ပြေးရမှာလားဆိုတာ ဝေခွဲမရ ဖြစ်သွားတယ်၊ မှန်တာပြောရရင် ပထမတော့ ထိတ်လန့်အံ့သြရာက ဝမ်းသာသလို ဖြစ်သွားတယ်၊ ဒါပေမဲ့ အဲဒီခဏလေးအတွင်းမှာပဲ ကျုပ်ရဲ့ရင်ထဲမှာ အတ္တက လွှမ်းမိုးသွားတယ်၊ သူ့ကိုမြင်လိုက်ရတဲ့အခါ, သူ မသေသေးပါလားလို့ သိလိုက်ရတဲ့အခါမှာ ကျုပ်တို့ရထားတဲ့အထဲက သူ့ကို ခွဲဝေပေးရမှာပါလားဆိုတဲ့အသိက ဝင်လာတယ်၊ အဲဒီလို အသိဝင်လာတာနဲ့ လက်ဆုပ်လက်ကိုင်ရထားတာတွေထဲက ခွဲမပေးချင်တဲ့စိတ်က ချက်ချင်းလွှမ်းမိုးသွားတယ်၊ ဒါနဲ့တင် သူ့ကို အတွေ့မခံဖို့ ရုတ်တရက် ဆုံးဖြတ်လိုက်ပြီး ရပ်နေရာကနေ ဘုရားဘက်ကို ထွက်ပြေးခဲ့မိတယ်၊ အဲဒီ





အချိန်မှာ ကားရှင်းသွားပြီဖြစ်လို့ သူဟာ လမ်းကို ဖြတ်ကူးလာနေပြီ၊ အဲဒီတင် ဒီအတိုင်းဆို လွတ်မှာ မဟုတ်ဘူးလို့တွေးမိပြီး တက္ကစီကားတစ်စီးကို တားလိုက်တယ်၊ ကျုပ် ကားပေါ် ကမန်းကတန်းတက်ပြီး ကားသမားကို အတင်းမောင်းထွက်ခိုင်းရတယ်၊ ဒါတောင် သူက ကျုပ်ကို အော်ခေါ်ပြီး ဓာတ်တိုင်တစ်တိုင်လောက် ပြေးလိုက်လာသေးတယ်"

ရွှေတောင်မြို့သို့ရောက်ရှိလာပြီး အံ့ဖွယ်အဖြစ်အပျက်ကို ခရေစေ့တွင်းကျ ပြောပြလာသည့်မိုးညိုအား တိုင်းလုံးကျော်က မျက်လုံးကြီးပြူးကာ ကြက်သေသေ ငေးကြည့်လျက်ရှိလေ၏။

ပြီးမှ သူက အသက်ပြင်းပြင်း ရှူလိုက်ပြီး အသံတုန်တုန်ဖြင့် မေးလိုက်လေသည်။

"ဒီ ဒီကောင် တကယ်မသေဘူးပေါ့"

"ဟုတ်တယ် ကျော်ကြီး၊ မသေဘူး၊ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ၊ သူ့ကို အတွေ့ခံလိုက်ရင်တော့ ကျုပ်တို့ရထားသမျှထဲက သုံးပုံတစ်ပုံ သူ့ကို ပေးရလိမ့်မယ်"

တိုင်းလုံးကျော်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး . . .

"ခုမှတော့ မပေးနိုင်တော့ဘူး မိုးကြီး၊ ရတနာထည်ပစ္စည်းတွေ ရောင်းလို့ရသမျှ ငွေအားလုံးကို စီးပွားရေးလုပ်ငန်းတွေထဲ ထည့်ထားပြီးပြီ၊ ငွေတွေ ပြန်ဖော်ဖို့လည်း မလွယ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖော်လို့ရလည်း သုံးပုံတစ်ပုံ ခွဲမပေးနိုင်ဘူး''

''ဒါဆို ဘယ်လိုလုပ်ကြမလဲ''

''ဘယ်လိုလုပ်ရမလဲ . . . သူ့ကို လုံးဝအတွေ့မခံနဲ့ပေါ့၊ အကောင်းဆုံးကတော့ ရန်ကုန်ကနေ တခြားတစ်နေရာဆီ ပြောင်းတော့၊ ကျုပ်လည်း ခုအချိန်ကစပြီး သိုသိုသိပ်သိပ်နေရမယ်၊ သင်း ကျုပ်တို့ကို ရှာဖွေဖို့ မလွယ်ပါဘူး''

''ဟုတ်တယ် . . . သူလည်း သိပ်အဆင်ပြေပုံ မရဘူး၊ ဝတ်စားထားတာ ခပ်နွမ်းနွမ်းပဲ၊ လွယ်အိတ်ကြီးလွယ်လို့ ဆေးကုစားနေပုံ ရတယ်''

''ဘာပဲဖြစ်ဖြစ် သူ့ကို မတွေ့အောင် ဖြစ်တဲ့နည်းနဲ့ ရှောင်ဗျာ''

''ဟုတ်တယ် . . . အဲဒီလိုလုပ်ရတော့မှာပဲ''

❋

မိုးညိုမှာ ရန်ကုန်ပြန်ရောက်သည်နှင့် ငှားထားသည့် တိုက်ကို ပြန်အပ်၊ ဘဏ်မှငွေများ ပြန်ထုတ်ကာ ရန်ကုန်နှင့်ဝေးရာ မြေလတ်မြို့လေး မြိုင်ဟောဝန်သို့ ပြောင်းရွှေ့ခဲ့ပြီး မြို့စွန်၌





အိမ် ခါကလေးငှားကာ နေထိုင်ခဲ့လေ၏။

ယခုတော့ ပဏ္ဍုဝက သူ့နောက်ကို ထက်ကြပ်လိုက်လာခဲ့ပြီ။

အစပထမတွင် အိပ်မရဖြစ်ကာ နောက်ပိုင်းတွင်မှ အိပ်ပျော်သွားရသည့်မိုးညိုမှာ နေ့လယ်ခင်းရောက်မှ နိုးလေတော့၏။

အိပ်ရာထ မျက်နှာသစ်ပြီး ထမင်းစားခန်းထဲဝင်လာသည့် မိုးညိုကို တိုင်းလုံးကျော်က ထမင်းပွဲနှင့်အတူ အသင့်စောင့်နေကြောင်း တွေ့ရလေသည်။

''လာ မိုးကြီး . . . ထမင်းစား။ ကောင်းကောင်းရော အိပ်ပျော်ရဲ့လား''

''ပထမတော့ မပျော်ဘူး . . . ဝကြီးအကြောင်းတွေးရင်း တော်တော်နဲ့အိပ်မရ ဖြစ်သွားတယ်''

''သူ့အကြောင်းကို ဒီလောက်လည်း ခေါင်းထဲမထည့်ပါနဲ့လေ၊ သူ ကျုပ်တို့ကိုတွေ့အောင် လိုက်မရှာနိုင်ပါဘူး။ ဪ . . . ဒါထက် ကျုပ်စဉ်းစားထားတာ ပြောရဦးမယ်''

''ဘာများလဲ ကျော်ကြီး''

''ကျုပ်လည်း ကျောမလုံလှဘူး။ ဒီ ရွှေတောင်မြို့ဟာ ကျုပ်ရဲ့မူရင်းဒေသနဲ့ မဝေးလှဘူး၊ ကြားမှာ လက်ပံတန်း၊ ဇီးကုန်း၊ ပေါင်းတည်တို့ပဲခြားတာ၊ ဒီတော့ အိန္ဒိယနယ်စပ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



နီးတဲ့ ကလေးမြို့ကို ပြောင်းမလားလို့ စိတ်ကူးတယ်၊ အဲဒီမှာလည်း နယ်စပ်နဲ့ ကုန်ကားတွေ ပြေးဆွဲလို့ရတာပဲ''

''ကောင်းပါတယ် အဲဒီအကြံဉာဏ်၊ ဒါထက် ရွှေဆိုင်ကိုရော ဘယ်လိုလုပ်မလဲ''

''ရွှေတွေ ယူသွားမှာပေါ့၊ ဆိုင်က ငှားထားတာပဲ၊ ပြန်အပ်လိုက်ရုံပေါ့၊ ဒီတိုက်ကိုလည်း ချစ်တီးသူဌေးတစ်ယောက်က လိုချင်တယ်လို့ ပြောထားတယ်၊ သူ့ကို ရောင်းခဲ့မယ်''

''ဒါဆို ကောင်းသားပဲ၊ ဒီ ရွှေတောင်မှာတော့ စိတ်မချရတာ မှန်တယ်၊ ဝကြီးက လူပါး၊ ပြလို့ဘက်လိုက်လာပြီး အဆင့်ဆင့် ခြေရာခံထောက်လှမ်းရာက ဒီကိုရောက်လာနိုင်တယ်၊ ဒီက ပြောင်းရင်လည်း ဘယ်ကိုပြောင်းမလဲဆိုတာ ဘယ်သူမှ အသိမပေးနဲ့ဦး''

''စိတ်ချ ... ကျုပ်က သိုသိုသိပ်သိပ် ပြောင်းမှာပါ၊ အဲဒီလိုပြောင်းရာမှာ ချက်ချင်းတော့ ပြောင်းလို့မဖြစ်သေးဘူး၊ တစ်ပတ်တန်သည်, နှစ်ပတ်တန်သည် အချိန်ယူရဦးမယ်''

''ဒါပေါ့ ဟုတ်ပါတယ်''

''အဲဒီ တစ်ပတ် နှစ်ပတ်အတွင်းမှာ မောင်ရင် ဒီအိမ်မှာ နေလို့ မဖြစ်ဘူး၊ တခြားလုံခြုံတဲ့တစ်နေရာ ပြောင်းနေမှ ဖြစ်မယ်၊ ဒီအိမ်က စီးပွားရေးသမားတွေ အဝင်အထွက်ရှိတယ်၊





မောင်ရင့်ကိုတွေ့သွားရင် မကောင်းဘူး''

''ဒါဆို ကျုပ်က ဘယ်သွားနေရမှာလဲ''

''ဒီလိုလုပ် ... ဒီမြို့ရဲ့အနောက်ဘက်မှာ ကျုပ်ဝယ်ထားတဲ့ သရက်ခြံဟောင်း ရှိတယ်၊ သရက်ပင်တွေက အိုနေပြီ၊ ခြံအသစ်ပြန်ပျိုးဖို့ ဝယ်ထားတာ၊ ခြံစောင့်အိမ်လေး ရှိတယ်၊ လူတော့ မနေဘူး၊ အဲဒီအိမ်လေးမှာ မောင်ရင် နှစ်ပတ်လောက် သွားနေဗျာ၊ ကျုပ် ရိက္ခာအတွက်စီစဉ်ပေးမယ်၊ မောင်ရင် အဲဒီမှာသွားနေတုန်း ကျုပ်က ဒီမှာရောင်းချစရာရှိတာ ရောင်းချပြီး ပြောင်းဖို့ရွှေ့ဖို့ စီစဉ်မယ်၊ အားလုံးအိုကေပြီဆိုရင် ပြောင်းမယ်၊ မောင်ရင်လည်း ကျုပ်တို့နဲ့အတူလိုက်ခဲ့၊ အဲဒီနယ်စပ်ဘက်မှာဆို ဝကြီး ဘယ်လိုမှ ရှာမတွေ့နိုင်တော့ဘူး''

''အင်း ... မောင်ရင့်ရဲ့အစီအစဉ် ကောင်းပါတယ်၊ ဒါဆို ကျုပ် ဘယ်တော့ပြောင်းရင်ကောင်းမလဲ''

''ဒီနေ့ညပဲ ပြောင်းရမယ်မိုးကြီး၊ ညမိုးသိပ်မချုပ်ခင် ကျုပ် လိုက်ပို့မယ်၊ လိုအပ်တာအားလုံးတော့ အခုနေ့ခင်းကတည်းက စီစဉ်ထားလိုက်မယ်''

''ကောင်းသလိုသာ ကြည့်စီစဉ်ပေတော့ ကျော်ကြီးရာ''

သို့ဖြင့် ညသို့ရောက်လာပြီး အတော်မှောင်စမှာပင် မိုးညိုမှာ သူ၏ အဝတ်အစားများနှင့် ငွေများထည့်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ကျောပိုးအိတ်ကြီးကို လွယ်လိုက်ကာ တိုင်းလုံးကျော်၏မြင်း နောက်မှ တက်လျက် လိုက်ပါသွားတော့၏။

✵ ✵ ✵





## လောဘနိဂုံး

ရွှေတောင်မြို့စွန်မှ တစ်မိုင်ကျော်ကျော်ခန့် ဝေးကွာသော သရက်ခြံဟောင်းကြီးထဲရှိ သစ်သားမြေစိုက်အိမ်ကလေးတွင် မိုးညို နိုအောင်းနေခဲ့သည်မှာ သုံးရက်မြောက်ခဲ့ပြီဖြစ်၏။

ယနေ့နံနက်တွင်မူ အိပ်ရာမှ နိုးထလာသည့်မိုးညိုမှာ မျက်နှာသစ်ရန် အိမ်ကလေးထဲမှ တံခါးဖွင့်ထွက်လိုက်ပြီး တံခါးကို ပြန်စေ့ပိတ်လိုက်စဉ် တံခါးရွက်ပေါ်မှ တစ်စုံတစ်ရာကို မမျှော်လင့်ဘဲ တွေ့လိုက်ရရာ မီးခဲကိုတက်နင်းမိသူနှယ် ထခုန်မိမတတ် အထိတ်တလန့် ဖြစ်သွားမိတော့သည်။

"အလို ... ဘုရားရေ"

သစ်သားတံခါးရွက်ပေါ်၌ မီးသွေးခဲဖြင့်ရေးထားသော အောက်ဖော်ပြပါ စာလုံးတို့ကို တွေ့သဖြင့် သူ လွန်စွာ တုန်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားသွားရခြင်း ဖြစ်ပါ၏။

"ကျီးဖြူ ကျီးမည်း တစ်ကောင်တည်း
ကျီးမည်း ဘယ်မှာနေ၊ ဟောဒီမှာနေ၊
ကျီးဖြူအိမ် ဘယ်မှာဆောက်၊
ဟောဒီမှာဆောက်
အာလောက်လောက် အာလောက်လောက်"

မိုးညိုမှာ ယင်းကဗျာစာသားတို့ကို ဖတ်ရင်း အငေးငိုင်ကြီး ငေးငိုင်မိသွားတော့၏။

"အင်း . . . မဟုတ်တာလုပ်တဲ့သူအတွက် ဆိတ်ကွယ်ရာမရှိဘူးဆိုတာ တယ်မှန်ပါလား၊ ငါတို့ဟာ ဝကြီးအပေါ် မတရားလုပ်ပြီး ဘယ်လိုပဲ ပုန်းရှောင်ပုန်းရှောင် ပုန်းရှောင်လို့ မရပါလား . . . ဟူး"

သူ စိတ်ဓာတ်ကျစွာ သက်ပြင်းကြီးမှုတ်ထုတ်လိုက်ပြီးနောက် ထိုစာသားတို့ကို မမြင်ဝံ့ဟန်ဖြင့် တံခါးရွက်ကြီးကို ဆွဲဖွင့်လိုက်ကာ တံခါးရွက်ကို နံရံ၌ ကပ်ထားလိုက်လေ၏။

ထို့နောက် သူသည် စိတ်ဓာတ်ကျစွာဖြင့် အိမ်လေးထဲပြန်ဝင်ကာ ကွပ်ပျစ်ပေါ်တွင် ခြေပစ်လက်ပစ် ပြန်ထိုင်နေလိုက်တော့သည်။

"ငါ ဘယ်ကိုပြေးပြေး ဖွဲကြီးလှတဲ့ ပဏ္ဍုပဟာ မိုးအဆုံး





မြေအနှံ့ လိုက်နေတော့မှာပဲ၊ ဒီလို တစ်ရှောင်တည်း ရှောင်ပြေးရင်း တစ်သက်လုံး သူ့ရဲ့ရန်ကို စက္ကန့်နဲ့အမျှ ကြီးလန့်စာစားစိုးတထိတ်ထိတ် ဖြစ်နေရတာထက်စာရင် သူနဲ့ရင်ဆိုင်ပြီး သူသေသေ ကိုယ်သေသေ စာရင်းအပြတ်ဖြတ်လိုက်တာကမှ ကောင်းဦးမယ်၊ ဒါမှမဟုတ် ငါပိုင်ဆိုင်တဲ့ငွေထဲက သူ့ကို တစ်ဝက်ခွဲပေးလိုက်ရင် ကောင်းမယ်ထင်တယ် . . .၊

အင်းလေ . . . တကယ်တော့ ဒီငွေတွေကို သူလည်း ပိုင်ဆိုင်သင့်ပါတယ်၊ ငါတို့သုံးယောက်စလုံး အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ပြီး အသက်စွန့်ရယူခဲ့ရတာပဲ၊ သူ့ကိုပါ ခွဲပေးသင့်တာပေါ့၊ ဟုတ်ပြီ . . . ဝကြီးလာပါစေ၊ သူ့ကို ခွဲဝေပေးလိုက်မယ်"

ထိုသို့ စိတ်နှလုံး ဒုံးဒုံးချ ဆုံးဖြတ်လိုက်နိုင်တော့မှ သူ့ရင်ထဲဝယ် လွတ်လပ်ပေါ့ပါးသွားတော့၏။

ထိုစဉ်မှာပင် မြင်းခွာသံကို သူကြားလိုက်ရလေသည်။

'ခွပ် ခွပ် ခွပ် ခွပ်'

အသားကျပြေးလာသည့်မြင်းက သစ်သားအိမ်ကလေး၏ရှေ့တွင် ရပ်သွားပြီး မြင်းပေါ်မှ တိုင်းလုံးကျော်ဆင်းလာလေသည်။

"ဟေး မိုးကြီး . . . နိုးနေပြီလားကွ"



www.burmeseclassic.com

www.burmeseclassic.com



မိုးညိုက ဘာမျှပြန်မပြောဘဲ ဒူးနှစ်လုံးထောင်ထိုင်လျက်မှ ငေးငူငူကြီး ကြည့်နေလေ၏။

တိုင်းလုံးကျော်က ဖွင့်ထားသည့်တံခါးဝမှ ဝင်ရောက်လာပြီး မိုးညို၏ရှေ့တည့်တည့်နှစ်လံအကွာခန့်ရှိ ခွေးခြေတစ်လုံးတွင် ထိုင်လိုက်လေသည်။

သူက ထိုင်ပြီးပြီးချင်းမှာပင် ဘာမပြော ညာမပြောနှင့် ကုတ်အကျႌအတွင်းအိတ်ထဲမှ ပစ္စတိုသေနတ်မည်းမည်းလေးကို ထုတ်ကာ မိုးညို၏ရင်ဝတည့်တည့်သို့ ချိန်လိုက်လေ၏။

"ဟင် ... မင်း ဒါ ဘာလုပ်တာလဲ ကျော်ကြီး"

မိုးညိုက လှုပ်လှုပ်ရှားရှား ဖြစ်သွားသော်လည်း တုန်လှုပ် ချောက်ချားမှုတော့ မဖြစ်သွားချေ။

သူက တိုင်းလုံးကျော်ကို အေးစက်စက်သာ စိုက်ကြည့်နေလေသည်။

"ဟင်း ဟင်း ဟင်း ... မင်းကိုသတ်ဖို့ သေနတ်နဲ့ချိန်တာလေကွာ၊ ဟား ဟား ဟား ... ကျောချမှ ဓားပြမှန်းသိသလားကွ မိုးကြီး၊ မင်းကို အပြတ်ရှင်းပြီး မင်းရဲ့ငွေတွေကိုပါ ရယူဖို့ ငါကြံစည်ထားတာကွ ... သိရဲ့လား။ ဒါကြောင့် မြို့နဲ့ဝေးတဲ့ ဒီနေရာဆီ ဘယ်သူမှမသိအောင် မင်းကိုပို့ထားပြီး သတ်ဖြတ်မြေမြှုပ် ဖျောက်ဖျက်ပစ်မလို့ကွ၊ မပိုင်ဘူးလားကွာ ... ဟား





ဟား· ဟား"

မိုးညိုက တည်ငြိမ်စွာပဲ သူ့ကို ပြန်စိုက်ကြည့်နေ၏။

"ဒီမှာ ကျော်ကြီး ... သိပ်မတရားမလုပ်နဲ့ မတရားခွစားရင် နင်ပြီးသေတတ်တယ်ကွ ... သိလား၊ ငါတော့ ဒီမနက်ပဲ ဆုံးဖြတ်ချက်ချလိုက်ပြီ၊ ဝကြီးအပေါ် မတရားမလုပ်တော့ဘူး။ ငါ့ဝေစုထဲက သူ့ကို သုံးပုံတစ်ပုံခွဲပေးဖို့ ဆုံးဖြတ်လိုက်ပြီ၊ မင်းလည်း သူ့အပေါ်မှာရော ငါ့အပေါ်မှာပါ မတရားမလုပ်ချင်ပါနဲ့ကွာ၊ ပြီးတော့ ဒိုးဆီနဲ့ကြေးမည်းကို အကြောင်းပြုပြီး ငါတို့လိမ်ထားခဲ့တဲ့သူတွေကို စုံစမ်းရှာဖွေပြီး သူတို့ရဲ့ငွေတွေ ပြန်ပေးရအောင်ပါ"

"ဟား ဟား ဟား ... ဟော့ကောင် မိုးကြီး ... မင်းအခုမှ သေမှာကြောက်ပြီး သွေးရူးသွေးတန်းပြောမနေနဲ့၊ ငါကတော့ ဘယ်သူ့မှ ခွဲမပေးနိုင်ဘူးကွ၊ ရှိတဲ့အထဲက ခွဲမပေးတဲ့အပြင် မင်းဆီကပါ ထပ်ယူဦးမှာ ... သိရဲ့လား၊ ကဲ ကြာတယ် ... သေဖို့သာ ပြင်စမ်းကွာ"

တိုင်းလုံးကျော်က ပြောပြောဆိုဆိုဖြင့် ပစ္စတို၏ ခလုတ်မောင်းကို ဆွဲညှစ်ချလိုက်တော့၏။

'ဒိုင်း'

'ဒိုင်း'

www.burmeseclassic.com



"အား အ အ"

သွေးသံရဲရဲဖြင့် မြေကြီးပေါ် ပြုတ်လဲကျသွားသူက တိုင်းလုံးကျော်ပင် ဖြစ်ပါ၏။

မိုးညိုက တိုင်းလုံးကျော်ကို အံ့အားတသင့် ကြောင်ကြည့်နေပြီးမှ လှူရိပ်တွေ့လိုက်ရသည့် တံခါးဝဆီမော့ကြည့်လိုက်ရာ ယမ်းငွေ့ဝေနေသည့် ခြောက်လုံးပြူးသေနတ်ကို ကိုင်လျက် ဝင်လာသူက ပဏ္ဍဝပင် ဖြစ်ကြောင်း တွေ့ရလေသည်။

"ဝ ဝကြီး"

"ဟုတ်တယ်၊ ကျုပ်ပဲ၊ ကျုပ် ဒီအိမ်လေးရဲ့အနားကို မိုးမလင်းခင်ကတည်းက ရောက်နေတာ၊ မောင်ရင်တို့ပြောတာတွေအားလုံးလည်း ကြားပြီးပြီ၊ ဒါကြောင့် အတ္တလောဘမီးလောင်နေတဲ့ ကျော်ကြီးကို ယောယုဝ ပို့လိုက်ရတာပဲ"

"အင်း ... တိုင်းလုံးကျော် ဒီလောက် လောဘကြီးပြီး ရက်စက်တတ်လိမ့်မယ်လို့ ကျုပ် လုံးဝမထင်ခဲ့ဘူး"

"ဒါပေါ့လေ ... ပိုင်ဆိုင်မှုငွေကြေး အခွင့်အရေးဆိုတာတွေက လူတွေရဲ့စိတ်ကို ဖောက်ပြန်စေပါတယ်၊ မောင်ရင်လည်း အဲဒီလို ဖြစ်ခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဝကြီး ... ကျုပ် ဝန်ခံပါတယ်၊ အဲဒီအတွက် နောင်တရပြီးပါပြီ"





"တိုင်းလုံးကျော်ကို ပြောခဲ့တဲ့စကားတွေဟာ မောင်ရင်ရဲ့ ရင်ထဲက တကယ်ထွက်ပေါ်လာတဲ့ စကားတွေဆိုတာ ကျုပ်ယုံပါတယ်၊ ဒီတော့ မောင်ရင်ရဲ့ ဝေစုထဲက ကျုပ်ကို တစ်ဝက် ခွဲပေးမလား"

"ဟာ ... ပေးပါတယ် ဝကြီးရာ"

"ဟင်း ဟင်း ... တစ်ဝက်မလိုချင်ပါဘူး။ သုံးပုံတစ်ပုံပဲ ပေးပါ၊ ပြီးရင်သာ ကျုပ်တို့ လိမ်ခဲ့တဲ့ သူတွေရဲ့ ပိုက်ဆံတွေကို ပြန်ပေးလိုက်ပါ"

"စိတ် စိတ်ချပါ ဝကြီး"

ထို့နောက် မိုးညိုက သူ၏သားရေအိတ်ကြီးထဲမှ ငွေစက္ကူထုပ်များကို ထုတ်ကာ ခွဲချက်ပြီး သုံးပုံတစ်ပုံကို ပဏ္ဍဝအား ပေးလိုက်တော့သည်။

ပဏ္ဍဝက သူ၏လွယ်အိတ်ကြီးထဲသို့ ငွေစက္ကူထုပ်များကို ထည့်လိုက်ပြီးနောက် တိုင်းလုံးကျော်၏အလောင်းကို စက်ဆုပ်စွာ တစ်ချက်ကြည့်ကာ ထွီခနဲ တံတွေးတစ်ချက် ထွေးလိုက်ပြီးလျှင် တိုင်းလုံးကျော်၏ မြင်းပေါ် လွှားခနဲ တက်လိုက်လျက် ဒုန်းစိုင်းကာ သရက်ခြံထဲမှ ထွက်ခွာသွားပါတော့၏။

မိုးညိုသည်သာ သစ်သားအိမ်ကလေး၏ရှေ့တွင် သက်ပြင်း အခါခါချရင်း ငေးငေးငူငူကြီးဖြင့် တိတ်ဆိတ်စွာရပ်လျက်

www.burmeseclassic.com



ကျန်ရစ်ခဲ့ပါတော့သည်။

သူ၏နားထဲတွင်မူ ကဗျာစာသားတစ်ပိုင်းတစ်စကို ကြားယောင်နေဆဲ။

"ကျိုးဖြို့ ကျိုးမည်း တစ်ကောင်တည်း"

ယခုတော့ ကျိုးမည်း ကျိုးဖြို့ထဲမှ တစ်ကောင်ယူခြင်း ခံလိုက်ရပြီ ဖြစ်ပါတော့သတည်း။

စိုးတြဲအဂ္ဂ

# စိုးတြဲအဂ္ဂ၏ ရေးသားထုတ်ဝေပြီးသောဝတ္ထုရှည်များ

၁။ ကိုးဖြို့ကိုးတံခါး ( စိုးတြဲကွ ကလောင်အမည်ဖြင့် )
၂။ သေမင်းပုရပိုက်ဖြူ ( ။ )
၃။ မရဏရှင်းတမ်း ( ။ )
၄။ ရွှေဘုံနန်းရှင် ( ။ )
၅။ ဂလယ်သုံးလုံးမောင်သံပုံး ( စိုးတြဲအဂ္ဂ ကလောင်အမည်ဖြင့် )
၆။ ဓိကျောင်းစေတမန် ( ။ )
၇။ ခုနှနှစ်ကျိန်စာ ( ။ )
၈။ စွယ်နက်ရှင် ( ။ )
၉။ စီးနပ်(စ်)ပုလဲ ( ။ )
၁၀။ ပင်လယ်မြွေဟောက် ( ။ )
၁၁။ အင်းဘီလူး ( ။ )
၁၂။ သဝင်မြိုင်မောင်နမ ( ။ )
၁၃။ အရိုင်းမေတ္တာ ( ။ )
၁၄။ နံ့သာအိမ်ကြီး ရေကာဆီး ( ။ )
၁၅။ ငှက်ဂဠုန်မြွေနဂါး ( ။ )
၁၆။ သမုဒယကောရီ ( ။ )
၁၇။ ကျောက်စိမ်းယက္ခ ( ။ )
၁၈။ လေးပွင့်သစ္စာ ( ။ )
၁၉။ ကိုးဖြို့ ကိုးတံခါး ကိုးဗလား ( ။ )
၂၀။ ဘီလူးတောင်ကျိန်စာ ( ။ )
၂၁။ သွေးနှင်းဆီ ( ။ )
၂၂။ ရေသူမလေး မဥ္စရီ ( ။ )
၂၃။ မဟာရွှေတံခါး ရှမ်တဲလား ( ။ )
၂၄။ မဟာမြိုင်ဂူမှတ်တမ်း ( ။ )
၂၅။ ကျွဲရကျောင်းနက်ကြီး ( ။ )

www.burmeseclassic.com